www.burmeseclassic.com

အင်ပါယာစာပေ

# ဂိုဝဝ

နေပတ်လမ်း

Design Minn Myint Khaing

www.burmeseclassic.com

www.burmeseclassic.com




...စာမူခွင့်ပြုချက်အမှတ် - ၄၂/၂၀၀၃ (၁)

...ချက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၈/၂၀၀၃ (၁)

...ထုတ်ဝေသူ - ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)၊
ပုလဲမြို့ (၃)၊ ရွှေနံ့သာကျေးရွာ၊
မင်္ဂလာဒုံမြို့နယ်။

ပုံနှိပ်သူ - ဦးမောင်မောင်လွင်၊ ကဝိရတနာပုံနှိပ်တိုက်
အမှတ် ၂၀၄၊ လမ်း-၃၀၊ ရန်ကုန်မြို့။

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၃၊ ဇန်နဝါရီလ။

အုပ်ရေ - ၅၀၀

တန်ဖိုး - ၃၀ ကျပ်


ဒို့အာဇာနည်အရေး သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် [၄] ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် [၄] ရပ်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် [၄] ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# ကိုစစ

# နေပတ်လမ်း

www.burmeseclassic.com

## အမှန့်စကား

အချစ်ဆိုတာက

မုန်းလို့ကို မရနိုင်တဲ့ အရာပါ။

တကယ်တမ်း မုန်းလို့ရကြေးဆိုရင်

သေချာပါတယ်၊ အဲဒါ . . . အချစ်မဟုတ်ဘူး။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

www.burmeseclassic.com

www.burmeseclassic.com

(၁)

....တိမ်မင်းမိုးဆောင်

ဒီနာမည်လေးကိုကြားပြီဆိုရင် ရှင် ဝေဝေလည်လည် ခံစားရ ကွဲပြားသွားလိမ့်မယ် ထင်တယ်။ ဒါပြီး မခံစားပါနဲ့။ ရှင် ... ဦးနှောက်ခြောက်သွားဦးမယ်။ ရှင် လုံးဝ နားလည်သဘောပေါက်အောင် ကျွန်မ ရှင်းပြမှာပါ။ မိတ်ဆွေ။ လုံးဝ ရှင်းရှင်း လင်းလင်း၊ ပြတ်ပြတ်သားသား ပြောခဲ့ရမယ်။

အခု ...ရှင်စောင့်နေတဲ့ ကားဂိတ်ကို ကျွန်မ မလာပါဘူး။ ဘယ်တော့မှ ရှင့်ဆီကို လာစရာအကြောင်း မရှိတော့ပါဘူး။ တော်ကြာ ...လာနိုးနိုး တမျှော်မျှော်နဲ့ ...ဘာများဖြစ်လို့လဲ ...ရှင် တစ်မျိုးတစ်မည် ခံစားနေဦးမယ်။ ကျွန်မ ဘာမှ မဖြစ်ဘူး။ ဘယ်သူကမှ ကျွန်မကို တားဆီးထားကြတာ မဟုတ်ဘူး။ ကျွန်မသဘောနဲ့ ကျွန်မ မလာတာပါ။

ရုပ်ရှင်တွေထဲကလို အမေ ရုတ်တရက် နှလုံးရောဂါဖောက်ပြီး ဆေးရုံတင်လိုက်ရလို့လည်း မဟုတ်ပါဘူး။ ကျွန်မစီးလာတဲ့ကား ဘီးပေါက်လို့လည်း မဟုတ်ဘူး။ တစ်ခုခုနဲ့ ဝင်တိုက်မိပြီး ကျွန်မ ထိခိုက်ဒဏ်ရာရသွားတာလည်း မဟုတ်ပါဘူး။ အတိတ်ကိုလည်း မမေ့ပါဘူး။ တခြားအရေးတကြီးကိစ္စတစ်ခုပေါ်လာလို့ မလာနိုင်တာလည်း မဟုတ်ပါဘူး။



ကျွန်မ မလာနိုင်တာက ရှင့်ကို မုန်းလို့ ...ရှင့်ကို သင်ခန်းစာပေးချင်လို့ ...ရှင့်နှလုံးသားမှာ ဒဏ်ရာအနာတရ ဖြစ်သွားစေချင်လို့ ...သစ္စာ ခံစားရသလိုမျိုး အပြန်ခံစားစေချင်လို့ ...တစ်သက်လုံး နာကျည်းမှုနဲ့အတူ အမှတ်ရနေစေချင်လို့...

ကျွန်မ ဘာကြောင့် ဒီလိုလုပ်လိုက်ရတာလဲဆိုတာ ရှင် သိလောက်ပြီ ထင်တယ်၊ မသိပါဘူးလို့ ငြင်းလို့မရအောင် ကျွန်မ ပြောချင်သေးတယ်။ တခြား မဟုတ်ဘူး။ ညီမလေး သစ္စာကြောင့်ပါပဲ ...။ ရှင့်ကြောင့် အရှက်တကွဲနဲ့ အချစ်ရည်ကျခဲ့တာတွေ ...သစ္စာ့ဘဝပေါ်မှာ လှည့်စားခဲ့တာတွေ မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို အလေးအနက်မထားခဲ့တာတွေအတွက် ရှင် ပြန်လည်ခံစားသင့်တယ် ထင်လို့ ဒီဇာတ်လမ်းကို ကျွန်မ ဖန်တီးခဲ့တာပါ ...တိမ်မင်းမိုးဆောင်။

ရှင်ကတော့ ထင်မယ် ...ကျွန်မက ရှင့်ကို ချစ်နေပြီလို့ ...ပါသေးတယ် ...ကျွန်မ လုံးဝ မတုန်လှုပ်ဘူး၊ အခုဆိုရင် ကျွန်မ အရမ်း ကျေနပ်နေပါတယ်၊ နောက်နောင် ... အချစ်နဲ့ ပတ်သက်လာရင် ကားဝင် ...လို့ အနာရှက်မှုတိုင်း မမေ့နိုင်အောင် အမှတ်ရနေစေမယ့် ကျွန်မရဲ့ လက်ဆောင်ပါ။ နည်းနည်းတော့ အီးဆီးပေမယ့် ရှင့်လိုလူနဲ့ ထိုက်တန်ပါတယ်။

ဒါနဲ့အတူ ကျွန်မတို့ရဲ့ ဇာတ်လမ်းကလည်း ပြီးဆုံးသွားပါပြီ။

ဒါဟာ ရိုးရိုးသာမာန်ရေးတဲ့စာမျိုး မဟုတ်လို့ အောက်မှာ နာမည်တွေ ...တွေ ထည့်မပေးတော့ပါဘူး။ ကျွန်မရဲ့နာမည်ကို ရှင် တစ်သက်လုံး သတိမရချင်ဘဲ ...မ့်ပါလိုက်မှာ ကျွန်မ သိပါတယ်။ ဒီလိုပဲ ကျွန်မဘက်ကလည်း ပြောရဦးမယ်။ ...ဒီမှာ ကျွန်မရဲ့ နာမည်လေးတောင် မချန်ထားရစ်ချင်ဘူးဆိုတာ သဘောပေါက်ပါ။

ကျွန်မတို့က (သစ္စာလည်း ပါတယ်) ရှင့်ကို ဒီဘဝတင်မကဘူး။

အင်ပါထူးဝါလ

www.burmeseclassic.com

www.burmeseclassic.com



နောင်ပေမယ့်လည်း ဘယ်တော့မှ မမေ့နိုင်၊ မဆုံချင်ဘူးဆိုတာ အထူးပြောစရာ မလိုတော့ပါဘူးနော်။ ရှင့်အနေနဲ့ သဘောပေါက်ပြီး ကြိုးစားနေမှာဖို့လို့ သတိပေးတာပါ။ ကျွန်မတို့နှစ်ယောက်စလုံး မိတ်ဆွေသဘောထားနဲ့ပြတ်ပြီး ဒီစာကို ရေးလိုက်တယ်ဆိုတာ နောက်ဆုံးအနေနဲ့ သတိပေးလိုက်ပါရစေ။

ကျွန်မတို့က ဝမ်းမြောက်စွာ နှုတ်ဆက်ရင်းပါတယ် ... ကိုမင်းခိုင်နောင်။

○ ○ ○



## ၂

အလုပ်ချိန် တိတိကျကျ ပြီးဆုံးပြီဆိုမှ စာရွက်စာတမ်းများကို သိမ်းဆည်းရန် ပြင်ဆင်လိုက်သည်။ ကွန်မျူတာနှင့် ဆက်စပ်နေသည့် မီးခလုတ်များကို စစ်ဆေးကြည့်လိုက်သည်။ ထို့နောက် နေနေခိုင် ခါးဆန့်၍ ထရပ်ရန် ဟန်ပြင်နေစဉ် ဖုန်းမြည်လာသည်။

ဖုန်းကို ကောက်ကိုင်လိုက်ပြီး "ဟဲလို ... ဘယ်ကပါလဲရှင် ..." ဟု မေးလိုက်သည်။ တစ်ဖက်မှ ရယ်သံသဲ့သဲ့ အလျင်ကြားရပြီးသည့်နောက် ...

"ဒီအချိန် မခိုင်ဆီ ဘယ်သူဖုန်းဆက်မှာလဲ၊ ကျွန်တော်ပါ ... ကျွန်တော် ဆက်နေတာပါ၊ ကျွန်တော် ရုံးအောက်ကို ရောက်နေပြီ ..."

ထိုအခါမှ ကိုရဲနိုင်ကို သူမ သတိရတော့သည်။ နေ့လည်ကတည်းက ရုံးအပြန်တွင် ဝင်လာကြိုမည်ဖြစ်ကြောင်း ကြိုတင်ဖုန်းဆက်ထားသည် မဟုတ်လား။

"အော် ... ကိုရဲနိုင်၊ ခဏနော် ... ကျွန်မ ဒီမှာ သိမ်းဆည်းပြီးရင် ဆင်းလာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ မခိုင်၊ ကျွန်တော် စောင့်နေမယ်၊ တော်ကြာ ဟိုတစ်နေ့ကလို မေ့ပြီး ပြန်သွားပြီလားလို့ ကျွန်တော် စိုးရိမ်နေတာ၊ ဒါကြောင့် ကျွန်တော် အပေါ်တက်မလာဘဲ အောက်ကနေပြီး ဖုန်းလှမ်းဆက်ကြည့်တာ၊ တော်ပါသေးရဲ့ . . . ဒီနေ့တော့ ရှိပေလို့"

နေနေခိုင် သဘောကျစွာ ပြုံးလိုက်မိပြီး . . .

"အဲဒီနေ့ကလည်း မေ့သွားတာ မဟုတ်ပါဘူး ကိုရဲနိုင်ရယ်၊ ကိစ္စတစ်ခုရှိလို့ အလောသုံးဆယ် ဖြစ်သွားတာပါ။ ကျွန်မ ကိုရဲနိုင်ကို တောင်းပန်ခဲ့ပြီးပြီပဲ၊ မကျေနပ်သေးဘူးလား"

ဟု စကားလွှဲသည့်အနေဖြင့် တုံ့ပြန်၍ မေးခွန်းထုတ်လိုက်သည်။ ကိုရဲနိုင်က ပျာပျာသလဲနှင့် . . .

"ကျွန်တော် မခိုင်ကို မကျေနပ်ဘူးလို့ တစ်ခွန်းမှ မပြောခဲ့ပါဘူး၊ ကျွန်တော် ရင်မောသွားတယ်လို့ ပြောခဲ့ပါတယ်နော်၊ ကျွန်တော့်စိတ်မှာ ကျွန်တော် နောက်ကျသွားသလားလို့ ထင့်သွားတယ်၊ နာရီကြည့်တော့လည်း ဒါက အလုပ်ပြီးချိန်ပဲ ရှိသေးတယ်၊ ငါးမိနစ်တောင် မစွန်းပါဘူး၊ ကျွန်တော် နောက်ကျလို့ စိတ်ဆိုးသွားပြီလို့တောင် ထင်တာ . . . ၊ ကျွန်တော် တကယ်ပဲ ပျာသွားတယ်"

ဆက်၍ ပြောနေလျှင် စကားကြောရှည်နေမည်စိုးသောကြောင့် "ကဲ . . . တော်ပြီ၊ အောက်ရောက်မှပဲ ပြောတော့၊ ကျွန်မ ဆင်းလာခဲ့တော့မယ်" ဟု ဖြတ်ပြောလိုက်ရသည်။ ထိုတော့မှ . . . "ကောင်းပြီ . . . မခိုင်" ဟု ပြောကာ ဖုန်းချသွားတော့သည်။





နေနေခိုင်သည် အကျီအဝတ်အစားကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်ရင်း သက်ပြင်းဖွဖွချမိသည်။

အမြဲတစေ ဂရုတစိုက်ရှိလှသည့် ကိုရဲနိုင်ကြောင့် စိတ်ထဲတွင် ဝမ်းသာကျေနပ်မိပေမယ့် ရင်ထဲက ပျော်ရွှင်ကြည်နူးခြင်းမဖြစ်ပါ။ ဘာကြောင့်မှန်းမသိ အသက်အရွယ်ကြီးရင့်ခြင်းနှင့် အလုပ်အကိုင်ကြောင့်လား။ အမှန်စင်စစ် အသက်ကလည်း မပျော်ရွှင်အောင် မကြီးသေးပါ။ အနည်းငယ် တည်ငြိမ်မှုရှိလာသည်ကိုတော့ သတိထားမိသည်။

o o o



www.burmeseclassic.com

www.burmeseclassic.com

## (၃)

ကိုရဲနိုင်က သူမ၏ပန်းကန်ထဲသို့ ဟင်းဖတ်များ ထည့်ပေးရင်း . . .

"ကျွန်တော် မခိုင်ကို ချစ်တယ်လို့ ဖွင့်ပြောခဲ့တာ ကြာလှပြီနော်၊ ကျွန်တော် မှတ်မှတ်သားသား ပြောရရင် ဒီနေ့ဟာ တစ်နှစ်တင်းတင်းပြည့်တဲ့နေ့ပဲ . . . ဒီနေ့တော့ မခိုင်ပါးစပ်က ဖွင့်ပြောတာ ကျွန်တော် ကြားချင်တယ်၊ ဒီကြားထဲ ကျွန်တော် မကြာခဏ မေးခဲ့ဖူးပေမယ့် မခိုင် ခေါင်းညိတ် ခေါင်းခါပဲ လုပ်ခဲ့တယ်၊ ပါးစပ်က မပြောဘူး၊ ဒီနေ့တော့ မှတ်မှတ်ရရဖြစ်အောင် ဖွင့်ပြောပါလား . . . မခိုင်၊ ကျွန်တော် အရမ်းကြားချင်တယ် . . . တကယ်"

နေနေခိုင်သည် ခပ်ပြုံးပြုံးနှင့် ကိုရဲနိုင်၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ ထို့နောက် စားလက်စပန်းကန်ကို ခပ်ငုံ့ငုံ့ကြည့်ကာ . . .

"ကျွန်မ ပြောဖို့ လိုသေးလို့လား . . . ကိုရဲနိုင်ရယ်၊ အခုလို အတူတူသွားတာကို ကျွန်မ ဘယ်တုန်းက ငြင်းဖူးလို့လဲ၊ ကျွန်မ မိဘတွေနဲ့ ကိုရဲနိုင်မိဘတွေလည်း ကျွန်မတို့အကြောင်းကို သိနေကြတာပဲ" ဟု ပြောလိုက်သည့်အခါ ကိုရဲနိုင်က လက်မခံချင်သည့်အသွင်





ခေါင်းကို အသာခါယမ်းလိုက်ပြီး . . .

"မဟုတ်သေးဘူး . . . မခိုင်၊ ကျွန်တော် ဆိုလိုတာက ဒီသဘော မဟုတ်ပါဘူး၊ ကျွန်တော်တို့မိဘချင်း ဘာမှပြောစရာ မရှိဘူး၊ သဘောတူ ကြည်ဖြူကြတာ မှန်ပါတယ်၊ ဘယ်တော့လက်ထပ်ကြမှာလဲလို့ မေးနေကြတယ်၊ သူတို့က ကျွန်တော်တို့ကို အမြန်ဆုံး လက်ထပ်စေချင်ကြတယ် . . .၊ ကျွန်တော့်ဆန္ဒကလည်း အဲဒီအတိုင်းပဲ . . . ကျွန်တော် မခိုင်ကို အမြန်ဆုံး လက်ထပ်ချင်တယ်၊ ဒါပေမဲ့ ဒီကြားထဲမှာ ချစ်သူတစ်ယောက်အနေနဲ့ ပွင့်ပွင့်လင်းလင်း အသိအမှတ်ပြုစေချင်တယ်၊ တစ်ယောက်ကို တစ်ယောက် နားလည်ကြတယ်၊ သိကြတယ်ဆိုတာက တစ်ပိုင်းပဲ . . . ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်းချစ်ရတာက တစ်ပိုင်းလေ . . . အများကြီး ကွဲပြားပါတယ်၊ ကဲ . . . ဒီတော့ မခိုင် ပြောပါ၊ တစ်ခွန်းလောက်တော့ ပြောလိုက်စမ်းပါ"

ကိုရဲနိုင်က ဤသို့ချောင်းပိတ်၍ မေးလာသည့်အခါတွင် သူမ မရယ်ပြုံးနိုင်တော့။ ရင်ထဲတွင် မွန်းကျပ်လာသကဲ့သို့ ခံစားရသည်။ ဤစကားတစ်ခွန်းထွက်ရမည့်အရေးကို နှုတ်က မည်သည့်အကြောင်းကြောင့် လေးလံနေရပါသနည်း။ အသက်အရွယ်နှင့် အသိဉာဏ်ကြောင့်ပဲဟု ထင်သည်။

"ကိုရဲနိုင်ရယ် . . . ဘာကြောင့် ဒီလောက်အသည်းအသန် တောင်းဆိုနေရတာလဲ၊ ကျွန်မတို့က ကျောင်းသားအရွယ်တွေမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘောပဲ၊ ကျွန်မတို့ အသက်အရွယ်နဲ့ အလုပ်အကိုင်ကိုလည်း သတိထားပါဦး"

ကိုရဲနိုင်က မချင့်မရဲနှင့် လက်ခုပ် ဖျောက်ခနဲ တီးလိုက်ပြီး . . .

"ဒုက္ခပါပဲ . . . မခိုင်ရယ်၊ ကျွန်တော်တို့ အဘိုးကြီး အဘွားကြီးတွေမှ မဟုတ်တာ၊ မခိုင်ရော ကျွန်တော်ရော သုံးဆယ် မပြည့်ကြသေးပါဘူး၊ ဟိုအရင်ခေတ်ကဆိုရင် ဒီအသက်အရွယ်က လူပျိုကြီး၊ အပျိုကြီး . . . လူကြီးတွေ ဟုတ်ချင်ဟုတ်မှာပေါ့၊ အဲဒီခေတ်က ပညာရေး၊ အလုပ်အကိုင် အခြေအနေနဲ့ လူမှုပတ်ဝန်းကျင်တွေက အခုလောက် ခက်ခဲရှုပ်ထွေးမှုမှ မရှိဘဲ . . . ဒီနေ့အချိန်မှာ အသက်အရွယ်ကို စကားထဲတောင် ထည့်မပြောကြတော့ပါဘူး၊ ကျွန်တော်တို့ အသက်အရွယ်ဟာ လူငယ်လို့ ပြောရမှာပဲ၊ အချစ်ကို ဘာမှချုပ်ထိန်းနေစရာ မလိုပါဘူး၊ ဒီအကြောင်းပြချက်နဲ့တော့ ဖွင့်မပြောဘဲနေလို့ မရဘူး . . . မခိုင်"

တဖြည်းဖြည်းနှင့် ကိုရဲနိုင်၏စကားများက သူမ၏ဣန္ဒြေဂုဏ်သိက္ခာကို ထိပါးလာသကဲ့သို့ ခံစားရသည်။ သူမက အကြောင်းပြချက် အမျိုးမျိုးပြကာ လှည့်ဖြားလိမ်ညာနေသလို ဖြစ်နေသည်၊ တကယ်မချစ်ဘဲ လက်ထပ်ယူမည့်သဘောမျိုး သက်ရောက်နေ၏။

ထိုသို့ စဉ်းစားလိုက်မိသည်နှင့် စိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွားကာ . . .





"ဒီမယ် . . . ကိုရဲနိုင်၊ ကျွန်မက ချစ်ပါတယ်လို့ ဖွင့်ပြောမှရှင်က လက်ထပ်မှာလား၊ ချစ်တယ်လို့ မပြောရင် မယူဘူးပေါ့ ဟုတ်လား၊ အဲဒီလိုသဘောမျိုးဆိုရင် ရှင့်ကို ကျွန်မ ဘယ်နည်းနဲ့မှ လက်မထပ်နိုင်ဘူး၊ ရှင်ကြားချင်တဲ့စကားကို ကျွန်မ တစ်သက်လုံး မပြောဘူးဆိုတာ သဘောပေါက်ပါ . . . ကဲ . . . ကျွန်မတို့ ပြန်ကြစို့"

ဟု ပြောပြောဆိုဆိုနှင့် ဝုန်းခနဲ ထရပ်လိုက်သည်။ အကယ်၍ လှည့်ကြည့်စရာ ဖေဖေ၊ မေမေတို့မျက်နှာသာ မရှိလျှင် ယခုထက်ပို၍ ပြောဆိုမိပေလိမ့်မည်။ သူမသည် ရှက်ဒေါသကြောင့် အသားများပင် တဆတ်ဆတ် တုန်လာ၏။

"ဟာ . . . မခိုင်၊ ကျွန်တော်ဆိုလိုတာက ဒီသဘောမဟုတ်ပါဘူး၊ ကျွန်တော် ရှင်းပြပါ့မယ်" ဟု ကိုရဲနိုင်က စိုးရိမ်တကြီး လှမ်းဟားသည်။ အမှတ်မထင် သူမ၏လက်မောင်းအား လှမ်းကိုင်ခြင်းကို ခါထုတ်ပစ်လိုက်သည်။

"ကျွန်တော် တောင်းပန်ပါတယ် . . . မခိုင်၊ ကျွန်မတော်ပြောမယ့်စကားကို နည်းနည်းလေးတော့ နားထောင်ပေးပါ၊ ခဏပြန်ထိုင်ပါဦး . . . "

ကိုရဲနိုင်က တုန်လှုပ်ချောက်ချားနေသည့်မျက်နှာနှင့် အထပ်ထပ် တောင်းပန်နေသဖြင့် သူမ မထိုင်ချင် ထိုင်ချင်နှင့် ပြန်ထိုင်ချလိုက်ရသည်။ သူမ၏ အပြုအမူကြောင့် ကိုရဲနိုင် ထပ်လန့်သွားသည်မှာ အဆိုးမဆိုသာပါ။ စတွေ့ချိန်ကတည်းက အစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ ဤသို့စိတ်ဆိုးခြင်း မဖြစ်ဖူးပါ။

"ကျွန်တော့်တစ်သက်မှာ မခိုင်တစ်ယောက်ကိုပဲ ချစ်ခဲ့ဖူးပါတယ်၊ ဘယ်မိန်းကလေးကိုမှ ချစ်တယ်လို့ မပြောဖူးပါဘူး၊ ကိုယ်တကယ်ချစ်တဲ့ ကိုယ်တကယ်မြတ်နိုးတဲ့ ကိုယ်တကယ်ယုံကြည်ရတဲ့ လူဖြစ်တဲ့အတွက် အဲဒီလူဆီက အချစ်ကို ကျွန်တော် တကယ်ပဲ မျှော်လင့်မိတယ်၊ တကယ်ပဲ လိုချင်တယ်၊ အဲဒါကြောင့် ကျွန်တော် မရမက တောင်းခံမိတာ . . . အဲဒါ အပြစ်လား မခိုင်၊ ဘဝရဲ့ လက်တွဲဖော်အဖြစ် ရည်မှန်းထားပြီးသား . . .၊ ဒါပေမဲ့ ဒီစကားလေးကိုတော့ ကျွန်တော် ကြားချင်တယ်၊ ခုနက ကျွန်တော်ပြောတဲ့ စကားတွေ မှားသွားတယ်ဆိုရင် တောင်းပန်ပါတယ်၊ မခိုင် နားလည်မှု မလွဲစေချင်ဘူး"

ကိုရဲနိုင်၏အကြောင်းပြချက်က လက်ခံနိုင်စရာ ရှိပါသည်။ တစ်သက်တာ လက်တွဲရမည့်သူအချင်းချင်း အပြန်အလှန် ချစ်ခင်တွယ်တာကြလျှင် ပို၍ကောင်းသည်မဟုတ်ပါလား။

နေနေခိုင်သည် အသက်ကို ပြင်းပြင်းရှူရင်း စိတ်ကို ပြန်ထိန်းလိုက်သည်။

"ကျွန်မ သိပ်နားမလည်သေးဘူး . . . ကိုရဲနိုင်၊ ကျွန်မ တစ်ခုတော့ မေးချင်တယ်"

"မေးပါ . . . မခိုင်"

"ကျွန်မက ချစ်တယ်လို့ အဖြေမပေးဘူးဆိုရင် ကိုရဲနိုင်





ဘာလုပ်မလဲ"

"ကျွန်တော် စောင့်မယ်"

"ကိုရဲနိုင် ဘယ်လောက်ထိ စောင့်နိုင်မှာလဲ . . ."

ကိုရဲနိုင်သည် သူမ၏မျက်နှာကို အကဲခတ်အကြည့်နှင့် သုံးကြည့်သည်။ ထိုအကြည့်ထဲတွင် နာကျင်မှုအငွေ့အသက်များ ကပ်ငြိပါလာသည်။ မျှော်လင့်ချက်မဲ့သွားသည့် အသွင်။

"ကျွန်တော် စိတ်ထဲရှိတဲ့အတိုင်း ရိုးရိုးသားသားပဲ ပြောပါ့မယ်၊ ကျွန်တော် စောင့်နိုင်သလောက်တော့ စောင့်မယ်၊ တစ်သက်လုံး စောင့်မျှော်နေမယ်လို့ စကားအလှဆင်ပြီး မပြောချင်ပါဘူး၊ မခိုင် အခြားတစ်ယောက်ကို ချစ်သွားတဲ့အချိန်ထိ လက်ထပ်သွားမဲ့အချိန်ထိ ကျွန်တော်စောင့်မယ်၊ ဒါမှမဟုတ် . . . မခိုင် ကျွန်တော့်ကို မချစ်နိုင်ဘူးဆိုတာ ကျွန်တော် ယုံကြည်သဘောပေါက်တဲ့အထိ စောင့်နေမယ် . . . ဒါပါပဲ"

နေနေခိုင် သဘောကျသည့်အသွင် ခေါင်းတစ်ချက် ညိတ်လိုက်သည်။

"ကောင်းပြီ . . . ကိုရဲနိုင်၊ ရှင် အရမ်းမျှော်လင့်နေတယ်ဆိုရင် ဒီနေ့ပဲ ကျွန်မ အဖြေတစ်ခုခု ပေးပါ့မယ်၊ ဒါပေမဲ့ အခုတော့ မဟုတ်ဘူး၊ အိမ်ပြန်ရောက်ရင် ကျွန်မဆီ ဖုန်းဆက်လိုက်ပေါ့"

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

(၄)

ခြံဝင်းက ရှိသည်ဆိုရုံ ခပ်ကျဉ်းကျဉ်းဖြစ်သဖြင့် လမ်းမကြီးကို
ကောင်းစွာ လှမ်းမြင်ရသည်။ ညဏ်အမှောင်ထုသည် ထိန်လင်းလွှန်း
သည့် လမ်းမီးရောင်များကြောင့် သိပ်သည်းခွင့်မရရှာဘဲ ပျံ့ကျဲနေ
သည် ထင်၏။ တို့အပြင် ည၏ နောက်ထပ်ဂုဏ်အင်္ဂါတစ်ခုဖြစ်သော
တိတ်ဆိတ်ခြင်းကလည်း မပီပြင်ပါ။

ကားသံများ၊ အဝေးမှ ဖွင့်နေသည့် သီချင်းသံများ၊ လမ်း
တစ်ဖက်ရှိ လက်ဖက်ရည်ဆိုင်မှ စကားပြောသံများကြောင့် မျက်လုံး
ကို မှိတ်ထားလျှင် နေ့လားညလား ခွဲခြားရန် လွယ်ကူမည် မဟုတ်ပါ။

ယခုလောလောဆယ် နေနေခိုင်၏အဖြစ်ကလည်း ထိုအ
တိုင်းပင်။ ဦးနှောက်နှင့် သုံးသပ်စဉ်းစားပြီး မဆုံးဖြတ်လျှင် ကိုရဲနိုင်
အပေါ်တွင် ချစ်သည်လား၊ မချစ်ဘူးလား ခွဲခြားဖို့ ခက်လိမ့်မည်
ထင်သည်။ နှလုံးသားသည် အချစ်နှင့် တွေ့နေပေမယ့် တိမ်မှုံဖွယ်
လှိုက်မောရင်ခုန်ခြင်း မဖြစ်ချေ။

ရှက်ရွံ့စိုးရိမ်စိတ်ကြောင့်သာ အနည်းငယ် လှုပ်လှုပ်ချားရှား
ဖြစ်နေမိသည်။ ရင်ထဲတွင် ပျော်ရွှင်သလို ဝမ်းသာသလိုတော့ ဖြစ်မိ





ည်။ အမှန်တကယ်ဆိုလျှင် နံဘေးရှိ ဖုန်းကို ရင်တဖိုဖိုနှင့် ကြည့်
သင့်သော်လည်း ယခုတော့ သူမက ပြတင်းပေါက်မှတစ်ဆင့်
ပြင်ဘက်ကို ငေးမောကြည့်နေမိသည်။

အချိန်ကြာကြာ မစောင့်လိုက်ရပါ။

ဖုန်း မြည်လာသည်။

ကိုရဲနိုင် အိမ်သို့ တန်းတန်းမတ်မတ်ပြန်သွားပြီး ချက်ချင်း
န်းဆက်လိုက်ဟန်တူပါသည်။

"ဟဲလို . . . ကျွန်တော် ရဲနိုင်ပါ . . . ၊ အခု ဖုန်းကိုင်တာ
ခိုင်လား"

"ဟုတ်ပါတယ် . . . ကိုရဲနိုင်"

တစ်ဖက်မှ သက်ပြင်းရှိုက်သံ ကြားလိုက်ရသည်။ ထို့နောက်
င်မောတုန်ရီနေသည့် အသံနှင့် လှမ်းမေးသည်။

"ကျွန်တော် အခုပဲ အိမ်ပြန်ရောက်တယ် . . . မခိုင်၊
ဆက်, ရောက်ချင်းပဲ ဖုန်းဆက်လိုက်တာပါ၊ ကျွန်တော့်အတွက်
စ်ခုခု အဖြေပေးဖို့ စဉ်းစားပြီးပြီလား"

"အင်း . . . ကျွန်မ စဉ်းစားထားပါပြီ"

"ဒါဆိုရင် ဘာလဲ . . . မခိုင် . . . "

ဟု အလောတကြီး လှမ်းမေးသဖြင့် သူမ ရယ်ချင်သွား
ည်။ တစ်ခဏ တုံ့ဆိုင်းနေပြီးမှ . . . "ကိုရဲနိုင် သေသေချာချာ
ကောင်နော်၊ ကျွန်မ တစ်ခွန်းတည်းပဲ ပြောမှာ . . . " ဟုသတိ



www.burmeseclassic.com

www.burmeseclassic.com

ပေးလိုက်သည်။ ထိုအခါတွင် ကိုရဲနိုင်က သက်ပြင်းချပြီး . . .

"ဟုတ်ကဲ့ . . . ကျွန်တော် သေသေချာချာ နားထောင်နေပါတယ်"

ဟု ပြန်ပြောသည်။ နေနေခိုင်က ချစ်ပါတယ်ဟု အဖြေပေးရန် အားယူလိုက်သည်။ ရုတ်တရက် ပြောမထွက်။ ရှက်ရွံ့ခြင်းကြောင့် နှုတ်အသွားသည်ထင်၏။ ကိုရဲနိုင်က "ပြောလေ . . . ကျွန်တော် နားထောင်နေတယ်" ဟု ထပ်ပြောသည့်တိုင်အောင် သူမ ပြော၍မရသေး။ အချိန်ထပ်ကြာသွားသည်။

နေနေခိုင်သည် မျက်လုံးအစုံကို တင်းတင်းမှိတ်ကာ အားတင်းပြီး "ချစ်တယ်" ဟု အထစ်ထစ်အငေါ့ငေါ့နှင့် အဖြေပေးလိုက်ပြီး ဖုန်းကို လျှင်မြန်စွာ ချလိုက်တော့သည်။

○ ○ ○



(၁)

"စေ့စပ်ကြောင်းလမ်းထားချင်တယ်ဆိုတာ ကောင်းတာပဲ . . . သမီးရဲ့ အခု . . . မေမေတို့လူကြီးချင်းက တစ်အိမ်နဲ့တစ်အိမ် ဝင်ထွက်သွားလာ, ပြောဆိုဆက်ဆံနေကြပေမယ့် ဘေးပတ်ဝန်းကျင်၊ ကိုယ့်ဆွေမျိုးအသိုင်းအဝိုင်းကိုလည်း ထည့်တွက်ရမယ်လေ"

မေမေနှင့်အတူ နံနက်စာ စားသောက်ရင်း စကားပြောနေကြခြင်း ဖြစ်သည်။ ဖေဖေကတော့ လမ်းလျှောက်ရာမှ ပြန်မရောက်သေးပါ။ တော်ကြာ ကိုရဲနိုင်တို့အိမ်ဘက်သို့ ဖေဖေ ခြေဦးလှည့်ချင်လှည့်နေဦးမည် ထင်သည်။

"သမီးဆန္ဒကတော့ စေ့စပ်ပွဲတွေ ဘာတွေ မလုပ်ချင်ပါဘူး။ ရှက်စရာကြီး၊ ဒီလူနဲ့ မကြာခင် ယူကြတော့မယ်လို့ ကြော်ငြာထားသလိုမျိုး။ ယူကြမယ်ဆိုရင် တစ်ခါတည်း လက်ထပ်၊ မင်္ဂလာဆောင်လိုက်တာကမှ တော်ပါသေးတယ်၊ တစ်ခါပဲ ရှက်ရမယ်၊ မဟုတ်ဘူးလား . . . မေမေ"

နေနေခိုင်က စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

"သခင်တို့ခေတ်ကာလမှာ ပုံစံပြောင်းသွားပြီဆိုတာ မေမေ သဘောပေါက်ပါတယ်၊ ဟိုအရင်ကလို နားဖောက်ကြ၊ ကြောင်းလမ်းကြ၊ မင်္ဂလာဆောင်လက်ထပ်ကြဆိုတဲ့ပုံစံမျိုး ဘယ်သဘောကျနိုင်ပါ့မလဲ၊ ဟိုအရင်က အိမ်ထောင်ရေးကိစ္စတွေကို လူကြီးမိဘတွေသဘောကျ စီစဉ်ကြတာမဟုတ်လား၊ အဲဒီတုန်းက သား၊သမီးတွေကလည်း မိဘစကားကို မြေဝယ်မကျ နားထောင်ကြတဲ့ခေတ်ကိုး၊ အခု . . . သမီးတို့ နှစ်ယောက်ကိုလည်း မေမေတို့ အတင်းပေးစားမယ်လို့ စီစဉ်တာ မဟုတ်ဘူးနော် . . .၊ သမီးတို့ဘာသာ လူငယ်ချင်းသဘောကျကြ၊ ကြိုက်ကြတာ မဟုတ်လား၊ ဒီတော့ သမီးတို့ ဆန္ဒအတိုင်းပဲ . . . သမီးတို့က စေ့စပ်ပေးပါဆိုရင် မေမေတို့က လုပ်ပေးမယ်၊ ဒါပါပဲ"

"သမီးတို့သဘောဆန္ဒချည်း မဟုတ်ပါဘူး၊ မေမေ့သဘော ကရော . . ."

ဟု သူမ လှမ်းမေးလိုက်သည်။ မေမေက သောက်လက်စ ကော်ဖီခွက်ကို ပြန်ချထားရင်း အလေးအနက် ရှင်းပြသည်။

"မေမေ . . . တစ်ခု ဥပမာ ပြောပြမယ် . . သမီးတို့အလုပ်ထဲမှာ ကိစ္စတစ်ခုကို ဆောင်ရွက်ပြောဆိုကြရင် . . ပုဂ္ဂိုလ်ရေး နှစ်ကိုယ်ကြား ပြောဆိုညှိနှိုင်းတာနဲ့ တရားဝင် အစည်းအဝေးမှာ ပြောဆိုလုပ်ကိုင်တာလို့ နှစ်မျိုးရှိတယ် မဟုတ်လား . . . ပုဂ္ဂိုလ်ရေးအရ လုပ်ပေးပါ့မယ်၊ ဆောင်ရွက်ပေးပါ့မယ်လို့ ပြောတာက သိပ်မခိုင်မာဘူးလေ၊ နော် . . . ဒီလို . . . ဒီလိုကြောင့် မဆောင်ရွက်နိုင်ပါဘူး





သို့ ဆင်ခြေပေးရင် ဘာမှမတတ်နိုင်ဘူး၊ အစည်းအဝေးတွေ တရား င် တွေ့ဆုံပွဲတွေမှာ အသိသက်သေနဲ့ ပြောဆိုရတဲ့အခါ လုပ်ပေး နိုင်ရင် လုပ်ပေးနိုင်တယ်၊ မလုပ်ပေးနိုင်တဲ့ ကိစ္စဆိုရင် မလုပ်ပေးနိုင် ါဘူးလို့ တိတိကျကျ ပြောဆိုရတယ်လေ . . ပြောတဲ့အတိုင်း မဖြစ်၊ ဖြစ်အောင် ဆောင်ရွက်ပေးရတယ် မဟုတ်လား၊ ဒါက အလုပ် သဘော . . . ဖြစ်သွားပြီ၊ ခိုင်မာသွားပြီ"

မေမေဆိုလိုချင်သည့် အဓိပ္ပာယ်ကို သူမ သဘောပေါက် းလည်သွားသည်။ ယခု မေမေ၊ ဖေဖေတို့ လူကြီးချင်း ပြောကြ ိုကြတာတွေက တရားဝင် တိတိကျကျ မဟုတ်သေးပါ။ ဘယ်နေ့ တ်ထပ်ကြရင် ကောင်းမယ်၊ သင့်တော်မယ် . . . ဟု ပြောဆိုကြရုံ ာ ရှိပါသည်။ ခိုင်မာမှု မရှိ။

"သမီး နားလည်ပြီ" ဟု သူမ တိုးတိတ်စွာ ဝန်ခံလိုက်သည်။

"မေမေ နောက်တစ်ခုထပ်ပြီး ရှင်းပြချင်သေးတယ်၊ အခု မေတို့မိသားစုရော မောင်ရဲနိုင်တို့မိသားစုရော အားလုံး ကိုယ်ပိုင် ွားရေးလုပ်ငန်းတွေနဲ့၊ ဒီတော့ သမီးတို့ လက်ထပ်ကြပြီး တစ်အိုး င်အိမ် ထူထောင်တဲ့အချိန်ကျရင် စီးပွားရေးကိုလည်း ခွဲပေးရတော့ ည်း ဒီမှာ စကားကို တရားဝင်ပြောဆိုဖို့ လိုအပ်လာပြီ၊ ဘယ်ရွေ့ ယ်မျှထိ ခွဲပေးမယ်၊ ထူထောင်ပေးမယ် ပြောရတော့မယ်၊ ဥပမာ း အခုဝင်လုပ်နေပဲ့ကုမ္ပဏီက မောင်ရဲနိုင်အစ်ကိုရဲ့ကုမ္ပဏီနော်"

"ဟုတ်ပါတယ် . . . မေမေ"



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ မောင်ဝင်းနိုင်ရဲ့ကုမ္ပဏီဟာလည်း သူတို့အဖေ၊ အမေတို့က ခွဲပေးလိုက်တာ မဟုတ်လား . . .၊ ဒီလိုပဲ သမီးတို့ အလှည့်မှာလည်း သူတို့မိဘတွေက လုပ်ပေးကြမှာပါ၊ ဒါပေမဲ့ မပြေ သော်လည်း ကန်ရာရှိ . . . ဆိုသလိုပဲ . . . ဘာမှ အခိုင်အမာ မပြောနိုင်ဘူးလေ၊ မေမေတို့က သူတို့စည်းစိမ်ဥစ္စာကို တက်မက်လို့ ဒီစကားပြောနေတာ မဟုတ်ဘူးနော် . . .၊ မေမေ ငွေစကားပြော နေတာ မဟုတ်ဘူး၊ အစကောင်းမှ အနှောင်းသေချာဆိုတဲ့ စကား အတိုင်း သမီးရဲ့နောင်ရေးကိုကြည့်ပြီး ဒီစကားပြောနေရတာ"

သူမ စိတ်မျက်လက်ပျက်နှင့်ခေါင်းညိတ်လိုက်သည်။ အရာ ရာတိုင်းကို မိမိတစ်ဦးတည်း၏သဘောဆန္ဒအတိုင်း ဆောင်ရွက်၍ မရသည်ကို ပထမဦးဆုံးအကြိမ် သတိထားမိခြင်း ဖြစ်သည်။

"မေမေတို့မှာ ဒီသမီးလေးတစ်ယောက်ပဲ ကျန်တော့တာ သမီးရဲ့ ကိုတို့ မမတွေက ကိုယ့်အိမ်ထောင်နဲ့ကိုယ် အသီးသီး ဖြစ်နေ ကြပြီ၊ မေမေတို့ သူတို့အတွက် စိတ်မပူရတော့ဘူး၊ သူတို့ဘာသာ သူတို့ရပ်တည်နိုင်ကြပြီ၊ မေမေတို့က သမီးကိုလည်း သမီးရဲ့ကိုတို့ မမတွေလို ဖြစ်စေချင်တယ် . . . မေမေ ပြောတဲ့စကားကို သမီး နားလည်မှာပါ . . . သမီး ဇံသေသေချာချာ စဉ်းစားပါဦး"

သူမ ဘာမှ ပြန်မပြောနိုင်တော့။

○ ○ ○



(၆)

တောင်းကင်တစ်ပြင်လုံး နေရာလပ်မရှိအောင် မိုးသားတိမ်ဆိုင်များ အုံ့ခဲနေသဖြင့် မှောင်ရီနေသယောင် ဖြစ်နေ၏။

မိုးရွာချလိုက်လျှင် စိတ်က လန်းဆန်းသွားမည် ထင်သည်။ ယခုတော့ မိုးမရွာ၊ လေမတိုက်ဘဲ ဝန်းကျင်တစ်ခွင် မှောင်ရိပ်ကျနေ သောကြောင့် စိတ်ထဲတွင် လေးလံနေသလို ခံစားရသည်။ ရာသီဥတု ကြောင့်ပဲလား၊ သို့မဟုတ် မိမိသဘောမကျသော စေ့စပ်ပွဲကို လက် ခံလိုက်ရသည့်အတွက်ကြောင့်ပဲလား။ သေချာစွာ မပြောတတ်။

ကိုရဲနိုင်ကတော့ စေ့စပ်ပွဲလုပ်ခွင့်ရသည့်အတွက် ဝမ်းသာ နေပုံရသည်။ ကားကို သွက်လက်စွာမောင်းရင်း စကားအမျှင်မပြတ် အောင် ပြောနေသည်။

"ခိုင့်ဆီက အဖြေစကားကြားရပြီးတဲ့နေ့ကစပြီး ကိုယ့်ပတ်ဝန်း ကျင်တစ်ခုလုံး ပြောင်းသွားသလို ခံစားရတယ် . . . တကယ်တော့ တမ္ဘာလောကကြီးတစ်ခုလုံး ပြောင်းလဲသွားသလိုပဲ၊ ဒါပေမဲ့ ခိုင်ရဲ့ အခေါ်အဝေါ်ကတော့ အခုထက်ထိ မပြောင်းလဲသေးဘူး"

သူမ မပွင့်တပွင့် ပြုံးရယ်လိုက်ပြီး . . .


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဘယ်လိုပြောင်းလဲရမှာလဲ . . . ကိုရဲနိုင် . . ."

"မောင်လို့ ပြောင်းရမှာ . . ."

ရှက်ရွံ့ခြင်းကြောင့် သူမ၏မျက်နှာတွင် ပန်းနုရောင် ပြေးသွားသည်။

"ကိုရဲနိုင်တို့ယောကျာ်းတွေဟာ အချစ်နဲ့ပတ်သက်လာရင် တော်တော်ဇီဇာကြောင်တာပဲနော် . . .၊ ချစ်သူဖြစ်ပြီဆိုရင် အခေါ်အဝေါ်ကအစ ဂရုတစိုက်နဲ့ ပြောင်းချင်ကြတယ်၊ ဘာကြောင့်လဲ မသိဘူးနော် . . ."

"ဒါကတော့ . . . ခိုင်ရယ်၊ ကိုယ်တစ်ဦးတည်း မူပိုင်ဖြစ်ချင်လို့ပေါ့၊ ရဲနိုင်ဆိုတာက ဘယ်သူမဆို ခေါ်ဝေါ်နေကြတဲ့နာမည်လေ၊ သူငယ်ချင်းကလည်း ခေါ်မယ်၊ သူစိမ်းတွေကလည်း ခေါ်မယ်၊ မိဘဆွေမျိုးတွေကလည်း ခေါ်ကြမယ် . . . ဒီလိုခေါ်လို့ ဘယ်လိုမှ မခံစားရဘူး၊ ဒါပေမဲ့ ကိုယ့်ချစ်သူက မောင် . . လို့ ခေါ်တဲ့အသံဟာ . . . ကမ္ဘာပေါ်မှာ အကြားချင်ဆုံးအသံပါပဲ၊ နားထဲမှာ ချိုမြိန်သွားသလို ရင်ထဲမှာလည်း နွေးသိမ့်သွားသလို ပြောမပြတတ်အောင် ကြည်နူးမိလိမ့်မယ် ထင်တယ် . . . ကဲ . . . ဘယ်လိုလဲ . . . ခိုင်၊ တို့ကို မောင် . . . လို့ ခေါ်ပါလား၊ တို့တစ်သက်မှာ ပထမဦးဆုံး အခုနေနဲ့ ကြားချင်လို့ပါ"

ဤစကားကြောင့် သူမ၏စိတ်များသည် လွင့်ခနဲ အဝေးတစ်နေရာသို့ ပြေးထွက်သွားသည်။ သူမ၏ဘဝတွင် မောင်ဟု





ပထမဦးဆုံးခေါ်ခဲ့ဖူးသည့်အဖြစ်ကို ဖျတ်ခနဲ ပြန်လည်၍ မြင်ယောင် လိုက်မိသည်။ ဤသည်မှာ သူမအတွက် ဒုတိယအကြိမ်ခေါ်ဝေါ်ရ ခြင်းဖြစ်ကြောင်း သတိပေးလိုက်သလို ဖြစ်သွားသည်။

ကိုရဲနိုင်က သူမ ရုတ်တရက် တွေဝေငေးငိုင်သွားခြင်းကို မည်သို့ထင်မြင်ယူဆသွားသည်မသိ။

"ခိုင် စိတ်ဆိုးသွားလား၊ တို့ အနိုင်ကျင့်ပြီး ခေါ်ခိုင်းတာ မဟုတ်ဘူး၊ ခိုင့်သဘောနဲ့ခိုင် ခေါ်တာပဲ တို့ ကြားချင်တာပါ၊ တို့က ခိုင့်အပေါ်မှာ ဘယ်တော့မှ အတင်းအကျပ် မတောင်းဆိုဘူးဆိုတာ ယုံပါ . . ." ဟု စိုးရိမ်စွာဖြင့် ရှင်းပြသည်။

ထိုတော့မှ သူမ သတိဝင်လာပြီး . . .

"ဟင့်အင်း . . . စိတ်မဆိုးပါဘူး" ဟု ပြန်ပြောလိုက်ရသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၇)

ဘားသောက်ဆိုင်ထဲ လှမ်းဝင်လိုက်သည်နှင့် မိုးသက်လေပြင်းသည် အသံတုန်ဟစ်ကြွေးကာ ဝုန်းဝုန်းဒိုင်းဒိုင်း ကျရောက်လာလေသည်။

သူမတို့ လက်မတင်လေး လွတ်မြောက်သွားခြင်းဖြစ်သည်။ သို့မဟုတ်လျှင် တားထဲက ထွက်နိုင်လိမ့်မည်ပင် မထင်ပါ။ တစ်နေ့ ခင်းလုံး အငြိုးတကြီးနှင့် ဖုံးအုပ်ထားသည့်မိုးသားကောင်းကင်က ယခုမှ ပြိုကျသကဲ့သို့ ထင်မှတ်ရသည်။

"ရာသီဥတုကြောင့် ထင်တယ် . . . ခိုင်၊ ဆိုင်ထဲမှာ လူရှင်း နေတာပဲ"

ဟု ကိုရဲနိုင်က ဘာရယ်မဟုတ် လှမ်းပြောသည်။ တကယ် ပင် ဆိုင်ထဲတွင် စားသုံးသူတစ်ယောက်သာ ရှိနေသည်။ ပုံမှန်အား ဖြင့် ဤအချိန်တွင် စားသောက်သူများနှင့် ပြည့်နေပြီး စားပွဲလွတ်ပင် သိပ်မရှိတတ်ပါ။

"ဘယ်မှာထိုင်မလဲ . . ." ဟု ကိုရဲနိုင်က မေးသည်။

နေနေခိုင်က ကန်ရေပြင်နှင့်ကပ်လျက် ထောင့်စွန်းစားပွဲကို ရွေးချယ်လိုက်သည်။





သူမ၏စိတ်ထဲတွင် မိုးသက်လေပြင်းကျကာ မှိုင်းမှုန်နေ သာ ကန်ရေပြင်ကို နီးနီးကပ်ကပ် ကြည့်ချင်နေသည်။ မှန်ချပ်များ ာထားသောကြောင့် မိုးလေ မထိနိုင်သော်လည်း ကြည့်ရမည့်ရှုခင်း လှပမှု မရှိ။

ကိုရဲနိုင်က သူမ ရွေးချယ်လိုက်သည့်စားပွဲကို သိပ်သဘော တန်မတူ။ သို့ရာတွင် မည်သို့မျှ ကန့်ကွက်ပြောဆိုခြင်း မရှိပါ။ သောက်စရာများ ရွေးချယ်မှာယူပြီးသည့်နောက် "ခဏ" ဟု ဆို ာ သန့်စင်ခန်းဘက်သို့ ထွက်သွားသည်။

နေနေခိုင်တစ်ယောက်တည်း ကျန်နေရစ်တော့မှ သဲ့သဲ့ ားနေရသည့် မိုးသံကို နားစွင့်ရင်း မှန်ချပ်တွင် နဖူးထိပ်ကပ်ကာ စိုင်းကြမ်းတမ်းနေသည့် ကန်ရေပြင်ကို ရင်ခုန်စွာ ငေးစိုက်ကြည့် မိသည်။

မှန်ချပ်တွင် ဖျတ်ခနဲအရိပ်တစ်ခု လှုပ်ရှားသွားသဖြင့် မျက် ထောင့်ကပ်ကာ လှမ်းကြည့်မိသည်။ သူမတို့စားပွဲနှင့် သုံး၊ လေး ကျော်တွင် တစ်ယောက်တည်းထိုင်နေသူ၏ လှုပ်ရှားမှုကြောင့် သည်။ ထိုလူသည် တစ်ဆိုင်လုံးကို ကျောပေးထိုင်နေရာမှ တစ်စုံ ခု မှာယူချင်သည့်အသွင်ဖြင့် ကောင်တာဘက်သို့ ကိုယ် ောင်း လှည့်ကြည့်သည်။

ထိုလူ၏အကြည့်က အမှတ်မထင် သူမဘက်သို့ ရောက် သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးချင်းဆုံတွေ့မိစဉ် . . . တစ်ခဏ . . .

*လက်ခနဲ ဖြတ်ပြေးသွားသည့်အသိစိတ်တစ်ခု။*

အံ့အားတသင့်နှင့် တစ်ကိုယ်လုံး ပူထူ တုန်ရီသွားသည်။

မင်းစိုးအောင် . . ။ မည်သို့မှ မမှားယွင်းနိုင်သည့် မျက်နှာ။ အထူးသဖြင့် ညို့ဝင်အားကောင်းလှသည့် နှုတ်ခမ်း။ အမြဲတစေ မထိတထိနှင့် ပြုံးယောင်သန်းနေတတ်သည်ပဲ။

အတော်အသင့် ရှည်နေသည့် သူ့ဆံပင်ကလည်း ယခင်က အတိုင်းပင်။ သို့ရာတွင် သူ၏မျက်လုံးများကတော့ ယခင်ကထက် ပို၍ စူးရဲနေသည် ထင်၏။ မမျှော်လင့်ဘဲ သူမကို မြင်တွေ့လိုက်ရ သဖြင့် အံ့အားသင့်သွားဟန်တူသည်။

မိုးသက်လေပြင်းတို့သည် ကာရံထားသည့်မှန်ချပ်များကို ဖောက်ထွင်းပြီး သူမ၏ ရင်ထဲသို့ ပြေးဝင်လာကြသည်လား။

"နေခိုင်" ဟု သူ့ပါးစပ်က တိုးတိုးရွတ်လိုက်သည်။ သူမ အနေနှင့် အသံမကြားရသော်လည်း သူ၏ပါးစပ်အလှုပ်ကို ကြည့်ကာ သိရှိလိုက်ခြင်း ဖြစ်သည်။

မင်းစိုးအောင်သည် ဤနေရာမှ မော်အစွမ်းနှင့် သူမ ရုတ်ခြည်းပျောက်သွားမည်လား ထင်မှတ်သည့်အသွင်မျိုး အကြည့်လွှဲ ဖယ်ခြင်း မရှိဘဲ တည့်တည့် စူးစူးကြည့်ကာ၊ ထိုင်နေရာမှ ခပ်ဖြည်း ဖြည်း ထရပ်လိုက်သည်။

ဘုရား . . . သူ ငါ့ဆီလာမှာ သေချာပါပြီ၊ သူ ဘာလုပ်မလို့





လဲ၊ သူ ငါ့ကို ဘာပြောချင်လို့လဲ၊ ငါ တစ်ယောက်တည်းဆိုရင် အကြောင်းမဟုတ်ဘူး၊ သူနဲ့ ရင်ဆိုင်ပြီး ရှင်းရဲတယ်၊ လုံးဝမကြောက်ဘူး၊ ဒါပေမဲ့ အခုဟာက ဘာ့မသိ ဘာ့မသိနဲ့ ကြားထဲက ကိုရဲနိုင် တစ်ယောက်ရှိနေတာ ပြဿနာပဲ . . . ။

နေနေခိုင် ထင်သည့်အတိုင်း လှစ်ခနဲ တစ်ချက်ပြုံးရင်း လျှောက်လာနေသည်။

ဘာလုပ်ရမှန်းမသိသဖြင့် သူ့မျက်နှာကိုပင် တည့်တည့်ပြန် ကြည့်မိသည်။ ရင်ထဲမှာတော့ လုံးဝငြိမ်သက်ခြင်း မရှိ။ နှလုံးသွေး များ လှိုင်းတံပိုးထနေသည်။ နွေးခနဲ နွေးခနဲ . . . ခံစားရသည်။

"ခိုင် တို့တွေ မှာထားတာတွေ ဘာမှမရောက်သေးဘူးနော်"

ကံကောင်းထောက်မစွာပင် ကိုရဲနိုင် ပြန်ရောက်လာသည်။ နေနေခိုင် ကြောင်အမ်းအမ်းနှင့် "ဟုတ်တယ်" ဟု လွှတ်ခနဲ ပြော လိုက်မိသည်။ တကယ်တော့ စားပွဲနားသို့ ကိုရဲနိုင် ပြန်ရောက်လာ ခြင်းကို သူမ လုံးဝ သတိမထားမိပါ။ မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်တော့မှ သတိပြုမိခြင်း ဖြစ်သည်။

မင်းစိုးအောင် သူမတို့စားပွဲအနီးမှဖြတ်ကာ ဟန်မပျက်နှင့် ကောင်တာဆီသို့ လျှောက်သွားသည်။ ကောင်တာတွင် တစ်စုံတစ်ရာ မေးမြန်းနေသယောင်နှင့် သူမတို့ကို မသိမသာ လှမ်းကြည့်နေသည်။

တော်ပါသေးရဲ့ . . . ဟု စိတ်ထဲက ရေရွတ်လိုက်မိသည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

(ဂ)

. . . တကယ်တော့ မင်းစိုးအောင်နှင့် ပထမဆုံး တွေ့ဆုံရသည့်သူမှာ သဇင် မဟုတ်ချေ။ နေနေခိုင်ကိုယ်တိုင်ပဲ ဖြစ်ပါသည်။

မိဘနှင့်ခွဲခွာပြီး ပထမနှစ်ကျောင်းလာတက်ရခြင်း ဖြစ်သဖြင့် မိမိကိုယ်ကို အထင်ကြီးသည်နှင့် လက်ဖက်ရည်ဆိုင်သို့ တစ်ယောက်တည်း ထွက်လာခဲ့မိသည်။ အိပ်ရာထ နောက်ကျနေသည့် သဇင်ကိုပင် စောင့်မခေါ်ဖြစ်ခဲ့။

အညာနွေ၏နံနက်ခင်းအလှသည် ခြောက်သွေ့သွေ့နှင့် လွမ်းမောဖွယ်ကောင်းသည်ဟု ထင်၏။ ကြည့်လေရာ အပင်တိုင်းကလည်း ရိုးတံကျဲကျဲနှင့် စိမ်းစိုခြင်း မမြင်ရ။

သူမ ထိုင်နေသည့် လက်ဖက်ရည်ဆိုင်သည် ကျောင်းနှင့် သိပ်မဝေးလှချေ။ အနီးဝန်းကျင်၌လည်း ပြင်ပအဆောင်များ ရှိနေသောကြောင့် ကျောင်းသား၊ ကျောင်းသူများ ထိုင်တတ်သည့်ဆိုင် ဖြစ်သည်။

မုန့်စားပြီးသည့်နောက် လက်ဖက်ရည်ကို အရသာခံသောက်ရင်း ဘေးဘီဝဲယာကို သတိတမူနှင့် ငဲ့စောင်းကြည့်မိသည်။





မမျှော်လင့်ဘဲ မိမိကို ဂရုတစိုက်ကြည့်နေသည့် မျက်လုံးတစ်စုံနှင့် တန်း၍ တိုးမိလေသည်။

အတန်အသင့်ရှည်သောဆံပင်နှင့် ကြည့်ကောင်းသည့်မျက်နှာ။ ယောက်ျားများထဲတွင် ရှားပါးသည့်ရုပ်ရည် ဖြစ်သည်။ ပုံစံကြည့်ရသည်မှာ ကျောင်းသားတစ်ယောက် ဖြစ်လိမ့်မည် ထင်သည်။ သူမနှင့် သက်တူရွယ်တူခန့်သာ ရှိပေလိမ့်မည်။

ဘာကြောင့်ရယ်မသိ ဖျတ်ခနဲ ခုန်သွားသည့်ရင်ကြောင့် တိုယ့်ကိုယ်ကိုယ်ပင် အံ့အားသင့်သွားမိသည်။ သူမသည် ယောက်ျားလေးများ၏အကြည့်ကို မခံဖူးသည့်အစိမ်းသက်သက် မိန်းကလေးတစ်ယောက် မဟုတ်ပါ။ မည်သည့်အတွက်ကြောင့် ရင်ခုန်ရမည်နည်း။

သူမသည် အကြည့်ကို လွှဲဖယ်လိုက်ပြီး မျက်နှာကို တင်းထားလိုက်သည်။

သို့သော် မျက်စိထောင့်စွန်းကတော့ ထိုသူ၏လှုပ်ရှားမှုများကို မလွတ်တမ်း စောင့်ကြည့်နေမိသည်။ ကြောက်ရွံ့သည် မဟုတ်သော်လည်း ကိုယ့်ဘာသာ မလုံမလဲဖြစ်နေမိသည်။ သဇင် . . . ဒီဆိုင်ကို မြန်မြန်လိုက်လာပါစေ၊ သို့မဟုတ် ထိုလူ အမြန်ဆုံး ထပြန်ပါစေဟု ကျိတ်ပြီး ဆုတောင်းမိသည်။

သူမ၏ဆုတောင်း မပြည့်ဝပါ။ မပြည့်ဝသည့်အပြင် ပို၍ဆိုးသွားသည်ဟုပဲ ပြောချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် သောက်လက်စလက်ဖက်ရည်ခွက်ကို ကိုင်ရင်း သူမ၏စားပွဲသို့ ရောက်လာသည်။

"တို့ ဒီမှာ ထိုင်လို့ရမလား"

တင်းမာသည့်အကြည့်နှင့် ဆတ်ခနဲ မော့ကြည့်လိုက်ပြီး "ဘာဖြစ်လို့ ထိုင်ရမှာလဲ" ဟု ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

"တို့ မင်းနဲ့ သူငယ်ချင်း ဖြစ်ချင်လို့ မင်းက ဒီနှစ်မှ စ,ရောက်တာ မဟုတ်လား၊ တို့လည်း ဒီနှစ်မှ ပထမနှစ် တက်မှာ . . ."

သူက သူမ၏အကြည့်ကို ဂရုမစိုက်ဘဲ ခပ်သဲ့သဲ့ ပြုံးပြသည်။ မည်သို့ပင်ဆိုစေ တစ်စားပွဲတည်း ဝင်ထိုင်ခြင်းကို နေနေခိုင် သဘောမကျပါ။

"လူတစ်ယောက်ကို မသိဘဲ သူငယ်ချင်း မဖြစ်ဘူး"

"ဒါက သိပ်ခက်ခဲတဲ့ကိစ္စမှ မဟုတ်ဘဲ၊ တစ်ယောက်အကြောင်း တစ်ယောက် ပြောကြဆိုကြရင်း သိသွားကြမှာပဲ"

"ရှင် တယ်ရိုင်းပါလား၊ ရှင် လူမှုရေး မသိတတ်ဘူးလား၊ ကျွန်မစားပွဲမှာ အတင်းဝင်ထိုင်ပြီး သူငယ်ချင်း ဖြစ်ချင်တယ်ဆိုလို့ ရပါ့မလား"

နေနေခိုင်၏အသံက အနည်းငယ် ကျယ်လောင်သွားသဖြင့် တခြားစားပွဲများမှ လူတွေက လှည့်ကြည့်ကြသည်။ သူ နည်းနည်းတော့ ဖြုံသွားဟန် တူသည်။

"တို့ တကယ် ရိုးရိုးသားသား မိတ်ဖွဲ့တာပါ၊ မင်း မယုံဘူး





ဆိုရင် တို့ကျောင်းသားကတ်ကို ကြည့်လေ" ဟု ပြောပြောဆိုဆိုနှင့် အိတ်ကပ်ထဲမှ ကျောင်းသားကတ်ကို ထုတ်ပြသည်။ သူမက လက်ကာပြရင်း "ဟို့ မကြည့်ချင်ဘူး" ဟု ငြင်းပစ်လိုက်သည်။

သူက စိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုခါယမ်းပြီး . . .

"မင်းဘက်က သူငယ်ချင်းအဖြစ် လက်မခံချင်သေးရင်လည်း ရပါတယ်၊ နောက်မှ တဖြည်းဖြည်းချင်း သိလာကြမှာပဲ၊ ရပ်ဝေးက ကျောင်းလာတက်ကြတဲ့သူအချင်းချင်း အခက်အခဲ ရှိကြတာချည်းပါပဲ . . .၊ တို့ကိုလည်း မှတ်ထားပေါ့၊ တို့နာမည်က မင်းစိုးအောင်လို့ ခေါ်တယ် . ."

"ကျွန်မ မသိချင်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ . . ."

"အရမ်းလည်း စိတ်ဆိုးမနေပါနဲ့၊ တို့က လူဆိုးတစ်ယောက် မဟုတ်ပါဘူး၊ မင်းလိုပဲ ဒီမှာ ကျောင်းလာတက်တဲ့ ကျောင်းသားတစ်ယောက်ပါ၊ နောက်နေ့တွေလည်း ဒီဆိုင်မှာ အမြဲ မြင်တွေ့နေရဦးမှာပဲ"

"မြင်တော့ ဘာဖြစ်လဲ၊ နောက်နေ့တွေမှာ ကျွန်မထိုင်တဲ့ စားပွဲကို ရှင် လာမထိုင်ပါနဲ့၊ ကိုယ့်စားပွဲမှာ ကိုယ် . . . ထိုင်၊ သူများကို မနှောင့်ယှက်ရဘူး၊ ရှင်ဟာ ယဉ်ကျေးတဲ့ လူတစ်ယောက်ဆိုရင် ကျွန်မပြောတဲ့ စကားကို နားလည်မှာပါ၊ အခုတော့ . . ရှင် ပြောသလို ကျောင်းသားအချင်းချင်းမို့ ကျွန်မ သည်းခံလိုက်မယ်"

ဟု ပြောပြီးသည့်နောက် ငွေရှင်းရန် စားပွဲထိုးကို လှမ်းခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ စားပွဲထိုးက အလုပ်ရှုပ်နေသဖြင့် ခဏဟုဆိုကာ မှာထားသည့် လက်ဖက်ရည်ခွက်များ သွားယူနေစဉ် . . . အိပ်ရာထနောက်ကျနေသည့်သဇင်က ဆိုင်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

သဇင်က သူမနှင့်အတူ ထိုင်နေသည့် မင်းစိုးအောင်ကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး အပြုံးနှင့် နှုတ်ဆက်လိုက်သည်။ ဤစားပွဲတွင် တိုက်ပွဲအငယ်စား ဖြစ်နေသည်ကို သဇင် မသိ။

"မခိုင် စားပြီးပြီလား" ဟု မေးကာ ဝင်ထိုင်သည်။

လှမ်းခေါ်ထားသည့် စားပွဲထိုးက ယခုမှ ရောက်လာသည်။ အမှန်တကယ်က သူမ ငွေရှင်းဖို့ ခေါ်ထားခြင်းဖြစ်သည်။ သို့ရာတွင် သဇင်က လက်ဖက်ရည်နှင့်ပဲပလာတာ မှာယူလိုက်သည်။

မင်းစိုးအောင်က အလိုက်တသိနှင့် ထထွက်သွားမည့်ပုံ မပေါ်။ သူမ မည်သို့မှ သည်းမခံနိုင်တော့သဖြင့် . . .။

"သဇင် မှာထားတာတွေ ပါဆယ်ယူသွားကြမယ်၊ အဆောင်ရောက်မှ စားကွာ၊ ဒီဆိုင်က သိပ်မသန့်ဘူး"

ဟု ခပ်ရွှဲရွှဲ ပြောလိုက်သည်။ သဇင်က ဆိုင်၏အခြေအနေကို တစ်ချက်လှည့်ပတ်ကြည့်ကာ "ဟာ . . . မဟုတ်တာ မခိုင်ကလည်း၊ ဒီဆိုင်က ဒီအနီးအနားမှာ အကောင်းဆုံးပဲ . . .၊ ဆိုင်က သန့်ပါတယ်" ဟု မသိနားမလည်စွာ ပြန်ပြောသည်။

"ဆိုင်ကို ပြောတာ မဟုတ်ဘူး၊ လူကို ပြောတာ . . ."





သူမ၏စကားကြောင့် မင်းစိုးအောင် လှစ်ခနဲ ပြုံးလိုက်သည်။ ထို့နောက် ကိုယ်နှင့်မဆိုင်သကဲ့သို့ မျက်နှာလွှဲသွားသည်။

"ကဲ . . . ဘာပဲဖြစ်ဖြစ် တို့တော့ မထိုင်ချင်တော့ဘူး သဇင်"

"ဒါဆိုရင် မခိုင် ပြန်နှင့်လေ . . .၊ သဇင်ကတော့ ပါဆယ် ယူမသွားချင်ပါဘူး၊ အလုပ် ရှုပ်တယ်၊ ဒီမှာပဲ စားလိုက်တော့မယ်"

သဇင့်ကို မည်သို့မှ ခေါ်၍ရမည့်ပုံ မမြင်။ ထို့ကြောင့် နောက်မှပဲ အကြောင်းစုံကို ရှင်းပြတော့မည် စိတ်ကူးကာ နေနေခိုင် တစ်ယောက်တည်း ထပြန်ခဲ့သည်။

"သဇင် . . . ကိုယ်စားစရာရှိတာ စားပြီးရင် မြန်မြန်ပြန်လာခဲ့၊ ဘယ်သူနဲ့မှ အရောတဝင် လုပ်မနေနဲ့"

ဟု မှာဖြစ်အောင် မှာခဲ့ပါသေးသည်။

သဇင်က အိပ်ရာထ နောက်ကျသဖြင့် သူမ စိတ်ဆိုးနေသည်ဟု ထင်သည်လားမသိ။

o o o



www.burmeseclassic.com

www.burmeseclassic.com

(၉)

. . . "ဟာ . . . မဒိုင်ကလဲ . . . မဖြစ်နိုင်ပါဘူး၊ သူက ရိုးရိုးသားသား မိတ်ဆက်တာပါ၊ သူနဲ့ သဇင်က ဘာသာရပ်ချင်းလည်း တူတယ်၊ တက်ရမယ့် အတန်းချင်း တူတယ်၊ သူက . . . မြို့က ဒီမှာလာတက်တာ . . . လောလောဆယ် 'တမာ' ဆောင်မှာ နေတယ်တဲ့၊ သူ့မိဘတွေကလည်း သစ်တောဖက်မှာ အစိုးရဝန်ထမ်းတွေပါ။ သစ်တောဖက်က သဇင်သိတဲ့ လူတွေတောင် သူက သိနေတယ် . . . ဘာပဲပြောပြော သဇင်က သူ့ကို သူငယ်ချင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုလိုက်ပြီ"

မိမိ၏စကားများက အရာမထင်တော့သဖြင့် နေနေခိုင် စိတ်ပျက်သွားမိသည်။ မင်းစိုးအောင်နှင့် စ,တွေ့တွေ့ချင်းပင် သဇင့်အား သတိပေးခဲ့သည်မှာ အမှန်ပင် ဖြစ်ပါသည်။

○ ○ ○



(၁၀)

. . . ဤကျောင်း၌ မင်းစိုးအောင်နှင့် သူငယ်ချင်းမဖြစ်သည့်သူဟူ၍ နေနေခိုင်တစ်ယောက်ပဲ ရှိလိမ့်မည် ထင်သည်။ ဤသည်မှာလည်း မင်းစိုးအောင်က စကားပြောဆို၊ ဆက်ဆံပြုမူသမျှကို သူမ အသိအမှတ်မပြုဘဲ အမြဲတစေ ပယ်ချခဲ့ခြင်းကြောင့်လည်း ဖြစ်ပါလိမ့်မည်။

သူမ၏မျက်စိထဲမှာတော့ မင်းစိုးအောင်ကို မည်သို့မှ ကြည့်မရချေ။ မင်းစိုးအောင် အပေါင်းအသင်း များခြင်း၊ အသိအကျွမ်းများခြင်းကို အပြစ်ဟုပင် မြင်သည်။ အထူးသဖြင့် သဇင်က လိုအပ်သည်ထက် ပိုပြီး အရောဝင်နေခြင်းကို လုံးဝလက်မခံနိုင်ပါ။

တစ်နေ့တခြား သဇင်၏အပြုအမူများ မူပျက်လာခြင်းကို သူမ သတိထားမိသည်။ အဆောင်မှာ မင်းစိုးအောင်တို့ ဂီတာလာတီးလျှင် သဇင် မအိပ်နိုင်တော့။ မင်းစိုးအောင်တို့ ပြန်သွားချိန်အထိ စောင့်ကြည့်နေတတ်သည်။ ထို့နောက် ဈေးသွားမည်၊ ရုပ်ရှင်ကြည့်မည်၊ ဘုရားသွားမည်ဟု အကြောင်းမရှိ အကြောင်းရှာကာ မင်းစိုးအောင်တို့အုပ်စုနှင့် တပူးတွဲတွဲ လုပ်နေခြင်းကို သူမ သတိ



www.burmeseclassic.com

www.burmeseclassic.com



ပေး တားမြစ်ခဲ့ပေမယ့် နားမဝင်ပါ။

ဒီကြားထဲ မင်းစိုးအောင်က သူမကို သွားသွားလာလာ ခလုတ်တိုက်သေးသည်။ လက်ဖက်ရည်ဆိုင်မှာ၊ ကျောင်းထဲမှာ၊ ဘုရားမှာ၊ ဈေးထဲမှာ တွေ့သည့်အခါတိုင်း သူမ မခေါ်မပြောပေမယ့် ဝင်ရောက်ကူညီပေးတတ်သည်။ ကျောင်းတက်၊ ကျောင်းဆင်း စက်ဘီးကိုသာ အဓိကထားသည့်မြို့ ဖြစ်သဖြင့် သူမ၏စက်ဘီး ပြင်ရမှုရမည်ဆိုလျှင် သဇင်မှတစ်ဆင့် မင်းစိုးအောင် တာဝန်ယူ သွားသည်ချည်း ဖြစ်သည်။

"နေခိုင် ဘာကြောင့် ခုချိန်ထိ သူငယ်ချင်းအဖြစ် အသိ အမှတ် မပြုနိုင်တာလဲဆိုတာ တို့ ဘယ်လိုမှ စဉ်းစားမရဘူး" ဟု မင်းစိုးအောင် မကြာခဏ ညည်းတွားတတ်သည်။

သူမကိုယ်၌ကလည်း မင်းစိုးအောင်ကို မည်သည့်အတွက် ကြောင့် ခင်မင်၍မရသည်ကို မသိပါ။ ဖြစ်နိုင်သည်မှာ မင်းစိုးအောင် အပေါ်တွင် အမြဲသံသယ ရှိနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ သဇင်အတွက် စိုးရိမ်ပူပန်ခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

သဇင်က သူမနှင့်ညီမတစ်ဝမ်းကွဲ တော်စပ်သည်။ အသက် အားဖြင့် လကြီးလငယ်သာ ဖြစ်ပေမယ့် သဇင်၏မိဘတွေက သူမ ကို အစ်မကြီးတစ်ယောက်နှယ် စောင့်ရှောက်ခိုင်းထားခဲ့ပါသည်။ ဝေးလံလှသည့် နယ်စပ်မြို့မှ ကျောင်းလာတက်ရခြင်းဖြစ်သဖြင့် အစ စ အရာရာ သတိကြီးမိသည်က အမှန်ပင်။





ကျောင်းတက်နှစ်တစ်နှစ် ကုန်ဆုံးချိန်သို့ တဖြည်းဖြည်း နီးကပ်လာခဲ့ပါပြီ။

သူမနှင့် မင်းစိုးအောင်၏အနေအထားက ယခင်အတိုင်း အပြောင်းအလဲ မရှိ။

သို့သော် . . . သဇင်ကမူ ပြောင်းလဲသွားခဲ့ပါပြီ။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"သူနဲ့ သဇင်တို့က တရားဝင်ချစ်သူတွေတော့ မဟုတ်သေးဘူးပေါ့ နော်၊ ဘယ်လိုပြောရမလဲ . . . တစ်ယောက်ရဲ့အချစ်ကို တစ်ယောက်က သိနေတဲ့အနေအထားပေါ့။ တစ်ယောက်ကိုတစ်ယောက် ဖွင့်မပြောဘဲ ချစ်သူဖြစ်နေကြတာ . . . မခိုင်ရဲ့၊ ဒါပေမဲ့ စာမေးပွဲပြီးလို့ မြို့ပြန်တဲ့အချိန်ကျရင် တရားဝင် ကြေညာလိမ့်မယ်ထင်တယ်၊ ဘာကြောင့်လဲဆိုတော့ သဇင်တို့အပြန်မှာ သူက သူ့ဘဝအတွက် အရေးကြီးတဲ့ စာတစ်စောင် တည့်ပေးလိုက်မယ်လို့ ပြောထားတယ်လေ၊ ရယ်တော့ ရယ်ရတယ်"

သူမ သဇင်ကျေနပ်အောင် ရောယောင်၍ ပြုံးလိုက်ရသည်။ ရင်ထဲကမူ မည်သို့မျှ မပျော်နိုင်ချေ။

"သူက ယောကျ်ားလေးထဲမှာတော့ အရမ်းစတားဖြစ်တာ၊ ရုပ်က ဖြောင့်တယ် မဟုတ်လား၊ တခြားသူငယ်ချင်း မိန်းကလေးတွေကဆိုရင် သဇင့်ကိုတောင် မနာလိုဖြစ်ကြတာ၊ သူတို့ထဲမှာ သဇင့်ကို သူက ဦးစားအပေးဆုံး မဟုတ်လား၊ ကိုအောင် . . . ဈေးသွားမယ်၊ ဘယ်သွားမယ် . . . ဘာလုပ်မယ်လို့ သဇင်က ပြောလိုက်ရင် ဘာ





အလုပ်ပဲရှိရှိ ဘယ်လောက်အရေးကြီးတဲ့ကိစ္စပဲဖြစ်ဖြစ် ခေါက်ထားပြီး ပြေးလာတာပဲ . . . ဟာ . . . ဟ . . . သိနေတယ်လေ၊ သူ့အချစ်က ဘယ်သူ့ဆီမှာ ရှိနေတယ်ဆိုတာ သိနေတယ်လေ၊ နောက်နှစ် ကျောင်းဖွင့်ရင် တစ်ကျောင်းလုံးကို ကြေညာပစ်လိုက်မယ်၊ မခိုင် ကြည့်နေ . . . သိလား"

သူမ ခေါင်းညိတ်ရုံကလွဲပြီး တခြား မရှိချေ။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com



(၁)

. . . ကားထွက်ချိန်နီးတော့မှ စက်ဘီးနှင့် ရောက်ချလာသည်။ သဇင်က သူ့စက်ဘီး၏နောက်ထိုင်ခုံတွင် ထိုင်လိုက်သည်။ ရယ်ရယ်မောမော၊ ပြောပြောဆိုဆိုနှင့်။

ချစ်သူချင်းမို့ ပြန်ခါနီးတွင် အလွမ်းသယ်ကြဟန်တူသည်။ လက်ဆောင်ပစ္စည်းတွေ သွားဝယ်ကြဟန် တူသည်။

မင်းစိုးအောင်က ကျွတ်ကျွတ်အိတ်အထုပ်ကို လှမ်းပေးရင်း "အိမ်အပြန်လက်ဆောင်ပါ" ဟု ပြောသည်။ သူမ မလှုပ်။

"နေပါစေ . . . ကျေးဇူးတင်ပါတယ်"

မင်းစိုးအောင်က စိတ်မကောင်းသည့်အကြည့်နှင့် စိုက်ကြည့်ရင်း . . .

"တို့တွေ တစ်နှစ်လုံး ကျောင်းအတူတူ တက်ခဲ့ကြတာ၊ နေခိုင်က တို့ကို မခင်ပေမဲ့ တို့ကတော့ အခင်မင် မပျက်ပါဘူး၊ ဒီအချိန်ထိ တို့ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ အသိအမှတ်မပြုနိုင်တာ ဘာကြောင့်လဲ၊ တို့မှာ ဘာအပြစ်ရှိလို့လဲ၊ တို့ တကယ်ပဲ နားမလည်တာပါ . . . နေခိုင်၊ မကြိုက်တာကို ပွင့်ပွင့်လင်းလင်း ပြောပါလား"

သူ၏မေးခွန်းကို မဖြေတော့ဘဲ "ကားထွက်တော့မယ်" ဟု သဇင့်ကို သတိပေးလိုက်သည်။ သဇင်က သူမကို ခေါင်းညိတ်ပြသည်။ ထို့နောက် သူ့ဘက်လှည့်ပြီး "ကျောင်းပိတ်ရက်ဆိုပြီး နေချင်သလို မနေနဲ့နော်၊ သွားတာ လာတာ ရေချိုးတာလည်း ဂရုစိုက်ဦး၊ ဒီနေ့က အရမ်းပူတာ၊ တော်ကြာ ရေချိုးများပြီး နတ်ပြည်မှာ ကျောင်းသွားတက်နေရဦးမယ်" ဟု မှာစရာများ မှာကြားသည်။

သူက ရယ်ကျဲကျဲနှင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း "သဇင့်အတွက်ပါ စာရင်းသွင်းပေးထားလိုက်မယ်လေ" ဟု ပြန်နောက်သည်။

ကားပေါ်အတက်တွင် "သဇင် . . . တို့ပေးတဲ့စာကို မမေ့နဲ့နော်" ဟု ထပ်မံသတိပေးသည်။ သဇင်က "မမေ့ဘူး" ဟု ခပ်ဆတ်ဆတ် ပြန်ပြောလိုက်၏။

○ ○ ○





www.burmeseclassic.com

www.burmeseclassic.com

(၁၃)

. . . မြို့သို့ ပြန်ရောက်သည်နှင့် သဇင် ချုံးပွဲချငိုတော့သည်။

မင်းစိုးအောင်စာထဲတွင် ဘာတွေရေးပေးလိုက်သည် မသိ။ ထိုစာကို သူမ ဖတ်ခွင့်မရ။ ညီမတော်စပ်သူ ဖြစ်ပေမယ့် ကိုယ်ရေးကိုယ်တာစာကိုတော့ ခွင့်မပြုဘဲ မတောင်းမဖတ်ချင်ပါ။

"ကိုအောင် . . . ရက်စက်တယ်၊ သဇင့်အပေါ်မှာ သစ္စာမရှိဘူး"

"ဘာဖြစ်လို့လဲ သဇင်ရယ်၊ တို့ကိုလည်း ရှင်းပြစမ်းပါဦး"

"ဒီလူ မျက်နှာများတယ်၊ မယုံကြည်ရဘူးလို့ မခိုင် သတိပေးထားရက်နဲ့ . . . သဇင် မိုက်တာ၊ သဇင် မှားတာ၊ သဇင့်အချစ်ကို သူ လုံးဝ ဂရုမစိုက်ဘူး၊ ကျောင်းပြန်တက်ရင် သဇင် မျက်နှာဘယ်လိုပြရမှာလဲ၊ ရှက်လိုက်တာ . . . မခိုင်ရယ်၊ သဇင် ကျောင်းပြန်မတက်တော့ဘူး"

"အဲဒီလို အရမ်းမဆုံးဖြတ်နဲ့လေ၊ ဘာမဟုတ်တဲ့ နှလုံးသားကိစ္စကြောင့် ကိုယ့်ပညာရေးကို အထိအခိုက်ခံချင်ရတာလဲ၊ သူ မချစ်ဘူးဆိုရင်လည်း ကိုယ်က ဂရုမစိုက်ဘဲ နေလိုက်ပေါ့၊ ကျောင်းတော့





ပြန်တက်ပါ၊ ကျောင်းမတက်ဘဲ မနေစမ်းပါနဲ့ သဇင်"

"သဇင် . . . ရှက်တယ်"

"ဒို့ . . . ရှက်ရမှာက သဇင် မဟုတ်ဘူးလေ၊ လောကမှာ သစ္စာမရှိတဲ့လူ၊ ဂတိမတည်တဲ့လူကပဲ ရှက်သင့်ပါတယ်"

"သဇင် သူနဲ့ တစ်သက်လုံး မတွေ့ချင်တော့ဘူး"

ဟု ပြောရင် မျက်ရည်များ အဆီးအတားမဲ့ စီးကျလာပြန်သည်။

"သဇင် ကျောင်းပြန်မတက်ရင် သဇင့်မိဘတွေ စိတ်မကောင်း ဖြစ်ကြမှာပေါ့၊ အချစ်ကြောင့် ဘဝပျက်ခံတာ လူမိုက်တွေအလုပ်ပါ၊ သဇင်က လိမ္မာပါတယ်၊ မိဘတွေ စိတ်ချမ်းသာအောင် ကျောင်းပြန်တက်စမ်းပါ၊ ပြီးတော့ သဇင်တစ်ယောက်တည်း ကျောင်းပြန်တက်ရမှာမှ မဟုတ်ဘဲ၊ တို့လည်း ကျောင်းပြန်တက်ရမှာလေ၊ တို့နှစ်ယောက်အတူတူ ကျောင်းပြန်တက်ရအောင်နော် . . .၊ သဇင် ဘာမှရှက်မနေနဲ့တော့၊ သဇင့်ဘက်မှာ တို့တစ်ယောက လုံး ရှိပါတယ်၊ နောက်ပြဿနာ ဖြစ်လာရင် တို့ ဝင်ရှင်းပေးပါ့မယ်၊ စိတ်ချ . . ."

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၁၄)

. . . မင်းစိုးအောင်ကို နဂိုကပင် ကြည့်မရသည့်ကြားက သဇင်နှင့် ပတ်သက်လာသည့်အခါတွင် ပို၍ မုန်းတီးမိသည်မှာ အမှန်ပင် ဖြစ်ပါသည်။

မင်းစိုးအောင်ကတော့ အရှက်ရှိသည့်ပုံ မပေါ်။ သူမတို့ ကျောင်းပြန်တက်သည့်အခါ သဇင်ရှိရာသို့ လာမြဲလာသည်။ သဇင်က မတွေ့ချင်သဖြင့် ရှောင်ပုန်းနေသည်ကိုပင် အတင်းလိုက်တွေ့သည်။

သဇင်က မခိုင် . . . ဘာမှ ဝင်မပြောနဲ့ဟု တားထားသဖြင့် သာ လက်ပိုက်ကြည့်နေရသည်။ မင်းစိုးအောင်ကို ပြောပစ်ချင်သည့် ပါးစပ်က ယားလှပြီ။ သဇင်နှင့်ပတ်သက်ပြီး ရန်တွေ့လိုက်ချင်သည်မှာ ရိုးတိုးရွတ ဖြစ်နေ၏။

ဒီကြားထဲတွင် ကြားလူမှတစ်ဆင့် စာတစ်စောင် ပေးလာသည်။

ထိုစာက ချစ်ခွင့်ပန်သည့် စာ။

ထိုစာကို ဆုံးအောင်ဖတ်မကြည့်တော့ဘဲ ဆုတ်ဖြဲပစ်လိုက်





သည်။ မင်းစိုးအောင်၏လုပ်ရပ်က ကမ်းကုန်နေပေပြီ။ ညီမဖြစ်သူ တို့ ရည်းစားအဖြစ်မှ ဖြတ်ပြီး၊ အစ်မကို ချိုင်ခြင်း ဖြစ်သည်။ ညီသို့ မျှ သည်းခံနိုင်စွမ်း မရှိတော့သဖြင့် ချက်ချင်းသွားတွေ့ရန် ရှုပ်သည့် အခါ သဇင်က အတင်းဝင်တားသည်။

“မခိုင် . . . သူ့ကို ချစ်ဖို့ စဉ်းစားလား”

“ဝေးပါသေးတယ် . . . သဇင်ရယ်၊ တို့ ကျောင်းစတက်တဲ့ နေ့ကတည်းက သူ့ကို ကြည့်လို့ မရခဲ့တာပဲ. . .၊ အခုတော့ ကြည့် ရေတဲ့အပြင် သူ့ကို မုန်းတောင်မုန်းသေးတယ်၊ ဒီလို သစ္စာမရှိ အရှက်မရှိတဲ့ လူမျိုးကို စာရင်းထဲတောင် မထည့်ဘူး၊ စဉ်းစားဖို့ ဆိုတာက ဝေလာဝေးပဲ”

“မခိုင် အဲဒီစိတ် ရှိတယ်ဆိုရင် ဒီလူ့ကို တစ်ခုခု ပြန်လုပ်ရ အောင်၊ နောင်ကြဉ်သွားအောင် သင်ခန်းစာ ပေးလိုက်ကြရအောင်”

“ဘယ်လို သင်ခန်းစာပေးရမှာလဲ . . . သဇင်”

ဟု သူမ နားမလည်နိုင်စွာဖြင့် မေးလိုက်သည်။ သဇင်က နှင်တိုယ်ကြား တီးတိုးကပ်ပြီး ရှင်းပြသည်။

“သူ့ကို ချစ်နေသယောင်ဟန်ဆောင်ပြီး အချိန်ဆွဲထားမယ်၊ ဒီနှစ်ကျောင်းပြီးခါနီးမှ အဖြေပေးလိုက်၊ သူက မခိုင်ကို ချစ်သူဖြစ် ပြီလို့ ယုံကြည်လာလိမ့်မယ်၊ သဇင်က တစ်ကျောင်းလုံးကို သံချောင်း ခေါက်ပြီး အသိပေးလိုက်မယ်၊ ပြီးမှ ကျောင်းပိတ်လို့ အိမ်အပြန်မှာ ခေါက်ဖြတ်လိုက်မယ်၊ သူ လုံးဝ မထင်မှတ်ဘဲ ငိုသွားရမှာ



www.burmeseclassic.com

www.burmeseclassic.com



. . . အဲဒါ သင်ခန်းစာပေးတာပဲ"

"ဟယ် . . . မဖြစ်ပါဘူး၊ ငါ သူ့ကို ဟန်ဆောင်ပြီး မချစ်နိုင်ပါဘူး"

ဟု ချက်ချင်း ငြင်းလိုက်သည်။

"မခိုင်ကလည်း ဘာမှ မစိုးရိမ်ပါနဲ့၊ ဒီနှစ် ကျောင်းပိတ်ရင် နှစ်ယောက်စလုံး ရန်ကုန်ပြောင်းရတော့မှာပဲ၊ ဖေဖေ မေမေတို့က မှာလိုက်တယ်လေ၊ ဒီတော့ နောက်နှစ် ဒီလူတွေနဲ့ ဆုံတွေ့စရာ အကြောင်းမရှိပါဘူး"

"မဖြစ်ပါဘူး သဇင်ရယ်" ဟု သူမ ထပ်မံ ငြင်းဆိုလိုက်ပြန်သည်။

သဇင်က ငြင်းပယ်မှုကို လုံးဝ လက်မခံနိုင်ဘဲ . . .

"မခိုင်ပဲ မြို့မှာတုန်းက ပြောခဲ့တယ် မဟုတ်လား၊ သဇင့်ဘက်မှာ ရပ်တည်ပေးမယ်ဆို သဇင့်ပြဿနာကို ဝင်ရှင်းပေးမယ်ဆို . . . မခိုင် ဒီစကားအတိုင်း လုပ်ပေးချင်တယ်ဆိုရင် ဒီနည်းထက်ကောင်းတာ မရှိတော့ဘူး၊ မင်းစိုးအောင်ဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့လူကို ဒီနည်းနဲ့ မချိုးရင် ဘယ်နည်းနဲ့ ချိုးရမှာလဲ"

"ဒီနည်းတော့ တို့ မကြိုက်ဘူးကွာ၊ သဇင် နောက်တစ်မျိုး စဉ်းစားပါဦး"

"ဟင့်အင်း . . . သဇင်က ဒီနည်းပဲ ကြိုက်တယ်"

သူမ ရုတ်တရက် အဖြေမပေးနိုင်သေးဘဲ လေးလေးနက်နက် စဉ်းစားလိုက်သည်။

မင်းစိုးအောင်သည် သူမအပေါ်တွင် တကယ်ချစ်၊ မချစ်မည်သို့ သိနိုင်မည်နည်း။ သဇင်ပြောသည့်နည်းက အမှန်တကယ် ချစ်နေမှ ထိရောက်မှု ရှိပေလိမ့်မည်။ သို့မဟုတ်လျှင် သဲထဲရေသွန် သကဲ့သို့ မည်သို့မျှ အရာရောက်လိမ့်မည် မဟုတ်ပါ။

"ကောင်းပြီ . . . မင်းစိုးအောင်က နှစ်ကုန်တဲ့အထိ ဒွဲရှိရှိနဲ့ ဆက်လက်ကြိုးစားနေမယ်ဆိုရင် သဇင် ပြောတဲ့အတိုင်း ဖြစ်စေရမယ်၊ အဓိက, ကတော့ သဇင် စိတ်ကျေနပ်အောင် တို့ လုပ်ပေးတာနော်၊ တို့သဘောနဲ့တို့ဆိုရင် ဒီလိုမျိုးကိစ္စကို အိပ်မက်တောင် မမက်ဘူး"

သဇင်သည် သူမ၏ကတိစကား ကြားရသည်နှင့် ဝမ်းသာအားရ ထ, ဖက်သည်။ ပြီးတော့ "သဇင့်ကို မခိုင် ဘယ်လောက်ချစ်တယ်ဆိုတာ သဇင် နားလည်ပါတယ်" ဟု ပြောကာ နာကြည်းစိတ်ကြောင့် မျက်ရည်များ ရစ်ဝိုင်းလာတော့သည်။

○ ○ ○







www.burmeseclassic.com

www.burmeseclassic.com

(၁၅)

အတိတ်မှ အရိပ်တို့သည် မိုးသက်လေပြင်းနှင့်အတူ ပြန်လည်ကျရောက်လာတော့မည်လားဟူသည့် အတွေးနှင့်အတူ နေနေခိုင် စိုးရိမ် ပူပန်နေသည်။

ခြောက်နှစ်ဆိုသည့် အချိန်ကာလသည် လူ့ဘဝအတွက် အပြောင်းအလဲတစ်ခု ဖြစ်သွားနိုင်သည့် ကာလပါ။ အကယ်၍ သူပဲဖြစ်ဖြစ် မိမိပဲဖြစ်ဖြစ် အိမ်ထောင်ကျနေခဲ့လျှင် သားနှင့်သမီးနှင့် ရှိနေလောက်ပါပြီ။ သို့ဆိုလျှင် မည်သို့မျှ ပတ်သက်စရာအကြောင်း မရှိတော့။ တစ်ဦးကိုတစ်ဦး နှောင့်ယှက်ချင်သည့်တိုင်အောင် တရား ဥပဒေ ရှိသည်။ လူမှုရေးစည်းကမ်း ရှိသည်။

ယခုတော့ မိမိတွင် မည်သည့် အကာအရံ အတားအဆီးမှ မရှိသေး။ နှလုံးသားမှ လွဲလျှင် အရာရာ လွတ်လပ်နေသေးသည်ဟု ပြောနိုင်သည်။ နှလုံးသားကိုတော့ ကိုရဲနိုင်ထံ ပေးအပ်ထားပြီး ဖြစ်သည်။ အစစအရာရာက အဆင်ပြေခဲ့လျှင် နောက် . . . လေး ငါး ခြောက်လလောက်ဆိုပါက လွတ်လပ်သူ မဟုတ်နိုင်တော့။ ကိုရဲနိုင်နှင့် လက်ထပ်ပြီး ဖြစ်နေပေလိမ့်မည်။



အစက မိမိဘက်က အချိန်ဆွဲထားပြီးကာမှ ယခုအချိန်တွင် အမြန်ဆုံး လက်ထပ်ကြမည်ဟု မည်သို့ပြော၍ ဖြစ်ခဲ့ရည်နည်း။

ဤသို့ စဉ်းစားနေခြင်းသည် သူ့ကို ကြောက်ရွံ့၍လားဟု မိမိကိုယ်ကို ပြန်မေးကြည့်မိသည်။ ဟင့်အင်း . . . သူမ လုံးဝ မကြောက်ပါ။ အပြစ်ရှိသူအား ထိုက်သင့်သည့်အပြစ်ဒဏ် ပေးခဲ့ခြင်းသည် အမှားမဟုတ်ဟု ထင်သည်။ သဇင် ခံစားရသည့်အတိုင်း သူလည်း ကိုယ်ချင်းစာ နားလည်လောက်ပါပြီ။

ခက်နေသည်မှာ စားသောက်ဆိုင်ကအထွက်တွင် သူမတို့၏ ကားနောက်သို့ သူ နောက်ယောင်ခံလိုက်လာခြင်း ဖြစ်သည်။ သူ့ကားက သီးသန့်ထင်ရှားသည့် အရောင်မဟုတ်။ ရန်ကုန်မြို့တွင် အများဆုံး တွေ့ရတတ်သည့် အဖြူရောင် ဖြစ်သည်။ ကားအမျိုးအစားကိုတော့ သူမ မသိပါ။

မိုးမှောင်ကျနေသည့်ကြားမှ ထက်ကြပ်မကွာ ကပ်လိုက်လာသည့်ကားကို သတိထားကြည့်ရင်း စိတ်တိုချင်လာသည်။ ကိုရဲနိုင်ကလည်း မိုးကြီးလွန်းသည့်အချိန်မို့ ကားကို သတိထားမောင်းနေသည်။ မြန်မြန်မောင်းပါဟု ပြော၍ မကောင်း၊ မိုးရေနှင့် ချောနေသော လမ်းက အန္တရာယ်များလွန်းလှပါသည်။

ယခုတော့ သူမ နေသည့်အိမ်ကို သူ သိသွားလောက်ပါပြီ။ မတတ်နိုင်တော့။

ဖြစ်သမျှအကြောင်း အကောင်းဟုပင် ယူမှတ်ရတော့

www.burmeseclassic.com



သည်။ ယခုကာလအခိုက်အတန့်တွင် သူ ဘာလုပ်လာမလဲဆိုသည်ကိုသာ ထိုင်စောင့်ကြည့်နေရုံပဲ ရှိ၏။ သူ ဘာလုပ်မလို့လဲ၊ သူ ဘာပြောချင်သေးလို့လဲ။ သူမဘက်ကတော့ ဘာမှ ပြောစရာမရှိ။ အရာအားလုံးကို ကန့်လန့်ကာချခဲ့ပြီး ဖြစ်သည်။

သဇင် ရှိနေလျှင် မည်မျှ ကောင်းလိုက်မည်နည်း။

ယခုတော့ သဇင်က နိုင်ငံခြားမှာ . . .။

အဖြေမရှိသည့်အတွေးများနှင့် စိတ်ချောက်ချားနေသောကြောင့် အိပ်၍ မရပါချေ။

ဝ ဝ ဝ



# အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဒဏ်ရာဟောင်းမှ သွေးတစိမ့်စိမ့် ယိုစီးကျလာသည့် အဖြစ်။ တဆစ်ဆစ် နာကျင်ကိုက်ခဲနေသည်မှာ ကြာလှပြီ။

ဘယ်သောအခါမှ မကျက်နိုင်သည့် ဒဏ်ရာ။

မင်းစိုးအောင် အံကို တင်းတင်းကြိတ်ထားမိသည်။ ရှေ့ရှိ အုတ်နံရံကို ပေါက်ထွက်မတတ် စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

သူမက ဘာတစ်ခုမှ အပြစ်မလုပ်ခဲ့သလို ပျော်လို့ ရွှင်လို့ လှပတဲ့ အိပ်မက်တွေကို မက်လို့။ အနာဂတ်ဗိမ္မာန်ကို စိတ်ကြိုက် ပုံဖော် ထုဆစ်လို့။ သူ့မှာတော့ ညတိုင်း အိပ်မက်ဆိုးတွေနှင့် လုံးထွေးရစ်ပတ်နေခဲ့ရသည်။ ရှေ့ကို လှမ်းကြည့်လိုက်တိုင်း ပိန်းပိတ်အောင်မှောင်နေသည့် အမှောင်ထုကိုပဲ မြင်ရသည်။

ဤအမှောင်ထု မကျရောက်မီ . . . ဤဒဏ်ရာ မရရှိသေးခင် ကာလဆီသို့ စိတ်အတွေးများ ခရီးနှင့် ထွက်ခွာသွားလေပြီ။

ဒဏ်ရာရနေသည့်သားကောင်သည် မိမိ၏ သွေးစက်အတိုင်း ခြေရာကောက်၍ ပစ်ခတ်ခံရသည့်နေရာဆီသို့ နောက်ကြောင်းပြန်လှည့်သကဲ့သို့ . . . ။

○ ○ ○

(၂)

. . . ဒုတိယ စာသင်နှစ်ကုန်ဆုံးမည့်အချိန်တွင် လုံးဝမမျှော်လင့်ဘဲ နေနေခိုင့်ဆီက ပြန်စာတစ်စောင်ကို ရရှိလိုက်သည်။

ထိုစာထဲတွင် သူလိုချင်သည့်အဖြေကို ပေးထားသဖြင့် အံ့ဩဝမ်းသာသွားသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းသက်တမ်းတစ်လျှောက်လုံး သူမထံမှ အချစ်၏အရိပ်အယောင်ကို တစ်စွန်းတစ်စလေးတောင် မမြင်ရ၍ ဖြစ်သည်။

ထိုနေ့က အပျော်လွန်ပြီး သူမတို့အဆောင်ရှေ့တွင် တစ်ညလုံး ဂစ်တာထိုင်တီးဖြစ်သည်ကို နာကျင်ဆို့နင့်စွာဖြင့် အမှတ်ရမိပါသည်။

သူမ ပစ်ခွင်းလိုက်သည့် မြားချက်မှန်း ထိုစဉ်က မသိမြင်နိုင်ခဲ့ပါ။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

(၃)

. . . သူမနှင့် နှစ်ယောက်တည်း စကားပြောခွင့် တစ်ကြိမ်သာ ရရှိခဲ့ပါသည်။ ထိုနေ့က စာမေးပွဲ နောက်ဆုံးဖြေပြီးချိန် ဖြစ်သည်။ မနက်ဖြန်ဆိုလျှင် ကိုယ့်မြို့ကိုယ် ပြန်ရတော့မည် ဖြစ်သည်။

မြစ်ကမ်းနဖူး သစ်ပင်ရိပ်အောက်တွင် တွေ့ဆုံခဲ့ကြခြင်း ဖြစ်သည်။

"နေခိုင် တို့ကို တကယ်မချစ်ဘူး ထင်တယ်"

သူမ၏မျက်နှာ တစ်ချက် ကွက်ခနဲ ပျက်ယွင်းသွားပြီး . . .

"ဘာဖြစ်လို့လဲ" ဟု မျက်လုံးလေးဝင့်ကာ ပြန်လည်မေးခွန်း ထုတ်လိုက်သည်။

"အော် . . . တို့ ဒီလောက် အသည်းအသန် တွေ့ခွင့်တောင်းတာ ဒီတစ်ကြိမ်ပဲ တွေ့ခွင့်ပေးတယ်၊ တကယ့်ကို တစ်ကြိမ်ပဲ ဖြစ်နေပြီ၊ ဘာကြောင့်ဆိုတော့ မနက်ဖြန်ဆို တို့အားလုံး ပြန်ကြရတော့မယ်လေ"

"ဒါနဲ့ ချစ်တာက ဘာဆိုင်လို့လဲ၊ လောလောဆယ် စာသင်နေတုန်း ရည်းစားထားတာကပဲ လွန်လှပြီ၊ တို့က အိမ်မှာ ကျောင်း





တက်နေတုန်း ရည်းစားမထားပါဘူးလို့ ကတိပေးထားတာ၊ ဖြစ်နိုင်ရင် ကျောင်းပြီးမှ အဖြေပေးဖို့ စဉ်းစားထားတာ"

"တော်ပါသေးရဲ့ နေခိုင်ရယ်၊ အဲဒီကတိအတိုင်းသာဆိုရင် တို့ တော်တော်ခံစားရလိမ့်မယ်၊ အခု နှစ်, နှစ်တောင် အလူးအလိမ့်ပဲ၊ ဒီအညာနွေ ပူတာထက် တို့ရင်ထဲက အပူက ပိုပြင်းသေးတယ်"

မြစ်ပြင်လေကြောင့် တဖြတ်ဖြတ် လှုပ်ခတ်နေသော ဆံစများကို သိမ်းဖယ်ရင်း . . . "အပိုတွေ . . ." ဟု ခပ်တည်တည်နှင့် ပြောသည်။ သူမ၏မျက်နှာတွင် ယခုအချိန်ထိ အပြုံးအရယ်၊ အကြည်အနူးတို့ ရိပ်ရိပ်မျှ မမြင်တွေ့ရသေး။

"တကယ် ပြောတာပါ . . . နေခိုင်၊ ခုချိန်ထိ နေခိုင့်ပါးစပ်က ချစ်တယ်ဆိုတဲ့စကား တို့ မကြားရသေးပါဘူး . . ."

"တို့စာထဲမှာ ထည့်ရေးထားကာပဲ"

"အဲဒါနဲ့ မဆိုင်ဘူးလေ၊ နေခိုင့်ပါးစပ်က ပြောတာတော့ တို့ ကြားချင်သေးတာပေါ့၊ တို့ကိုချစ်ရင် အဲဒီစကားလေး ပြောစမ်းပါ"

"ဟင့်အင်း . . . မပြောချင်ပါဘူး" ဟု ဆိုကာ တစ်ဘက်သို့ လှည့်သွားသည်။

"နေခိုင် တို့ကို မရက်စက်စမ်းပါနဲ့ကွာ၊ ကျောင်းပိတ်ရက်ကာလတစ်လျှောက်လုံး နေခိုင့်ဆီက ချစ်တယ်ဆိုတဲ့စကား တို့ ကြားခွင့်ရမှာ မဟုတ်ပါဘူး၊ တို့ရင်ထဲမှာ သိမ်းဆည်းထားချင်လို့ပါ၊ တစ်ခွန်းတည်း ပြော . . . ၊ ပြီးတော့ ခုချိန်ထိ တို့ကို မောင်လို့လည်း

www.burmeseclassic.com



မခေါ်သေးဘူး၊ ဒါလည်း စာထဲမှာ ခေါ်နေတာပဲလို့ ဖြေမလို့ မဟုတ်လား၊ မရဘူး . . . အဲဒီလို ရှောင်တိမ်းလို့ မရဘူး"

ဟု ပြောကာ နေနေခိုင်၏ပခုံးနှစ်ဖက်ကို သူ လှမ်းဆုပ်ကိုင်ပြီး မျက်နှာချင်းဆိုင်မိအောင် အတင်းဆွဲလှည့်မိသည်။ ထိုအခါတွင် နေနေခိုင်က တုန်လှုပ်ချောက်ချားစွာဖြင့် "အဲဒီလို မလုပ်နဲ့၊ တို့ မကြိုက်ဘူး" ဟုဆိုကာ အတင်းဆွဲဖယ်သည်။

"တို့ အကျပ်ကိုင်တာ မဟုတ်ဘူး၊ နေခိုင် အဲဒီစကားမပြောရင် ဒီက မပြန်နဲ့တော့"

နေနေခိုင်သည် ဒေါသဖြစ်နေသည့် မျက်လုံးများဖြင့် သူ့မျက်နှာကို စူးစူးကြည့်လိုက်သည်။

"ဒီမယ် . . . ရှင်သိထားဖို့က ရှင် ဒီလိုအကျပ်ကိုင်လို့ ကြောက်လန့်သွားတဲ့ မိန်းကလေးတွေထဲမှာ ကျွန်မ မပါဘူး၊ ကျွန်မကို ဒီလိုဆက်ဆံလို့ မရဘူး၊ ရှင့်လက်တွေကို ဖယ်လိုက်စမ်းပါ၊ ကျွန်မ နောက်ထပ် ဘာမှမပြောချင်ဘူး"

သူမ၏ လေသံနှင့် မျက်နှာထားကြောင့် ယခုချိန်ထိ သူ့အပေါ်တွင် အထင်အမြင် လွဲမှားနေသေးကြောင်း သူ သဘောပေါက်သွားသည်။ ထို့ကြောင့် သူ စိတ်ပျက်လက်ပျက်နှင့် ဆုပ်ကိုင်ထားသော လက်များကို လွှတ်လိုက်ပြီး . . .

"နေခိုင်ရဲ့စကားတွေက အခုချိန်ထိ တို့အပေါ်ကို မယုံကြည်သလိုပဲ၊ နေခိုင် တို့အပေါ် နားမလည်သေးဘူးလား၊ တို့





နေခိုင်နဲ့ စတွေ့တဲ့နေ့က နေခိုင့်ပုံစံလေးကို တို့ရင်ထဲမှာ စွဲငြိသွားတယ်၊ ဘာဖြစ်မှန်း မသိပါဘူး၊ နေခိုင့်ကို ခင်မင်ရင်းနှီးချင်စိတ်တွေ ဘယ်လိုမှ တားမရ ဆီးမရ ဖြစ်လာတယ်၊ အဲဒါကြောင့် နေခိုင်မဖိတ်ခေါ်ဘဲနဲ့ စားပွဲမှာ ဝင်ထိုင်ပြီး မိတ်ဆက်စကား ပြောမိတာပါ၊ ဒါဟာ တို့အတွက် ပြင်မရတဲ့ အမှားတစ်ခု ကျူးလွန်လိုက်သလို ဖြစ်နေတယ်၊ မှန်တဲ့စကား ပြောရရင် အဲဒီလို တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး ကိုယ် မသိတဲ့ ဘယ် . . . သူစိမ်းတစ်ယောက်ကိုမှ အဲဒီလို မလုပ်ခဲ့ပါဘူး၊ တို့ ပြောတာကို ယုံပါ၊ အဲဒီအချိန်ကတည်းက နေခိုင့်ကို ချစ်သွားမိတာ နောက်မှ တို့သဘောပေါက်တော့တယ်၊ အဲဒီတုန်းက အချစ်ဆိုတာ သိကို မသိဘူး၊ နားလည်း မလည်ခဲ့ပါဘူး"

သူ ရင်နာစွာဖြင့် ရှင်းပြနေခြင်း ဖြစ်သည်။ ထိုအဖြစ်အပျက်အတွက် ယခုအချိန်ထိ ယူကျုံးမရ ဖြစ်နေမိသည်။ အကယ်၍ ထိုအဖြစ်သာ မဖြစ်ခဲ့လျှင် ဘယ်လောက်တောင်းလိုက်မည်လဲ။

သူ သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး မြစ်ပြင်ကို လှမ်းကြည့်သည်။

"နေခိုင့်ကို သဇင်နဲ့ပတ်သက်ပြီး တို့ ပြောစရာရှိသေးတယ်"

"ဘာမှ မပြောပါနဲ့၊ တို့ အဲဒီကိစ္စကို တို့ နားလည်တယ်"

သူ စကားကို ဖြတ်ပစ်လိုက်သည်။ သူ အံ့အားတသင့်နှင့် လှည့်ကြည့်ကာ "တို့နဲ့ သဇင်အကြောင်းကို နေခိုင် သိနေတယ် ဟုတ်လား ဘယ်လို သိတာလဲ" ဟု မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ကားဂိတ်ကို တို့လာခဲ့မယ်လေ၊ ဒီည တို့စာရေးလိုက်မယ်၊ သူ တောင်းထားတဲ့ လိပ်စာလည်း ထည့်ပေးထားမယ်"

"သူလို့ သုံးစွဲတယ်နော်"

သူမ အငိုက်မိပြီး ပျာ ပျာသလဲနှင့် "ရုတ်တရက်မို့ ပြောလိုက်မိတာ" ဟု ဖြေရှင်းချက်ပေးသည်။

"ကဲ . . . နေခိုင်၊ အချိန်လည်း သိပ်မရှိတော့ဘူး၊ အဆောင်ပြန်ရင် မှောင်နေဦးမယ်၊ ဒီတော့ တို့ သိပ်ကြားချင်တဲ့ စကားလေးတစ်ခွန်း ပြောပြီးရင် ပြန်ကြမယ်၊ ဒီစကားကြားချင်လို့ စောင့်ခဲ့ရတဲ့နေ့တွေ များလှပြီ"

သူမ ဘာမှမပြောဘဲ ငြိမ်ဆိတ်နေသည်။

တစ်ခဏ စောင့်ကြည့်နေပြီးနောက် . . .

"တို့ စောင့်နေပါတယ် . . . နေခိုင် . . ."

ဟု ထပ်၍ သတိပေးလိုက်တော့မှ သက်ပြင်းရှိုက်သွင်းရင်း "မောင့်ကို ချစ်တယ်" ဟု ခပ်တိုးတိုးလေး ပြောလေသည်။

နှလုံးသားထဲတွင်တော့ ကျယ်လောင်စွာ ပွဲတင်ထပ်ရိုက်ခတ်သွားသည် ထင်၏။

သူ ကျေနပ်စွာ ပြုံးလိုက်သည်။ ထို့နောက် အနည်းငယ်မျှ တွံ့ဆိုင်းနေခြင်း မရှိဘဲ . . . .

"ကဲ . . . ပြန်ကြရအောင်" ဟု ပြောလိုက်သည်။

o o o



. . . အမြန်ကားကြီးသည် မြို့ပြင်သို့ထွက်ရန် ရုပ်ရှင်ရုံလမ်းခွဲတွင် ချိုးကွေ့လိုက်သည်နှင့် . . . "ဟိုး . . . ဟိုး" ဟု အော်ဟစ်ရင်း သူ ထ, ရပ်လိုက်သည်။

ယာဉ်နောက်လိုက်က ကားကြီးကို ရပ်တန့်ခိုင်းပြီး

"ဘာ ဖြစ်လို့လဲ" ဟု သူ့ကို လှမ်းမေးသည်။

"အရေးကြီးလို့ဗျာ . . . ကျွန်တော် ဆင်းနေရစ်ခဲ့မယ်" ဟု အော်ပြောပြီး ကားပေါ်မှ လျင်မြန်စွာ ပြေးဆင်းလိုက်သည်။

တစ်မြို့တည်း အတူပြန်ကြမည့် သူငယ်ချင်းအပေါင်းအသင်းများက ရုတ်တရက် ပြောင်းလဲသွားသည့် သူ့ပုံစံကို နားမလည်စွာဖြင့် လှမ်းအော်မေးကြသည်။ သူ မည်သို့မျှ ဖြေရှင်းချက် မပေးနိုင်ပါ။

သူ လုံးဝ မမျှော်လင့်ထားသည့်အဖြစ်။

ကားထွက်ခါနီးမှ အသိဆိုကြားဆရာတစ်ယောက်က သူ့ ထံ စာကို လာပေးသွားသည်။ လူကိုယ်တိုင် ရောက်မလာဘဲ စာပေးခိုင်းလိုက်သည့်အတွက် နားမလည်နိုင်အောင် ဖြစ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ချက်ချင်း ဖွင့်၍ ဖတ်ကြည့်လိုက်သည်။

...ကိုမင်းစိုးအောင်

ဒီနာမည်ကို ခေါ်လိုက်ပြီဆိုရင် ရှင် ရေရေလည်လည် စဉ်းစားရကျပ်သွားလိမ့်မယ် ထင်တယ်။ သိပ်ပြီး မစဉ်းစားပါနဲ့။ ရှင် ဦးနှောက်ခြောက်သွားဦးမယ်။ ရှင် လုံးဝ နားလည်သဘောပေါက်အောင် ကျွန်မ ရှင်းပြမှာပါ။ မိတ်ဆွေ။ လုံးဝ ရှင်းရှင်း လင်းလင်း၊ ပြတ်ပြတ်သားသား ပြန်ဖြေရမယ် ...

..................................။

○ ○ ○

(၁)

... ဖေါက်ခနဲ မီးခလုတ်ဖွင့်သံ ကြားလိုက်ရသည်။

အခန်းတစ်ခုလုံး စူးရှ လင်းထိန်သွားသည်။ ညှော်ခန်းထဲတွင် ငုတ်တုတ်ထိုင်နေသည့်သူ့ကို မထင်မှတ်ဘဲ တွေ့လိုက်ရသဖြင့် ပွဲရုံ ဆောင့် ဦးအေး လန့်ပင်လန့်သွားဟန် တူသည်။

"ဟ ...ငါက ဘယ်သူများလဲလို့ ...၊ မောင်မင်းစိုး အောင်ပါလား၊ အမှောင်ထဲမှာ တစ်ယောက်တည်း ဘာထိုင်လုပ်နေ တာလဲ၊ မင်း မအိပ်သေးဘူးလား"

သူ လေးပင်စွာ ခေါင်းမော့ကြည့်လိုက်သည်။

"ကျွန်တော် စဉ်းစားနေတာပါ ..."

"စဉ်းစားနေတယ်ဆိုရင်လည်း မီးလေးဘာလေး ဖွင့်ပြီး စဉ်း စားပေါ့၊ အခုတော့ အမှောင်ထဲမှာဆိုတော့ အဘတောင် လန့်သွားတယ်"

ဦးအေးက ကြောက်လန့်သွားသည့်အသွင်ဖြင့် ရင်ဘတ်ဖိ [illegible]သည်။ ထို့နောက် သဘောကျစွာ တဟားဟား ရယ်သည်။

သူ မရယ်နိုင်ပါ။

"ကဲ ...အဘ အောက်ဆင်းတော့မယ်၊ မီးပိတ်သွားခဲ့ရ မလား"

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ . . . အဘ" ဟု ပြောကာ သူ မလှုပ်မယှက် ဆက်ထိုင်နေသည်။

ပြတ်တောက်သွားသည့် အတွေးမျှင်များက ပြန်လည်၍ ပေါ်လာသည်။

ထိုနေ့က သူ ဘာမှ မစဉ်းစားတော့ဘဲ ကားပေါ်မှ ဆင်းကျန်ရစ်ခဲ့ခြင်း ဖြစ်သည်။ အဝတ်အစားအိတ်တွေက ကားပေါ်တွင် ပါသွားခဲ့ကြပြီ။ မြို့ရောက်လျှင် သူငယ်ချင်းများက ကြည့်၍ စီစဉ်ကြပေလိမ့်မည်။ ထို့အတွက် စိတ်ပူပန်ခြင်း မရှိပါ။

နေနေခိုင်တို့နှင့် အမြန်ဆုံးတွေ့ပြီး ဖြေရှင်းဖို့သာ အာရုံရောက်နေခဲ့သည်။

နေနေခိုင် ဤသို့ ရက်စက်လိမ့်မည်ဟု ယောင်၍ အိပ်မက်ပင် မမက်ဖူးပါ။ သူ မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။

တစ်စုံတစ်ခု မှားယွင်းနေသည်လား မပြောနိုင်။ သေချာအောင် နေနေခိုင်တို့အဆောင်သို့ အမြန်ဆုံးရောက်အောင် သွားခဲ့ပေမယ့် သူမတို့ မရှိကြတော့။ မိမိတို့ကား မထွက်မီကပင် အိမ်ကအကြိုလာသည့် ကားနှင့် လိုက်သွားကြပေပြီ။

မနက်ဖြန်အတွက် ကားလက်မှတ်ဝယ်ထားပါသည်ဆိုသော စကားက ပုံပြင်တစ်ပုဒ်သာဖြစ်ကြောင်း ရိပ်စားနားလည်လိုက်သည့်အခါ နာကျင်ဆို့နင့်သွားသည်။ အညာနွေ၏အပူနှင့် ပြိုင်၍ ရင်မှာမီးတောက်ခဲ့ပါပြီ။

○ ○ ○

# အခန်း (၃)

www.burmeseclassic.com

www.burmeseclassic.com

(၁)

"သမီး . . . ဖုန်း" ဟု လှမ်းခေါ်ပြီး ဖုန်းခွက်ကို စားပွဲပေါ် တင်ထားခဲ့သည်။

နေနေခိုင်သည် ရုပ်မြင်သံကြားသတင်း ကြည့်နေရာမှ ထ, သွားပြီး ဖုန်းကိုင်လိုက်သည်။ "ဟဲလို . . . ပြောပါရှင်" ဟု ပြောလိုက်သည်နှင့် တစ်ဖက်မှ ဖုန်းချသွားသည်။ ဘယ်လိုပါလိမ့်။ စိတ်ထဲတွင် ထင့်ခနဲ ဖြစ်သွားသည်။

ထို့ကြောင့် ဖုန်းကိုင်လိုက်သည့် မေမေကို သူမ လှမ်းမေးလိုက်၏။

"ဘယ်သူ ဖုန်းဆက်တာလဲ . . . မေမေ"

"ဖုန်းလိုင်း ကျသွားလို့လား . . ."

သူမ နှုတ်မှ မဖြေဘဲ ခေါင်းညိတ်လိုက်သည်။ တမင် ဖုန်းချသွားခြင်းဖြစ်ကြောင်း မပြောချင်။ ဤသို့ ဖြစ်လေ့ဖြစ်ထ မရှိပါ။

"မေမေလည်း သေသေချာချာ မမေးလိုက်ဘူး . . . သမီး အသံကတော့ ယောကျ်ားအသံပဲ၊ နေနေခိုင် ရှိပါလားတဲ့ . . . စကားပြောချင်လို့ဆိုတာနဲ့ သမီးကို ခေါ်ပေးလိုက်တာပဲ . . ."





"ကိုရဲနိုင် ဖြစ်နေမလား"

"မပြောတတ်ဘူး . . . သမီးရယ်၊ မောင်ရဲနိုင်ဆိုရင်တော့ မေမေ့ကို သိမှာပေါ့ . . . အန်တီ နေကောင်းလား။ ဘာလား မေးမှာပဲ၊ မောင်ရဲနိုင် ဖုန်းဆက်ရင် သူ့အိမ်, ကိုယ့်အိမ်အကြောင်းတော့ ခဏတစ်ဖြုတ် ပြောဆိုနေကျပဲ မဟုတ်လား"

"ဟုတ်ကဲ့ . . ." ဟု သူမ ဖြေလိုက်သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

(၂)

ထုံးစံအတိုင်း အလုပ်ဆင်းရန် ပြင်ဆင်နေခိုက် ဖုန်းမြည်လာသည်။

ကိုရဲနိုင်၏ဖုန်း ဖြစ်လိမ့်မည် ထင်သည်။

သူမတို့ ချစ်သူဖြစ်ခဲ့ကြပြီးသည့်နောက် ကိုရဲနိုင်က နေ့တိုင်းလာကြိုခွင့် တောင်းခံခဲ့သည်။ ငြင်းစရာ မရှိ။ သူမ သဘောတူလက်ခံခဲ့သည်။ ထို့ကြောင့် အလုပ်ဆင်းချိန်များတွင် သူ ရောက်နေပြီဖြစ်ကြောင်း ဖုန်းကြိုဆက်ကာ အသိပေးလေ့ရှိသည်။

သူမ ဖုန်းကောက်ကိုင်ပြီး "ဟဲလို . . . ပြောပါရှင် . . ." ဟု ဖြေလိုက်သည်။

"အခု ဖုန်းပြောတာ နေနေခိုင်လား"

"ဟုတ်ပါတယ် . . ." ဟု ပြောလိုက်သည်နှင့် တစ်ဖက်မှ မြန်ဆန်စွာ ဖုန်းချသွားသည်။ အံ့အားတသင့် ကြောင်သွားသည်။

ဘာဖြစ်တာလဲ . . . ။ မနေ့က အိမ်ကို ဒီလိုပဲ ဖုန်းဆက်ပြီး ဖုန်းချသွားတယ်။ တစ်ယောက်ယောက်က နောက်နေတာလား။ ယောကျ်ားလေး၊ မိတ်ဆွေသူငယ်ချင်းထဲက တစ်ယောက်ယောက် နောက်တာလား။ နောက်ပြောင်သည် ဆိုရလောက်အောင်လည်း





ဘာဆိုဘာမှ ပြောမသွားတာ ထူးဆန်းတယ်။

အကြောင်းမဲ့ စိုးရိမ်စိတ်က ရင်ထဲ စိမ့်ဝင်လာ၏။ ထိုအခိုက် ဖျတ်ခနဲ ပြေးမြင်မိသည့်လူမှာ မင်းစိုးအောင်ပဲ ဖြစ်သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၃)

. . . ကားမောင်းထွက်သည်နှင့် "နိုင် . . . နေကောင်းရဲ့လား" ဟု ကိုရဲနိုင်က ဂရုတစိုက် လှည့်မေးသည်။

ထိုအခါမှ မိမိအတွေးထဲ ဝင်ရောက်နေသည့် ဖုန်းကိစ္စကို ဖယ်ထုတ်ပစ်ရန် သတိရတော့သည်။ ခပ်ယဲ့ယဲ့ပြုံးရင်း "နေကောင်းပါတယ်၊ ခေါင်းနည်းနည်း ကိုက်ချင်နေလို့ပါ" ဟု ပြန်ဖြေလိုက်သည်။

"အလုပ်ပင်ပန်းလို့လား"

"အလုပ်က အဲဒီလောက် မများပါဘူး"

"ကျန်းမာရေးလည်း ဂရုစိုက်ဦး နိုင်၊ စေ့စပ်မယ့်ရက်က နီးနေပြီ၊ တော်ကြာ အစီအစဉ်တွေ ပျက်ကုန်လိမ့်မယ်၊ ဖြစ်နိုင်ရင် ဒီရက်ထဲမှာ အလုပ်မဆင်းနဲ့ပေါ့၊ တို့ ကိုကြီးကို ပြောပေးမယ်" ဟု စိုးရိမ်ပူပန်စွာ ပြောလာသည်။

"ကိုကြီးဦးဝင်းနိုင်ကို သွားပြောတာတွေ ဘာတွေမလုပ်နဲ့၊ တော်ကြာ ကျွန်မ အလုပ်မဆင်းချင်လို့ မူယာမာယာ များတယ်လို့ ထင်နေဦးမယ်၊ ကျွန်မ ဘာမှ မဖြစ်ဘူး၊ ခေါင်းကိုက်တာလောက်က ဘာမှ မကြီးကျယ်ဘူး"





"တို့ စိုးရိမ်လို့ပါ၊ တို့ဘဝအတွက် နိုင်ဟာ အရေးကြီးဆုံးပါပဲ၊ ဘယ်နည်းနဲ့မှ ဒီစေ့စပ်ပွဲကို အပျက်မခံနိုင်လို့ ပြောမိတာပါ၊ တို့ တောင်းပန်ပါတယ်"

"ကိစ္စ မရှိပါဘူး၊ စေ့စပ်ပွဲ ပျက်စရာအကြောင်း မရှိပါဘူး"

ဟု ပြောလိုက်ရင်းက ဖုန်းဆက်သည့်ကိစ္စဆီသို့ စိတ်ရောက်သွားသည်။ ယခုအချိန်ထိ ဖုန်းဆက်သူကို သေသေချာချာ မသိသေး။ မည်သည့်အကြောင်းကြောင့် ဖုန်းဆက်ရခြင်းကိုမူ ပို၍ ခန့်မှန်းရခက်နေသည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

(၄)

"အစ်မက . . . မနေနေခိုင်၊ ဟုတ်ပါတယ်နော် . . .'

မှာထားသည့် စားသောက်ဖွယ်ရာများကို စောင့်ဆိုင်းရင်း စကားပြောဆိုနေကြစဉ် စားပွဲထိုးလူငယ်တစ်ယောက်က လာ၍မေးခြင်း ဖြစ်သည်။ မမျှော်လင့်ဘဲ အမေးခံလိုက်ရသဖြင့် နည်းနည်းတော့ ကြောင်သွားသည်။

"ဟုတ်ပါတယ် . . . ဘာဖြစ်လို့လဲ"

"အစ်မအတွက် . . . ဖုန်းလာနေပါတယ်"

ဤတစ်ခါတော့ သူမ အမှန်တကယ် အံ့အားသင့်သွားမိသည်။ မည်သို့မျှ မဖြစ်နိုင်။

"တို့ဖုန်း . . . ဟုတ်လား" ဟု မယုံကြည်နိုင်စွာ မေးလိုက်သည်။

"ဟုတ်ကဲ့ ခင်ဗျ . . . အရေးကြီးလို့ ခေါ်ပေးပါလို့ ပြောပါတယ်"

"ဘယ်သူလို့ ပြောသလဲ . . ."

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး၊ ခေါ်ပေးပါဆိုလို့





ကျွန်တော် လာခေါ်ပေးရတာပါ . . ." ဟု ယဉ်ယဉ်ကျေးကျေးပင် ရှင်းပြပါသည်။

သူမ ရုတ်တရက် မထရဲပါ။ မည်သူက ဤဆိုင်သို့ ထက်ကူးတက ဖုန်းဆက်ရသနည်း။ သူမ ဤဆိုင်တွင် ရှိနေသည်ကို မည်သည့်နည်းဖြင့် သိနေသည်လဲ။ ဤဖုန်းကို အကြီးအကျယ် သံသယဖြစ်မိသည်။

ကိုရဲနိုင်က ဘာမှမသိဘဲ "သွားကိုင်လိုက်ပါ၊ ဘယ်ကဖုန်းလဲ မသိဘူး" ဟု ဝင်ရောက်တိုက်တွန်းလိုက်သည်။

သူမ ငြင်းဆန်၍ မကောင်းတော့။ ဘာပဲဖြစ်ဖြစ် စားသုံးသူ၏ အကျိုးအတွက် ဆောင်ရွက်ပေးသည့်ဆိုင်ကို အားနာဖို့ သင့်ပါသည်။ ထို့ကြောင့် စားပွဲထိုးလူငယ်၏ နောက်မှ ထလိုက်သွားသည်။

ကောင်တာထိုင်နေသူက ဖုန်းကို တရိုတသေ အသင့်ကမ်းပေးသည်။

"ဟဲလို . . . ပြောပါရှင် . . ."

ကြိုတင်စိုးရိမ်နေသည့်အတိုင်း သူမ ဖုန်းဖြေလိုက်သည်နှင့် တစ်ဘက်က ဖုန်းချသွားလေသည်။

o o o



www.burmeseclassic.com

www.burmeseclassic.com

## (၇)

. . . အိပ်မရသည့် ညတစ်ညပါပဲ။

နေနေခိုင်သည် ခုတင်စွန်းတွင် ဒူးကို လက်ပိုက်ပြီး ထိုင်နေသည်။ နေနေခိုင် ငေးစိုက်ကြည့်နေသည်က ကြမ်းပြင်လည်းမဟုတ်။ ကြမ်းပြင်ပေါ် ကျနေသည့် စားပွဲတင်မီးရောင်ကိုလည်းမဟုတ်ပါ။ စင်စစ် သူမ စူးစူးကြည့်နေသည့်အရာမှာ အတိတ်မှ မင်းစိုးအောင်၏ ပုံရိပ်များကို ဖြစ်ပါသည်။ သူသည် သူမကို ခြောက်လှန့်နေသည့်အရိပ်မည်းတစ်ခု ဖြစ်နေချေပြီ။

ညနေက စားသောက်ဆိုင်တွင် ဖြစ်ပျက်ခဲ့သည်များမှာ နာကြည်းခံပြင်းစရာ ကောင်းလှပါသည်။ ထိုအဖြစ်အပျက်ကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ရှက်ရွံ့ဒေါသစိတ်က ယခုတိုင် မပြယ်သေး။ ပြန်၊ ပြန် တွေးလိုက်တိုင်း မျက်နှာပူထူလာ၏။

ကောင်တာမှလူက ဖုန်းလိုင်းကျသွားသည် ထင်ပြီး "နည်းနည်းကြာသွားလို့ ဖြစ်မယ် ထင်တယ်" ဟု တောင်းပန်စကားပြောသည်။ သူမ မသက်မသာ ပြုံးပြလိုက်၏။

စားပွဲသို့ ပြန်ရောက်တော့လည်း "ဘယ်ကဖုန်းလဲ" ဟု





အမေးခံရသည်။ သူမတွင် အဖြေပေးစရာ တစ်ခုမှ မရှိ။ မသိဘူးဟု ယတိပြတ် ငြင်းလိုက်ရသည်။ သို့ရာတွင် ထိုမျှနှင့် မပြီးသေးဘဲ တိုရဲနိုင်က စေတနာပိုစွာဖြင့် . . .

"ခိုင့်အိမ်က ဆက်တာများလား . . .၊ ပိုသေချာအောင် အိမ်ကို မေးကြည့်လေ၊ တော်ကြာ ခိုင့်စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေလိမ့်မယ်"

ဟု ပြောကာ သူ၏လက်ကိုင်ဖုန်းကို လှမ်းပေးသည်။

"အိမ်က မဖြစ်နိုင်ဘူး၊ ကျွန်မတို့ ဒီဆိုင် ရောက်နေတာ အိမ်က ဘယ်သိပါ့မလဲ"

"ခိုင် မဆက်ဘူးဆိုရင်လည်း ပြီးတာပါပဲ" ဟု ဆိုကာ ဆက်သက်စားသောက်နေသည်။

သူမက ဟန်မပျက် စားချင်ဟန်ဆောင်နေရသည်။ မည်သည့်အရသာမှ မပေါ်။

သိပ်မကြာမီ စားပွဲပေါ်တွင် ချထားသည့် လက်ကိုင်ဖုန်းမှ မီးနီလင်းလာသည်။ ကိုရဲနိုင်က တစ်ချက်ငုံ့ကြည့်ပြီး . . .

"တို့ ဖုန်းပိတ်ထားဖို့ မေ့သွားတယ်၊ ခါတိုင်း ခိုင်နဲ့ အတူရှိနေရင် အမြဲပိတ်ထားပါတယ်၊ ခုနက ခိုင်ဖုန်းဆက်မလားလို့ စေးရင်း ဖွင့်မိတာ ဖြစ်မယ် . . ."

သူမ၏ရှေ့တွင် အလုပ်ကိစ္စ ပြောဆိုရမည်ကို အားနာနေသဖြင့် ရှည်ရှည်ဝေးဝေး ရှင်းပြနေခြင်း ဖြစ်သည်။ "ကိစ္စ မရှိပါဘူး

အင်ပါယာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောပါ့" ဟု သူမ ခွင့်ပြုလိုက်တော့မှ ကိုရဲနိုင် ဖုန်းကို ကောက်ကိုင်လေသည်။ မိမိနှင့် မသက်ဆိုင်ဟု ယူဆသောကြောင့် ကိုယ့်ဘာသာ စားမြဲ ဆက်စားနေလိုက်သည်။

ကိုရဲနိုင်သည် ဖုန်းပြောနေရာမှ သူမဘက် လှည့်ပြီး . . .

"အလုပ်ကိစ္စ မဟုတ်ဘူး၊ ခိုင့်ဆီ ဆက်တာ . . . နေနေခိုင်နဲ့ စကားပြောချင်လို့ပါတဲ့"

ဤတစ်ခါတော့ သူမ ခေါင်းနားပန်းကြီးသွားတော့သည်။ "ကျွန်မ မပြောချင်ဘူး" ဟု အကြောက်အကန် ငြင်းဆိုလိုက်သည်။

"ခိုင်က ဖုန်းမကိုင်အားသေးပါဘူး၊ ပြောစရာရှိရင် ကျွန်တော့်ကို ပြောလေ . . .၊ ဟင် . . . ဖုန်းချသွားပြီ"

ကိုရဲနိုင် နားမလည်နိုင်သည့်အသွင်ဖြင့် လှမ်းကြည့်သည်။

သူမ မျက်နှာမပျက်အောင် ကြိုးစားထားလိုက်ရသည်။

မည်မျှ ဆိုးဝါးလှသည့်အဖြစ်ပါလဲ။ မည်သို့မှ ဆက်လက်သည်းခံနိုင်စွမ်း မရှိတော့။ ဖုန်းဆက်နေသည့်သူကို အမြန်ဆုံး ရှာဖွေပြီး စာရင်းရှင်းမှ ဖြစ်တော့မည်ထင်သည်။ သို့မဟုတ်လျှင် ထိုဖုန်းကထမင်းလုံးတစ္ဆေခြောက်သကဲ့သို့ အစဉ်အမြဲ ခြောက်လှန့်နေတော့မည် ထင်သည်။

○ ○ ○



(၆)

နံနက်စာ, စားပွဲတွင် ဝင်ထိုင်လိုက်သည်နှင့် . . .

"သမီး အိပ်နေတုန်း သမီးဆီ ဖုန်းလာတယ်"

ဟု မေမေက ဆီးကြို၍ ပြောသည်။ ဖုန်းဟု အသံကြားသည်နှင့် ရင်ထဲ လှိုက်ခနဲ တုန်ခါသွားသည်။

"သမီး အိပ်ရာက မထသေးဘူးဆိုတော့ နောက်မှ ဆက်ပါ့မယ် ပြောပြီး ဖုန်းချသွားတာပဲ၊ ဘယ်သူမှန်းတောင် မသိလိုက်ရဘူး၊ သမီးက ဖုန်းဆက်ခိုင်းလို့ ဆက်တာပါတဲ့ . . .၊ ဘာကိစ္စလဲဆိုတာ သမီးမှ သိမှာပဲ"

"သိပ်အရေးမကြီးပါဘူး မေမေရယ်၊ သမီး အလုပ်ထဲရောက်မှ ဆက်လိုက်တော့မယ်" ဟု လိမ်ညာလိုက်ရသည်။

ဘာမှမဖြစ်သကဲ့သို့ ဟန်ဆောင်ထားပေမယ့် မူပျက်နေသည်ကို မေမေ ရိပ်စားမိဟန်တူ၏။ သံသယမကင်းသည့်အကြည့်နှင့် တစ်ချက်လှမ်းကြည့်သည်။ ထို့နောက် . . . .

"ဒီမယ် . . . သမီး၊ သမီးမှာ မောင်ရဲနိုင်အပြင် နောက်ထပ်တစ်ယောက် ရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . မရှိပါဘူး မေမေ" ဟု အလျှင်စလို ငြင်းလိုက်သည်။ နှလုံးလန့်စရာကောင်းသည့် မေးခွန်း။ ဤသို့သော သံသယမျိုး ဝင်လာမှာ သူမ စိုးရိမ်နေခဲ့ခြင်း ဖြစ်သည်။ ယခုတော့ စိုးရိမ်သည့်အတိုင်း ဖြစ်လာချေပြီ။

ဤဖုန်းကိစ္စနှင့် ပတ်သက်၍ သူမကိုယ်တိုင်ကလည်း အမှန်အတိုင်း သိသည်မဟုတ်ပါ။ ယခုအချိန်ထိ မည်သူ ဖုန်းဆက်နေမှန်း မသိ။ သူမ သံသယဖြစ်သည့်သူဟူ၍ တစ်ယောက်ပဲ ရှိသည်။ ၎င်းမှာ မင်းစိုးအောင်ဖြစ်သည်။ ထိုသို့ မသေချာဘဲနှင့် မေမေ့ကို မည်သို့ ရှင်းပြရမည်နည်း။

"ဒါဖြင့် ဒီယောက်ျားလေးတစ်ယောက်က ဘာဖြစ်လို့ ခဏခဏ ဖုန်းဆက်နေရတာလဲ"

ဒုက္ခပါပဲ . . .။

"သမီးမှ မသိဘဲ . . . မေမေရယ်၊ အခု ဖုန်းဆက်နေတဲ့လူ ဘယ်သူလဲဆိုတာ သမီး လုံးဝ မသိပါဘူး"

"အေးလေ . . . သမီးက မေမေ့ကို ဘာမှမပြောတော့ မေမေ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါပေမဲ့ တစ်ခုတော့ သတိပေးထားချင်တယ်၊ စေ့စပ်ပွဲနီးမှ မေမေတို့ ဘာပြဿနာမှ မတက်ချင်ဘူး၊ မေမေတို့လည်း ငယ်ရာက ကြီးလာတာပါ၊ ဘယ်သားသမီးကိုမှ စုံလုံးပုံပြီး မယုံကြည်ခဲ့ဘူး၊ စေ့စပ်ပြီးမှ စေ့စပ်ပြီးတယ်၊ လက်ထပ်ပြီးမှ လက်ထပ်ပြီးပြီလို့ အောက်မေ့ရမှာပဲ၊ ဒီကြားထဲက ဘာကိုမှ





စိတ်ချ မထားရဲဘူး၊ အဲ . . . သမီး တစ်ခုခု ပြင်ချင်တယ်ဆိုရင် ခုကတည်း က ပြောနော် . . . ဖေဖေ မေမေတို့ မျက်နှာပျက်ပြီးမှ မလုပ်နဲ့၊ မေမေတို့ကိုလည်း နည်းနည်းပါးပါး ကိုယ်ချင်းစာကြပါဦး"

ဤသို့ တစ်ကြိမ်တစ်ခါမှ အပြောမခံဖူးသဖြင့် အကြီးအကျယ် ဝမ်းနည်းမိသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၇)

အခြေအနေက သိပ်မကောင်းတော့။ တစ်နေ့ထက်တစ်နေ့ ပို၍ ဆိုးလာလျှင် ခက်ပေလိမ့်မည်။ ထို့ကြောင့် မင်းစိုးအောင်နှင့် အမြန်ဆုံးတွေ့မှ ဖြစ်မည်။ တွေ့ပြီး မေးကြည့်လိုက်မှ စိတ်ရှင်းသွားပေလိမ့်မည်။

မင်းစိုးအောင် ရှိနိုင်သည့်နေရာကိုတော့ မင်းစိုးအောင်၏ သူငယ်ချင်းများက မသိဘဲနေမည် မဟုတ်ပါ။

○ ○ ○



(၈)

ဆုံစမ်းရေးဌာနက မိုးလွင်ရှိသည့် ရုံးခန်းကို ညွှန်ပြလိုက်သည်။

နေနေခိုင် ဤရုံးသို့ တစ်ခါမှ မရောက်ဖူးပါ။ တကယ်တော့ မင်းစိုးအောင်၏ သူငယ်ချင်းများနှင့် မပတ်သက်ချင်တော့သဖြင့် သုံးဝ အဆက်အသွယ် ဖြတ်တောက်ထားခဲ့သည်။ မမျှော်လင့်ဘဲ သမ်းမှာ ဖြစ်စေ၊ ရုံးဌာနမှာ ဖြစ်စေ မထင်မှတ်ဘဲ ဆုံမိလျှင်လည်း စကား မပြောခဲ့။ ရှောင်နိုင်လျှင် ရှောင်ခဲ့သည်ချည်း ဖြစ်သည်။

ယခု သူမ တွေ့ရမည့် မိုးလွင်ကိုလည်း ထိုအတိုင်း ဆက်ဆံထားခဲ့မိသောကြောင့် မည်သို့ မျက်နှာချင်းဆိုင်ရမှန်း မသိပါ။ မတတ်နိုင်၊ ရှေ့မျက်နှာ နောက်ထားပြီး တွေ့ရပေတော့မည်။

ရုံးခန်းရှေ့အရောက်တွင် ခဏရပ်တန့်လိုက်မိသည်။

အသက်ပြင်းပြင်းရှူပြီး စိတ်ကို တင်းလိုက်မိသည်။ ထို့နောက် ဆင်နားရွက်တံခါးကို တွန်းဖွင့်ပြီး ရုံးခန်းထဲသို့ ဝင်လိုက်သည်။

အရာရှိအခန်းဖြစ်သဖြင့် အခန်းထဲတွင် မိုးလွင် တစ်ယောက်တည်း ရှိနေသည်။

မိုးလွင်သည် သူမကို မြင်သည်နှင့် အံ့အားတသင့် ဖြစ်သွားသည်။ ရုတ်တရက် စကားမပြောနိုင်သေးဘဲ ကြောင်ကြည့်နေ၏။ ... "ထိုင်ပါ ... ထိုင်ပါ" ဟု သူစိမ်းတစ်ယောက်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com



သည့်ပုံစံဖြင့် လှမ်းပြောသည်။ သူမကလည်း သူစိမ်းတစ်ယောက် သဖွယ် ဝင်ထိုင်မိသည်။ ရယ်ပြုံး မနှုတ်ဆက်မိ။ သူတို့ကြားထဲတွင် လောကဝတ်စကားပင် မရှိ။

"လာရင်းကိစ္စကို ပြောပါ . . . တို့ ဘာဆောင်ရွက်ပေးရမလဲ"

သူမ စိတ်မသက်မသာနှင့် . . .

"အလုပ်ကိစ္စ လာခဲ့တာ မဟုတ်ပါဘူး၊ တခြားကိစ္စ တစ်ခုပါ၊ ကျွန်မ သုံးတဲ့ ဖုန်းတွေမှာ အနှောင့်အယှက်ပေးသလို ဖြစ်နေတယ်၊ အဓိက, က ကျွန်မကို နှောင့်ယှက်တာပါ၊ ဒီကိစ္စက ကိုမင်းစိုးအောင်နဲ့ ပတ်သက်နေသလား၊ ကျွန်မ မေးချင်တယ်၊ ကိုမိုးလွင် အနေနဲ့ ဖြစ်နိုင်မယ်ဆိုရင် ကိုမင်းစိုးအောင်ရဲ့နေရာကို ပြောပြပါ၊ ဒါမှမဟုတ် ဖုန်းရှိရင်လည်း ရပါတယ်၊ ကျွန်မ သူနဲ့ တွေ့ချင်တယ်"

"ဘယ်လိုမှ မထင်ပါနဲ့ . . . မခိုင်၊ သူ့ခွင့်ပြုချက်မရဘဲ တို့ မပြောပြနိုင်ပါဘူး၊ ဒါနဲ့ ဖုန်းကိစ္စကို . . . တို့ နားမရှင်းဘူး၊ ဘာကြောင့် မင်းစိုးအောင်နဲ့ ပတ်သက်တယ်လို့ ထင်ရတာလဲ"

"ကျွန်မလည်း ဒါပဲ သိချင်တာပါ၊ လောလောဆယ်တော့ ဘာကြောင့်ဆိုတာ ကျွန်မ ရှင်းမပြတတ်ဘူး"

ဟု အရိုးသားဆုံး ဝန်ခံ လိုက်သည်။

"သူ ဒီကိုရောက်နေတာ မခိုင် ဘယ်လိုလုပ်သိသလဲ"

ဤမေးခွန်းကို သူမ မကြိုက်ပါ။

"အမှတ်မထင် ဆိုင်တစ်ဆိုင်မှာ သူ့ကို တွေ့လိုက်ပါတယ်၊ ဒါပေမဲ့ ဘာစကားမှတော့ မပြောလိုက်ရဘူး"





ဒါပေမဲ့ သူ့အကြည့်တွေ၊ သူ့အပြုအမူတွေက နာကြည်းခံပြင်းနေသည့်ပုံမျိုးဟု သူမ ထည့်မပြောတော့။

မိုးလွင်က သံသယအကြည့်များဖြင့် လှမ်းကြည့်သည်။

"ကောင်းပါပြီ၊ အမြဲတမ်း အဆက်အသွယ်တော့ မရှိပါဘူး၊ သူလည်း သူ့အလုပ်နဲ့ တို့လည်း တို့အလုပ်နဲ့ အားတာမှ မဟုတ်ဘဲ၊ ဒါပေမဲ့ တို့ သူ့ကို မေးကြည့်ပေးပါ့မယ်၊ သူက မခိုင်နဲ့ တွေ့ချင်လား မတွေ့ချင်ဘူးလား တို့ မပြောတတ်ဘူး၊ အဲဒါကြောင့် မေးကြည့်ပေးမယ်လို့ စကားကြိုခံထားတာပါ၊ ဘယ်လိုမှ စိတ်မရှိပါနဲ့ . . မခိုင်"

ရင်ထဲတွင် အခံရခက်သည့် စကား။

"ရပါတယ် . . . ကိုမိုးလွင်၊ ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ သူ လာမတွေ့ရင် ကျွန်မ သံသယရှင်းမှာ မဟုတ်ဘူးဆိုတာတော့ ပြောလိုက်ပါ"

ဟု ပြောရင်း သူမ ထရပ်လိုက်သည်။ မိုးလွင်က ပျာပျာ သလဲနှင့် "တို့ ဘယ်လို အကြောင်းပြန်ရမှာလဲ . . . ပြောခဲ့ဦးလေ" ဟု လှမ်းပြောတော့ သတိရသည်။ ဟုတ်သား . . . မိမိ၏ နေရပ် လိပ်စာနှင့် ဖုန်းကို မိုးလွင် ဘယ်သိပါ့မလဲ။

"ဒါ . . . ကျွန်မအလုပ်က ဖုန်းနံပါတ်၊ ရုံးချိန်အတွင်း ဆက်သွယ် ရပါတယ်"

အိမ်ဖုန်းနံပါတ်တော့ သူမ မပေးရဲပါ။ မတော်၍ မေမေ၊ ဖေဖေတို့နှင့် တန်းတိုးလျှင် ပို၍ ရှုပ်ထွေးသွားလိမ့်မည်ဟု ထင်သည်၊

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

## (၉)

တစ်နေ့လုံး ဖုန်းမျှော်နေခဲ့ရာ ညနေရုံးဆင်းချိန်နီးတော့မှ ဖုန်းဆက်လာသည်။ သူမ ရင်တထိတ်ထိတ်နှင့် မေးလိုက်သည်။

"မင်းစိုးအောင် မခိုင်ကို တွေ့မယ်လို့ ပြောတယ်၊ အခု ညနေ ငါးနာရီနဲ့ ငါးနာရီခွဲကြား မာလာဆောင်ရှေ့က စောင့်နေမယ်တဲ့ . . . ဘယ်လိုလဲ"

အဲဒါမှ ပြဿနာ။ တကယ့်အချိန်ကိုမှ ရွေးချယ်ထားသည်။ ရုံးအပြန်ကို လိုက်ပို့ခွင့် ကိုရဲနိုင်အား ပေးအပ်ထားသည်ပဲ။ လော လောဆယ် ကိုရဲနိုင်နှင့် တွေ့ဆုံပေး၍ ဖြစ်မည်မထင်ပါ။

"အဲဒီအချိန်က ကျွန်မ အိမ်ပြန်ချိန်ကြီး ဖြစ်နေတယ်၊ မနက်ဖြန် နေ့လယ်ကို ထပ်ချိန်းလို့ ရမလား၊ ကျွန်မအတွက် အခက်အခဲရှိလို့ပါ . . . ကိုမိုးလွင်"

"အဲဒါတော့ တို့လည်း မတတ်နိုင်ဘူး မခိုင်၊ သူက ဒီအချိန်ပဲ အားတယ်လို့ တို့ကို ကြိုပြီး ပြောထားတာ၊ ဒီနေ့မှ လာမတွေ့ရင် နောက်နေ့တွေ တွေ့ဖို့ အာမ မခံနိုင်ဘူးတဲ့၊ မခိုင်တို့ကြားမှာ တို့ အဆင်ပြေအောင် ညှိနှိုင်းပေးချင်ပါတယ်၊ ဒါပေမဲ့ တို့မှာလည်း





အလုပ်တစ်ဖက်နဲ့ဆိုတော့ မဖြစ်နိုင်လို့ပါ"

စိတ်ထဲတွင် နည်းနည်းတော့ တင်းသွားသည်။

ဘာတတ်နိုင်မှာလဲ . . . ကိုယ်က တွေ့ခွင့်တောင်းထားတဲ့လူကို၊ ပေးတဲ့အချိန်မှာ တွေ့ရတော့မှာပေါ့။

"ကောင်းပြီလေ၊ သူပြောတဲ့အတိုင်း တွေ့ရတော့မှာပေါ့"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ကိုရဲနိုင်အား မြေနီကုန်း ဘတ် (စ်) ကားမှတ်တိုင်အနီးတွင် ကားရပ်နိုင်းလိုက်သည်။ ထို့နောက် ကားပေါ်မှ သွက်လက်စွာ ဆင်းလိုက်သည်။

ကိုရဲနိုင်က စိတ်မချသည့်အသွင်နှင့် . . .

"မောင့်ကို ဘာမှအားနာစရာ မရှိဘဲ အားနာနေတယ်၊ နိုင်တို့သူငယ်ချင်းတွေ ဆုံပြီး ဘယ်လောက်စကားပြောကြမလဲ . . . ပြောကြစမ်းပါ၊ ညသန်းခေါင်ထိ မောင် ကားရပ်ပြီး စောင့်နေပါ့မယ်"

ဟု လှမ်းပြောသည်။ မျက်နှာမူမပျက်အောင် ကြိုးစားထိန်းချုပ်နေသည့်ကြားမှ ရင်က ခုန်ချင်နေပြန်သည်။

"ခိုင့်သူငယ်ချင်းတွေက စိတ်ချရတာ မဟုတ်ဘူး၊ သူတို့နဲ့ တွေ့ရင် အချိန်ကို ပြောလို့ကို မရဘူး၊ သူတို့မှာ ကားရှိတော့ ဘယ်အချိန်ဖြစ်ဖြစ် ပြန်ပို့လို့ရတယ်လေ၊ ခိုင့်အတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ကဲ . . . သွားတော့ . . ."

ဟု ရှည်ရှည်ဝေးဝေး အကြောင်းပြလိုက်တော့မှ ကိုရဲနိုင်က ကားကို မောင်းထွက်သွားသည်။





ကိုရဲနိုင်၏ကား မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ စောင့်ကြည့်နေပြီးမှ တက္ကစီကားတစ်စီးကို ငှားကာ ချိန်းဆိုထားသည့် မာလာဆောင်ရှေ့သို့ မောင်းနိုင်းလိုက်သည်။

လက်မှ နာရီကို သတိထားကြည့်လိုက်သည်။

ငါးနာရီ ခွဲတော့မည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

တဖွဲဖွဲကျဆင်းနေသည့် မိုးစက်များအောက်တွင် သူ့ကို တွေ့လိုက်ရသည်။ ကားကို မှီရပ်ရင်း ကားလမ်းကို ငုံ့စောင်းကြည့်နေသည်။ ခေါင်းလည်း မလှုပ်၊ ကိုယ်လည်း မလှုပ်ဘဲ ငြိမ်ငြိမ်သက်သက် ရပ်နေခြင်း ဖြစ်သည်။

နေနေခိုင်တို့ကား လှည်းတန်းမီးပွိုင့် မိလိုက်သည့်အချိန် ဝယ် ငါးနာရီခွဲခဲ့ပါပြီ။ မီးပွိုင့်ဝွင် တော်တော်ကြာ စောင့်နေရပြီးမှ ရောက်လာခြင်း ဖြစ်သည်။ ဤနေရာသို့ ရောက်သည့်အခါ ချိန်းထားသည့် နောက်ဆုံးအချိန်ထက် ဆယ့်ငါးမိနစ်တောင် ကျော်နေလေပြီ။

သူ မစောင့်ဘဲ လှည့်ပြန်သွားလျှင်လည်း ရနေပါပြီ။ မည်သို့မှ အပြစ်တင်၍ မရပါ။ ယခုတွေ့ဆုံမှုသည် အလုပ်ကိစ္စ ပြောဆိုရန်လည်း မဟုတ်။ ချစ်သူအချင်းချင်း တွေ့ဖို့ လာခဲ့ကြသည်လည်း မဟုတ်ပါ။ မိမိမုန်းသူတစ်ယောက်နှင့် ချိန်းဆိုထားသည့်ကိစ္စသာ ဖြစ်ပါသည်။

သို့သော် သူ စောင့်နေသည်။

မိုးဖွဲဖွဲကျနေသည့်ကြားမှ သူ စောင့်နေသည်။ အကာအ





ဘူးကွယ်မယူ။ နီးရာသစ်ပင်အောက်တွင် ရပ်၍ မနေ။ လူ မမြင်ရမည် ဆိုးသောကြောင့် ကားထဲတွင် ဝင်မထိုင်ခြင်းဖြစ်မည်ဟု ထင်သည်။

ဤသည်ကို သူမ ဝမ်းသာရမည်လား မပြောတတ်ပါ။ သို့သော်မယ့် ကျေနပ်မိသည်ကတော့ အမှန်ပင်။

သူမ ကားပေါ်မှ ဆင်းလာသည်ကို သူ လှမ်းကြည့်သည်။ သူ ဆီး၍တော့ မကြို။ နေရာမရွေ့ဘဲ ရပ်ကြည့်နေသည်။

သူမ ထီးကို ဖွင့်လိုက်သည်။

ထို့နောက် သူ့ဆီသို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။

အနီးရောက်တော့မှ သူ့ဆံပင်တွင် မိုးပွင့်များ တွဲလွဲခိုနေသည်ကို မြင်လိုက်ရ၏။ သူ့မျက်လုံးများတွင် ဒေါသအငွေ့အသက်များ ဝေ့ဝဲနေသည်။ အမုန်းတွေပါပဲ . . . ။ မိမိမျက်လုံးများကလည်း ထိုအတိုင်းပဲ ရှိလိမ့်မည် ထင်သည်။

"ကျွန်မ နည်းနည်းနောက်ကျသွားတယ်၊ အချိန်မီ ရောက်အောင် ကြိုးစားခဲ့တာပဲ၊ ဒါပေမဲ့ လမ်းမှာ အခက်အခဲလေး ရှိနေလို့" သူ မိမိ၏နောက်ကျမှုအတွက် ကြိုတင် ကာကွယ်လိုက်သည်။ သူ ဘာမှ မပြော။ တစ်ချက်သာ ပြုံးလိုက်သည်။ မယုံကြည်သည့် အပြုံး။

"ကျွန်မ ရှင့်ကို မေးစရာတစ်ခု ရှိလို့၊ အဲဒါ ဟုတ်၊ မဟုတ် သိုင်းရင် ကျွန်မ ပြန်မယ်၊ ကျွန်မ အိမ်ပြန်ဖို့ သိပ်နောက်ကျနေပြီ၊ အနှိန် သိပ်မရှိဘူး" ဟု နောက်ထပ် အကာအကွယ်တစ်ခုကို တည်

www.burmeseclassic.com



ဆောက်လိုက်သည်။ မေးစရာရှိတာ မေးပြီးလျှင် . . ပြန်ကြရုံပါပဲ။ အောက်တွေ့ဆုံစရာ မရှိ၊ သူတို့က မိတ်ဆွေသူငယ်ချင်းမှ မဟုတ်ဘဲ။

"အော်" ဟု ခနဲ့တဲ့တဲ့ ရေရွတ်သည်။ ထို့နောက် မိုးစက်မှုန်များကို အကြောင်းမဲ့ တစ်ချက် ကြည့်လိုက်ရင်း . . .

"တို့ ပြန်ချင်တာလည်း ကြာလှပါပြီ၊ ဒီနေရာတင် မကဘူး . . . ရန်ကုန်ကပါ ပြန်ချင်တာ . . . ကိစ္စလေးတစ်ခု မပြီးပြတ်သေးလို့ ကဲ . . . မင်း သိချင်တာ မေးလေ၊ တို့လည်း ဖြေပြီးရင် ပြန်မယ် . . . ဟုတ်လား"

ဟု ခပ်ထေ့ထေ့ ပြောလိုက်သည်။ အခြေအနေက သိပ်မဆိုးဟု ထင်သည်။ အတိတ်အကြောင်းတွေ ပြန်လှန်ခြင်း မရှိ၊ နာကြည်းမှုများနှင့် တိုက်ခိုက်ခြင်းကိုလည်း မလုပ်။ သူတို့နှစ်ယောက်သည် ခြောက်နှစ်ကျော်ကျော် ကွဲကွာနေကြသူတွေ မဟုတ်သလိုပင်။

နေနေခိုင် မျှော်လင့်ထားသည်က ဤပုံစံ မဟုတ်ပါ။ ဒဏ်ရာများအတွက် မကျေမချမ်းနိုင် တုံ့ပြန်ချင်သည့်သူ ဖြစ်သည်။ ယခုအနေအထားအရဆိုလျှင် အိမ်နှင့်ရုံးကို ဖုန်းဆက်ကာ နှောင့်ယှက်နေသည့်လူမှာ သူ မဖြစ်နိုင်ဟု ထင်စရာ ရှိပါသည်။ သူမ မမေးချင်တော့။ သို့ရာတွင် တကူးတက ချိန်းဆိုထားပြီးမှ ဘာမှ မမေးမမြန်းဘဲနေလျှင် မိမိကိုယ်ကို ယုံကြည်မှု နည်းလွန်းရာ ရောက်ပေလိမ့်မည်။

ယခုမှ သူ့အပေါ် ထီးမိုးပေးရကောင်းနိုး စိတ်ထဲက ဖြစ်





လာသည်။ သူက မိုးဖွဲဖွဲထဲမှာ . . . မိမိကတော့ ထီးမိုးလျှက်မို့ စာနာချင်နေသည်။ ဤသို့သောစိတ်မျိုး ဘယ်ကဘယ်လို ပေါ်လာမှန်းမသိ။ အတွေးနှင့်အတူ ထီးကိုင်ထားသည့်လက်ပင် ရှေ့တိုးတော့မလို နောက်ဆုတ်တော့မလို ဖြစ်နေသည်။

"မိုးက များ၊ များလာပြီ၊ ဒီမှာ ကြာကြာရပ်လို့လည်း မကောင်းတော့ဘူး၊ ဒီတော့ ကျွန်မ အမြန်ဆုံး မေးလိုက်မယ်၊ ကျွန်မဆီ ဖုန်းခဏခဏ ဆက်ပြီး ကိုင်လိုက်တာနဲ့ ချ, ချသွားတဲ့လူဟာ တခြားတစ်ယောက်လား၊ ဒါမှမဟုတ် ရှင်လား"

သူ သေချာစွာ နားစိုက်ထောင်နေပြီးမှ . . .

"ဟုတ်တယ်၊ တို့ပါပဲ . . ."

ဟု သူမ၏စကားဆုံးသည်နှင့် ချက်ချင်းအဖြေပေးလိုက်သည်။ ထို့နောက် ပြန်မယ်ဟူသည့်သဘောဖြင့် ဓါးခါင်းညိတ်ပြကာ ထီးတံခါး ဖွင့်လိုက်သည်။

အလစ်အငိုက်မိသွားသကဲ့သို့ ဖြစ်သွားသဖြင့် သူမ၏အသိစိတ်များ ပျောက်ကွယ်သွားပြီး သူ့လက်မောင်းကို လှမ်းဆွဲလိုက်မိပါသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၁)

သားရဲတိရစ္ဆာန်တို့သည် မမြင်ရသည့် ဘေးအန္တရာယ်၏ရနံ့ကို ကြို တင်သိရှိတတ်ကြပါသည်။ အမြင်၊ အကြားအာရုံ ချို့တဲ့လွန်းလှသည့် ပိုးမွှားအင်းဆက်တို့သည်ပင် အန္တရာယ်၏ လာရာလမ်းကို မှန်းဆ နိုင်ကြသည်ပဲ။

အသိဉာဏ်၏ ကြီးစိုးရာ လူသားတို့နယ်ပယ်၌မူ အန္တရာယ် က အဆုံးအစမဲ့သည့်သဘော ဖြစ်လာသည် ထင်၏။ အကန့် အသတ် မရှိတော့။ မည်သည့်နေရာမှ စတင်မည်ကိုလည်း မသိနိုင်။ မည်သည့်အချိန်တွင် ပြီးဆုံးမည်ကိုလည်း မပြောနိုင်။ ခန့်မှန်း၍ မရနိုင်လောက်အောင် ရှိသည်ဟု နေနေခိုင် ထင်ပါသည်။

"ကိုမင်းစိုးအောင် . . . ဒီကိစ္စကို ဘယ်လိုရည်ရွယ်ချက်နဲ့ လုပ်ရတာလဲ၊ ရှင် ဘာတွေမျှော်လင့်နေသလဲ" ဟု သူမ မေးခဲ့သည်။

"တို့ကို သင်ခန်းစာပေးခဲ့တုန်းက နေခိုင် ဘာပြောခဲ့လို့လဲ၊ အခုလည်း ဒီလိုပဲပေါ့၊ တို့လုပ်မယ့်ကိစ္စကို ဘာမှပြောစရာ မလိုဘူး ထင်တယ်၊ နေခိုင်သိထားဖို့က ဒီတစ်ခါ တို့အလှည့်ပဲ ဆိုတာပါ ဒီ အခွင့်အရေးကို တို့ ရသင့်တယ်လို့ မထင်ဘူးလား"





"အော် . . . ရှင်က ကျွန်မကို မုန်းလို့ပေါ့"

သူက အံ့အားသင့်သွားသည့်ဟန်ဖြင့်၊ "တို့က နေခိုင်ကို ချစ်တယ်လို့ ပြောသေးလို့လား၊ တို့ မပြောပါဘူး၊ အဲဒီလို ထင်တယ် ဆိုရင် မှားနေပြီ" ဟု ခပ်မာမာ ပြန်ပြောသည်။ သူမ နည်းနည်းတော့ ရှက်သွားသည်။ သို့ပေမယ့် ဒေါသစိတ်က အင်အားကြီးမားစွာဖြင့် လွှမ်းခြုံလာသဖြင့် ရှက်ရွံ့ခြင်းက ပျောက်ကွယ်သွားသည်။

"ကျွန်မကလည်း ရှင့်အချစ်ကို မယုံကြည်ပါဘူး"

"တို့ သိပါတယ်၊ နေခိုင်က ကိုရဲနိုင့်အချစ်ကိုပဲ ယုံကြည်တာ၊ အဲဒါကြောင့် စေ့စပ်ကြောင်းလမ်းဖို့ အသည်းအသန် ကြိုးစားနေ ဘာ မဟုတ်လား"

"အဲဒါ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ၊ ရှင် ဘာမှ ဝင်ပြောစရာ မလိုဘူး . . ကိုမင်းစိုးအောင်" ဟု ဒေါသတကြီးနှင့် အော်လိုက်မိသည်။

"တို့နဲ့ သိပ်ဆိုင်တာပေါ့ . . . နေခိုင်ရယ်၊ တို့က ကိုရဲနိုင်ကို သူ့မှုရေးရှုထောင့်ကနေပြီး ကူညီစောင့်ရှောက်ရမယ့်ဝတ္တရား ရှိတယ်၊ ကိုရဲနိုင်ကို တို့လိုပဲ သင်ခန်းစာပေးလိုက်တာမျိုး တို့ မကြည့်ရက်ဘူး၊ တော်ကြာ တို့ သိပါလျက်နဲ့ သတိမပေးမိလိုက်ရလေခြင်းဆိုပြီး နောင်တ, မရချင်ဘူး"

အနာပေါ် တုတ်ကျသကဲ့သို့ သူမ ဆတ်ဆတ်ခါနာကျင် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေပေါ်တွင်ပေါ်နေသည့် အစိတ်အပိုင်းထက် ရေအောက်တွင် နစ်မြုပ်နေသောအပိုင်းက ပို၍ထုထည်ကြီးမားတတ်သည့် ရေခဲတုံးကြီးများသဖွယ် အမုန်း၏ထုထည်ကို နည်းနည်းတော့ ခန့်မှန်းနိုင်လေပြီ။

"ဒီမှာ ရှင် ထင်မြင်ယူဆတာတွေက တစ်ခုမှ မဟုတ်ဘူး"

"နေခိုင့်ဘက် ဒီလိုပဲ ယုံအောင် ပြောရမှာပေါ့။ သတိပေးစကားရှိတယ် မဟုတ်လား၊ သင့်ကို ယုံအောင် ပြောနေပြီ လိမ်တော့မယ် ဆိုတာလေ၊ နေခိုင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်ဆိုရင် ဘာဖြစ်လို့ ကိုရဲနိုင်ကို မခေါ်ခဲ့တာလဲ၊ နေ့တိုင်း ကိုရဲနိုင်က အိမ်ပြန်ပို့ပေးနေကျဆိုတာ တို့ သိပါတယ်၊ အခု . . . သူ ဘယ်မှာလဲ၊ နေခိုင်က ဘယ်နားမှာ ထားရစ်ခဲ့သလဲ"

အမှတ်တမဲ့ မင်းစိုးအောင် ပြောလိုက်တော့မှ သတိထားမိသည်။ သူမတို့ လမ်းပေါ်တွင် ရှိနေကြဆဲ ဖြစ်သည်။ မတော်တဆ ဤအိမ်အပြန်လမ်းအတိုင်း ကိုရဲနိုင် ပြန်လာလျှင် မြင်တွေ့သွားနိုင်ပါသည်။

ကိုရဲနိုင်၏အပေါင်းအသင်း သို့မဟုတ် အသိမိတ်ဆွေတစ်ယောက်ယောက် တွေ့သွားခဲ့လျှင် အထင်အမြင် လွဲမှားသွားနိုင်သည့် အနေအထား။

သို့သော် ထိုစိုးရိမ်ပူပန်မှုကို ဟန်ဆောင်ဖုံးကွယ်ပြီး . . .

"ကိုရဲနိုင်က ရှင့်လိုလူစားမျိုး မဟုတ်ပါဘူး . . ကိုမင်းစိုး





အောင်၊ သူက လူကြီးလူကောင်း တစ်ယောက်ပါ။ စိတ်သဘောထားည့်ဝတဲ့လူပါ။ အခု . . . ကိစ္စက သူနဲ့ပေးတွေ့လောက်အောင် ရေးမကြီးလို့ ခေါ်မလာတာ . . . ရှင် သဘောပေါက်ပါ"

"ဒီစကားအတွက် ဝမ်းသာပါတယ် . . . နေခိုင်၊ တို့ဟာ ကောင်းတစ်ယောက်ပါလို့ ဘယ်တုန်းကမှ မပြောခဲ့ပါဘူး၊ အခု ရှင် နေခိုင် သင်ခန်းစာပေးလိုက်လို့ လူကြမ်းသာသာပဲ ရှိတော့ ယ်ထင်တယ် . . ." ဟု ပြောကာ သူ့ကိုယ်သူ သဘောကျစွာ ်လိုက်သည်။ သူမ မရယ်နိုင်။ ရယ်ရန် မေ့လျော့နေသလိုပင်။

မိုးစက်များ ပို၍ စိပ်လာသည်။ ဝန်းကျင်သည် တဖြည်း ည်းနှင့် မြင်ကွင်းပိတ်မတတ် ဖြစ်လာ၏။

ထို့ထက် သူ့တစ်ကိုယ်လုံး ရွဲနစ်သလောက် ဖြစ်နေခြင်းကို ကိုပြုမိသည်။

"ရှင်နဲ့စကားရည်လုနေဖို့ ကျွန်မမှာ အချိန်မရှိဘူး၊ ရှင် စ္စကို ရပ်တန်းကရပ်ပါလို့ ကျွန်မ ပြောချင်တယ်၊ ရှေ့ဆက်ပြီး ည်းခံနေမှာ မဟုတ်ဘူးဆိုတာ ကျွန်မ သတိပေးလိုက်ပါတယ် . . ကိုမင်းစိုးအောင်"

"နေခိုင် သတိပေးသလို တို့လည်း သတိပေးချင်တယ်၊ ဒီ င်ပွဲတွေ ဘာတွေ မလုပ်ပါနဲ့၊ ရပ်တန်းက ရပ်လိုက်ပါ"

သူ့မျက်နှာကို မီးဝင်းဝင်းတောက်မတတ် လှမ်းကြည့်လိုက်သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

www.burmeseclassic.com

www.burmeseclassic.com

(၁)

နွေနေ၏ရက်စက်မှုတို့ကြောင့် ကုက္ကိုပင်တန်းတစ်လျှောက်တွင် ရွက်ဝါများသည် လေရူးတမံချက် ဝှေ့လိုက်တိုင်း သောခနဲ ကြွေကျလာကြသည်။

ကြည့်လေရာတိုင်း တံလျှပ်တွေ ဝိုင်းနေသည်ဟု ထင်၏။

အညာနွေ၏သဘာဝကို ယခုမှ ပို၍သိနားလည်လာသည် ထင်၏။ ခြောက်သွေ့ခြင်း၊ ပူပြင်းခြင်း၊ လောက်မြိုက်ခြင်းတို့သည် ဆုံးပဲ့ မဆုံးနိုင်တော့ပါလား။ ငြိမ်းအေးရာဟူ၍ ရှာမတွေ့နိုင်ပါလား။

မိုးလွင်က သူ့ကို လိုက်ရှာပြီး ရောက်လာသည်။ လက်ဖက်ရည်ဆိုင်ရှေ့တွင် စက်ဘီးကို ထောင်ထားခဲ့ပြီး၊ သူထိုင်နေသည့် စားပွဲတွင် ဝင်ထိုင်သည်။ ထို့နောက် ရေနွေးကြမ်းတစ်ခွက် ငှဲ့ရင်း သူ့မျက်နှာကို အကဲခတ်သလို ကြည့်သည်။

သူက လှမ်း၍ မနှုတ်ဆက်၊ စားပွဲတွင် ဝင်ထိုင်တော့လည်း မမေးမမြန်း၊ ရှေ့တွင် ရှိနေသည့်ကားလမ်းမကို ငေးစိုက်ကြည့်နေသည်။

"မင်း နေနေခိုင်တို့မြို့ကို လိုက်သွားမလို့ဆို . . . ဟုတ်





လား" ဟု စကားစသည်။ သူ ခေါင်းညိတ်ပြလိုက်ပြီး "မင်းကို ဘယ်သူ ပြောလဲ" ဟု မေးကြည့်လိုက်သည်။

"ဘယ်သူ ပြောရမှာလဲ၊ မင်းအိမ်က ပြောလိုက်တာပေါ့၊ မင်းအဖေနဲ့အမေ တော်တော် စိတ်ပူနေကြတယ်၊ မင်းသူငယ်ချင်းကို တားပေးပါဦးလို့ ငါ့ကို ပြောလိုက်ကြတယ်၊ သူတို့မြို့က အဝေးကြီးကွ၊ ပြီးတော့ နေခိုင်ပေးသွားခဲ့တဲ့စာကလည်း အရှည်ကြီးပဲ၊ မင်းကို အပြတ်ဖြတ်သွားတာ၊ ဒါနဲ့များ မင်းက ဘာဖြစ်လို့ သွားချင်ရတာလဲ မင်းစိုးအောင်"

သူ သက်ပြင်းချလိုက်သည်။ နေနေခိုင်၏နောက်ဆုံးစာက သူ့အိတ်ကပ်ထဲတွင် ရှိနေသည်။ အခြားစာများနှင့်ရောပြီး မသိမ်းဆည်းရသေး။

"ငါ ဒီစာနဲ့ပတ်သက်ပြီး ရှင်းပြချင်တယ်၊ နေခိုင် ထင်သလို ငါနဲ့သဇင်က ချစ်သူတွေ မဖြစ်ခဲ့ကြပါဘူး၊ တခြားမိန်းကလေးသူငယ်ချင်းတွေလိုပဲ သဘောထားတာပါ၊ နေခိုင့်ညီမဆိုတော့ အကူအညီများ ရမလားလို့ ပိုပြီးပေါင်းဖြစ်တာ မှန်ပါတယ်၊ ဒါပေမဲ့ သဇင်က နေ့လာမြောင်းပေး ထိကပါး ရိကပါး လုပ်တာကို ငါ ရှောင်ပါတယ်၊ ငါ ချစ်တာ နေခိုင်ပဲဆိုတာလည်း သူသိအောင် ငါ အတတ်နိုင်ဆုံး ပြောဆိုခဲ့တာပဲ . . . ပထမနှစ်ကျောင်းပိတ်တော့ နေခိုင့်ကို ပေးဖို့ စာထည့်ပေးလိုက်တယ်၊ ဒီနည်းမှ မသုံးရင် နေခိုင်ကို ဘယ်လိုပြောမလဲ . . . သူက ငါ့ကို အမြဲရှောင်, ရှောင်နေတာလည်း မင်းအသိ



www.burmeseclassic.com

www.burmeseclassic.com



[illegible] . . . ”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ နေခိုင်က မင်းကို မချစ်ခဲ့ပါဘူးလို့ အတိအလင်း ပြောထားပြီပဲ၊ မင်းကို ဟန်ဆောင်ပြီး အဖြေပေးခဲ့တာ မဟုတ်လား၊ ဒီတော့ မင်းသွားပြီး ရှင်းပြလို့ကော သူက ချစ်လာမှာ တဲ့လား . . . ပြောစမ်းပါဦး မင်းစိုးအောင်”

သူ စိတ်ပျက်လက်ပျက်နှင့် ခေါင်းညိတ်ကာ . . .

“ငါက သူ့ကိုချစ်နေတာလေ . . .”

မိုးလွင် နည်းနည်းကြောင်သွားသည်။

“မင်း ချစ်နေတာကို ငါမေးနေတာ မဟုတ်ဘူး . . . မင်းစိုးအောင်၊ ငါ မေးနေတာက နေခိုင်က မင်းကို ချစ်တယ်၊ မချစ်ဘူး၊ မင်း ဘယ်လိုထင်သလဲ၊ အဲဒါ သိချင်တာ”

“ငါ ဘယ်သိပါ့မလဲ မိုးလွင်ရာ”

ဟု သူ ရိုးရိုးသားသား ဝန်ခံလိုက်သည်။ ထိုအခါမှ မိုးလွင် အတွက် စကားပြောစရာ အကွက်ရသွားသည်။

“ငါ ဆိုလိုချင်တာ ဒါပဲ . . . မင်းစိုးအောင်၊ နေနေခိုင်က မင်းကို ချစ်တာလည်း မဟုတ်ဘူး၊ ဒါနဲ့များတောင် သူတို့မြို့ကို လိုက်ပြီး ဖြေရှင်းနေရဦးမှာလား၊ သူတို့မြို့က ဒီအနီးအနားမှာလည်း မဟုတ်ဘူး၊ ဟို . . . နယ်စပ်မှာ၊ သွားရမယ့်ခရီးကလည်း လွယ်လွယ် ကူကူ မဟုတ်ဘူး၊ ဒီလောက်အဝေးကြီးကို မင်းလည်း တစ်ခါမှ သွား ဖူးတာမှ မဟုတ်ဘဲ၊ မင်းတို့ တစ်ယောက်ကိုတစ်ယောက်





အသည်း အသက် နှင်းအပ်ထားတဲ့ ချစ်သူစစ်စစ်တွေဆိုရင် ငါ ဘာမှ မတားဘူး၊ ငါကိုယ်တိုင် အထုပ်ထမ်းပြီးတောင် လိုက်ပို့ဦးမယ်၊ တဲ . . . ငါ ပြောတာ သဘောပေါက်ရဲ့လား”

“မင်း ပြောတာ နည်းလမ်းကျပါတယ် . . . မိုးလွင်၊ ဒါပေမဲ့ အချစ်နဲ့ပတ်သက်လာရင် အဲဒီလို တွေးလို့ မရဘူး ထင်တယ်၊ အခု . . . ငါဖြစ်နေတာက ငါ သူ့ကို ချစ်တယ်၊ ငါ့အချစ်ဟာ သူ ထင်သ လို မဟုတ်ဘူး၊ တခြား ဘယ်သူ့ကိုမှ ချစ်ခဲ့တာ မဟုတ်ဘူး၊ သူတစ် ယောက်တည်းကိုပဲ ပထမဆုံးနဲ့ နောက်ဆုံး သဘောပိုက်ပြီး ဖွင့်ပြော ခဲ့တာ၊ ဒါကိုပဲ ရှင်းပြချင်တယ်၊ သူ ပြန်ချစ်လိမ့်မယ်ဆိုတဲ့ ရည်ရွယ် ချက်မျိုး ငါ့မှာ အလျဉ်းကင်းပါတယ်”

မိုးလွင်က သူ့စကားကို လက်ခံနိုင်ဟန် မတူပါ။ ဤ အကြောင်း ပြချက်လေးနှင့် စွန့်စွန့်စားစား မသွားသင့်ဟု ထင်နေပုံ ရသည်။

“ဒါဆိုရင်လည်း ကျောင်းပြန်ဖွင့်တဲ့အထိ စောင့်ပေါ့ကွာ”

သူ ခေါင်းကို အသာခါယမ်းလိုက်ပြီး . . .

“ဒီဝေဒနာကို ငါ မခံနိုင်ဘူး . . . မိုးလွင်၊ တစ်နေ့တစ်ရက် တုန်သွားဖို့တောင် ငါ့အတွက် ခက်ခဲလွန်းတယ်၊ သုံးလေးလတော့ မခံစားပါရစေနဲ့ . . . ငါ မနက်ဖြန်သွားဖို့ အားလုံး စီစဉ်ပြီးပြီ၊ အိမ်က ပိုက်ဆံမပေးရင်လည်း ငါ့ဘာသာငါ ရှာပြီး သွားတော့မယ်၊ ခတတ်နိုင်ဘူးကွာ . . .”

www.burmeseclassic.com

www.burmeseclassic.com



"မင်း စဉ်းစားဦး မင်းစိုးအောင်၊ ဒီကိစ္စဟာ ထမင်းစားရေသောက်သလို မလွယ်ကူဘူး၊ အဲဒီနေရာက နယ်စပ်မြို့ဖြစ်လို့ ခပ်ရှုပ်ရှုပ်ရယ် . . . အန္တရာယ် ရှိနိုင်တယ်၊ မင်း စာရေးလည်း ရသားပဲ၊ ဒါမှမဟုတ် အဆက်အသွယ်တစ်ခုရအောင် လုပ်ပါ" ဟု မိုးလွင်က ဖျောင်းဖျသည်။ ထိုခရီးလမ်း၏အခြေအနေကို သူ မသိ၍မဟုတ်။ ထို့ထက်မက ဆိုးဝါး၍ သေချာပေါက် အသက်နှင့် ရင်းရမည့် ခရီးမျိုး ဖြစ်ပါစေ။ သူ နောက်တွန့်မည် မဟုတ်ပါ။

○ ○ ○



(၂)

ခရီးလမ်းက ခက်ခဲကြမ်းတမ်းသလောက် လုံခြုံမှုလည်း မရှိပါ။ မိုးတဖြောက်ဖြောက်ရွာနေသည့် တောင်ပေါ်ဒေသသည် သူ့အတွက် အထူးအဆန်းပင် ဖြစ်သည်။ ဤခရီးကို ကိုယ်ပိုင်ကားနှင့် ကိုယ့်အစီအစဉ်နှင့် သွားလာနိုင်သူတို့အတွက် မထောင်းသာလှသော်လည်း သာမာန်ခရီးသွားအဖို့က ယာဉ်တန်းထွက်မည့်ရက်ကို စောင့်ဆိုင်းပြီး သွားလာရပါသည်။

တွေ့မည်ဟု ယုံကြည်အားခဲလာသမျှ သဲထဲရေသွန် ဖြစ်သွားသည်။ နေနေခိုင်တို့ ထိုမြို့က ပြောင်းသွားကြပြီ။ သဇင်တို့မိသားစုလည်း မကျန်ရစ်။ ရန်ကုန်မြို့သို့ ပြောင်းသွားကြသည်ဟုသာ မရေမရာ သိလိုက်ရသည်။

မိမိတို့ဒေသထက် ဈေးနှုန်းကြီးမြင့်လှသည့် စားသောက်စရိတ်၊ တည်းခိုစရိတ်၊ သွားလာစရိတ်တို့ကြောင့် ယူလာသည့်ငွေနှင့် မလောက်တော့သဖြင့် လည်ပင်းမှ ဆွဲကြိုးလေးကို ထိုဒေသတွင် ထားခဲ့ရတော့သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၃)

မိုးရေစိုရွှဲနေသည့် အဝတ်အစားများကို လဲနေရင်းက အတိတ်မှ အဖြစ်အပျက်တို့ကို ပြန်လည် မြင်ယောင်မိသည်။

နေနေခိုင်တို့သည် သေသေချာချာ ကြိုတင်ပြင်ဆင်ပြီးမှ စနစ်တကျ ဒေါက်ဖြုတ်သွားခြင်း ဖြစ်သည်။ ပထမနှစ် လက်ဖက်ရည်ဆိုင်တွင် စတွေ့ကတည်းက နေနေခိုင် သူ့ကို မုန်းသွားသည်ထင်၏။ အချစ်ကိုလက်ခံသလို အမုန်းကိုလည်း သူ လက်ခံပါသည်။ လူတစ်ယောက်က တစ်ယောက်အပေါ် မုန်းပိုင်ခွင့် ရှိပါသည်။ မုန်း၍ ကြည့်မရခြင်း၊ မခေါ်မပြောခြင်းသာမက ရန်ဖက်ဖြစ်ခြင်းအထိ လက်ခံနိုင်ပါသည်။ သူက မုန်းနေတာကိုး၊ ဒီလောက် ရှိမှာပေါ့ဟု နားလည်စွာ ခွင့်လွှတ်လိုက်ဦးမည်။

အမုန်းသက်သက်ဆိုပါက သူ့အချစ်ကို လက်မခံဘဲ ငြင်းပယ်ရုံပဲရှိ၏။ ယခုတော့ မိမိ၏အချစ်ကို လက်ခံသည်။ ထို့နောက် သူမ၏အချစ်ကို ပေးသည်။ ပျားရည်နှင့်လူးသော အဆိပ်တွေပါပဲ။ ချိုမြိန်စွာခံစားကောင်းနေဆဲမှာပင် နှလုံးသားကို အသေသတ်သွားခဲ့သည်။

မည်သို့မှ ခွင့်လွှတ် နားလည်၍မရတော့။ ဒီတစ်ခါ တို့အလှည့်ပဲ နေခိုင်။

○ ○ ○



(၄)

စိုးရိမ်သည့်အတိုင်းပင် မနက်အိပ်ရာမှ မထသေးခင် မင်းစိုးအောင် ဖုန်းဆက်သွားသည်။ နံနက်စာ, စားပွဲတွင် ဝင်ထိုင်သည်နှင့် မေမေက "မင်းစိုးအောင်ဆိုတာ သမီး သိလား" ဟု စစ်ဆေးသလို မေးတော့သည်။

သာမန်အားဖြင့်ဆိုလျှင် ဘယ်သူ ဖုန်းဆက်သွားတယ်ဟုသာ စကားဦးသန်းရမည် ဖြစ်သည်။ ယခုတော့ သင်္ကာမကင်းသည့်အမေးမျိုး မေးလာသည်။ ဤသည်မှာ ကောင်းသော အခြေအနေမဟုတ်ပါ။

နေနေခိုင်ကလည်း ကြိုတင်ပြင်ဆင်ထားသည့်အတိုင်း . . ။

"သမီး သိပါတယ် မေမေ၊ . . . မြို့မှာ သမီးတို့ ကောလိပ်တက်တုန်းက ခင်ခဲ့ကြတာ၊ ဒါပေမဲ့ သိပ်ရင်းနှီးတဲ့ သူငယ်ချင်းတော့ မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲ . . . မေမေ၊ သူက သမီးဆီ ဖုန်းဆက်လို့လား"

ဟု အစီအစဉ်တကျ ဖြေရှင်းချက် ပေးလိုက်သည်။

"ဟုတ်တယ် . . . သမီး၊ ဒါပေမဲ့ သူက သမီး ပြောသလို



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလို့တော့ ပြောမသွားဘူး”

“ဘယ်လိုပြောသွားလို့လဲ မေမေ”

“သူက သမီးရဲ့ချ ူ်း သူပါတဲ့”

သူမ ထိုင်နေရာမှ ခုန်ဝလုမတတ် လန့်ဖျပ်သွားသည်။

တစ်ဆက်တည်း ဒေါသပေါက်ကွဲသွားသဖြင့် . . . “လုံးဝ မဟုတ်ဘူး” ဟု အော်လိုက်မိသည်။ ဖေဖေ သည်နေ့ လမ်း မလျှောက်ဘဲ သူမကို ထိုင်စောင့်နေသည်မှာ ဤအကြောင်းကြောင့် ဖြစ်လိမ့်မည် ထင်သည်။ ဖေဖေက ဘာမှဝင်မပြောသေးဘဲ သူမ၏ မျက်နှာကို စူးစိုက်စွာကြည့်ရင်း အကဲခတ်နေပါသည်။

“ဒီမယ် . . . သမီးကို မေမေတို့ စကတည်းက ကြိုကြိုတင် တင် သတိပေးထားတယ်နော်၊ သမီးမှာ ချစ်သူရှိခဲ့ရင် ပြောပါ၊ အကြောင်းကြောင်းကြောင့် ရည်းစားတွေဘာတွေ ထားခဲ့ဖူးတယ်ဆို ရင် မောင်ရဲနိုင်ကို ကြိုတင်ရှင်းပြထားပါ၊ မောင်ရဲနိုင် နားလည်လက် ခံတယ်ဆိုရင် ပြီးတာပဲ၊ ခုတော့ သမီးက ခြောက်ပစ်ကင်းသဲလဲစင် သဘောမျိုး ညာထားသလို ဖြစ်နေပြီ၊ မေမေတို့ကို သမီး ညာတာက အကြောင်းမဟုတ်ဘူး၊ မောင်ရဲနိုင်ကို သမီး ညာထားတာက မကောင်းဘူး”

“သမီး မေမေတို့ကို လိမ်ညာထားတာ မဟုတ်ပါဘူး၊ သမီး ရှင်းပြပါ့မယ်၊ ဒီလိုပါ . . . သမီးနဲ့ သဇင်တို့ . . . မြို့မှာ ကျောင်း တက်နေတုန်းက သူနဲ့ ပြဿနာ ဖြစ်ခဲ့ဖူးပါတယ်၊ သူက သဇင်နဲ့





ချစ်သူဖြစ်ပြီး လှည့်စားသွားတယ်၊ သဇင် အသည်းကွဲအောင် လုပ် သွားတယ်ပေါ့ . . . မေမေ”

“အဲဒီတော့ . . . ”

“သမီးက သူ့ကို ပြန်ပြီး အသည်းကွဲအောင် လုပ်မိတယ်၊ သဇင့်အတွက် မကျေနပ်လို့ သမီး ပြန်လုပ်မိတယ်၊ ဒီဇာတ်လမ်းက ပြီးခဲ့ပါပြီ၊ သမီး သူ့ကို ချစ်လည်း မချစ်ခဲ့ပါဘူး၊ စိတ်လည်း မဝင်စား ခဲ့ပါဘူး၊ သမီး အမှန်အတိုင်း ပြောတာပါ”

စကားတစ်ခွန်းမှ ဝင်မပြောသေးဘဲ တောက်လျှောက်အကဲ ခတ်နေသည့် ဖေဖေက . . .

“ဒါဆိုရင် သမီး သူ့ကို ချစ်ဟန်ဆောင်ခဲ့တယ်ပေါ့ . . . ဆိုတာလား”

ဟု အချက်ကျကျ ဝင်ထောက်လိုက်သည်။ သူမ ရှက်ရှက်နှင့် မျက်နှာနီမြန်းသွားသည်။

“ဟုတ်ပါတယ် . . . ဖေဖေ”

ဟု ခပ်တိုးတိုး ဝန်ခံလိုက်ရ၏။

အပြစ်ရှိသူတစ်ယောက်ကဲ့သို့ ခေါင်းငုံ့ထားမိသည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

(၅)

အလုပ်ကဲရောက်သည့်အချိန်အထိ စိတ်က မကြည်လင်ပါ။ မကျေ မနပ်ဒေါသနှင့် တအုံနွေးနွေး ဖြစ်နေသည်။ အမှားအယွင်းမဖြစ် အောင် သတိထားနေရသည်။ စိတ်က ဖျတ်ခနဲလွင့်သွားတိုင်း မင်းစိုး အောင်၏မျက်နှာကို မြင်ယောင်သည်။ "ဒီတစ်ခါ တို့အလှည့်ပဲ" ဟူသည့် စကားကို ကြားယောင်မိသည်။

အတိတ်မှအရိပ်သည် သူမအပေါ်သို့ လွှမ်းခြုံ၍ ကျရောက် လာတော့မည်လား။ မည်သို့ ဖြေရှင်းရမည်နည်း။ အလုံးစုံကို ဖွင့် ပြော၍ မဖြစ်ပါ။ မနက်ကအခြေအနေကို ကြည့်လျှင် ဖြစ်ကြောင်း ကုန်စင် အားလုံးပြောပြသည့်တိုင် ဖေဖေ၊ မေမေတို့က မယုံကြည် ကြ။

"ဒီခေတ်လူငယ်တွေရဲ့ သဘောသဘာဝကို ဖေဖေတို့ေ နားမလည်ပါဘူး၊ လိုက်မမီပါဘူး၊ ဘယ်နေရာပဲဖြစ်ဖြစ် စကားေ ရင် အပြတ်ပြောကြတယ်၊ ဒီတစ်သက် မခေါ်တော့ပါဘူး ပြောနေ ရင်းက အချစ်ဆုံးသူငယ်ချင်း ဖြစ်သွားပြန်ေ . . . အခုပဲ အဲဒီလူ ကို ရန်သူအဖြစ် သတ်မှတ်ချင်သတ်မှတ်





. . . ဒီလူနဲ့ လက်ထပ်မယ်၊ ယူတော့မယ် ပြောပြီးမှ မဟုတ်ပြန်ဘူး . . . အမြန်နှုန်းမြင့် ခေတ်နဲ့အညီ မြန်ဆန်တဲ့ အပြောင်းအလဲတွေ သူတွေရဲ့စိတ်မှာ ရှိတယ် . . ."

ဖေဖေက သွယ်ဝိုက်၍ သတိပေးခြင်း ဖြစ်သည်။ မေမေက တော့ ဝေ့ဝိုက်မနေဘဲ ခပ်ရှင်းရှင်းပင် "ဇာတ်လမ်းက ပြီးနေပြီဆိုရင် ဘာကြောင့်ဖုန်းဆက်နေရတာလဲ၊ သမီးက ဟန်ဆောင်ချစ်ခဲ့တာ ပြောပေမယ့် သူက တကယ်ထင်ရင် ထင်မှာပဲ . . .၊ သမီးဘက်က ရှင်းရှင်းလင်းလင်း ဖြစ်ဖို့ကောင်းတယ်၊ အခု . . . ကောင်လေးက ယဉ်ယဉ်ကျေးကျေး ပြောသွားတာနော်၊ အန်တီတို့ကို ကိုယ့်မိဘလို သဘောထားလို့ ကြိုတင်သတိပေးတာပါတဲ့၊ အန်တီတို့က သားသမီး ကို ချစ်လို့ စီစဉ်တာ အပြစ်မဟုတ်ပါဘူး၊ ဒါပေမဲ့ နေခိုင် လက်ခံ ထိုက်တာ သူ အံ့ဩတယ်တဲ့၊ သူ နားမလည်ဘူးတဲ့၊ ဒီစေ့စပ်တာကို ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါဘူးလို့ ပြောသွားတယ်၊ ကဲ . . . သမီး ဒါတွေကို ဘယ်လိုရှင်းမလဲ" ဟု မကျေမနပ်နှင့် ပြောသည်။

"သူနဲ့ သမီး ဘာမှမဆိုင်တော့ပါဘူး၊ ဒါက သူ တမင် ယုတ် တာ" ဟု နာကြည်းစွာ မှတ်ချက်ချမိသည်။

"သမီး ဒီလိုပြောနေရုံနဲ့ ပြီးမလား၊ သမီး ဒီသူငယ်နဲ့ကိစ္စ ပြန်ဆုံး ရှင်းရလိမ့်မယ်၊ တော်ကြာ စေ့စပ်တဲ့နေ့ကျမှ ကိုးရိုးကား ကျဖြစ်ရင် ခက်ကုန်လိမ့်မယ်၊ သမီးဘက် မသေချာသေးဘူး ရင် ဒီပွဲကို နောက်ဆုတ်လိုက်မယ်၊ ဒါမှမဟုတ် ဖျက်ပါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီအချိန်မှာ ဖျက်လိုက်ရတာက အကြောင်းမဟုတ်ဘူး"

မေမေက စိုးရိမ်ကြောင့်ကြတတ်သူဖြစ်သဖြင့် အဆိုးဆုံး အခြေအနေထိ တွေးပစ်လိုက်သည်။ နေနေခိုင်ကလည်း ကျေနပ်အောင် ရှင်းမပြနိုင်တော့။

ထိုအချိန်က မင်းစိုးအောင်သာ အနီးနားတွင်ရှိလျှင် ရိုက်နှက်မိလိမ့်မည် ထင်သည်။ ဤမျှထိ စိတ်ဆိုးမိသည်။ သို့မဟုတ် နေရပ်လိပ်စာကို သိလျှင်လည်း ချက်ချင်းသွားတွေ့မိမည်မှာ သေချာပါသည်။

○ ○ ○



ကွန်ပျူတာဖန်သားပြင်ပေါ်မှ စာပေးစာယူစာရင်းများကို စစ်ဆေးကြည့်ရှုနေစဉ် အခန်းတံခါးဝမှ လူရိပ်တစ်ခုကို သတိပြုမိသည်။

ဘယ်သူလဲ . . . ဘာကိစ္စလဲ စသည့်အသိနှင့် လှည့်ကြည့်လိုက်သည်။ ဤသို့အကြည့်က ရုံးလုပ်ငန်း၏သဘောသဘာဝအရ အလိုအလျောက် ပြုမူခြင်း ဖြစ်သည်။ မည်သူဟု တပ်အပ်သိ၍ ထောက်ပါ။

ကိုယ့်မျက်လုံးကိုကိုယ် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ အံ့အားသင့်ချိန်ပင် မရလိုက်ပါ။ မင်းစိုးအောင်သည် အခန်းရှေ့မှ ဖြတ်လျှောက်သွားသည်။ သူမ၏အခန်းရှေ့တွင် တစ်ခဏ ရပ်ကြည့်သွားမှာ သေချာပါသည်။ ယခုတော့ မတွေ့ခဲ့သလိုပင် ခပ်တည်တည်နှင့် ထွက်သွားသည်။ ဘာမှ စဉ်းစားမနေတော့ဘဲ နေနေခိုင် ကတိုက်ကရိုက် ပြေးထွက်ပြီး ကြည့်လိုက်သည်။

တခြားရုံးဝန်ထမ်းများ ရှိနေသောကြောင့် အော်မခေါ်မိခြင်း ဖြစ်သည်။ သူ့နောက်သို့ လိုက်ရန် ပြင်လိုက်သည်။ သူက ဥက္ကဋ္ဌရုံးခန်းရှေ့တွင် ခဏရပ်တန့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက်လှည့်ကြည့်သည်။ ခပ် သုတ်သုတ်လိုက်လာသည့် သူမကို မြင်သည့်အခါ သူ့မျက်နှာ ပြုံး ယောင်သန်းသွားသည်။

သူမ ဘာကြောင့် လိုက်လာသည်ကို သိသည့်အပြုံး။

မည်သို့မျှ အမူအရာမပျက်ဘဲ ခပ်အေးအေးပင် အခန်း တံခါးဖွင့်ပြီး ဝင်သွားသည်။ ဤအခန်းသည် ဦးဝင်းနိုင်၏ရုံးခန်း ဖြစ်သည်။ ဦးဝင်းနိုင်ဆိုသည်မှာလည်း တခြားလူမဟုတ်။ ကိုရဲနိုင်၏ အစ်ကိုရင်း။ ထို့ကြောင့် သူမ လိုက်သွား၍ မဖြစ်တော့။

ခံပြင်းဒေါသနှင့် လှည့်ပြန်လာခဲ့ရသည်။

○ ○ ○



(၇)

မိမိအခန်းထဲ ပြန်ရောက်ပြီး သွေးအေးအေးနှင့် စဉ်းစားကြည့်တော့မှ အကြီးအကျယ် စိုးရိမ်ထိတ်လန့်မိတော့သည်။

ဤသည်မှာ ယောင်ချောက်တစ်ခု ဖြစ်နိုင်သည်။

နေနေခိုင် မစဉ်းစားမဆင်ခြင်ဘဲ ထွက်ပြောဆိုလိုက်လျှင် သို့မဟုတ် စကားများရန်ဖြစ်မိလျှင် သူမတို့အကြောင်းကို တစ်ရုံးလုံး သိသွားကြပေလိမ့်မည်။ အကြောင်းစုံကို မသိသည့်တိုင်အောင် အလွန်တရာပြောစရာကောင်းသည့် သတင်းတစ်ခု ဖြစ်ပေလိမ့်မည်။ နှုတ်ခြည်း နာမည်ကြီးသွားမှာ သေချာသည်။

တစ်ရုံးလုံးက သူမနှင့် ကိုရဲနိုင်တို့ မကြာခင် လက်ထပ်ကြတော့မည်ဟု သိထားကြသည်။ ပြီးတော့ ပိုင်ရှင်၏ညီလည်း ဖြစ်သည်။ ဦးဝင်းနိုင်က သူမအပေါ်တွင် အစစအရာရာ ဂရုစိုက်သည်ကိုလည်း သိကြပါသည်။ မကြာခင် ဤကုမ္ပဏီ၏ ရာထူးကြီးကြီးတစ်ခုတော့ ရလိမ့်မည်ဟုလည်း ထင်မြင်ကြသည်။

တစ်ရုံးလုံးက သူမအပေါ်တွင် မုဒိတာပွားနေကြသည်ဟု ပြော၍ မရပါ။ မနာလိုသူတွေ၊ သဘောမကျသူတွေလည်း ရှိပေါ်မည်



www.burmeseclassic.com

www.burmeseclassic.com



မည်။ ဤသည်မှာ လူ့သဘာဝ မဟုတ်ပါလား။ ထိုလူတွေက အကယ်၍ သူမ ခြေလှမ်းတစ်ချက် မှားလျှင် သေချာပေါက် ချောက်တွန်းကြမည် ဖြစ်သည်။

ဤရုံးခန်းထဲတွင် သူမနှင့် မင်းစိုးအောင်တို့ စကားများပြဿနာတက်လျှင် သေချာပေါက် ဦးဝင်းနိုင်၏နားသို့ ရောက်သွားပေလိမ့်မည်။ ထိုမှတစ်ဆင့် ကိုရဲနိုင်ဆီသို့ နားပေါက်မည်။ နောက်ဆုံးတော့ နှစ်ဖက်မိဘတွေ သိကုန်ကြပြီး ပြောဆိုထားကြခြင်းကို ဖျက်သိမ်းပစ်သည်ထိ ဖြစ်သွားနိုင်ပါသည်။

သို့ဆိုလျှင် မင်းစိုးအောင်၏ လှည့်ကွက်ထဲသို့ မိမိလှလှပပ ကျရောက်သွားခြင်း ဖြစ်ပါသည်။

၀ ၀ ၀



(ဂ)

မင်းစိုးအောင်က ပြန်အထွက်တွင် ပြုံး၍ နှုတ်ဆက်သွားသေးသည်။

နေနေခိုင် မမြင်ချင်ဟန်ဆောင်လိုက်ရ၏။ မျက်နှာကိုလည်း ခပ်တင်းတင်း ခပ်မာမာ ထားလိုက်ရ၏။ ဂရုမစိုက်ဘူးဆိုသည့် သဘော။ ဤရုံး ဤကုမ္ပဏီသို့ မည်သည့်အကြောင်းနှင့် လာပါစေ သူမ စိုးရိမ်ကြောက်လန့်မည် မဟုတ်ပါ။ ထိုသို့ သိစေချင်သည်။

နောက်တစ်ခါ သူမ၏ရုံးခန်းထဲ ဝင်လာလျှင် မည်သို့ လုပ်ရမည် မသိ။ အခြေအနေက သည်ထက်ဆိုးဖို့ ရှိပါသေးသည်။ သူဘာကြောင့် ဝင်မလာခြင်းကို သူမ မသိပါ။ ဝင်လာလျှင် တစ်ခါတည်း ပွဲသိမ်းသွားနိုင်ပါသည်။ သူမကလည်း နည်းနည်းမှ သည်းခံနိုင်သူ မဟုတ်ပါ။ ခေါင်းငုံ့ရခြင်းသည် သူမ၏ဘဝတွင် မရှိ။ နောက်မှ ဖြစ်ချင်တာ ဖြစ်ပါစေ . . . အပြတ် ပွဲကြမ်းပစ်လိုက်မည်။ လုံးဝ မကြောက်ပါ။

စေ့စပ်ကြောင်းလမ်းခြင်း ပျက်ချင်လည်း ပျက်သွားပါစေ။ သူမ ဂရုမစိုက်ပါ။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

(၉)

မင်းစိုးအောင် ကုမ္ပဏီရုံးသို့ ရောက်လာခဲ့သည့်အချိန်မှစ၍ သူမ၏ စိတ်အခြေအနေက တော်တော်ကြီး ပြောင်းလဲသွားသည်။ ဤသို့ ပြောင်းလဲခြင်းကို သူမကိုယ်တိုင် တအံ့တဩနှင့် သတိထားမိခြင်း ဖြစ်သည်။

ယခင်ကဆိုလျှင် ကိုရဲနိုင်အပေါ်တွင် မကြာခင် လက်ထပ်ရတော့မည့် ခင်ပွန်းလောင်းတစ်ယောက်အဖြစ် မြင်သည်။ ကိုရဲနိုင်၏ စိတ်နေသဘောထားကို အမြဲမပြတ် အကဲခတ်ခဲ့သည်။ ကိုရဲနိုင်၏ စကားများကို ဂရုတစိုက် နားထောင်ဖြစ်သည်။

ယခုတော့ ထိုသို့မဟုတ်။

ကိုရဲနိုင်သည် မိမိနှင့် ယူဖြစ်ချင်မှ ယူဖြစ်မည့်သူအနေနှင့် မြင်သည်။ သာမန်မိတ်ဆွေတစ်ယောက်လိုပဲ သဘောထားမိသည်။ အလေးအနက် မရှိတော့။ သိပ်ဂရုမစိုက်ချင်တော့။ ဤသည်မှာ အချိန်မရွေး ပြဿနာတက်ကာ လမ်းခွဲ ပြတ်စဲသွားနိုင်သည့် အကြောင်းက သေချာပေါက်နီးပါး ရှိနေသည့်အတွက်ကြောင့် ဖြစ်မည်ထင်သည်။





"ခိုင် နေကောင်းရဲ့လား"

ကိုရဲနိုင်က သူမ၏မျက်နှာကို မြတ်နိုးစွာကြည့်ရင်း မေးလိုက်သည်။ သူမက မျက်နှာကို တစ်ဘက်သို့ လွှဲဖယ်ရင်း "ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ" ဟု စိတ်မပါတပါနှင့် ပြန်မေးလိုက်သည်။ ကိုရဲနိုင်က သက်ပြင်းတစ်ချက်ချရင်း . . .

"ခိုင့်မျက်နှာ ကြည့်ရတာ တစ်မျိုးပဲ၊ မလန်းသလို ဖြစ်နေတယ်၊ မောင့်ကို ပွင့်ပွင့်လင်းလင်း ပြောပါလား၊ မောင် ဘယ်သူ့မှ ပြန်မပြောဘူးလို့ ကတိပေးပါတယ်၊ ကိုကြီးလည်း မသိစေရပါဘူး၊ ခိုင် ဒီအလုပ် လုပ်ရတာ မပျော်ဘူးလား၊ ဒါမှမဟုတ် ပင်ပန်းလို့လား"

သူမ လွင့်နေသည့်စိတ်အစဉ်ကို ကြိုးစားထိန်းချုပ်ရင်း . .

"ဟင့်အင်း . . . အလုပ်က အဆင်ပြေပါတယ်၊ ဘာမှ မဖြစ်ပါဘူး၊ တော်ကြာ ခိုင်မပြောဘဲနဲ့ ကိုကြီးဦးဝင်းနိုင်ကို သွားမပြောနဲ့ဦးနော်"

"ခိုင့်ဆန္ဒမပါဘဲ မောင် ဘာမှ မပြောပါဘူး၊ ဒါပေမဲ့ . . ."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"အော် . . . မောင်တို့နှစ်ယောက်က မကြာခင် အတူနေတော့မှာပဲ၊ စေ့စပ်ဖို့ရက်တောင် တဖြည်းဖြည်း နီးလာပြီ၊ ခိုင်နဲ့ ရင်းနှီးခဲ့တဲ့ နောက် တွေက ^မောင့်ဘဝမှာ အပျော်ဆုံးနေ့ရက်တွေပဲ အချိန်နာရီတွေ မိနစ်တွေ စောင့်နေရတာတောင် စိတ်မရှည်ချင်ဘူး အိပ်ရေးတောင် တင်က ကြယ်တွေကို ခိုင်နဲ့အတူ

www.burmeseclassic.com



ဘယ်တော့မှရေတွက်ရပ့်မလဲလို့ အိပ်မက်တွေ ခဏ ခဏ မက်တယ်၊ ဒါပေမဲ့ ခိုင့်ကြည့်ရတာ မပျော် သလိုပဲ၊ မောင့်ကို တကယ်ချစ်ကောချစ်ရဲ့လား . . . ခိုင်"

ကိုရဲနိုင်က ချစ်သူချင်း အချစ်စမ်းသည့်သဘော မေးလိုက်ခြင်း ဖြစ်သော်လည်း သူမမှာ တွေးစရာ ဝင်လာသည်။ အချစ်ဆိုတာ ခံစားရတဲ့ ဝေဒနာတစ်ခု ဖြစ်သည်ဆိုလျှင် မှန်ကန်မည်လား။ ရင်ခုန်ခြင်း၊ တိမ်းမူးခြင်း၊ ဆွတ်ပျံ့ခြင်းတို့သည် ဝေဒနာများ ဖြစ်သည်။ ထို့အတူ ကြေကွဲဆို့နင့်ခြင်း၊ ကျွမ်းမြည့်ခြင်း၊ နာကျင်ခြင်း တစ်ခုခုတော့ ဖြစ်ရပေလိမ့်မည် ထင်သည်။

မည်သည့်ခံစားရမှုမှ မရှိပါက အချစ်ဟု ခေါ်နိုင်တော့မည် မထင်ပါ။

"ခိုင် . . . မောင် မေးနေတယ်လေ . . ."

ထိုအခါ နေနေခိုင် သက်ဝင်လာပြီး ခေါင်းကို ညိတ်ပြလိုက်မိသည်။

○ ○ ○



(၁၀)

"ခါတ်ခေါ်မထားပေမယ့် ကျွန်မကတော့ ဒုတိယအကြိမ် လာရပြန်ပြီ . . . ကိုမိုးလွင်"

ဟု ပြောဆိုရင်း စားပွဲရှေ့တွင် ရပ်လိုက်သည်။ မိုးလွင်က ရုတ်နှာအရိပ်အကဲကို တစ်ချက်ကြည့်ပြီး လုပ်လက်စအလုပ်ကို ခဏ ရပ်ထားလိုက်သည်။ ထို့နောက် "ထိုင်ပါဦး" ဟု ဝတ်ကျေတန်းကျေ ပြောလိုက်သည်။

"နေပါစေ . . . ကိုမိုးလွင်၊ ကျွန်မ မထိုင်တော့ပါဘူး၊ ကျွန်မ ရောက်လာတာ မကြိုက်ဘူးဆိုတာ သိပါတယ်"

"ဒီလိုလည်း မဟုတ်ပါဘူး"

"မညာပါနဲ့ရှင်၊ ကျွန်မ သိပါတယ်၊ ဒီလောကမှာ ကျွန်မမုန်းတဲ့ သူတစ်ယောက်ပဲ ရှိတယ်၊ ကျောင်းတုန်းက သူငယ်ချင်းတွေနဲ့ အဆက်ဆံဖြစ်တာကလည်း ဒီလူကြောင့်ပါပဲ၊ ဒီလူနဲ့ မပတ်သက်ချင်လို့ နာမည်ကိုတောင် မကြားချင်လို့ . . . အဲဒါကြောင့် ကိုမိုးလွင်နဲ့ သူစိမ်းဆန်ဆန် ဆက်ဆံခဲ့တာပါ"

မိုးလွင်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ မခိုင်၊ တို့ အတတ်နိုင်ဆုံး မပြောဖြစ်အောင် ရှောင်ပါ့မယ်"

သူမ လျင်မြန်စွာ လက်ကာပြလိုက်သည်။

"ဒါပေမဲ့ လောလောဆယ် သူက ထပ်ပြီး ပြဿနာရှာနေတယ်၊ အရင်တစ်ခါ ဖုန်းကိစ္စထက် ပိုဆိုးတယ် . . ကိုမိုးလွင်၊ သူ့လုပ်ရပ်တွေက သာမန်လူဆိုရင် အကြီးအကျယ် ကြောက်သွားလောက်တယ်၊ မျက်ရည်ခံထိုးပြီး တောင်းပန်လောက်တယ်၊ ဒါပေမဲ့ ကျွန်မကတော့ လုံးဝ ဂရုမစိုက်ဘူး၊ ဘယ်တော့မှလည်း အရှုံးပေးမှာ မဟုတ်ဘူး၊ အရင်မုန်းခဲ့တာထက် ခုက ပိုမုန်းသေးတယ် . . ."

မိုးလွင် ဘာမှဝင်မပြောဘဲ ငြိမ်ဆိတ်စွာ နားထောင်နေသည်။

"သူ့ကို ပြောလိုက်စမ်းပါ ကိုမိုးလွင်၊ မနက်ဖြန် ကျွန်မတို့ စေ့စပ်ကြောင်းလမ်းပွဲ လုပ်မယ်၊ သူ မသိမှာစိုးလို့ သတိပေးတာ တော်ကြာ တိတ်တိတ်ကျိတ်လုပ်သွားတယ် ထင်နေဦးမယ်၊ ဒီမှာ ဖိတ်စာတော့ မရှိဘူး၊ ဒါပေမဲ့ မင်္ဂလာဆောင်ကျရင်တော့ ဖိတ်စာပို့လိုက်ပါ့မယ်၊ လာတက်ဖို့တော့ မဟုတ်ဘူး၊ အမှတ်တရ သိမ်းထားဖို့

○ ○ ○





ဖုန်းကိုင်ထားရင်း မင်းစိုးအောင် ခပ်ယဲ့ယဲ့ ပြုံးလိုက်သည်။

"ဆောရီးကွာ မင်းက ကြားထဲက ဘုမသိဘမသိနဲ့ အချောင်ကြားညပ်နေတာပါ၊ နေခိုင်က ငါ့နေရာကို မသိလို့ပါ၊ ဘယ်လို ဆက်သွယ်ရမယ်ဆိုတာသိရင် လာတော့မှာ မဟုတ်ပါဘူး၊ ငါ ကတိပေးပါတယ် . . . မိုးလွင်"

"....."

"သူ မုန်းတာထက် ငါက ပိုမုန်းတယ် . . . မိုးလွင်"

"....."

"စကတည်းက သူ တောင်းပန်ကျေအေးတယ်ဆိုရင် ဘာဆိုင်စရာရှိလဲ၊ ငါ ဘာမှမလုပ်ပါဘူး၊ ဒီရန်ကုန်မြေက အပြီးအပိုင်ဆောင် ကျော်ခိုင်းပြီး ထွက်သွားဦးမယ်၊ ဒါပေမဲ့ သူ့ပုံစံက သူလုပ်ခဲ့တာ အမှန်ကြီးလို့ ထင်နေတယ်၊ လုံးဝ ပြင်ဆင်စရာ မလိုဘူး အတိတ်ဆိုတာကြီးကို မေ့ထားလို့ ရတယ်ပေါ့၊ သူ့ဆန္ဒ သူ့သဘော ရှင်ချင်သလို လုပ်မယ်ဆိုတဲ့ ပုံစံမျိုး၊ ဒီမယ် . . မိုးလွင်၊ အတိတ်မှာ ချုပ်ဆိုတာ ရှိတယ်ကွ၊ အဲဒါ သူ သိကိုသိစေရမယ်"

"......"

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ညနေထွက်မည့်ကားများနှင့် အဝေးပြေးကားဂိတ်က သက်ဝင်လှုပ်ရှားနေဆဲ ရှိပါသည်။ ကားဟွန်းသံများနှင့် လူသံသူသံတို့ကလည်း ဆူဆူညံညံ ပျံ့လွင့်နေ၏။

အခန်းတံခါးခေါက်သံ ကြားလိုက်သဖြင့် လှည့်ကြည့်လိုက်သည်။ ပွဲရုံစောင့် ဦးအေးက ယာဉ်နောက်လိုက် မောင်ထွေးကို ခေါ်လာသည်။ "ဆရာ့အိမ်က ထည့်ပေးလိုက်တာ" ဟု မောင်ထွေးက စာအိတ်တစ်အိတ်ကို လှမ်းပေးသည်။

လှမ်းအယူတွင် သူ့မျက်နှာ အနည်းငယ် တင်းမာသွားသည်။

ထို့နောက် ဘာမှမဟုတ်သလို ချထားလိုက်ရင်း . . .

"အိမ်က ဘာပြောလိုက်သေးလဲ" ဟု မေးလိုက်သည်။

"ဆရာ့အိမ်က ပြောလိုက်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် သိပ်တော့ နားမလည်ဘူး၊ တို့က အတိတ်ကို မေ့သွားပြီလို့ ထင်တာတဲ့၊ ခုတော့ တစ်သက်လုံး မေ့မှာ မဟုတ်ဘူးဆိုတာ သဘောပေါက်ပါပြီလို့ ပြောလိုက်တယ်"

သူ သဘောကျစွာ ရယ်ပြုံးလိုက်သည်။





ပွဲရုံစောင့် ဦးအေးအား အကြောင်းကိစ္စ မရှိဘဲ မည်သူ့ကိုမှ အပေါ်သို့ တက်မလာစေနှင့်ဟု မှာကြားကာ အခန်းတံခါးကို ပိတ်လိုက်သည်။ အခန်းထဲတွင် တစ်ယောက်တည်း ရှိသည့်အခါမှ စာအိတ်ကို ဖောက်လိုက်၏။

သေသပ်စွာ ခေါက်ထားသည့် စာခြောက်စောင်နှင့် ဓာတ်ပုံနှစ်ပုံ ထွက်လာ၏။

စာများကို အမှတ်တမဲ့ သူ ကြည့်လိုက်မိသည်။

မောင် . . . ဟု ရည်ညွှန်းထားသည်။ နေနေခိုင် ပေးခဲ့သည့် စာများ။

ဓာတ်ပုံထဲက နေနေခိုင်သည် ရယ်ပြုံးလျက် . . .။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

"မဖြစ်နိုင်ဘူး . . . သမီး၊ မနက်ဖြန် ချက်ချင်းကြီး စေ့စပ်ကြောင်းလမ်းဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဖေဖေတို့ ဘာမှမစီစဉ်ရသေးဘူး၊ ဘာမှ မပြောရသေးဘူး၊ ဒီညဖက်မှ အိမ်တွေကို ဖုန်းဆက်ပြီး အသိပေးလို့ ဘယ်နည်းနဲ့မှ မသင့်တော်ဘူး"

ဖေဖေသည် ဒေါသကို ထိန်းချုပ်ထားသည့်မျက်နှာနှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ ဖေဖေ၊ မေမေတို့ ဒေါသဖြစ်နေကြသည်ကို ကြည့်ရင်း မိမိ၏အမှားကို နားလည်လိုက်သည်။

"သမီး . . . မောင်ရဲနိုင်ကို ဘာဖြစ်လို့ ပြောလိုက်ရတာလဲ"

ဟု မေမေက သူမ၏မျက်နှာကို စေ့စေ့ကြည့်ရင်း မေးလာသည်။ ဤမေးခွန်းကို မဖြေနိုင်။ မင်းစိုးအောင်ကို စိမ်ခေါ်ချင်သည့်စိတ်နှင့် ဘာမှမစဉ်းစားဘဲ ပြောလိုက်ခြင်း ဖြစ်သည်။ ထိုစဉ်က ကိုရဲနိုင်ကလည်း အံ့အားတသင့်ဖြစ်ကာ "မနက်ဖြန် ဟုတ်လား" ဟု မယုံကြည်နိုင်စွာ မေးခဲ့သည်။

"ဟုတ်တယ် . . ." ဟု သူမ ခပ်တင်းတင်း ပြောလိုက်သေး





သည်။ တစ်ဆက်တည်းပင် . . . "မောင်က မစီစဉ်ပေးချင်ဘူးလား၊ မလုပ်ချင်လည်း မလုပ်ချင်ဘူးလို့ ပြောနော်၊ ဟိုအကြောင်းပြ ဒီအကြောင်းပြတာ လက်မခံဘူး" ဟု ထပ်၍ခြိမ်းခြောက်လိုက်သေးသည်။

သူမ ပြန်လည်တွေးတောစဉ်းစားနေစဉ် မေမေက စိတ်ရှည်နိုင်သည့်အသွင်ဖြင့် လက်ကို ဆွဲကိုင်ခါယမ်းပြီး . . .

"မေမေ မေးနေတာ ဖြေဦးလေ၊ သမီး ဘယ်လိုစိတ်ကူးနဲ့ ဒီစကားကို ပြောလိုက်ရတာလဲ"

"သမီး စကားမှားသွားလို့ မေမေ . . ." ဟု ခေါင်းငုံ့ရင်း ဖြေလိုက်သည်။

"ဒါဟာ စကားမှားရုံသက်သက် မဖြစ်နိုင်ဘူး၊ မှားရမဲ့စကား တော့တ်ဘူး၊ ဒီစကားပြောတာ ရည်ရွယ်ချက်တော့ ရှိရမယ်"

"ဟင့်အင်း . . . ဘာရည်ရွယ်ချက်မှ မရှိပါဘူး"

မေမေက လက်မခံနိုင်သည့်အသွင်ဖြင့် "သမီး မညာနဲ့" ဟု ငေါက်အော်သည်။ ထို့နောက် "ဟိုကောင်လေးဆီက ဖုန်းတွေ ခဏ . . . ခဏ လာ, လာနေကတည်းက သမီး မူပျက်နေတယ်၊ မေမေတို့ အငယ်ရာက ကြီးလာတာပါ။ ဒီလောက်တော့ ရိပ်မိပါတယ်၊ အခု . . . ဒီကိစ္စမှာလည်း ဒီကောင်လေးနဲ့ ပတ်သက်နေတာပဲ ဖြစ်ရမယ်၊ ဟုတ်လား . . . သမီး"

မေမေ၏ခန့်မှန်းချက်က ထိတ်လန့်စရာကောင်းအောင်

www.burmeseclassic.com

www.burmeseclassic.com



တိကျလွန်းပါသည်။ သူမ မျက်နှာကို ထိန်းထား၍ မရတော့။

မေမေက သူမဆီမှ မည်သည့်အဖြေမှ မကြားရသဖြင့် စိတ်ခေတ်ကျကာ . . .

"ဒုက္ခပါပဲ . . . ကိုမောင်ရယ်၊ ဒီသမီးအလှည့်ကျမှ ကျွန်မတို့ အရှက်ရတော့မယ် ထင်တယ်"

ဟု ဖေဖေ့ကို စစ်ကူလှမ်းတောင်းသည်။ ဖေဖေက မေမေ၏စကားကို သဘောတူသည့် အသွင်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြီး . . .

"အခုပဲ အရှက်ရနေပါပြီကွာ . . .၊ ဘယ့်နှယ့် မိဘကို နည်းနည်းလေးမှ မတိုင်ပင်ဘဲ ကိုယ့်သဘောနဲ့ကိုယ် စေ့စပ်ပွဲ လုပ်ခိုင်းရတယ်လို့ကွာ၊ မောင်ရဲနိုင်ရဲ့ မိဘတွေက ဘယ်လိုထင်မလဲ၊ တို့တွေကသမီးကတစ်ဆင့် ပြောခိုင်းတယ် ထင်မှာပေါ့၊ မျက်နှာပူလိုက်တာ၊ သူ့သားကို ငမ်းငမ်းတက် လိုချင်သလို ဖြစ်နေပြီ . . ."

"ဟုတ်တယ်၊ ကျွန်မလည်း အဲဒါကို စိုးရိမ်တာ"

နေနေခိုင်သည် အခြေအနေမှန်ကို ရိပ်စားမိသဖြင့် ရှက်ချင်လာသည်။ ထို့ကြောင့် ငြိမ်ဆိတ်မနေနိုင်တော့ဘဲ . . .

"သမီး အမှားကြောင့် ဖြစ်ရတာ . . .၊ ဒီပုံအတိုင်းဆိုရင် အရမ်းရှက်စရာ ကောင်းနေပြီ၊ သမီး ဘာလုပ်ရမလဲ . . . မေမေ"

ဟု ဝင်မေးလိုက်သည်။ ထိုအခါ မေမေက ပျာပျာသလဲနှင့် . . .



"မောင်ရဲနိုင်ဆီ သမီး အမြန်ဆုံး ဖုန်းဆက်ပြီး ဒီအစီအစဉ်ကို မလုပ်ဖို့ တားရမယ်၊ လူကြီးတွေ သဘောမပါဘဲ ပြောမိတာ၊ ဒီလိုပြောတာကလည်း ဘာမှမဟုတ်ပါဘူး၊ မောင်ရဲနိုင်က သမီးအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာ စိတ်စမ်းချင်လို့ပါ၊ ကြည့်ကောင်းအောင် ပြောလိုက်ပေါ့ သမီးရယ်"

မေမေက သူမ၏အမှားကို ဝင်ကယ်လိုက်သကဲ့သို့ပင်။ သို့သော်လျှင် ထူပူပြီး ဘာပြောရမှန်း သိမည်မဟုတ်ပါ။

နေနေခိုင်သည် ကိုယ့်အမှားနှင့်ကိုယ်မို့ ခပ်မြန်မြန်ပင် ဖုန်းကို ဆက်လိုက်သည်။

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့်တွေးကြည့်လေ ရှက်ဖို့ကောင်းလေ ဖြစ်နေသည်။ နောက်နေ့တွေ ကိုရဲနိုင်ကို မည်သို့ မျက်နှာချင်းဆိုင်ရမည် မသိ။ မနက်ဖြန်တနင်္ဂနွေ အလုပ်ပိတ်ရက်ဖြစ်သဖြင့် ဘယ်မှ ထွက်မလည်တော့ဟု ဆုံးဖြတ်လိုက်သည်။

သို့မဟုတ်လျှင် မနက်ဖြန်သည် ကတိုက်ကရိုက်နှင့် စေ့စပ်ပွဲ ဖြစ်သွားနိုင်သည်။ ကိုရဲနိုင်က သူမ ပြောသည့်အတိုင်း မဖြစ်မနေကြိုးစားမည်မှာ သေချာပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုရဲနိုင်က သူမကို ချစ်၍ ဖြစ်ပါသည်။

o o o





နက်စောစောစီးစီး အခန်းတံခါးကို တဝုန်းဝုန်းတဒိုင်းဒိုင်း ထုရိုက်ပြီး တူတော်မောင်နှစ်ယောက်က တံခါးဖွင့်ပေးဖို့ အော်ကြသည်။ တံခါးဖွင့်ပေးလိုက်သည်နှင့် . . . "တီ တီ" ဟု အော်ဟစ်ကာ သူမကို ဆယ်တစ်ယောက် ညာတစ်ယောက် ဝင်ဆွဲကြတော့သည်။

မေမေ၊ ဖေဖေတို့၏ အချစ်တော် မြေးနှစ်ယောက်။ ငါးနှစ်နှင့် သုံးနှစ်အရွယ်သာ ရှိကြသေးသည်။ ကလေးများ၏အမေမှာ နေနေခိုင်၏ အစ်မအကြီးဆုံး သက်သက်နိုင် ဖြစ်သည်။ ကျောင်းပိတ်ရက် ဖြစ်သဖြင့် အိမ်လာလည်ကြခြင်း ဖြစ်ပေလိမ့်မည်။

"ကဲ . . . သားတို့သမီးတို့ တီတီ မျက်နှာသစ်ပါရစေဦး" ဟု နည်းတောင်းပန်ရသည်။ ကလေးနှစ်ယောက်က သူမ၏ခုတင်ပေါ်တွင် ကျွမ်းထိုးကစားနေကြသဖြင့် အတင်းတားရသေးသည်။ မျက်နှာသစ်၊ အဝတ်အစား ကမန်းကတန်း လဲပြီး ကလေးနှစ်ယောက်ကို ခေါ်ကာ အောက်ထပ်သို့ ဆင်းခဲ့သည်။

မမကြီးက မေမေနှင့် စကားလက်ဆုံကျနေသည်။ သူမလည်း နံနက်စာ, စားရန် စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်ပြီး . . .

www.burmeseclassic.com



"မမ . . . ကိုကိုကြီး ပြန်မရောက်သေးဘူးလား" ဟု မမကြီး၏ခင်ပွန်းအကြောင်း မေးလိုက်သည်။ မမကြီး၏ခင်ပွန်းက သင်္ဘော အရာရှိတစ်ယောက် ဖြစ်သည်။

"ပြန်လာဖို့ နောက် ခြောက်လလောက် လိုဦးမယ် ထင်တယ် ဟိုတစ်လောက ကိုးရီးယားကနေ ဖုန်းဆက်သေးတယ်၊ သူ့သားနဲ့ သမီးကို သတိရလို့တဲ့လေ၊ စာချုပ်သက်တမ်း တစ်နှစ်ပြည့်ရင် ဆက် မနေဘူး . . . ပြန်လာမယ် ပြောသေးတယ်၊ မမက သင်္ဘောကောင်း ရင် ဆက်နေပါလို့ ပြောတာ ရန်တွေ့သေးတယ် ဟား . . . ဟား"

ဟု မမကြီးက သဘောကျစွာ ရယ်လိုက်သည်။ မေမေက . . . "ဟုတ်သားပဲ၊ သူ ပြန်လာချင်တယ်ဆိုရင် လာပါစေ၊ သူလည်း သတိရမှာပေါ့" ဟု ရှေ့နေလိုက်ပေးသည်။

"ယောကျ်ားတွေကို ဒီလိုပဲ လှည့်ပတ်ပြောဆိုပြီး ခိုင်းရတယ် တဲ့၊ မေမေပဲ သင်ပေးခဲ့တာ မဟုတ်လား" ဟု မမကြီးက မေမေ့ထိုး လှမ်းစသည်။ မြေးများနှင့် ဆော့ကစားနေသည့် ဖေဖေက ရယ်ပြုံး၍ လှည့်ကြည့်ပြီး . . .

"ဒါပေါ့ သမီးရယ်၊ အမေ့ခြေရာ နင်းနိုင်တဲ့သမီး ပီသပါပေ တယ်" ဟု လှမ်းပြောသည့်အခါ မေမေက "အဲဒီလို ပြောချင် ချင်လို့ သမီးတို့ကို မျှော်နေတာ . . . ဟော့ . . ." ဟု ပြန်အော် သည်။ ထို့နောက် လက်ဖက်ရည်ခွက်များ သိမ်းဆည်းပြီး ထထွက် သွားသည်။





"ညီမလေးကော . . . မောင်ရဲနိုင်နဲ့ အခြေအနေ ဘယ်လို ရှိသလဲ၊ အဆင်ပြေတယ် မဟုတ်လား" ဟု သူမကို လှည့်မေးသည်။

"အဆင်ပြေပါတယ် မမရဲ့၊ ဘာပြဿနာမှ မရှိပါဘူး"

ဟု ပြောရင်း မလုံမလဲနှင့် မျက်နှာလွှဲလိုက်သည်။

"ဒါဆိုရင် ဘယ်တော့ယူဖြစ်ကြမှာလဲ၊ နီးပြီလား"

"အဲဒါတော့ မပြောတတ်သေးဘူး၊ ညီမလေးတို့အချင်းချင်း ညှိနှိုင်းနေကြပါတယ်"

"ညီမလေးတို့ကိစ္စက နည်းနည်းလိုသေးတယ်ဆိုရင် မမနဲ့ လေးငါးဆယ်ရက်လောက် လိုက်ခဲ့လို့ရမလား၊ မမက အခု နယ်ပြောင်း ရမှာ၊ ------မြို့က တက္ကသိုလ်ကို ပြောင်းဖို့ အမိန့်စာ ထွက်လာပြီ"

သူမတို့ ကျောင်းတက်ခဲ့သည့် မြို့။

ပူပြင်းသည့် အညာဒေသက မြို့။

"ဟင် . . . ဘယ်တော့ သွားရမှာလဲ"

"ကျောင်းမဖွင့်မီ ကြိုပြီး သွားရမယ်လေ၊ ဒီတစ်ပတ်အတွင်း သွားမှ ဖြစ်မယ်၊ ကောလိပ်ကနေ တက္ကသိုလ်အဖြစ် စပြီး ဖွင့်မှာဆို တော့ လုပ်စရာကိုင်စရာတွေ ရှိလိမ့်မယ်"

"ကလေးတွေကော . . ."

"အင်း . . . ကလေးတွေကို ခေါ်သွားမှာဖြစ်လို့ ညီမကို ခေါ်တာပေါ့၊ ဟိုမှာ အိမ်ဖော်တစ်ယောက် ရှာဦးမယ်၊ ဒီမှာက



www.burmeseclassic.com

www.burmeseclassic.com



မောင့်မိဘတွေ၊ မောင်တို့အိမ်က အိမ်ဖော်တွေနဲ့ဆိုတော့ အဆင်ပြေတယ်၊ ဒါပေမဲ့ ဟိုအထိ မလိုက်ချင်ကြဘူး၊ အဲဒါကြောင့် ညီမလေးကို အကူအညီ တောင်းရတာ၊ ဒါပေမဲ့ ညီမလေး အဆင်ပြေမှ လိုက်နော်”

“အင်း . . . အလုပ်ကို ပြောကြည့်ဦးမယ် မမ . . .”

ဟု မတင်မကျ ပြောလိုက်သည်။

○ ○ ○



(၁၆)

ဖေဖေ၊ မေမေနှင့် မမတို့က ကလေးနှစ်ယောက်ကို ရေမိုးချိုးကာ ထမင်းကျွေးဖို့ ပြင်ဆင်နေကြသဖြင့် ဧည့်ခန်းတွင် နေနေခိုင် တစ်ယောက်တည်းသာ ကျန်နေရစ်သည်။ ထိုစဉ် ဖုန်းမြည်လာသည်။

ဤနေ့တွင် ကိုရဲနိုင်ဆီက ဖုန်းတစ်ကြိမ်မှ မဆက်သေးပါ။ ထို့အပြင် မင်းစိုးအောင်က ဖုန်းဆက်နေသလားဟူသည့် သံသယဖြင့် သတိထား၍ ကိုင်လိုက်သည်။

“ဟဲလို . . . ပြောပါရှင် . . .”

“နေနေခိုင်နဲ့ စကားပြောချင်လို့ပါ”

လေသံက မသဲမကွဲနှင့်။ ကိုရဲနိုင် ဖုန်းဆက်နေသည်ဟု ထင်ပြီး “ကိုရဲနိုင်လား” ဟု ပြန်မေးလိုက်သည်။ ထိုအခါတွင် တစ်ဖက်မှ ခပ်တိုးတိုးရယ်သံကို ကြားရသည်။ မှားသွားပြီဟု သိလိုက်သည်နှင့် . . .

“ရှင် ဘယ်သူလဲ” ဟု ခပ်မာမာ အော်လိုက်သည်။

“စေ့စပ်ပွဲ မဖြစ်လို့ စိတ်ဆိုးနေတာလား . . . နေခိုင်”

“ရှင် မေးစရာ မလိုဘူး၊ ရှင့်လို မိန်းမလို မိန်းမရ ဟိုနေရာက ဖုန်းဆက်လိုက် ဒီနေရာက ဖုန်းဆက်လိုက်နဲ့ ပုန်း၊ ပုန်းနေတဲ့လူကို ကျွန်မ နည်းနည်းမှ ထည့်မတွက်ဘူး၊ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခိုးပြီးဆက်နေတာ ရှက်ဖို့ ကောင်းတယ်"

"ပြောပါ . . . နေခိုင်၊ မင်းပြောတဲ့အတိုင်း စေ့စပ်ပွဲ မဖြစ်တော့ မင်းခံစားရမှာ နားလည်ပါတယ်"

"အဲ့ပိုတွေ ပြောမနေပါနဲ့၊ စေ့စပ်ပွဲပျက်တာ မဟုတ်ဘူး၊ လူကြီးတွေ စီစဉ်ထားတာကို ကျော်မလုပ်ချင်လို့ . . .၊ နဂိုအတိုင်း ဖြစ်မှာပါ။ ကျွန်မတို့ကြားမှာ ဘာပြဿနာမှ မရှိပါဘူး"

"တို့ အဲဒီလို မထင်ဘူး . . . နေခိုင်၊ ကိုရဲနိုင်က နေခိုင့်မှာ သူ့အရင် ချစ်သူတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတာသိရင် ခွင့်လွှတ်နိုင်ပါ့မလား၊ သူက နေခိုင့်ကို ချစ်သူမရှိဘူး၊ အပြစ်ကင်းစင်တဲ့သူလို့ ထင်နေပုံရတယ်၊ ပြီးတော့ နေခိုင်ကရော ခုချိန်ထိ ဘာဖြစ်လို့ ဖွင့်မပြောသေးတာလဲ . . ."

သူ့ကိုယ်သူ ချစ်သူပါဟု သုံးစွဲနေခြင်းကို လက်မခံနိုင်ပါ။

"ဒီမယ် . . . ကိုမင်းစိုးအောင်၊ ရှင်နဲ့ ကျွန်မဟာ ဘယ်တုန်းကမှ ချစ်သူ မဖြစ်ခဲ့ကြဘူး၊ ကျွန်မ ရှင့်ကို ချစ်လည်း မချစ်ခဲ့ဘူး"

"ဒီလို လက်လွှတ်စပယ် မပြောနဲ့လေ၊ တို့က အထောက်အထားနဲ့ပြောနေတာ"

"ဘာအထောက်အထားလဲ"

ဟု စိတ်မရှည်နိုင်စွာ အော်ပစ်လိုက်သည်။

"မင်းရေးခဲ့တဲ့ စာတွေလေ . . ."

ရင်ထဲတွင် ဒိန်းခနဲမြည်အောင် လန့်ဖျပ်သွားသည်။

"ဒါတွေက တမင်ရေးခဲ့တာတွေပဲ၊ ရှင့်ကို မုန်းလို့ သဇင်နဲ့





ပတ်သက်ပြီး ရှင့်ကို သင်ခန်းစာပေးချင်လို့ ကျွန်မ ရေးခဲ့တာ ရှင် အသိဆုံးပါ . . . ကိုမင်းစိုးအောင်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီလိုသဘောမျိုးရေးတာ ကိုရဲနိုင် မသိဘူးလေ"

"ရှင် မယုတ်မာနဲ့"

"ဘယ်သူကစပြီး ယုတ်မာခဲ့တာလဲ . . . နေခိုင်၊ ဘယ်သူကစပြီး ရက်စက်ခဲ့တာလဲ၊ ပြောစမ်းပါဦး"

"ဒီဇာတ်လမ်းကို ရှင်က စခဲ့တာလေ . . . ကိုမင်းစိုးအောင်၊ ကျွန်မ မဟုတ်ဘူး"

ဟု သူမ အသည်းအသန် ငြင်းလိုက်သည်။

"အံ့ဩဖို့ ကောင်းလိုက်တာ . . . နေခိုင်ရယ်၊ ဒီလို တစ်ဖက်သတ် စွဲချက်တွေနဲ့ အပြစ်ဒဏ် ချမှတ်ခဲ့တဲ့လူက မင်းပါ၊ ဒီအပြစ်ဒဏ်ကြောင့် တို့ ဘယ်လိုခံစားခဲ့ရတယ်ဆိုတာ မင်း မသိပါဘူး၊ ဒီနေ့ဒီအချိန်ထိ တို့ရင်ထဲမှာ နာကျင်နေတယ်၊ ဘယ်တော့မှ မကျက်တဲ့ ဒဏ်ရာက သွေးတွေ တစိမ့်စိမ့် ထွက်နေတုန်းပါပဲ"

"ကိုယ့်အလှည့်ကျ ပြောတတ်လိုက်တာ . . ကိုမင်းစိုးအောင်ရယ်၊ သဇင်က ရှင့်ထက်တောင် ပိုပြီး ခံစားခဲ့ရဦးမယ်၊ သဇင်အမိန်းကလေးဆိုတော့လည်း ရှင် နည်းနည်းပါးပါး ထည့်စဉ်းစားပါဦး"

"သဇင် . . . ဟုတ်လား၊ တို့ သဇင်ကို ဘာမှမလုပ်ခဲ့ဘူး"

"ရှင် ယောကျ်ားဖြစ်ပြီး သတ္တိမရှိဘူး၊ ဝန်မခံရဲဘူး ခုထိ သဇင်နဲ့ပတ်သက်ပြီး ရှင် လိမ်ညာနေတုန်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တို့ ဘယ်တုန်းကမှ မညာခဲ့ဘူး၊ ဒီစွပ်စွဲချက်က လုံးဝ မှားယွင်းနေတယ် . . . နေခိုင်၊ တို့ သဇင်နဲ့ ဘာမှမဖြစ်ခဲ့ဘူး၊ သူငယ်ချင်း တစ်ယောက်လိုပဲ ဆက်ဆံခဲ့တယ်၊ ဒီကိစ္စ သဇင် အထင်မှားတာပဲ ဖြစ်မယ်"

"ဒီအချိန်မှာ ရှင့်ဆီက ဖြေရှင်းချက်ကို ကျွန်မ မလိုချင်ဘူး၊ သဇင်လည်း ဒီမှာ မရှိဘူး . . နိုင်ငံခြားမှာ၊ ဖြစ်နိုင်ရင် ရှင့်ကို သဇင်နဲ့ မျက်နှာချင်းဆိုင်ပေးချင်ပါတယ်၊ သဇင်နဲ့တွေ့မှ ဒီစကားတွေ ပြောရမှာ . . . ရှင်က တွေ့ရဲရင် ပြောပါတယ်၊ ကျွန်မနဲ့ ဘာမှမဆိုင်ဘူးနော်၊ ကျွန်မနဲ့ ရှင်နဲ့ ဇာတ်လမ်းက ပြီးခဲ့ပြီ၊ ဒီအချိန်မှာ ရှင် အဲဒီဇာတ်လမ်းကို အသုံးမချသင့်ဘူး၊ အဲဒီစာတွေနဲ့ ကျွန်မကို မနှောင့်ယှက်သင့်ဘူး"

"ဒီလို ရှောင်ထွက်လို့ မရဘူး နေခိုင်၊ ဒီဇာတ်လမ်းက တို့နဲ့ သဇင်ရဲ့ဇာတ်လမ်းမှ မဟုတ်ဘဲ၊ နေခိုင်နဲ့ တို့ရဲ့ဇာတ်လမ်းပါ၊ တို့ နေခိုင်တစ်ယောက်ကိုပဲ ချစ်တယ်လို့ ပြောဖူးတယ်၊ ဘယ်သူ့ကိုမှ မပြောခဲ့ဘူး၊ နောင်လည်း ဒီစကားကို ဘယ်သူ့ကိုမှ မပြောတော့ဘူးလို့ တို့ သန္နိဋ္ဌာန်ချထားခဲ့တယ် . ."

"အို . . . ဒါတွေ ကျွန်မ မကြားချင်ဘူး"

ဟု ခါးသီးစွာ သူမ ပြောလိုက်သည်။

"တို့ မင်းကို ဘယ်လောက်ထိချစ်ခဲ့ရတယ် ထင်သလဲ နေခိုင်၊ ဒီနေ့ဒီအချိန်ထိ မင်းကို မေ့လို့ မရသေးဘူး၊ မနက်အိပ်ရာက နိုးတဲ့အချိန်တိုင်း သတိရတယ်၊ ဒီအချိန်ဆို ကျောင်းက လက်ဖက်





ရည်ဆိုင်မှာ မင်းကို စောင့်နေကျ . . . မင်းမျက်နှာလေးကို မြင်တွေ့နေကျ . . . မင်းက မခေါ်မပြော၊ မဆက်ဆံပေမယ့် မင်းကို ချစ်တဲ့စိတ်နဲ့ နေ့တိုင်း မပျက်မကွက် စောင့်မျှော်ခဲ့ဖူးပါတယ်"

"ကျွန်မ ဘာမှမသိချင်ဘူး"

ဟု ဒေါသတကြီး ရေရွတ်ကာ ဖုန်းကို လျှင်မြန်စွာ ချလိုက်သည်။ ထို့နောက် ဖုန်းနားမှ အမြန်ဆုံး ထွက်လာခဲ့သည်။ နောက်ထပ် ဖုန်းခေါ်လျှင် အိမ်ကတစ်ယောက်ယောက် ကိုင်ကြပါစေတော့။

အရေးထဲမှာ ကျောင်းတုန်းက ခံစားချက်တွေ လာပြောနေသေးသည်။ လက်ရှိဖြစ်နေသည့် ပြဿနာပင် ဘယ်နားရောက်သွားပြီ မသိ။ သူနှင့်တွေ့ဆုံကာ ဖြေရှင်းဖို့ ပြောမည့်စကားပင် မပြောဖြစ်လိုက်တော့။ ဆက်သွယ်ဖို့ ဖုန်းနံပါတ်လည်း မမေးမိပါ။ မေးလျှင်လည်း ပြောချင်မှ ပြောပေလိမ့်မည်။

အစကတည်းက နေရာနှင့်ဖုန်းကို လျှို့ဝှက်ထားသည်ပဲ။

ယခုတော့ မိမိဘက်ကချည်း တစ်ဖက်သတ် ဆက်သွယ်ခံနေရသည်။ ဤအတိုင်း ရှေ့ဆက်သွား၍ မဖြစ်တော့။ မိမိဘက်ကလည်း ပြောချင်သည့်အချိန် ပြောနိုင်ဖို့ အခွင့်အရေးရှိဖို့ လိုအပ်ပါသည်။ တွေ့ချင်သည့်အခါ သွားတွေ့နိုင်ရမည်။ သို့မဟုတ်ပါက လက်ခုပ်ထဲကရေလို သွန်လိုသွန် မှောက်လိုမှောက် ခံရပေလိမ့်မည်။

လောလောဆယ် ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်နေမိသည်။

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

ဟလေးကစားကွင်းတွင် ကိုရဲနိုင်သည် သူမတို့ကို လိုက်ရှာပြီး ရောက်လာသည်။ ကလေးများက ပူဆာကြသောကြောင့် မမနှင့် အတူ လိုက်ပို့ပေးရခြင်း ဖြစ်သည်။

ကိုရဲနိုင်က မမကို တွေ့သည်နှင့် "ဆရာမ . . နေကောင်းတယ်နော်" ဟု နှုတ်ဆက်သည်။ မမက တက္ကသိုလ်က ဆရာမ တစ်ဦး ဖြစ်သဖြင့် ထိုသို့ခေါ်ခြင်း ဖြစ်သည်။ ဘာကယ်တမ်း မမ၏ ကျောင်းသားတစ်ဦး မဟုတ်ပါ။

"နေကောင်းပါတယ်ကွယ်၊ ဒါနဲ့တွေ့တုန်း ပြောရဦးမယ်၊ မမက ဒီတစ်ပတ်အတွင်းမှာ နယ်ကို ပြောင်းရမယ်၊ အဲဒါ ညီမလေး . . . ခိုင်ကို အဖေါ်ခေါ်သွားမလို့၊ သူက အဲဒီမှာ ကျောင်းနေဖူးတော့ သွားလမ်း၊ လာလမ်း သိတယ်လေ"

"ဘယ်မြို့လဲ . . . ဆရာမ"

မမက ထိုမြို့၏နာမည်ကို ပြောလိုက်သည်။

"ခိုင် အဲဒီမြို့မှာ ကျောင်းတက်ဖူးလို့လား"

"မင်း မသိဘူးလား၊ ဒုတိယနှစ်အထိ အဲဒီမှာနေခဲ့တယ်လေ"





"ကျွန်တော် တကယ်မသိဘူး၊ ကျွန်တော်က ခိုင့်ကို ဒီရန်ကုန်မှာပဲ ကျောင်းပြီးတယ် ထင်တာ . . ."

ထိုအခါတွင် နေနေခိုင်က ဝင်ရောက်ပြီး ရှင်းပြရသည်။

"သူနဲ့ တစ်ခါမှ စကားစပ်ပြီး မပြောဖူးဘူး မမရဲ့၊ ပြီးတော့ အဲဒီမှာ ကျောင်းတက်ခဲ့ရတာလည်း အမှတ်တရ ပြောစရာဆိုလို့ ဘာမှ မရှိတာ"

"အမလေး . . . ညီမရယ် ဒီလောက် တန်ခိုးကြီးတဲ့ဘုရား ရှိတာ ပြောစရာမရှိဘူး ဖြစ်ရသေးတယ်" ဟု မမက သဘောမကျ ဟန်ဖြင့် မှတ်ချက်ချသည်။ ထိုအခါ ကိုရဲနိုင်က . . .

"ဟုတ်တယ် ဆရာမ . . . အဲဒီဘုရားကို ကျွန်တော် တစ်ခါမှ မဖူး ဖူးဘူး၊ မမတို့သွားရင် ကျွန်တော် လိုက်ခဲ့ရ ကောင်းမလား သိဘူး"

"မောင်ရဲနိုင် လိုက်ခဲ့ရင် ပိုအဆင်ပြေတာပေါ့ကွယ်၊ ဒါပေမဲ့ သက်ထပ်ကြမယ့်ကိစ္စက နီးနေရင် မခေါ်ဘူးနော်၊ တော်ကြာ မမက သိတတ်ရာ ရောက်နေဦးမယ်၊ မင်းတို့သဘောနော်"

ကိုရဲနိုင်က ဝမ်းသာသွားပြီး . . .

"ဒါဆိုရင် ကျွန်တော် လိုက်ခဲ့မယ်၊ ခိုင့်အတွက် ခွင့်ရဖို့ကတော့ ကျွန်တော့် တာဝန်ထား၊ ကျွန်တော် ပြောပေးထားလိုက်မယ် . . .၊ စိတ်ချပါ ဆရာမ"

ဟု အာမခံလိုက်သည့်အခါ သူမ ဘာပြောရမှန်းမသိအောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ ထိုမြို့ကို သူမ ခြေမချချင်။ အတိတ်၏အရိပ်တို့ ရှိသည့်မြို့။ မိမိတို့နှင့် ရင်းနှီးခင်မင်သည့်လူများ ရှိနေကြဦးမည်။ ထို့ကြောင့် . . .

"မောင်က အဲဒီလို သေချာပေါက် မပြောနဲ့လေ၊ ခွင့်ရ, မရ ဆိုတာ အလုပ်အခြေအနေပေါ် မူတည်တယ်၊ နိုင်ငံခြားက အမှာစာတွေ အရမ်းဝင်တဲ့အချိန်ဆို ဘယ်လိုလုပ်ပြီး ခွင့်ယူလို့ ရမှာလဲ"

ဟု မဆီမဆိုင်အကြောင်းပြလိုက်သည်။ ကိုရဲနိုင်က အရိပ်အကဲကို မသိ။

"မနေ့ကပဲ ကိုကြီးနဲ့ မောင်တို့ ခွင့်ကိစ္စ စကားပြောဖြစ်သွားသေးတယ်၊ စေ့စပ်ပွဲပြီးရင် သုံး၊ လေးရက်တော့ လျှောက်လည်ချင်တယ်လို့ . . . ဒီတော့ ကိုကြီး ဘာပြောတယ်ထင်လဲ၊ မင်းအတွက် ဆိုရင် သုံး၊ လေးရက် မပြောနဲ့၊ ကြိုက်သလောက် ခွင့်ပေးနိုင်တယ်တဲ့၊ ဒါပေမဲ့ စေ့စပ်မဲ့ အစီအစဉ်က ပျက်သွားတော့ ဒီကိစ္စ အကောင်အထည် မပေါ်လိုက်ဘူး"

"ကျွန်မ မသိဘဲ ဘာတွေလျှောက်လုပ်တာလဲ . . ." ဟုသာ ပြောနိုင်တော့သည်။ ခွင့်မရနိုင်ပါ . . . ဟု အကြောင်းပြ၍ မရတော့။

ကလေးများနှင့် ဆော့ကစားနေတုန်းက ပျော်ရွှင်ကြည်နူးခဲ့သမျှတို့သည် အငွေ့ပျံသွားသကဲ့သို့ ရုတ်ခြည်း ပျောက်ကွယ်သွားသည်။

၀ ၀ ၀



(၁၈)

နှုတ်ဆက်စကားပြောစက်မှတစ်ဆင့် ဦးဝင်းနိုင်က လှမ်းခေါ်သဖြင့် နေနေခိုင် အလျှင်အမြန်ပင် ရုံးခန်းဆီသို့ သွားလိုက်ရသည်။

ရုံးခန်းတံခါးဖွင့်ပြီး အထဲသို့ လှမ်းဝင်မိသည်နှင့် . . .

"ကဲ . . . မခိုင်ကို ခွင့်ပေးမယ့်ကိစ္စ ဘယ်သူမှ မသိစေချင်လို့ ခေါ်ပြောတာ၊ ဘယ်နှစ်ရက်ယူမယ် စိတ်ကူးထားလဲ"

ဟု ဦးဝင်းနိုင်က ပြုံးရွှင်စွာ ဆီးကြိုပြောတော့သည်။

"ကိုရဲနိုင်က ပြောထားပြီ ထင်တယ်"

"ဟုတ်တယ် . . ."

နေနေခိုင် တကယ်ပင် အားနာသွားသည်။ အလုပ်ကိစ္စနှင့် ပတ်သက်လျှင် သူမ စည်းကမ်းကြီးသည်ကို ဦးဝင်းနိုင် သိပါသည်။ ယခုကဲ့သို့ တစ်ခါမှ မပြောဖူးပါ။ ကိုရဲနိုင်နှင့် ပတ်သက်ပြီး အခွင့်အရေးယူသည်ဟု ထင်မှာ အကြောက်ဆုံး ဖြစ်သည်။

"ဒုက္ခပါပဲ . . . ကျွန်မဘာသာ ပြောမယ်လို့ အသေအချာ သတိပေးထားလျက်သားနဲ့ ပြောဖြစ်အောင် ပြောလိုက်သေးတယ်"

"ညီလေး ပြောတာလည်း မခိုင် ပြောသလိုပဲ အတူတူပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး နားလည်ပါတယ်၊ မနိုင်က အလုပ်မှာ စည်းကမ်းကြီးတယ်၊ ကြိုးစားတယ်ဆိုတာ . . . အခုလို ညီလေး ဝင်ပြောလိုက်တာကို မခိုင် ကြိုက်မယ်မထင်ဘူး၊ ဒါပေမဲ့ ညီလေးကို အပြစ်မတင်ပါနဲ့ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်ပါလို့ ကိုကြီးကပဲ တောင်းပန်ပါရစေ"

"ဟာ . . . အဲဒီလို မဟုတ်ပါဘူး၊ ဆရာ . . . တောင်းပန်ဖို့ မလိုပါဘူး"

ဟု သူမ ပျာပျာသလဲ တားဆီးလိုက်သည်။

"ညီလေးက ခွင့်မရမှာ တော်တော်စိုးရိမ်နေတယ်နဲ့ တူတယ်"

ဟု ရယ်ပြုံးပြုံးနှင့် နောက်နေသဖြင့် သူမ ရှက်သွားသည်။

"ကဲ . . . ခွင့် ဘယ်နှစ်ရက်ယူမယ်ဆိုတာ မစဉ်းစားရသေးဘူးဆိုလည်း တိုင်ပင်လိုက်ဦး . . . ပြီးတော့မှ ကိုကြီးကို တိုက်ရိုက်အသိပေးပေါ့၊ ဒါပါပဲ . . . မနိုင် ပြောစရာမရှိဘူးဆိုရင် သွားလို့ရပါပြီ"

"ဘာမှ ပြောစရာ မရှိပါဘူး၊ ခုလို ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် . . . ဆရာ၊ ကျွန်မအစ်မကို လိုက်ပို့ဖို့ သွားရမှာဆိုတာ ပြောသေးလား မသိဘူး"

"ညီလေး . . . ပြောပါတယ်"

နှစ်ယောက်တည်းသွားမည့်ခရီး မဟုတ်ကြောင်း သတိပေးပြီးပြီ ဖြစ်သဖြင့် ပြန်ထွက်ခဲ့တော့သည်။

စိတ်ထဲတွင် ကိုရဲနိုင်ကို သိပ်မကျေနပ်။ အတင်းခေါ်သည့်





ပကိုလည်း မကျေနပ်။ ထိုမြို့ကို သွားရမည့်ခရီးကိုလည်း မကျေနပ်။ အတိတ်မှ အရိပ်မည်းက ကပ်လိုက်နေသည်ကိုလည်း မကျေနပ်။ မကျေနပ်မှု မြောက်မြားစွာဖြင့် သူမ လျှောက်လာသည်။ ဘေးဘီဝဲယာကို သတိမထားနိုင်။

မိမိ၏ရုံးခန်းထဲသို့ စိတ်ရှုပ်ထွေးစွာနှင့် လှမ်းဝင်လိုက်စဉ် ကျောပေး၍ထိုင်နေသည့် လူတစ်ယောက်ကို အမှုမဲ့အမှတ်မဲ့ တွေ့လိုက်ရသည်။ ပထမတော့ သာမန်ဧည့်သည်တစ်ယောက်ဟု ထင်လိုက်သေးသည်။

သို့ရာတွင် အနည်းငယ်ရှည်သည့်ဆံပင်များကို သတိပြုမိသည်နှင့် ချက်ချင်း ဘယ်သူဟု အတပ်သိလိုက်တော့သည်။

"ရှင် ဘာလာလုပ်တာလဲ၊ အောက်တန်းကျလှချည်လား"

ဟု နာကြည်းမုန်းတီးစွာဖြင့် အော်ဟစ်လိုက်သည်။ တစ်ခဏ သတိလက်လွတ် ဖြစ်သွားသည်။ ထိုအခိုက်အတန့်တွင် သူမ၏အသံသာ ရုံးခန်းတစ်ခုလုံး ဖြတ်ကျော်သွားလေပြီ။

သူ့မျက်နှာက အနည်းငယ် တင်းမာသွားပြီး . . .

"မင်း ဘယ်လိုပြောလိုက်တာလဲ နေခိုင်"

"ဘယ်လို ပြောရမှာလဲ၊ အမှန်အတိုင်း ပြောတာ၊ ရှင် ဘယ်သူ့ ခွင့်ပြုချက်နဲ့ ဒီအခန်းထဲ ဝင်ထိုင်နေရတာလဲ၊ ဒီဟာ လူကောင်းတွေရဲ့အလုပ် မဟုတ်ဘူး"

"မင်းကရော ဘယ်လောက်ကောင်းလို့လဲ . . . နေခိုင်၊ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သား မရှိဘဲ ချစ်တယ်လို့ ပြောတတ်တဲ့ မိန်းမတစ်ယောက်ပဲ"

"ရှင် ဘာစကားပြောတာလဲ" ဟု အော်ရင်း စားပွဲကို ဒုန်းခနဲ ထုလိုက်မိသည်။ "ရှင်သာ ပါးစပ်ပါတိုင်း တွေ့သမျှ မိန်းကလေးကို လိုက်ပြောတတ်တဲ့ လူ" ဟု ဖျတ်ခနဲ စွပ်စွဲလိုက်သည်။

"မင်း ဒီလိုစွပ်စွဲချက်တွေနဲ့ ကာကွယ်လို့ မရဘူး နေခိုင်၊ မင်းဘက်က ဘာသက်သေပြစရာ ရှိသလဲ၊ ခိုင်လုံအောင် တစ်ခုခု တော့ တင်ပြရမယ်၊ သဇင်နဲ့ တွေ့ချင်တယ်ဆိုတော့လည်း ဒီမှာ မရှိဘူးလို့ မင်းပြောတယ်၊ မင်းစကားကို ဘယ်လို ယုံကြည်ရမှာလဲ၊ မင်း တမင်သက်သက် လှည့်စားနေတာပဲ"

"ရှင် မစော်ကားနဲ့၊ တမင်သက်သက် လိုက်ပြီး ဒုက္ခပေးနေတာက ဘယ်သူလဲ၊ ကျွန်မ မခေါ်ဘဲ ကျွန်မရုံးခန်းထဲကို ရောက်နေတာက ဘယ်သူလဲ . . . ကဲ ဖြေစမ်းပါဦး ကိုမင်းစိုးအောင်" ဟု ပြောရင်း ဒေါသမထိန်းနိုင်တော့ဘဲ ဖုန်းကို ကောက်ကိုင်လိုက်သည်။

သူက စိုးရိမ်မှု မရှိသည့် အသွင်ဖြင့် . . .

"မင်း . . . ဘယ်သူ့ဆီ ဖုန်းဆက်မလို့လဲ . . . နေခိုင်"

ဟု ခပ်အေးအေးပင် မေးလိုက်သည်။ ဖုန်းနံပါတ်ကို နှိပ်ရင်း . . .

"လုံခြုံရေးကိုခေါ်ပြီး ရှင့်ကို ဒီအခန်းထဲက ဆွဲထုတ်ခိုင်းမလို့"

"မခြိမ်းခြောက်ပါနဲ့ . . . နေခိုင်၊ တို့မှာ ကြောက်မွေးဆိုလို့





တစ်ပင်တောင် မရှိပါဘူး"

ဤသို့ မထီမဲ့မြင်လုပ်နေခြင်းကို သူမ အသည်းယားသည်။ နေနေခိုင် ဖုန်းဆက်လိမ့်မည် မဟုတ်ဟု ထင်နေပုံရသည်။ ဤသည်မှာ မိမိကို စိန်ခေါ်သည့် သဘော။ အထင်သေးသည့် သဘော။

"ဟဲလို . . . လုံခြုံရေးဂိတ်က ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်"

"ကျွန်မ စာရင်းအင်းက နေနေခိုင်ပါ၊ ကျွန်မအခန်းထဲမှာ ဧည့်သည်မဟုတ်ဘဲ လူတစ်ယောက် ရောက်နေတယ်၊ အလုပ်ကိစ္စနဲ့လည်း မပတ်သက်ဘူး၊ တမင် နှောင့်ယှက်သလို ဖြစ်နေတယ်၊ အဲဒါ လာကြည့်ပေးပါဦး၊ ကျွန်မ အလုပ်, လုပ်လို့ မရဘူး၊ ခုချက်ချင်း လာမှ ဖြစ်မယ်"

"ဟုတ်ကဲ့၊ ကျွန်တော် လာခဲ့ပါ့မယ်"

ဖုန်းဆက်နေတုန်း မင်းစိုးအောင် ထထွက်သွားလိမ့်မည်ဟု ထင်သည်။ သို့ရာတွင် ဖုန်းချပြီးသည်အထိ ထိုင်နေတုန်းပင်။ သူမကို ပြုံးသယောင်နှင့် စိုက်ကြည့်နေသည်။

နေနေခိုင်က စိတ်ချယုံကြည်သည့်အသွင်နှင့် "ငါးမိနစ်အတွင်း သူတို့အရောက်လာကြလိမ့်မယ်" ဟု နောက်ဆုံး သတိပေးလိုက်သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၁၉)

သူမ၏ရုံးခန်းထဲသို့ ရှေ့ဆုံးမှ ဝင်လာသူမှာ လုံခြုံရေးဝန်ထမ်း မဟုတ်ပါ။ ဤကုမ္ပဏီပိုင်ရှင် ဦးဝင်းနိုင်ပင် ဖြစ်သည်။

လုံခြုံရေး၏စည်းကမ်းကို နေနေခိုင် နားမလည်လိုက်ခြင်းသာ ဖြစ်ပါသည်။ ကုမ္ပဏီရုံးခန်းအတွင်းသို့ သာမန်လုံခြုံရေးကိစ္စရပ်ဖြင့် ဝင်ရောက်ခွင့် ရှိသော်လည်း ယခုကဲ့သို့ လူပုဂ္ဂိုလ်တစ်ဦးအား ဆွဲထုတ်ရမည့်ကိစ္စရပ်တွင် ကုမ္ပဏီ၏ အကြီးအကဲထံသို့ ခွင့်ပြုချက်တောင်းခံရပါသည်။

ဦးဝင်းနိုင်ကလည်း ဤသို့ အရေးကိစ္စမျိုး တစ်ကြိမ်တစ်ခါမှ မဖြစ်ဖူးသဖြင့် ကိုယ်တိုင် လိုက်ကြည့်ခြင်းဖြစ်သည်။ အထူးသဖြင့် နေနေခိုင်ကြောင့်ပဲ ဖြစ်သည်။ နေနေခိုင်က မကြာခင် ဦးဝင်းနိုင်သို့နှင့် ပတ်သက်၍ ဆွေမျိုးတော်စပ်လာမည့်သူ။ ထို့ကြောင့် ပို၍ဂရုစိုက်ခြင်း ဖြစ်ပါသည်။

ဦးဝင်းနိုင်သည် သူ့ကိုမြင်သည်နှင့် အံ့အားသင့်သွားပြီး . . .

"ဟာ . . . ဘယ်သူများလဲလို့ . . . ကိုမင်းစိုးအောင်ပါလား"

"ဟုတ်ကဲ့ . . ." ဟု ပြောကာ သူ ထရပ်ပြီး လက်ဆွဲနှုတ်





ဆက်လိုက်သည်။ ဦးဝင်းနိုင်က နေနေခိုင်ကို မမေးဘဲ သူ့ကိုပဲ မေးသည်။

"ဘယ်လို ဖြစ်ကြတာလဲ"

"ဦးဝင်းနိုင်က ကိုယ်တိုင်သွားကြည့်လိုက်ပါဆိုလို့ ကျွန်တော် စာရင်းဟောင်းတွေ လာကြည့်တာ"

"ဟုတ်တယ်လေ . . . ကိုမင်းစိုးအောင်၊ ကျွန်တော်တို့ ကုမ္ပဏီနဲ့ ဆက်သွယ်လုပ်ကိုင်နေတဲ့ လုပ်ငန်းတစ်ခုကို ဝယ်လိုက်ပြီး ကျွန်တော်တို့နဲ့ပဲ ဆက်လုပ်မယ်ဆိုတော့ အရင်က စာရင်းဟောင်းတွေ သိဖို့လိုအပ်တယ်လေ . . . အခု ကိုမင်းစိုးအောင် ဘယ်လို ပြဿနာ ဖြစ်နေလို့လဲ"

"ကျွန်တော် အဲဒီကိစ္စကို ဘာမှ မပြောရသေးဘူး၊ ဒီမှာ သူနဲ့ တွေ့နေတယ်၊ သူ့ကိုပဲ မေးကြည့်ပါ . . . ဦးဝင်းနိုင်၊ လုံခြုံရေးကို ခေါ်တာက သူလေ . . ."

အလုပ်ကိစ္စနှင့် လာပါလျက် အလုပ်ကိစ္စကို မပြောဘဲ တမင် အကြောင်းရှိက်သွားခြင်းဖြစ်ကြောင်း နေနေခိုင် ရိပ်စားမိသွားသည်။

ယခုတော့ သူမ၏အခန်းထဲတွင် ဦးဝင်းနိုင်အပြင် လုံခြုံရေးဝန်ထမ်း ငါးယောက်စလုံး ရောက်နေကြပြီ။ အခန်းဝမှ တခြားဝန်ထမ်းများကလည်း ရပ်ကြည့်နေကြသည်။

ထောင်ချောက်တစ်ခုပါပဲ။

သိလျက်နှင့် မိုက်မိုက်မဲမဲ ကျသွားခြင်း ဖြစ်သည်။

www.burmeseclassic.com



"ကျွန်မ သူ့ကို ရုတ်တရက် တွေ့လိုက်ရတော့ အလုပ်ကိစ္စနဲ့ လာတယ်လို့ မထင်မိဘူး . . . ဆရာ၊ ဒါနဲ့ တစ်ယောက်တစ်ခွန်း စကားများကြတယ်၊ ကျွန်မ လုံခြုံရေးကိုခေါ်မယ်ဆိုတဲ့အချိန်ထိ အလုပ်ကိစ္စကို ဘာမှမပြောဘူး၊ အခု . . . ဆရာရောက်လာတော့မှ သူ ပြောတာ"

သူက လက်ကာပြရင်း . . .

"*စကားများကြတယ်ဆိုတာ* သေသေချာချာ ရှင်းပြလိုက်လေ၊ ဒီလို လုံးချလို့ ရမှာလား၊ တို့ ဘာပြောတယ် . . . မင်း ဘာပြောတယ်ဆိုတာ တစ်ခွန်းချင်းပြောမှ သိမှာပေါ့၊ ဒီအတိုင်း ဦးဝင်းနိုင် ဘယ်နားလည်မလဲ"

ဟု မကျေမနပ်နှင့် ဝင်ပြောသည်။

ဤအခြေအနေတွင် ပြော၍မဖြစ်ပါ။ အခန်းထဲတွင် ဦးဝင်းနိုင်တစ်ယောက်တည်း ရှိလျှင် အကြောင်းစုံကို မခြွင်းမချန် ပြောဝံ့ပါသည်။ ထိုသို့ပြောလိုက်သဖြင့် ဖြစ်လာမည့် အကျိုးဆက်များကို သူမ ရင်ဆိုင်ရဲပါသည်။ နေနေခိုင်သည် ဤမျှ သွေးနည်းသည့်သူ မဟုတ်ပါ။

ယခုတော့ အခန်းထဲတွင် တခြားရုံးဝန်ထမ်းများအပြင် မဆီမဆိုင် လုံခြုံရေးများကပါ ရောက်ရှိနေသောကြောင့် ဇာတ်စုံခင်းပြလိုက်လျှင် မိမိကို အရှက်နည်းသူဟုသာ ထင်ကြပေလိမ့်မည်။ မည်သည့်နည်းနဲ့မှ မသင့်တော်ပါ။





ဦးဝင်းနိုင်က ရေငုံနှုတ်ပိတ်နေသည့် သူမဘက်က အမှားတု ထင်မှတ်ပြီး ဖာဖာထေးထေးနှင့် အေးရာအေးကြောင်း ဝင်တောင်းပန်သည်။

"ဘယ်လိုမှ စိတ်ထဲ မထားပါနဲ့ ကိုမင်းစိုးအောင်၊ ကျွန်တော့်ဝန်ထမ်းတွေဘက်က မှားတယ်ဆိုရင် ကျွန်တော်ကပဲ တောင်းပန်ပါတယ်၊ တကယ်ပါ၊ ကျွန်တော့်ကုမ္ပဏီမှာ လုံးဝ ဖြစ်လေ့ဖြစ်ထမရှိတဲ့ ကိစ္စပါ . . . အထူးသဖြင့် ဒီမိန်းကလေးဆိုရင် အင်မတန်အမှားနည်းပါတယ်၊ ဒါပေမဲ့ ကျွန်တော်ခေါ်ပြီး ဆုံးမပါ့မယ်၊ ဒီကိစ္စကို ဗွေမယူပါနဲ့ဗျာ . . . နောင်ဆိုရင် ဒီလိုပြဿနာမျိုး မဖြစ်စေရပါဘူးလို့ ကျွန်တော် တာဝန်ယူပါတယ်"

"ဟာ . . . မဟုတ်တာ ဦးဝင်းနိုင်ကလည်း၊ ကျွန်တော်က တောင်းပန်ရမဲ့လူ မဟုတ်ပါဘူး၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး"

ဟု ပြောကာ တစ်ယောက်လက်ကိုတစ်ယောက် ဆွဲကိုင်ခါယမ်းလိုက်ကြသည်။

"ကဲ . . . ကိုမင်းစိုးအောင် ကျွန်တော့်ရုံးခန်းထဲ လိုက်ခဲ့ပါဦး" ဟု ဆွဲခေါ်ရာမှ သူမဘက်သို့ လှည့်ကာ . . .

"နေနေခိုင်လည်း ခဏလိုက်ခဲ့ . . " ဟု မှာကြားသွားသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၂၀)

"ကိုမင်းစိုးအောင်က ရန်ကုန်ကို လုပ်ငန်းတိုးချဲ့ဖို့ ရောက်လာတာ၊ ဒီမှာ ကားဂိတ်နဲ့ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတစ်ခု ဝယ်လိုက်တာ သိပ်မကြာသေးဘူး၊ အရင်က မန္တလေးမှာပဲ အလုပ်, လုပ်တယ်၊ အခု . . . ကိုကြီးတို့နဲ့ လုပ်ငန်းသဘော ဆက်သွယ်နေတဲ့ ကုန်စည်ပို့ဆောင်ရေးတစ်ခုကို လက်လွှဲယူတော့မယ်၊ အဲဒါကြောင့် အရင်လုပ်ငန်းဟောင်းရဲ့ စာရင်းဇယားတွေ လာကြည့်တာ"

"ဟုတ်ကဲ့ . . " ဟု နေနေခိုင် ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ဦးဝင်းနိုင်ကတော့ သူမတို့နှစ်ယောက်ကို ပြဿနာ ကျေအေးပြီး ရင်းနှီးကျွမ်းဝင်စေလိုသည့် ရည်ရွယ်ချက်နှင့် မိတ်ဆက်ပေးနေခြင်း ဖြစ်ပါလိမ့်မည်။

"သူကတော့ နေနေခိုင်ပါ၊ စာရင်းအင်းဌာနကပေါ့၊ နောင် ကိုမင်းစိုးအောင် လိုအပ်တာကို သူ ကူညီပါလိမ့်မယ်၊ တစ်ယောက်ကိုတစ်ယောက် သိသွားကြပြီပဲ၊ ကဲ . . . မခိုင် သွားနိုင်ပါပြီ"

ဟု ဦးဝင်းနိုင်က ခွင့်ပြုလိုက်သည်။

အပြင်ဘက်သို့ ရောက်သည်နှင့် နာကြည်းဒေါသကြောင့် အံကြိတ်လိုက်မိသည်။

ဝ ဝ ဝ



နောက်တစ်နေ့မှစပြီး တစ်လ ခွင့်ယူလိုက်သည်။

ပထမ မေမေ မသိသေး။ နံနက်စာ, စားပြီး အဝတ်အစားမလဲ အလုပ်သွားဖို့ မပြင်ဆင်သေးသည်ကို သတိပြုမိကာ . . .

"သမီး အလုပ်သွားဖို့ အချိန်နီးနေပြီလေ၊ ဘာမှ မလုပ်သေးဘူးလား"

"သမီး ခွင့်ယူထားတယ် မေမေ၊ မမနဲ့အတူ လိုက်သွားမလို့"

"သမီးမမ သွားမှာက လေး၊ ငါးရက်တောင် လိုပါသေးတယ်၊ အခုကတည်းက စပြီး ခွင့်ယူစရာ မလိုပါဘူး၊ သွားမယ့်နေ့ တစ်ရက်အလိုလောက်မှ ယူရင် ဖြစ်ပါတယ်"

"မေမေ ဘာသိလို့လဲ၊ ဟိုရောက်ရင် ကလေးနှစ်ယောက်ကို သမီး ထိန်းရမှာ၊ ဘယ်လောက်ပင်ပန်းမယ် ထင်သလဲ၊ အဲဒါကြောင့် ကြိုပြီး အနားယူထားတာ"

သူမ၏ဆင်ခြေကြောင့် မေမေ နှုတ်ခမ်းမဲ့ကာ ထွက်သွားလေသည်။

တကယ်တော့ မင်းစိုးအောင်နှင့် မတွေ့ချင်၍ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့သည့်အခါတိုင်း စိတ်မထိန်းနိုင်အောင် ဒေါသဖြစ်မိသည်ချည်း။ ဘယ်ဘ၀က ရေစက်ပါလာသည် မသိ။ မင်းစိုးအောင်၏ မျက်နှာကို မြင်ရလျှင် နေလိုမီးလို ပူသကဲ့သို့ ခံစားရသည်။

ယခုအချိန်ထိ မိမိဘက်က မည်သည့်အခွင့်အရေးမှ မရသေးပါ။ မင်းစိုးအောင်ဘက်က အခြေအနေ ကောင်းနေသည်။ သူ့စိတ်ကြိုက် လှုပ်ရှားကစားခွင့် ရရှိနေသည်။ ဤအနေအထားမှ ပြောင်းလဲသွားအောင် မည်သို့လုပ်ရမည် မသိ။

ယခု အေးအေးဆေးဆေး နားနေရသည့်အချိန်တွင် ထိုကိစ္စကို စဉ်းစားရမည်။

ရုံးပိတ်ရက် မဟုတ်ဘဲ အနားယူသည့်နေ့ဟူ၍ တစ်ရက်မှ မရှိခဲ့သောကြောင့် စိတ်ထဲတွင် လစ်ဟာသလိုလို ယောင်ချာချာ ဖြစ်နေမိသည်။

ဝ ဝ ဝ



# အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com

(၁)

အချစ်ဆိုသည့်အရာကို တံလျှပ်တစ်ခုကဲ့သို့ မြင်တွေ့လိုက်ရသည်။

ပူပြင်းခြောက်သွေ့၍ အဆုံးအစမဲ့သော ကန္တာရ၏ တစ်နေရာတွင် တစ်ခဏ မြင်လိုက်ရခြင်း ဖြစ်သည်။ ထိုတံလျှပ်က အိုအေစစ်တစ်ခုအသွင် ဆောင်ပါသည်။

စိမ်းစိုသော သစ်ပင်အုပ်နှင့်။ နားခိုစရာ မြေအုတ်တဲငယ်များနှင့် . . .

တသွင်သွင် ယိုစီးကျနေသည့် ရေတွေ . . .။

အပင်အုပ်၏အလယ်တွင် ကန်ငယ်တစ်ခု ဖြစ်ထွန်းနေ၏။ မည်သည့်အခါ မခန်းခြောက်နိုင်သည့်အသွင် ရှိ၏။ ကြည်လင်အေးမြနေပေလိမ့်မည်။

သစ်ပင်များကလည်း ဝင်းမှည့်လတ်ဆတ်သည့် အသီးတွေ အပြည့်နှင့် ရှိကြသည်။ သစ်သီးမျိုးစုံ . . .။ ထို့အပြင် လဲလျောင်းဖွယ်ကောင်းသည့် မြက်ခင်းစိမ်းစိမ်းလည်း တဲ၏အနီးအနားတွင် ရှိသည်။ သဘာဝ၏ လက်ဆောင်ဖြစ်သော ပန်းပင်တို့သည်လည်း မွှေးပျံ့သည့် ရနံ့နှင့် တစ်တော, တစ်အုပ် ထနေ၏။





သဘာဝ၏ ဂီတဖြစ်သည့် ငှက်ကျေးသံသာကိုလည်း ကြားနေရသည်။

သိပ်မဝေးတော့။

နည်းနည်းခြေလှမ်းလိုက်လျှင်ပင် ရောက်တော့မည်။ ဝမ်းသာလိုက်တာ၊ ကြည်နူးလိုက်တာ၊ အေးချမ်းလိုက်တာ။ မည်သည့်ဒုက္ခမှ မရှိတော့။ ပျော်ရွှင်ခြင်းများစွာနှင့် သူ ပြေးသွားလိုက်သည်။

တံလျှပ်ပါပဲ . . .။

အရာအားလုံး ရုတ်ခြည်းပျောက်ကွယ်ပြီး မီးလိုပူပြင်းသည့် သဲပြင်သာ တွေ့ရသည်။ ယခုတော့ ထိုကန္တာရထဲတွင် သူ တစ်ယောက်တည်း လျှောက်နေဆဲပါ။ ဤသို့သော ခံစားချက်မျိုးကို နေနိုင် နားလည်နိုင်ပါ့မလား။

သူမကိုယ်၌က ထိုတံလျှပ်ကို ဖန်ဆင်းခဲ့သည်ပဲ။

o o o



www.burmeseclassic.com

www.burmeseclassic.com

(၂)

တံလျှပ်သည် ကန္တာရ၏မာယာ ဖြစ်သည်။

မင်းစိုးအောင်သည် လက်ကျန်လက်ဖက်ရည်ကို မော့သောက်ရင်း နံနက်ခင်း၏သက်ဝင်ပုံရိပ်ကို ခပ်စူးစူးကြည့်နေမိသည်။

မည်သည့်နေရာက ဝင်လာသည်မသိ။ လက်မှတ်ရောင်းစာရေး ကိုဘလှက စားပွဲရှေ့တွင် လာရပ်ပြီး "ကိုမင်းစိုးအောင် . . . ခင်ဗျား ဧည့်သည်တွေ ဂိတ်မှာ ရောက်နေတယ်၊ ခင်ဗျားနဲ့တွေ့ချင်လို့တဲ့" ဟု ပြောလိုက်သည်။

"ဘယ်သူတွေလဲ၊ ခင်ဗျား သိလား"

"နာမည်တွေတော့ ကျွန်တော် မသိဘူး၊ ခင်ဗျားနဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေပဲ၊ သုံးလေးယောက်လောက် ရှိလိမ့်မယ်"

"ကျွန်တော် ဒီလက်ဖက်ရည်ဆိုင်မှာ ရှိနေတာပဲ၊ ဒီကို လွှတ်လိုက်ရောပေါ့ . . . ကိုဘလှရယ်"

"ကျွန်တော်လည်း သိပါတယ်၊ မနက်ဆို ကိုမင်းစိုးအောင် လက်ဖက်ရည်ဆိုင်မှာပဲ ရှိတတ်တာ၊ ဒါပေမဲ့ ကိုမင်းစိုးအောင်က ဒီမှာ လက်ခံပြီး တွေ့ချင်မှ တွေ့မယ်ထင်လို့ . . . ကျွန်တော် လာပြော





ပြောတာ"

ကိုဘလှပြောတာ မှန်ပါသည်။ တစ်ခါတစ်ရံ တချို့ဧည့်သည်များကို သူ လက်ဖက်ရည်ဆိုင်တွင် မတွေ့ချင်ပါ။ ယခုရောက်နေသည့်သူများမှာ ဧည့်သည်ဟု သတ်မှတ်ရမည့်သူများ မဟုတ်ပါ။ ကျောင်းနေဖက်သူငယ်ချင်းဟူသည် ဧည့်သည်ထက် ပို၍ လေးနက်သည် ထင်၏။ မည်သည့်ဟန်ဆောင်မှုမှ လုပ်စရာအကြောင်း မရှိပါ။ ရာထူး၊ အဆင့်အတန်းနှင့် ငွေကြေးဥစ္စာတို့ မည်မျှ ကွာခြားစေကာမူ တစ်ပြေးညီဟု စိတ်မှာ ထင်ကြပါသည်။

"ကျွန်တော် ဒီကပဲ စောင့်နေမယ်၊ သူတို့ကို လွှတ်လိုက်ပါ"

ဂိတ်မှာဆိုလျှင် အလုပ်သမားများ၊ တခြားသူစိမ်းများ ရှိနေသဖြင့် စကားပြောဆိုရသည်မှာ မလွတ်လပ်နိုင်ပါ။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်ကိုပဲ ခေါ်လိုက်ခြင်း ဖြစ်သည်။

ကိုဘလှ ထွက်သွားပြီး သိပ်မကြာမီ မိုးလွင်ဦးဆောင်သည့် သူငယ်ချင်းတွေ ဆိုင်သို့ ချီတက်လာကြသည်။

"စောစောစီးစီး မင်းတို့ ဘယ်လိုလူစုလာကြတာလဲ"

ဟု ဆီးကြို၍ မေးလိုက်သည်။ ထိုအခါ မိုးလွင်က တအံ့အသြနှင့် ကြည့်ကာ . . .

"ဒီလထဲမှာ ဒီကောင် . . . ဇော်လေး မင်္ဂလာဆောင်မယ်လို့ ပြောထားတယ်လေ၊ မင်း မေ့နေပြီ ထင်တယ်၊ အခု . . . ငါတို့က ဖိတ်စာလိုက်ဝေဖို့ ထွက်လာကြတာ၊ ထွက်,ထွက်ချင်း မင်းဆီ တန်း



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပဲ၊ မနေ့က ငါတို့ ဖုန်း သုံး လေးကြိမ် ခေါ်ပါသေးတယ် မင်း မရှိဘူး၊ အပြင်ထွက်သွားတယ်လို့ ပြောတယ်" ဟု ပြောဖြ သည်။

"ဟုတ်တယ် . . . ငါ ကိစ္စတစ်ခုနဲ့ အပြင်ထွက်သွားတယ်"

"မင်း နေနေခိုင်နဲ့ သွားတွေ့နေတာလား"

"မဟုတ်ပါဘူး" ဟု သူ မလုံမလဲနှင့် ငြင်းလိုက်သည်။

"မင်း မညာစမ်းပါနဲ့ မင်းစိုးအောင်ရာ၊ ငါတို့က ငယ်ငယ်လေး ကတည်းက ပေါင်းလာခဲ့ကြတဲ့သူငယ်ချင်းတွေပါ၊ မင်း ဘယ်လိုရည် ရွယ်ချက်နဲ့ လုပ်နေတယ်ဆိုတာ ငါ ရိပ်မိပါတယ်၊ နေနေခိုင်အပေါ် မင်း ဘယ်လို စွဲလမ်းခဲ့တယ်၊ ချစ်ခဲ့တယ်ဆိုတာ ငါ သိတယ်၊ အခု မနက်တိုင်း လက်ဖက်ရည်ဆိုင်ထိုင်နေတာက မင်း သတိရလို့ မ ဟုတ်လား၊ အေး . . . ဒီလိုပဲ နေနေခိုင်အပေါ် မင်း မုန်းတာ ငါ အပြစ်မပြောပါဘူး၊ မင်း မုန်းပါ၊ မုန်းသင့်မုန်းထိုက်လို့ မုန်းတာ ဒါပေမဲ့ သူများဘဝပျက်သွားအောင်တော့ မလုပ်သင့်ဘူး ထင်တယ်"

"မင်း တားလို့မရတော့ဘူး သူငယ်ချင်း၊ အမုန်းတွေက ငါ့ရင် ထဲမှာ မီးတောက်သလို တောက်လောင်နေကြပြီ၊ ဒီမီးကို ဘယ်သူမှ ငြိမ်းသတ်လို့ရမှာ မဟုတ်ဘူး"

ဟု ဆို့နင့်စွာဖြင့် ပြောလိုက်သည်။ "မဟုတ်သေးပါဘူးကွာ" ဟု မိုးလွင်က ထပ်ပြောဖို့ ကြိုးစားသည်။ သူက လက်ကာပြရင်း . . .





"ငါ သူ့ကို မတွေ့ခဲ့ရင်အကောင်းသား၊ ငါ သူ့ကို လိုက်ရှော ခဲ့ပါဘူးကွာ၊ တကယ်ပါ၊ ဒါပေမဲ့ မမျှော်လင့်ဘဲ ပြန်ဆုံလိုက်ရတော့ ကူးခံရသလို ရင်ထဲမှာ မီးတောက်သွားတယ်၊ ကံဆိုးချင်တော့ သူက လွတ်လပ်သူတစ်ယောက် ဖြစ်နေသေးတယ်၊ ဒီအချိန်မှာ သူ့မှာ ချစ်သူရှိချင် ရှိမယ်၊ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့လူ ရှိချင် မယ်၊ ဒါပေမဲ့ အဲဒါတွေ ငါ လုံးဝ ဂရုမစိုက်ဘူး . . . သူငယ်ချင်း"

"မင်းစိတ်ဓာတ်ကို ငါ သိပါတယ် . . . မင်းစိုးအောင်၊ ဟို တစ်ချိန်တုန်းက သူတို့မြို့အထိ မင်း လိုက်သွားသလို . . . ခုလည်း နောက်ဆုံးအချိန်ထိ ရေဆုံးရေဖျား ကြိုးစားဦးမယ်၊ နောက်ဆုံးအ ချိန်ဆိုတာ သူ လက်ထပ်သွားတဲ့အချိန်ပဲ မဟုတ်လား"

"ဟုတ်ပါတယ်" ဟု သူ ဝန်ခံလိုက်သည်။

သူ့မျက်လုံးတို့က ပြင်းပြသည့် ယုံကြည်ချက်တို့နှင့် တင်းမာ သယောင်ရှိသည်။ မိုးလွင်က သူ့ကို မည်သို့မှ တားရမည်မဟုတ် ည်ကို သဘောပေါက်သွားသည်။ ထို့ကြောင့် ဖိတ်စာကိုပဲ လှမ်း ရင်း . . .

"မင်း ဘယ်မင်္ဂလာဆောင်ကိုမှ မသွားဘူးဆိုတာ ငါ သိပါ ယ်၊ ဒါပေမဲ့ တို့ဘက်က ဖိတ်ရမယ့်ဝတ္တရားရှိလို့ လာပေးတာ" ဟု နောက်ဆုံးအနေနှင့် ပြောဖြစ်အောင် ပြောသွားသေး ည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၃)

ကုမ္ပဏီရုံးသို့ သူ ရောက်သွားသည်။

နေနေခိုင် ခွင့်ယူသွားပြီဟု သိလိုက်ရ၏။ နောက်ဝန်ထမ်းတစ်ဦး၏ အကူအညီနှင့် စာရင်းဟောင်းများ ပြန်စစ်ကြည့်ခဲ့ရသည်။

○ ○ ○



(၄)

နှုန်းဆက်နေရင်းက အခန်းထဲသို့ ဝင်လာသည့် အမျိုးသမီးတစ်ယောက်ဆီ အကြည့်ရောက်သွားသည်။ ထိုအမျိုးသမီးက လက်မှတ်ရောင်းစားပွဲရှေ့တွင် ရပ်လိုက်သည်။

သေချာစွာကြည့်စရာ မလိုဘဲ နေနေခိုင်၏အစ်မဟု ခန့်မှန်းသိလိုက်သည်။

ထို့ကြောင့် ထိုင်နေရာမှ ထပြီး လက်မှတ်ရောင်းသည့်နေရာသို့ လျှောက်သွားကာ “ဘာကိစ္စများ ရှိလို့ပါလဲ၊ ဆရာမကို ဘာတွေကို ဆောင်ရွက်ပေးရမှာလဲ” ဟု ရယ်ပြုံးနှုတ်ဆက်၍ မေးလိုက်သည်။

နေနေခိုင်၏အစ်မဖြစ်သူ ဒေါ်သက်သက်နိုင်က ဇဝေဇဝါဖြစ်သွားဟန်တူသည်။

“ကျွန်တော်က နေနေခိုင်နဲ့ တစ်ကျောင်းတည်း အတူတက်ဖူးပါတယ်၊ အဲဒါကြောင့် ကျွန်တော် ဆရာမကို သိတာပါ”

“အော် . . . ညီမလေးရဲ့ သူငယ်ချင်းလား”

“ဟုတ်ပါတယ်၊ ကျွန်တော့်နာမည် မင်းကိုးအောင်ပါ

www.burmeseclassic.com



ဆရာမ က သိမယ်မထင်ပါဘူး”

“အေးကွယ် . . . စိတ်မရှိပါနဲ့၊ ဆရာမက -------မြို့ကို ပြောင်းရမယ်လေ၊ အဲဒါ အိမ်ထောင်ပစ္စည်းတွေ ပို့ချင်လို့ . . . လာစုံစမ်းတာ”

သူ တော်တော်လေး အံ့အားတသင့် ဖြစ်သွားသည်။ ဒေါ်သက်သက်နိုင်က သူတို့တက်ခဲ့သည့် ကောလိပ်ကို ပြောင်းရွှေ့ရမည် ဖြစ်သည်။ ယခုတော့ ကောလိပ်အဆင့်မှ တက္ကသိုလ်ဖြစ်သွားခဲ့ပါပြီ။

“ဟုတ်ကဲ့ . . . ကျွန်တော် အကောင်းဆုံး စီစဉ်ပေးပါ့မယ်၊ ဆရာမ အထဲကို ဝင်ပါဦး၊ အေးအေးဆေးဆေး စကားပြောရတာပေါ့”

ဟု သူ ဖိတ်ခေါ်လိုက်သည်။

o o o



(၁)

“သူက ညီမလေးရဲ့ သူငယ်ချင်း မဟုတ်ဘူး”

နေနေခိုင်သည် လိပ်စာကတ်ကို ပြုံးပြုံးပျာပျာကြည့်ရင်း နာကျင်စွာ အော်ပြောလိုက်ခြင်းဖြစ်သည်။ ကတ်တွင် သူ့နာမည်နှင့် လုပ်ငန်းလိပ်စာတို့အပြင် ဖုန်းနံပါတ်နှစ်ခု ပါသည်။ ဤဖုန်းများဖြင့် သူမကို နှောင့်ယှက်ခဲ့ခြင်း ဖြစ်မည်ထင်၏။

“မင်းစိုးအောင် ပြောတော့ ညီမလေးနဲ့အတူ ကျောင်းတက်ခဲ့တယ်၊ အခု မမ ပြောင်းရမဲ့ တက္ကသိုလ်မှာလို့ ပြောတယ်၊ မမ မေးကြည့်တော့ သဇင့်ကိုလည်း သူသိတယ်၊ သဇင်နဲ့သူက ဘာသာရပ် တစ်ခုတည်းတဲ့၊ ကဲ . . . မင်းစိုးအောင်က ညီမလေးရဲ့ သူငယ်ချင်း မဟုတ်ရင် ဘာလဲ . . .”

“ရန်သူ . . .”

မထင်မှတ်သည့်စကားကြောင့် မမ အံ့အားတသင့်နှင့် “တော” ဟု ရေရွတ်လိုက်သည်။ ထိုရာတွင် မမက ချက် . . ဆိုသည်နှင့် နားခွက်က မီးတောက်သကဲ့သို့ အကင်းပါးသူတစ်ယောက် ဖြစ်သဖြင့် ချက်ချင်း သူမအပေါ် သံသယဝင်သွားသည်။

www.burmeseclassic.com



"မဟုတ်မှ လွဲရော . . . မင်းစိုးအောင်ဟာ ဉ[illegible]ရဲ့ ရည်းစားဟောင်း မဟုတ်လား"

မမက တက္ကသိုလ်ကဆရာမတစ်ဦးဖြစ်သည်ကို သူမ မေ့နေမိသည်။ ကျောင်းသား၊ ကျောင်းသူတို့၏ နှလုံးသားရေးရာများကို ဆရာမတစ်ဦးဖြစ်သဖြင့် ပို၍သဘောပေါက်သည်။ ထို့ကြောင့် နှလုံးသားရေးရာဇာတ်လမ်းတစ်ခုတော့ ရှိရမည်ဟု တပ်အပ်သေချာယူဆပြီး တန်းခနဲ မေးလိုက်လေသည်။

"ညီမလေး သူ့ကို မချစ်ဘူး၊ ညီမလေး သူ့ကို မုန်းတယ်။ ဒါပေမဲ့ . . . ပြောကြကြေးဆိုရင် ချစ်သူ ဖြစ်ခဲ့ကြတယ်၊ အစစ်မဟုတ်ဘူး"

"ဒီပုံအတိုင်း ပြောနေလို့ကတော့ မမ ဘာမှနားလည်မှာမဟုတ်ဘူး . . . ညီမလေး၊ ဒီတော့ အစကနေ အဆုံးထိ ရှင်းပြစေတော့"

ဟု မမက မြင်ပြင်းကတ်စွာ ပြောလိုက်သည်။

သူမ စိတ်ဆိုးဒေါသဖြစ်နေသည့်ကြားက ရယ်ချင်သွားသည်။

○ ○ ○



(၆)

ကိုဘလှက ဖုန်းကို ကိုင်ထားရင်း . . . "ကိုမင်းစိုးအောင် . ." ဟု လှမ်းခေါ်သည်။ မိမိ၏ဖုန်းဖြစ်ကြောင်း သိလိုက်သည်။ ထို့ကြောင့် ပစ္စည်းတင်,ချနေသည်ကို ရပ်ကြည့်နေရာမှ ပြန်လှည့်ဝင်လာခဲ့သည်။

ကိုဘလှဆီမှ ဖုန်းကို လှမ်းယူလိုက်ပြီးနောက် . . .

"ဟဲလို . . . ပြောပါ" ဟု အသံပေးလိုက်သည်။ ထိုအခါတွင် "မောင်မင်းစိုးအောင်လား . . . ဆရာမပါ . ." ဟု ဆရာမဒေါ်သက်သက်နိုင်၏ အသံကို ကြားလိုက်ရသည်။

"ဟုတ်ကဲ့ . . . ဆရာမဒေါ်သက်သက်နိုင်ဆိုတာ ကျွန်တော် သိပါတယ်"

"ဆရာမ ပို့ခိုင်းထားတဲ့ အိမ်ထောင်ပစ္စည်းတွေကို မေးချင်လို့"

"ဒီနေ့ပဲ အဲဒီမြို့ကို ရောက်ပါလိမ့်မယ်၊ ကျွန်တော်တို့ဆိုင် ဂရုတစိုက်နဲ့ ကားပေါ် တင်ပေးလိုက်တာပါ၊ ဘာမှ [illegible] မရှိပါဘူး၊ ဒီနေ့ ရောက်သွားရင် မနက်ဖြန်တော့ ဆရာမရဲ့ [illegible] ပို့ပေးနိုင်ပါပြီ၊ ဆရာမ အဲဒီကျောင်းကို အပြောင်းအ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ယောက်ယောက်က ပစ္စည်းတွေကို လက်ခံမယ်ဆိုရင် ကျွန်တော်တို့ အခန်းရောက်ထိ ပို့ပေးပါ့မယ်၊ ဒီအတွက် အဲဒီက ဂိတ်ကို ကျွန်တော် ပြောထားပြီးပြီ၊ ဆရာမ ဘယ်လိုလုပ်ချင်တယ်ဆိုတာပဲ ပြောပါ"

နားလည်သဘောပေါက်အောင် အသေးစိတ် ရှင်းပြလိုက်သည်။

"ခုလို ဂရုစိုက်ပေးတဲ့အတွက် မောင်မင်းစိုးအောင်ကို ကျေးဇူးတင်ပါတယ်ကွယ်၊ မောင်မင်းစိုးအောင် အကြံပေးတဲ့အတိုင်း အဲဒီက တစ်ယောက်ယောက်ကို ဆရာမ ဆက်သွယ်ပါဦးမယ်၊ ပြီးတော့မှ အကြောင်းကြားမယ်လေ"

"ရပါတယ် . . ဆရာမ၊ ဘာမှ ပြဿနာ မရှိပါဘူး"

"ဒါနဲ့ မောင်မင်းစိုးအောင် ဆရာမ တစ်ခုတော့ ပြောရဦးမယ်"

"ပြောပါ"

"ဆရာမတို့အတွက် ကားလက်မှတ်ငါးစောင် ယူခိုင်းထားတယ် မဟုတ်လား၊ အခု ဆရာမတို့ကို အသိမိတ်ဆွေတစ်ယောက်က ကားကြုံလိုက်ခဲ့ဖို့ ပြောတယ်၊ ဆရာမတို့လည်း သွားမယ်ဆိုတာ သူ သိနေတာကိုး၊ ငြင်းလို့ကို မရဘူးလေ၊ အတင်းခေါ်နေတာနဲ့ အဲဒီလက်မှတ်တွေ မယူဖြစ်တော့ဘူးဆိုတာ ပြောချင်တာပါ . . . မောင်မင်းစိုးအောင်"

စိတ်ထဲတွင် ထင့်ခနဲ သံသယဖြစ်သွားသည်။ ဤသည်မှာ





နေနေခိုင်၏လက်ချက်ပဲ ဖြစ်ပေလိမ့်မည်။ နေနေခိုင်က သူ့အစ်မကို ပြောပြလိုက်ပြီလား။

"ကိစ္စ မရှိပါဘူး . . . ဆရာမ၊ ဒီအတွက် ဘာမှအားမနာပါနဲ့၊ ကျွန်တော် မနက်ဖြန်နေ့လည်ထိ စောင့်ကြည့်ပေးပါ့မယ်၊ ဆရာမတို့ဘက်က သေချာတယ်ဆိုရင် ဖုန်းဆက်မနေပါနဲ့၊ ဖုန်းမဝင်ရင် ကျွန်တော် အဲဒီလက်မှတ်တွေ ရောင်းခိုင်းလိုက်တော့မယ်"

"ဆရာမတို့ကို စောင့်ဖို့ မလိုပါဘူး . . မောင်မင်းစိုးအောင်ရယ်၊ တော်ကြာ လက်မှတ်တွေ ကျန်နေလိမ့်မယ် . . .၊ ကားက မနက်ဖြန်ပဲ ထွက်မယ့်ကား မဟုတ်လား"

"ဒီအတွက် မစိုးရိမ်ပါနဲ့ ဆရာမ၊ ကျွန်တော်တို့ဂိတ်က အဲဒီအချိန်ထိ လိုက်မဲ့ခရီးသည် ရှိတတ်ပါတယ်"

"ကျေးဇူးပါပဲကွယ် . . . "

တစ်ဖက်မှ ဖုန်းချသွားပြီးနောက် သူ့မျက်နှာ တင်းမာသွားသည်။

အညာနွေ၏ပူပြင်းသော နေရောင်က ဤနေရာအထိ ကျရောက်လာသကဲ့သို့ ထင်မိသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၇)

မနက်ဖြန်ဆိုလျှင် နေနေခိုင်သည် ကိုရဲနိုင်နှင့်အတူ ခရီးထွက်တော့မည်။ နေနေခိုင်၏အစ်မနှင့်ကလေးနှစ်ယောက် ပါသော်လည်း မည်သည့်အနှောင့်အယှက်၊ အတားအဆီးမှ မဖြစ်နိုင်ပါ။ လွတ်လပ်စွာ သွားလာနေထိုင်နိုင်ပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ဤခရီးကို လူကြီးများက သဘောတူခွင့်ပြုလိုက်သောကြောင့် ဖြစ်ပါသည်။ သူတို့နှစ်ယောက်ကို မကြာခင် ထိမ်းမြားလက်ထပ်မည့် အစီအစဉ်ကလည်း ရှိပြီးသား ဖြစ်သည်။ ထို့အပြင် သူတို့သည် ချစ်သူများလည်း ဖြစ်ကြပါသည်။ ဤခရီးသည် မင်္ဂလာဦးအကြိုခရီး ဖြစ်သွားနိုင်ပါသည်။

မင်းစိုးအောင်သည် ဖုန်းနားတွင် ထိုင်ရင်း စဉ်းစားနေသည်။ တစ်နေ့ခင်းလုံး ဤအတွေးများက နှိပ်စက်နေကြသည်။ ယခု နေဝင်တော့မည်။

ရောင်စုံယှက်သန်းနေသည့် ဆည်းဆာအရောင်က ကောင်းကင်၏အစွန်းနားသို့ တရွေ့ရွေ့ ဆုတ်ခွာသွားသည်။ ဤအချိန်ဝယ် မကြည့်မိပါက အမှောင်ကိုပဲ မြင်ရပေတော့မည်။





ဤခရီးတွင် အချစ်စကားတို့ ရပ်တန့်သွားအောင် အနည်းဆုံး လုပ်မှ ဖြစ်မည်။ သို့မဟုတ် ဤခရီး မဖြစ်မြောက်အောင် တားဆီးရမည်။

"ဟဲလို . . . ကျွန်တော် ရဲနိုင်ပါ" ဟု တစ်ဖက်မှ ဖုန်းခြေသံ ကြားရသည့်အခါတွင် မင်းစိုးအောင် ခပ်မဲ့မဲ့ ပြုံးလိုက်သည်။

"ကျွန်တော့်ကို ခင်ဗျား သိချင်မှ သိလိမ့်မယ်၊ ဒါပေမဲ့ ခင်ဗျားကိုတော့ ကျွန်တော် အသေအချာ သိပါတယ် . . . ကိုရဲနိုင်"

"ဘယ်သူလဲ . . . ခင်ဗျ"

"ကျွန်တော် မင်းစိုးအောင် . . . "

တစ်ဖက်မှ ဘာမှပြန်မပြောဘဲ မင်းစိုးအောင်ဆိုသည့် နာမည်ကို ရေရွတ်ကြည့်ပြီး စဉ်းစားလိုက်ဟန်တူသည်။ တစ်ခဏ စောင့်နေပြီးမှ . . .

"ခင်ဗျား မသိပေမယ့် နေနေခိုင်ကတော့ ကျွန်တော့်ကို ရေရေလည်လည် သိပါတယ် . . . ကိုရဲနိုင်"

"အော် . . . ကျွန်တော် စဉ်းစားလို့ ရပါပြီ၊ ကျွန်တော် ဒီနာမည်ကို ကြားဖူးသလို ရှိတယ်လို့ ထင်နေတာ၊ ဟိုတစ်နေ့ယာ တုမ္ဗဏီရုံးမှာ ခိုင်နဲ့ စကားများ ရန်ဖြစ်ကြတယ် ထင်တယ်၊ ကျွန်တော် ဒီလိုပဲ ကြားမိလို့ပါ၊ စိတ်မရှိပါနဲ့ . . . "

"ကိုရဲနိုင်က ကိုယ့်ချစ်သူကို အရိပ်တကြည့်ကြည့် ကြည့်နေတယ် ထင်တယ်၊ ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ စကားများခဲ့ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စ ပြောချင်လို့လား"

"အဲဒီကိစ္စတင် မဟုတ်ပါဘူး . . . ကိုရဲနိုင်၊ တခြားကိစ္စတွေကိုပါ ပြောချင်တာ"

"တခြားကိစ္စတွေ . . . ဟုတ်လား"

ဟု အံ့အားတသင့်နှင့် မေးသည်။

"အသေအချာပါပဲ . . . ကိုရဲနိုင်၊ နေခိုင်နဲ့ ပတ်သက်ပြီး ခံစားခဲ့တာတွေကို ကျွန်တော် ရင်ဖွင့်ချင်တယ်၊ ဒီလောက်ပြောရင် ကိုရဲနိုင် သဘောပေါက်မှာပါ"

". . . . . . . . ."

ဘာမှစကားပြန်မပြောဘဲ ငြိမ်ဆိတ်သွားသည်။

"ကိုရဲနိုင် မသိချင်ဘူးဆိုရင်လည်း ရပါတယ်" ဟု ဈေးကိုင်လိုက်သည့်အခါ ပျာပျာသလဲနှင့် "ဒီလိုသဘော မဟုတ်ပါဘူး၊ ကျွန်တော် အံ့အားသင့်သွားလို့ပါ" ဟု ချက်ချင်း ပြန်ဖြေသည်။ သူက သက်ပြင်းချသကဲ့သို့ ပြုမူလိုက်ပြီး . . .

"တကယ်တော့ ကာယကံရှင်က မစုံစမ်း မမေးမြန်းဘဲ ကျွန်တော်မပြောချင်ပါဘူး၊ ဒါပေမဲ့ ဟိုတစ်နေ့က နေခိုင် ကျွန်တော့်အပေါ် ဆက်ဆံလိုက်တာကို ကျွန်တော် ရင်နာတယ်၊ ခင်ဗျား စဉ်းစားကြည့်၊ ကျွန်တော့်ကို လုံခြုံရေး ခေါ်ပြီး ဆွဲထုတ်ခိုင်းတယ်၊ ကျွန်တော့်ကို ကြမ်းပိုးသူခိုးလို လုပ်လိုက်တာ၊ သူ တကယ်မလုပ်သင့်ဘူး၊ ခင်ဗျားက ထင်မယ် . . . ဒီကိစ္စက ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ





သိပ်ဆိုင်ပါတယ် . . . ကိုရဲနိုင်၊ ဘာကြောင့်လဲဆိုတော့ ဒီအချိန်မှာ ခင်ဗျားက သူ့ချစ်သူ ဖြစ်နေလို့ပါ၊ သူ ကြည်ဖြူနေတုန်း မဟုတ်လား၊ အဲ . . . တစ်နေ့ ခင်ဗျားကို မကြည်ဖြူတော့ဘူးဆိုရင်"

"ကိုမင်းစိုးအောင် ဆိုလိုချင်တာက ခိုင်နဲ့ အရင်တုန်းက ချစ်သူဖြစ်ခဲ့ကြတဲ့သဘောလား"

ရုတ်တရက် ပြောမထွက်သကဲ့သို့ ခဏ ရပ်တန့်ထားလိုက်သည်။ ထို့နောက် . . .

"ဖုန်းထဲကပဲ မေးဖြေနေလို့ ဘာအကြောင်းထူးမှာလဲ ကိုရဲနိုင်၊ အခု . . . ခင်ဗျား ကျွန်တော့်နာမည်ပဲ သိတယ်၊ ကျွန်တော် ဘယ်သူဘယ်ဝါ၊ ဘယ်ပုံစံမျိုးဆိုတာ ခင်ဗျား ဘယ်လိုပြောမလဲ၊ နေခိုင်က စေ့စေ့ပေါက်ပေါက် မေးလာခဲ့ရင် ခင်ဗျား ဘယ်လိုရှင်းပြမလဲ၊ ဖုန်းထဲက ပြောနေရုံနဲ့ မပြီးပြတ်နိုင်ပါဘူး၊ ခင်ဗျား ဖတ်ချင်တယ်ဆိုရင် စာတွေကို ပြလိုက်ဦးမယ်"

"ဆောရီးပဲဗျာ . . . ကျွန်တော် ရုတ်တရက်ဆိုတော့ ခေါင်းချောက်သွားတယ်၊ ဘာလုပ်ရမှန်း မသိဘူး၊ ကိုမင်းစိုးအောင် ပြောတာ လက်ခံပါတယ်၊ ကျွန်တော် ကိုမင်းစိုးအောင်နဲ့ တွေ့ချင်ပါတယ်၊ ဘယ်မှာ တွေ့နိုင်မလဲဆိုတာပဲ ပြောပါ"

အခြေအနေက သိပ်ပြီး ခက်ခက်ခဲခဲ မရှိတော့ဟု ထင်သည်။ နေနေခိုင်က သူမ၏အစ်မကို သူ့အကြောင်းတွေ ပြောပြခဲ့ဖူး ဖြစ်သည်။ ကောင်းသည့်အကြောင်းတွေတော့ ဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ ကြောင့် သူကလည်း ကိုရဲနိုင်အား ပြောပြခွင့်ရှိသည်။ သို့မှသာ ညီမျှ ပေလိမ့်မည်။

"ကျွန်တော့်မှာ အချိန်သိပ်မရှိဘူး . . . ကိုရဲနိုင်၊ ဖြစ်နိုင်မယ် ဆိုရင် ခုချက်ချင်းပဲ တွေ့မှ ဖြစ်လိမ့်မယ်၊ နောက်နေ့တွေဆိုရင် သိပ် မသေချာဘူး"

"အခု တွေ့မယ်ဆိုရင်လည်း ဖြစ်ပါတယ် . . . ကိုမင်းစိုး အောင်"

"ကောင်းပြီ၊ နောက်တစ်နာရီလောက်မှာ . . . စားသောက် ဆိုင်မှာ ဆုံကြရင်ကောင်းမလား၊ အခု . . . ခုနစ်နာရီခွဲဆိုတော့ ရှစ်နာရီခွဲပေါ့"

ကိုရဲနိုင် အမြဲထိုင်နေကျ စားသောက်ဆိုင်ကိုပဲ ချိန်းဆို လိုက်သည်။ သို့မှ ကိုရဲနိုင် လာတွေ့နိုင်မည် ထင်သည်။ ထင်သည့် အတိုင်း . . .

"ကောင်းပါတယ် . . . ကိုမင်းစိုးအောင်၊ ကျွန်တော် ဖုန်းချ ပြီးတာနဲ့ ချက်ချင်းထွက်လာခဲ့မယ်၊ ရှစ်နာရီမခွဲခင် ရောက်မှာပါ၊ စိတ်ချ . . ."

"ဒါဆိုရင် ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ . . ." ဟု ပြောပြီးနောက် ကိုရဲနိုင် ဖုန်းချသွား သည်။ ဤသည်ကိုကြည့်၍ ကိုရဲနိုင် တော်တော်အလျင်စလို ဖြစ်နေ သည်ဟု မှန်းဆနိုင်ပါသည်။





ဖုန်းချပြီးသည်နှင့် သူလည်း စတင်လှုပ်ရှားရတော့သည်။ အင်္ကျီ၊ အဝတ်အစားလဲပြီး ကားသော့ကို လှမ်းယူသည်။ ထို့နောက် စားပွဲအံဆွဲထဲတွင် သော့ခတ်သိမ်းဆည်းထားသည့်စာအိတ်ကို ယူ လိုက်သည်။

လှေကားမှအဆင်းတွင် ပွဲရုံစောင့်ဦးအေးက လှမ်းကြည့်ပြီး . . .

"ဒါက ဘယ်သွားမလို့လဲ . . . မောင်မင်းစိုးအောင်"

"ကျွန်တော် အပြင်သွားမလို့ ဘယ်သူလာမေးမေး မသိဘူး သို့ပြော . . ." ဟု ခေါ်လှမ်းကို ရပ်တန့်ခြင်း မရှိဘဲ မှာကြားခဲ့သည်။

ထို့နောက် သံဆွဲတံခါးကို တွန်းဖွင့်ပြီး အပြင်ဖက်သို့ လှမ်း ထွက်ခဲ့သည်။

ညကတော့ ဒီညပါပဲ၊ ခံစားချက်ချင်း မတူညီတဲ့သူတွေ အတွက်တော့ ညချင်းလည်း မတူသကဲ့သို့ ထင်ရသည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

(၈)

"သမီး . . . ထစမ်းပါဦး" ဟု အိမ်တံခါးကို တဒုန်းဒုန်းထုရိုက်ရင်း မေမေ၏ ခေါ်သံကို ကြားလိုက်ရသည်။

နေနေခိုင် အိပ်မပျော်သေးပါ။ အိပ်ရာထဲ လူးလိမ့်ရင်း မနက်ဖြန် သွားရမည့် ခရီးအတွက် စဉ်းစားနေမိသည်။ ပြန်တွေ့ရမည့် အညာနွေကို စင်စစ်မမုန်းမိချေ။ သို့ရာတွင် အတိတ်မှဖြစ်ရပ်တို့ကြောင့် မဆုံတွေ့လိုခြင်းသာ ဖြစ်ပါသည်။

"လာပါပြီ . . . မေမေ၊ သမီး မအိပ်သေးပါဘူး"

ဟု အော်ပြောရင်း အိပ်ရာမှ လူးလဲထကာ တံခါးဖွင့်လိုက်သည်။ မေမေနှင့်အတူ ဖေဖေလည်း ရောက်နေသည်။ မေမေ့မျက်နှာ ကြည့်ရသည်မှာ တထိတ်တလန့် ရှိလှ၏။ ဝမ်းနည်းကြေကွဲနေသည့် အသွင်။

"ခုလေးတင်ပဲ မောင်ရဲနိုင်အိမ်က ဖုန်းလာတယ်၊ မောင်ရဲနိုင် ကားတိုက်မှုဖြစ်လို့ ဆေးရုံရောက်နေပြီတဲ့"





"ဟင် . . ." ဟုသာ သူမ ရေရွတ်လိုက်နိုင်သည်။

မေမေက သူမ၏လက်မောင်းနှစ်ဖက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း "ဒုက္ခပါပဲ . . . သမီးရယ်၊ မောင်ရဲနိုင်က စိတ်ကောင်းရှိတဲ့ကလေးပါကွယ်" ဟု ငိုချင်သံနှင့် ပြောသည်။

နေ့လည်က အိမ်သို့ ကိုရဲနိုင် ရောက်လာပြီး မနက်ဖြန်သွားမည့်ခရီးအတွက် ပြောဆိုသွားသေးသည်ကို မြင်ယောင်ရင်း ရင်မှာ ဆို့နင့်သွားသည်။

"ခင်က ဘာတွေလျှောက်ပြောနေတာလဲ၊ ဟိုက မောင်ရဲနိုင် သေပြီလို့ ပြောသေးလို့လား၊ [illegible]တ်တာ၊ ပြင်းပြင်းထန်ထန် ထိခိုက်ဒဏ်ရာ ရထားတယ်၊ လောလောဆယ် မခန့်မှန်းနိုင်သေးဘူး၊ အခြေအနေက အရေးကြီးတယ်လို့ ယူဆရတယ်တဲ့"

"ဘယ်လိုဖြစ်တာလဲ . . . ဖေဖေ"

"သူတို့လည်း သေသေချာချာ မပြောနိုင်သေးဘူး . . . သမီး၊ ကားချင်း ချိတ်မိတာလား၊ သူ့ဘာသာသူ လမ်းဘေးထိုးကျတာလား . . . မသိဘူး"

နားထောင်ရင်း မျက်ရည်များ ရစ်ဝဲလာသည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၉)

အထူးကြပ်မတ်ကုသဆောင်၏စင်္ကြံလမ်းသို့ လှမ်းဝင်လိုက်သည်နှင့် ကိုရဲနိုင်၏ အဖေ၊ အမေနှင့် သွေးရင်းသားရင်းမိသားစုများကို မြင်တွေ့ရသည်။

ဦးဝင်းနိုင်က စိတ်ထိခိုက်ညှိုးနွမ်းနေသောမျက်နှာနှင့် . . .

"ညီလေး သတိမရသေ[illegible] . . . မခိုင်"

ဟု ဆီးကြို၍ ပြောသည်။ သူမက အခန်းဘက်သို့ ငုံ့စောင်းကြည့်လိုက်သည်။ ထိန်လင်းသော မီးရောင်အောက်တွင် အစိမ်းရောင်ဝတ်ဆင်ထားကြသည့် သူနာပြုနှင့် ဆရာဝန်တို့ သွားလာ လှုပ်ရှားနေသည်ကို မြင်ရသည်။

ဖေဖေတို့က လူကြီးချင်း အားပေးနှစ်သိမ့်စကားပြောကြသည်။ လေသံတိုးတိုး၊ လှုပ်ရှားမှုက ဖြည်းဖြည်းနှင့် ဤနေရာသည် သေမင်း၏တံခါးဝနှင့် ဆင်တူသည်ထင်၏။ ထိတ်လန့်ချောက်ချားဖွယ်ရာ ကောင်းသည်။ ဝိဉာဏကင်းဆိတ်သည့်နေရာသဖွယ်။

ချစ်သူဟူသည့် အသိအမှတ်ဖြင့် အခန်းထဲသို့ ဝင်ကြည့်ခွင့်ပေးသည်။

ပိုးသတ်ထားသည့်ဝတ်စုံကို ထပ်၍ဝတ်ရသည်။ အခန်းထဲ





စီးသည့်ဖိနပ်နှင့် ဝင်ရသည်။

အောက်စီဂျင်အဖုံးအောက်မှ ကိုရဲနိုင်၏မျက်နှာသည် နစ်မွန်းစွာ အိပ်စက်နေသည့်အလား ထင်ရသည်။

မျက်ရည်တို့ တိတ်တဆိတ် ကြွေကျသွားခဲ့သည်။

၁၀

ဦးဝင်းနိုင်က ဆို့နင့်စွာ ကြည့်ရင်း . . . .

"မခိုင် ဘယ်လောက်အထိ ခံစားရမယ်ဆိုတာ ကိုကြီး သိပါတယ်၊ ဒီမှာ တစ်ညလုံး မခိုင် စောင့်နေချင်တယ်လို့ပြောတာ ကြားရတော့ ကိုကြီး တကယ်ပဲ ကိုယ်ချင်းစာတယ်၊ ကိုကြီးတို့လည်း တစ်ညလုံး စောင့်နေချင်တယ်၊ ကိုကြီးရဲ့ ဖေဖေ၊ မေမေတို့ကလည်း ဒီအတိုင်းပါပဲ . . .

ဒါပေမဲ့ အားလုံးကို ပြန်ကြဖို့ ကိုကြီး တိုက်တွန်းရမှာပဲ၊ နောက် နာရီဝက်၊ တစ်နာရီလောက်ဆိုရင် ဖေဖေတို့ကို ပြန်ခိုင်းရမှာပဲ . . . မခိုင်ကိုပဲ ပြန်ခိုင်းတယ်လို့ မထင်စေချင်ဘူး၊ ကိုကြီး ဘာကြောင့် ဒီလိုပြန်ခိုင်းရသလဲဆိုရင် . . .

ညီလေးကို ဒီအတိုင်း ကြည့်နေရုံကလွဲပြီး ဘာမှမတတ်နိုင်ဘူး၊ တို့တွေက သူ့လက်ကလေး၊ ခြေကလေးကို ကိုင်ကြည့်ဖို့ နေနေသာသာ အခန်းထဲတောင် ဝင်ချင်တိုင်း ဝင်လို့ မရဘူးလေ၊ စက္ကန့်မ



www.burmeseclassic.com

www.burmeseclassic.com



လပ် ဆရာဝန်တွေ၊ သူနာပြုတွေ စောင့်ကြည့်နေရတယ်၊ သူတို့ကို အနှောင့်အယှက် ပေးသလို ဖြစ်နေမယ် . . .

*ဒီနေရာမှာ ရဲရဲတောင် အသံထွက်ပြီး မငိုနိုင်ပါဘူး။ ဒီအ* တိုင်း ဘယ်အချိန်အထိ စောင့်နေရမှာလဲ၊ ဆရာဝန်တွေလည်း မသိ ဘူး၊ ဒီတော့ အခြေအနေကို တစ်နေ့ တစ်ခါနှစ်ခါ လာမေးရုံ ကြည့် ရုံပဲ၊ ဒီထက်ပိုပြီး ဘာမှမတတ်နိုင်တော့ဘူး၊ အိပ်ရေးပျက်ခံ အလုပ် အပျက်ခံ အပင်ပန်းခံပြီး စိတ်ရှိတဲ့အတိုင်း စောကပ်နေရင် လူနာ မလဲမီ ကိုယ်က လဲသွားနိုင်တယ် . . . ဒါဆိုရင် လူနာအတွက်ရော ကိုယ့်အတွက်ရော အကျိုးမရှိဘူး၊ တကယ့်အရေးကျရင် ဘာမှ မတတ်နိုင်ဘူး ဖြစ်ကုန်မယ် . . .

ဒီတော့ ကိုကြီးလည်း အိမ်ပြန်မှာပဲ၊ မနက်ကျရင် အလုပ်ကို သွားမှာပဲ၊ လုပ်စရာရှိတာတွေ လုပ်ကိုင်ရဦးမယ်၊ ဝမ်းနည်း ထိခိုက် နေတဲ့ကြားက သတိစိတ်လေးနဲ့ထိန်းပြီး လုပ်သင့်တာတွေ လုပ်ရမှာ ပဲ . . . ဒီတော့ မခိုင်လည်း ပြန်ပါ၊ မနက်ဖြန် မခိုင်အစ်မနဲ့အတူ လိုက်သွားပါ။ ကိုယ်လုပ်စရာရှိတာတွေ ဆက်လုပ်ပါ။ မခိုင် တတ်နိုင် တာက ညီလေးအတွက် သတိရတိုင်း ဆုတောင်း မေတ္တာပို့ပေးမယ်၊ ဘုရားမှာ ကုသိုလ်ကောင်းမှုတွေလုပ်မယ် ဟုတ်လား . . .

အရေးကြီးရင် ကိုကြီး အကြောင်းကြားလိုက်ပါ့မယ်၊ စိတ်ချ"

○ ○ ○



(၁၀)

ခန္ဓာကိုယ်တစ်ခုလုံး အားအင်ကုန်ခမ်းသွားသကဲ့သို့ နွမ်းနယ်နေ၏။ ထိုင်ခုံတွင် ခေါင်းမှီထားရင်း တရိပ်ရိပ် ကျန်နေရစ်သော လမ်းမီး တိုင်များကို အဓိပ္ပာယ်မဲ့ ငေးကြောင်ကြည့်နေမိသည်။

မေမေက နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်ပြီး . . .

"မောင်ရဲနိုင်ကို သတိထားလိုက်မိတာက သူ့အမေပဲ၊ ညနေ ခုနစ်နာရီ ထိုးခါနီးလောက်မှ အပြင်က ပြန်ရောက်လာတယ်၊ ခဏတစ်ဖြုတ်နားပြီး ရေချိုးဖို့ ပြင်ဆင်နေတုန်း ဖုန်းလာတယ်တဲ့၊ ဖုန်းပြောပြီးတာနဲ့ ချက်ချင်းအဝတ်အစားကောက်လဲပြီး ပြန်ထွက် မယ်လုပ်တော့ သူ့အမေက မေးလိုက်သေးတယ်တဲ့၊ အလုပ်ကိစ္စ အရေးကြီးလို့ သွားလိုက်ဦးမယ်လို့ ပြောသွားတယ်တဲ့"

နေနေခိုင် နားသာထောင်နေရသည် စိတ်မဝင်စား။

မေမေက ပုတီးစိပ်နေရာမှ ရပ်တန့်ပြီး . . .

"တော်တော် ကံဆိုးတဲ့ကလေးကွယ် . . . အိမ်က ထွက် သွားပြီး သိပ်မကြာဘူး၊ ဖြစ်တော့တာပဲ၊ လမ်းက ကားအသွား အလာ နည်းတဲ့လမ်းတဲ့၊ အဲဒီမှာ လမ်းဘေးပလက်ဖောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်ပြီး အုတ်နံရံကို ဝင်တိုက်တာ"

သူမ မကြားချင်တော့။

နားနှစ်ဖက်ကိုသာ ပိတ်ထားလိုက်ချင်သည်။

○ ○ ○



(၁၁)

တစ်ညလုံးကောင်းစွာ အိပ်မပျော်သဖြင့် နံနက်စောစောထပြီး ဘုရားမီး ပူဇော်ကာ ဝတ်ပြုမိသည်။ ထို့နောက် ကိုရဲနိုင် အသက်ဘေးအန္တရာယ်မှ လွတ်ကင်းပါစေဟု ပုတီးစိပ် အဓိဋ္ဌာန်ပြုလိုက်သည်။ ထိုအခါမှ စိတ်အနည်းငယ် ငြိမ်သွားသည်။

အောက်ထပ်သို့ ဆင်းလာသည့်အခါ စောစောစီးစီး မမရောက်နေသည်ကို တွေ့လိုက်ရသည်။ မမနှင့်အတူ ထိုင်နေသည့် မေမေက . . .

"သမီး ဘုရားဝတ်ပြုတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ မေမေ စောင့်နေတာ၊ ကဲ . . . မေမေ ဘုရားခန်းထဲသွားတော့မယ်"

ဟု ပြောကာ ထထွက်သွားသည်။ ထိုအခါမှ မိမိကြောင့် မေမေ ဘုရားဝတ်ပြုရန် နောက်ကျနေကြောင်း သတိပြုမိသည်။ နေ့တိုင်း ဒီအချိန်ဆို မေမေ ဘုရားခန်းထဲမှာ ရှိသည့်အချိန် ဖြစ်သည်ပဲ။

"မမ မောင်ရဲနိုင်ရဲ့သတင်း ကြားပြီးပါပြီ၊ မမ စိတ်မကောင်းပါဘူး ညီမလေးရယ်၊ ဒီမနက် အချိန်ရရင် သွားကြည့်ကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်လေ"

သူမ ခေါင်းကို ညိတ်ပြလိုက်သည်။

"အမှန်တကယ်ဆိုရင် ဒီနေ့ပဲ တို့တွေ အတူသွားဖြစ်ကြမှာ နော်၊ အခု သူ လိုက်မပို့ပေးနိုင်တော့ ဘယ်လိုလုပ်ကြမလဲ၊ အလုပ်ဝင်ရမည့်နေ့ကို သေချာချိန်ဆပြီး စီစဉ်ထားတာ၊ မနက်ဖြန်မှ မရောက်ရင် ထုချေရတော့မယ်"

သူမ ခေါင်းငုံ့ထားရင်းက . . .

"ညတုန်းက ဖေဖေ့ကို ကတိပေးပြီးသားပါ၊ မမနဲ့အတူ လိုက်သွားမယ်လို့ ပြောပြီးသားပါ၊ ဒီအချိန်မှာ ညီမလေး ဘယ်မှ မသွားချင်ပေမယ့် မမရဲ့ကလေးတွေအတွက် ထည့်စဉ်းစားရဦးမှာ သိပါတယ် . . ."

ဟု ပြောရင်း မျက်ရည်ဝဲလာလေသည်။

○

"ညီမရေ . . . တခြားကားဂိတ်တွေ မမ စုံစမ်းကြည့်ပြီးပြီ၊ ဒီနေ့ထွက်မဲ့ကားအတွက် လက်မှတ်တွေ ကုန်နေကြပြီတဲ့၊ တကယ်လို့ ကြိုမှာထားတဲ့လူ မရောက်မှ လက်မှတ်ရလိမ့်မယ်တဲ့၊ ဒါပေမဲ့ တစ်စောင်၊ နှစ်စောင်ထက် မပိုနိုင်ပါဘူးတဲ့၊ တို့တွေ လေးယောက်စလုံးလိုက်နိုင်ဖို့ဆိုတာ ဝေးရောပဲ . . .၊ မမတို့မှာက လူခွဲလို့ မဖြစ်ဘူး၊ ကလေး





နှစ်ယောက်က အမေ, မပါရင် ဘယ်လိုက်ပါ့မလဲ . . . ဒီတော့ အားလုံး အတူတူရမှာ ဖြစ်မယ်"

မမသည် ကားဂိတ်ကုန်သလောက် ဖုန်းဆက်မေးမြန်းကြည့်ပြီး ဖြစ်သည်။ နံနက်အချိန်လင့်လာသည်နှင့်အမျှ မျှော်လင့်ချက် နည်းပါလာသည်။ နေနေခိုင်က မည်သို့မှ ဝေဖန်ပြောဆိုခြင်းမရှိ လိုက်ဆိုလျှင် ထလိုက်သွားရုံသာ။

"ညီမလေး . . . မမတို့ မျှော်လင့်စရာတစ်ခုပဲ ရှိတယ်၊ အဲဒါပဲ မောင်မင်းစိုးအောင်တို့ ကားဂိတ်ကို မေးကြည့်ဖို့ပဲ၊ အဲဒီကားနဲ့ သွားရမယ်ဆိုရင် သွားမှာလား၊ ဘယ်လိုလဲ သဘောတူရဲ့လား"

"ကိစ္စမရှိပါဘူး . . . မမရယ်၊ အဆင်ပြေမယ်ထင်ရင် သုံးပါ၊ ညီမလေး ဒီအချိန် ဘယ်အကြောင်းကိုမှ စိတ်မဝင်စားဘူး"

ဟု အမှန်အတိုင်း ပြောလိုက်သည်။

"ဒါဖြင့် မမ ဖုန်းဆက်မေးကြည့်လိုက်မယ်၊ မနေ့တ သူပြောတဲ့အတိုင်း လက်မှတ် ချန်ထားမယ်ဆိုရင်တော့ ရမယ်ထင်တယ်"

မမသည် ပြောပြောဆိုဆိုနှင့် ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ကားအထွက်များသည့်အချိန် ဖြစ်သဖြင့် ဂိတ်ရှေ့တိုင်း ခရီးသည်များနှင့် ရှုပ်ထွေးနေသည်။ နေနေခိုင်တို့၏ အငှားကားရပ်လိုက်သည်နှင့် လူအုပ်ကြားမှ မင်းစိုးအောင် ပြေးထွက်လာသည်။ မည်သို့ လှမ်းမြင်သည် မသိပါ။

အလုပ်သမား သုံး၊ လေးယောက်က ဝိုင်းအုံလာပြီး "ဘယ်ကားလဲ . . . အထုပ်အပိုးတွေ ပေးပါ" ဟု တစ်ယောက်တစ်ပေါက် ပြောဆိုကြသည်။ အဝေးပြေးကားနှင့် ခရီးမသွားဖူးသည့် မမတာ အထုပ်အပိုးတွေ ပျောက်သွားမှာ ကြောက်နေသည်။

မင်းစိုးအောင် ရောက်လာပြီး . . . "ဘာမှမစိုးရိမ်ပါနဲ့ . . ဆရာမ၊ ဒီလူတွေက ဒီကားဂိတ်က အလုပ်သမားတွေပါ၊ အထုပ်အပိုးတွေ မပျောက်ပါဘူး၊ အလုပ်သမားခလည်း မပေးရပါဘူး" ဟု ပြောဆိုလိုက်သည်။ ထို့နောက် အလုပ်သမားများနှင့်အတူ အထုပ်အပိုးများ ဆွဲယူသည်။

ကလေးများအတွက် အစားအသောက်၊ အသုံးအဆောင် တို့ ယူဆောင်လာရသဖြင့် အထုပ်အပိုး ပို၍များသည်။ ဈေးခြင်းတစ် သုံးခု၊ ကျွတ်ကျွတ်အိတ်နှင့် ထည့်လာတာတွေလည်း ရှိသေးသည်။





မင်းစိုးအောင်က သူ၏ရုံးခန်းထဲအထိ ခေါ်သွားသည်။

မမနှင့်ကလေးများက လိုက်သွားကြပေမယ့် နေနေခိုင်က တခြားခရီးသည်များနှင့်အတူ အပြင်ဖက်တွင် ရပ်ကျန်ရစ်သည်။ ခဏအကြာတွင် သူထွက်လာပြီး . . .

"နေခိုင် အထဲကို ဝင်လေ . . ."

ဟု လာခေါ်သည်။ သူမ မျက်နှာကို တစ်ဖက်သို့ လွှဲလိုက်ပြီး "မဝင်ချင်ဘူး" ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။

"ဆရာမနဲ့ ကလေးတွေက စောင့်နေတယ်၊ နေခိုင် ဒီမှာ ရပ်နေလို့ ဘယ်ဖြစ်မလဲ"

"ကိစ္စမရှိဘူး၊ ကျွန်မ ဒီကပဲ ရပ်စောင့်မယ်"

"အဲဒီလိုတော့ မရဘူး နေခိုင်၊ ကားထွက်ဖို့ နာရီဝက်လောက် လိုသေးတယ်၊ အထဲမှာ အေးအေးဆေးဆေး တစ်ခုခုစား သောက်ပြီး စောင့်ပါ၊ ဆရာမကလည်း ခေါ်နေတယ်"

သူမ စိတ်မရှည်နိုင်တော့ဘဲ ဆတ်ခနဲ မျက်စောင်းထိုးကြည့်လိုက်သည်။

"ဘာမဟုတ်တာလေးနဲ့ ကျေးဇူးအတင်မခံနိုင်ပါဘူး . . . ကိုမင်းစိုးအောင်"

"နေခိုင် ပြောသလို တို့ဘက်ကလည်း ပြောစရာ ရှိပါသေးတယ် ဒီလောက်လေးနဲ့ ပို့ပြီး မုန်းမသွားနိုင်ပါဘူး" ဟု ပြောဆိုကာ သူ၏ လက်ထဲမှ အိတ်ကို ဆတ်ခနဲ ဖြုတ်ယူလိုက်သည်။ မျှော်လင့်မထား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အိတ်ပါသွားသည်။ ပြန်လုယူ၍ မရတော့။

"နောက်တစ်ခေါက်ဆိုရင် လူကို လာဆွဲမှာနော် . . . နေခိုင်"

ဟု ပြောဆိုကာ လှည့်ထွက်သွားသည်။

တစ်ညလုံး ပူပင်သောကကြောင့် အိပ်မပျော်ခဲ့သဖြင့် နွမ်းနယ်နေသည့်ကြားထဲ ပြဿနာနှင့် လာတွေ့နေသည်။ မကြည့်ချင်သူကို မြင်နေရသည့်ဒုက္ခ၊ မတွေ့ချင်သူနှင့် တွေ့နေရသည့်ဒုက္ခက မီးစတစ်စလို ပူပြင်းခံခက်လှသည်။

မြိမ်းခြောက်တိုင်း ကြောက်မည်ဟု ထင်နေသည်လား။

အထူးသဖြင့် မင်းစိုးအောင်နှင့် ပတ်သက်လျှင် မည်သည့်အလျော့အတင်းမှ မရှိပါ။ ထို့ကြောင့် ဒေါသတကြီး ခြေစုံရပ်ပြီးစောင့်နေလိုက်သည်။ တကယ်ပင် လက်ကိုလာဆွဲလျှင် ရိုက်နှက်ပစ်မည်။ အနီးနားမှာ ဘယ်သူရှိရှိ ဂရုမစိုက်ပါ။

မင်းစိုးအောင် ပြန်တော့ထွက်လာသည်။ သို့ရာတွင် တစ်ယောက်တည်း မဟုတ်။ ကလေးနှစ်ယောက်နှင့်အတူ ဖြစ်သည်။

ကလေးနှစ်ယောက်က လက်တစ်ဖက်စီ ပြေးဆွဲပြီး . . .

"တီတီ . . . ဘာလုပ်နေတာလဲ၊ လာလေ" ဟု အထပ်ထပ်ပြောကာ မရအရ ခေါ်ကြတော့သည်။ မည်သို့မှ နားလည်အောင်ပြော၍မရသည့် အရွယ်တွေ။ သူတို့သိသည်မှာ တီတီနှင့်အတူ နေဖို့ပဲ ဖြစ်သည်။





မမက ထွက်မလာ။ သူမ၏အကြောင်းကို သိသဖြင့် အမြစ်လွတ်အောင်နေသည်။

ကလေးနှစ်ယောက်ကို မည်သို့မှ ပြောဆိုမရသည့်အဆုံး။

"ကဲ . . . တီတီ လိုက်ခဲ့မယ်"

ဟု စိတ်ပျက်စွာဖြင့် လိုက်လျောလိုက်ရတော့သည်။

ကလေးများလက်ကိုဆွဲရင်း အထဲသို့ လှမ်းအဝင်တွင် မင်းစိုးအောင် လှစ်ခနဲ ပြုံးလိုက်သည်ကို အမှတ်မထင် သတိထားလိုက်မိသည်။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com



ကြယ်များပင် မလင်းလက်နိုင်သည့် လမိုက်ည။ ကောင်းကင်ထက်တွင် တိမ်ဆိုင်တိမ်သားများ အုပ်မိုးထားသဖြင့် ပို၍ မှောင်မိုက်သည် ထင်၏။

မြို့၊ ရွာ၊ လူနေအိမ်ခြေတို့နှင့် အဆက်ပြတ်သွားသည့်အခါများတွင် ဘယ်ကိုကြည့်ကြည့် မမြင်။ တစ်ခါတစ်ရံ ကားမီးကြောင့် ကားလမ်းနံဘေးရှိ မြစ်မင်းရောကို ခဏတစ်ဖြုတ် မြင်ခွင့်ရရုံသာ ဖြစ်သည်။

○ ○ ○



# အခန်း (၆)

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်တစ်ခုထဲ ရောက်နေသကဲ့သို့ပင် ထင်မိသည်။

ဤမြို့ ဤနေရာသို့ မည်သည့်အခါမှ ပြန်မသွားတော့ဟု စိတ်တွင် ပိုင်းဖြတ်ယုံကြည်ထားခဲ့သည်။ ဤလမ်း ဤအပင်တန်း ကို နောက်တစ်ခါ ပြန်မြင်ရလိမ့်မည် မဟုတ်ဟု ထင်ခဲ့သည်။ ဤနေ ရာတွင် သဖင်လည်း မရှိတော့။ ထွေးထွေး၊ အောင်အောင်တို့လည်း မရှိတော့။ ကုန်ကုန်ပြောရလျှင် မည်သည့်သူငယ်ချင်းမှ မရှိပါ။

အသီးသီး ကိုယ့်ခရီးနှင့်ကိုယ် ပျံသန်းသွားကြလေပြီ။

ထိုစဉ်က ရင်းနှီးဖူးသည့် အရပ်မိတ်ဆွေတို့သည်လည်း မိ ကို မှတ်မိချင်မှ မှတ်မိပေလိမ့်မည်။ မှတ်မိသည့်တိုင်အောင် နှု ဆက်ချင်မှ နှုတ်ဆက်ပေလိမ့်မည်။ ထို့ကြောင့် ဤနေရာသည် စိ သောနေရာတစ်ခု ဖြစ်ခဲ့ပါပြီ။

အာရုံထဲတွင် မြင်မှတ်ထားသည့် လက်ဖက်ရည်ဆိုင်ပ ယခင်နှင့် မတူတော့ဘဲ ပြောင်းလဲနေသည်။ ပလတ်စတစ်ထိုင်ခုံ နှင့်။ မှန်ဗီရိုနှင့်။ အအေးဘူးတွေ၊ အသင့်စားနိုင်သည့် စားသော ဖွယ်ရာတွေနှင့်။





"နေခိုင် . . ."

လှမ်းဝင်တော့မည့် ခြေလှမ်းများပင် ရပ်တန့်သွားမတတ် ဖြစ်သွားသည်။

တံစက်မြိတ်အောက်ရှိ စားပွဲဝိုင်းတွင် မင်းစိုးအောင် ထိုင်နေ သည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် သူမ အံ့ဩသွားမိသည်။

သူမတို့ ဤမြို့သို့ ရောက်သည်မှာ တစ်ရက်ပဲ ရှိပါသေး သည်။ မနေ့က နံနက်တွင် ရောက်သည်။ ယခု သူက လက်ဖက်ရည် ဆိုင်တွင် ထိုင်နေလေပြီ။ မည်သည့်နေ့က ရောက်သည်မသိ။ သူမ တို့နှင့် တစ်ရက်တည်းလား။

"ဒီမှာ အသိမိတ်ဆွေဆိုလို့ မင်းနဲ့ တို့နှစ်ယောက်တည်းပဲ ရှိတယ်၊ လာပါ . . . ဒီတစ်ဝိုင်းတည်းမှာပဲ ထိုင်ပါ"

ပုံမှန်အားဖြင့်ဆိုလျှင် ဒေါသနှင့် ငြင်းဆိုမိပေလိမ့်မည်။ ယခု ဤလက်ဖက်ရည်ဆိုင်တွင် သူ ရောက်ရှိနေခြင်းက မှုမမှန်ပါ။ တမင်တကာ သူမ၏နောက်မှ လိုက်လာမှပဲ ဖြစ်ပါလိမ့်မည်။ ထို့ ကြောင့် နာကြည်းမှုအပြည့်နှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

သူမ၏စိတ်အတွေးကို သူ ရိပ်စားမိဟန်တူသည်။

"တို့ ဒီမနက်ပဲ ရောက်တယ် . . . နေခိုင်၊ ကုန်ပစ္စည်းတချို့ အခက်အခဲ ဆီးခံရတယ် ကြားလို့ အသည်းအသန် လိုက်လာခဲ့တာ"

သူမ မယုံနိုင်သည့်အသွင် လှောင်ပြုံး ပြုံးလိုက်ပြီး . . .

"နည်းနည်းပါးပါး ကြည့်လည်း ပြောပါဦး . . . ကိုမင်းစိုး



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ရှင် လက်ဖက်ရည်ဆိုင်ထိုင်နေတဲ့ပုံစံက ကဗျာဆရာတစ်ယောက် စိတ်ကူးနဲ့ ကဗျာစပ်နေသလိုပဲ”

“နေခိုင်က တို့ပြောတာ မယုံဘူး ထင်တယ်”

“အပြောလောက်ကို မယုံတာ မဟုတ်ပါဘူးရှင်၊ လူတစ်ယောက်လုံးကို မယုံတာပါ”

သူ ဘာမှမဖြစ်သလို ရယ်ပြုံးလိုက်သည်။

“ဒါဖြင့် ဒီစကားကို တို့ မပြောတော့ပါဘူး၊ တခြားစကားပြောင်းပြောပါ့မယ်၊ နေခိုင်တို့ ခရီးတစ်လျှောက်လုံး အဆင်ပြေရဲ့လား၊ အခက်အခဲ တစ်စုံတစ်ခု ရှိခဲ့တယ်ဆိုရင် တို့ကို ပြောနော်တို့ အဆင်မပြေမှာ အရမ်းစိုးရိမ်မိတယ်”

“မမက ကိုမင်းစိုးအောင်ကို ကျေးဇူးတင်ပါတယ်၊ လမ်းခရီးမှာ ကိုမင်းစိုးအောင် မှာထားလို့ ကားသမားတွေကလည်း ဂရုစိုက်ကြပါတယ်၊ တစ်နေရာ ရပ်တိုင်း ဘာလိုသလဲ၊ ဘာလုပ်ပေးရမလဲလို့ လာမေးကြပါတယ်၊ ကူလည်း ကူညီပါတယ်”

သူ ခေါင်းညိတ်လိုက်သည်။ မမက ကျေးဇူးတင်တယ်ဟု ထည့်ပြောကတည်းက ကျေးဇူးတင်သည့်အထဲတွင် သူမ မပါဝင်ကြောင်း သိစေလို၍ ဖြစ်ပါသည်။

“မနက် ဒီရောက်တော့လည်း ကားဂိတ်ကလူတွေက အိမ်တိုင်ရာရောက် လိုက်ပို့ပေးကြပါတယ်၊ အိမ်ခန်းမှာလည်း အိမ်ထောင်ပရိဘောဂတွေ သူ့နေရာနှင့်သူ အသင့်ခင်းကျင်းထားပေးခဲ့





တယ်၊ ဘာမှ လိုလေသေး မရှိအောင်ပါပဲ . . . အော် . . . ညနေထမင်း သွားဝယ်ပေးသေးတယ်၊ ကဲ . . . ကျေနပ်ပြီလား ကိုမင်းစိုးအောင်”

“တို့ နေခိုင်ဆီက အချစ်ကို တစ်နည်းနည်းနဲ့ ပြန်လိုချင်လို့ . . . ဒီလိုလုပ်တာ မဟုတ်ပါဘူး”

သူမ တစ်ချက်ပြုံးလိုက်ရင်း . . .

“ဒါကိုလည်း ကျွန်မ ယုံကြည်ပါတယ်၊ ဒီဆိုင်မှာ ထိုင်နေတာကလည်း ကျွန်မကို စောင့်နေတာ မဟုတ်ဘူးလို့ ထည့်ပြောပါဦး . . . ကိုမင်းစိုးအောင်”

ဟု ခနဲ့တဲ့တဲ့ ပြောလိုက်သည်။ သူမ၏စကားကြောင့် သူ့မျက်နှာ တစ်ချက် ပျက်ယွင်းသွားသည်။

“တို့ ဒီမြို့ရောက်တိုင်း၊ ဒီဆိုင်ကို အမြဲလာထိုင်နေကြပါ . . . ဒီနေရာဟာ တို့ရာဇဝင်ရဲ့အစ မဟုတ်လား၊ တို့ ဘယ်မေ့ပါ့မလဲ၊ ဒါနဲ့ နေခိုင်ကရော ဘာဖြစ်လို့ ဒီဆိုင်ကို လာရတာလဲ”

“ရှင့်လို ရာဇဝင်တွေ မှတ်တမ်းတော့ ကျွန်မမှာ မရှိပါဘူး၊ ကျွန်မ ဒီကို လာတာက အိမ်ဖော်စုံစမ်းမလို့ . . . ဒီဆိုင်ရှင် ဦးလေးကြီးကို မေးကြည့်မလို့၊ ကလေးနှစ်ယောက်အတွက် အိမ်ဖော်ကောင်းကောင်းရဖို့လိုအပ်တယ်၊ ရန်ကုန်က အိမ်ဖော်တွေက နယ်ကို မသွားချင်ကြဘူးလေ”

“ဟုတ်သားပဲ၊ ဆရာမက ကျောင်းတစ်ဖက်နဲ့ဆိုတော့ သင့်

www.burmeseclassic.com



တော်မယ့် အိမ်ဖော် လိုအပ်မှာပဲ၊ ဒါဆိုရင် ဆိုင်ရှင်ဦးလေးကို မမေးနဲ့တော့၊ တို့ တာဝန်ယူပြီး ရှာပေးမယ်"

ထိုအခါတွင် သူ့ကို သံသယ ဝိုင်လာပြီး . . .

"ရှင့်အကြံအစည်က ကြီးလှချည်လား၊ ကျွန်မတို့မိသားစုထဲကို လူယုံသွင်းပြီး ဒုက္ခထပ်ပေးဦးမလို့လား၊ ကျွန်မ မကြောက်ပါဘူး၊ ရှင်သိထားဖို့က သေရမှာတောင် ကျွန်မ မကြောက်ဘူး၊ အဲဒါကြောင့် ခုလို မျက်နှာချင်းဆိုင် ဝင်ထိုင်တာပါ ကိုမင်းစိုးအောင်"

သူ စိတ်ပျက်သွားသည့်အသွင်ဖြင့် ခေါင်းကို ခါယမ်းပြီး . .

"ကြိုက်သလို ပြောနိုင်ပါတယ်၊ ဒီအချိန်မှာ နေခိုင် ဘယ်လို ခံစားနေရမယ်ဆိုတာ တို့ သိပါတယ်၊ မနေ့ကမှ ကိုရဲနိုင်ရဲ့သတင်းကို တို့ ကြားရတယ်၊ တို့ စိတ်မကောင်းပါဘူး"

"ရှင် ဟန်မဆောင်စမ်းပါနဲ့၊ ကိုရဲနိုင်နဲ့ ကွဲသွားအောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့တယ်၊ အခုလို ဖြစ်သွားတော့ ရှင့်စိတ်ထဲက ကျိတ်ပြီး ဝမ်းသာနေမယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ကံတရားဆိုတာ ရှိပါသေးတယ်၊ ခုချိန်ထိ ကိုရဲနိုင် မသေသေးပါဘူး ဘယ်တော့မှ မသေဘူး၊ ကျွန်မ ဒီလိုပဲ ယုံကြည်တယ်"

ဟု ရင်ထဲရှိသမျှ ပြောချလိုက်သည်။

○ ○ ○



(၂)

"မမ . . . အခြေအနေ ဘယ်လိုလဲ"

ကျောင်းကပြန်လာသည့်မမကို နေနေခိုင်ဆီးကြိုမေးလိုက်သည်။ နေ့တိုင်း ဌာနကဖုန်းနှင့် ရန်ကုန်သို့ ဆက်သွယ်၍ မေးမြန်းပေးမည်ဟု မမ ကတိပေးထားသည်။ နေနေခိုင်က ကလေးနှစ်ယောက်ကို ကြည့်နေရသည်မို့ နေ့လည်နေ့ခင်း အပြင်ထွက်၍ မမေး

"ဖေဖေက ပြောတယ်၊ မောင်ရဲနိုင်ရဲ့အခြေအနေက နည်းနည်းတော့ တိုးတက်လာတယ်တဲ့၊ မျက်ခွံတွေ လှုပ်လာတယ်၊ ဆေးထိုးရင် နာလို့ တွန့်တာတွေ ရှိလာပြီတဲ့"

နေနေခိုင် ဝမ်းသာသွားသည်။ မမက ဆက်၍ . . .

"ဖေဖေတို့ နေ့တိုင်းသွားကြည့်ကြတယ်တဲ့၊ ညီမကိုလည်း တရားနဲ့ပဲ ဖြေသိမ့်ပါတဲ့၊ ဘာပဲဖြစ်ဖြစ် ခံနိုင်ရည်ရှိအောင် ကြိုးစားထားပါတဲ့၊ မဖြစ်ချင်တာတွေ ဖြစ်တတ်တာ လောကရဲ့ဓမ္မတာပါပဲတဲ့၊ ညီမအားရင် ဦးဝင်းနိုင်ဆီကိုလည်း ဖုန်းဆက်လိုက်ပါဦးတဲ့"

"မမ ပြောမှ သတိရတယ်၊ ညီမ . . . ဦးဝင်းနိုင်ဆီ ဖုန်းဆက်ရဦးမှာပဲ၊ တော်ကြာ ညီမကို တစ်မျိုး ထင်နေဦးမယ်"

နေနေခိုင် စိုးရိမ်ကြောင့်ကြစွာ ရေရွတ်လိုက်သည်။

○ ○ ○



www.burmeseclassic.com

www.burmeseclassic.com

(၃)

ဧရာဝတီမြစ်ကမ်းနဖူးတွင် တည်ထားသည့်စေတီ။

မြန်မာပြည်ရှိ တန်ခိုးကြီးဘုရားများထဲတွင် တစ်ဆူအပါ ပါဝင်သည်။ ဤစေတီနှင့် ပတ်သက်၍ ရှေးရာဇဝင်ကြောင်းလည်း ရှိခဲ့သည်။

ရွှေတောင်အလား ကောင်းကင်သို့ တိုးတက်သွားသော စေတီကို အာရုံပြုရင်း နေနေခိုင် ရှိခိုးဝတ်ပြုလိုက်သည်။ ထို့နော ကပ်လှူထားသည့် ပန်း၊ ဆီမီးတို့ကို ကြည့်ရင်း ထရပ်လိုက်သည် မြစ်ကမ်းဖက်အခြမ်းသို့ ခြေဦးလှည့်လိုက်သည်။

ရောဝတီ၏ နေဝင်ဆည်းဆာကို ကြည့်နေသည့် သားအမိနှင့်အတူ မင်းစိုးအောင် ရောက်နေသည်ကို တွေ့လိုက် သည်။ ဘယ်အချိန်ကတည်းက ရောက်နေသည် မသိ။

မမက သူမ ငြိုငြင်မည်ကို စိုးရိမ်သည် ထင်၏။ " ... ပြန်ကြတော့မလား ... ညီမ" ဟု ဆီးကြို၍ ပြော သူမက ဒေါသစိတ်ကို ထိန်းချုပ်ရင်း ...

"ဖြည်းဖြည်းမှ ပြန်ကြမယ်လေ၊ ကိစ္စ မရှိပါဘူး၊





တွေက ဒီနေရာက ကြည့်နေရတာ ပျော်နေကြတာပဲ၊ သူတို့ ...
တဲ့အထိ နေပါစေ ..."

မင်းစိုးအောင်က ကလေးနှစ်ယောက်ကို ပွေ့ဖက်ထားရင်း နေဝင်ဆည်းဆာရှုခင်းကို ညွှန်ပြနေသည်။ ဟိုဘက်မှာ ... ရောင်မြင်ရတာက ရေနံမြေ၊ ဒီဘက်က ဘုရားတွေက ... အညောင် နာမ ဘယ်လို ... စသည်ဖြင့် ရှင်းပြနေသည်။

"ကဲ ... ကိုမင်းစိုးအောင် ... ခဏ လာစမ်းပါဦး"

ဟု သူမ ခေါ်လိုက်သည့်အခါ မင်းစိုးအောင်က လှည့် ကြည့်ပြီး "ဘာပြောမလို့လဲ" ဟု ပြန်မေးသည်။

"ကျွန်မ ကလေးတွေရှေ့မှာ စကားမပြောချင်ဘူး၊ ရှင် ခဏ လိုက်ခဲ့စမ်းပါ"

မင်းစိုးအောင်က သူမ၏မျက်နှာ အကဲခတ်ကြည့်တာ ..

"ကဲ ... သားတို့ ခဏနော်၊ ဦး ပြန်လာမှ မေကြတော့" ဟု ကလေးများကို နှစ်သိမ့်ပြီး သူမ၏နောက်မှ လိုက်လာခဲ့သည်။

စကားပြောသံ မကြားရလောက်သည့်နေရာတွင် ရပ်တန့် လိုက်သည်။ မင်းစိုးအောင်က သူမ၏နံဘေးတွင် ရပ်ပြီး ငုံ့စောင်း ကြည့်သည်။

"ကဲ ... နေခိုင် ဘာပြောချင်လို့လဲ" ဟု မသိသလိုနှင့် မေးလာသည်။

ဤပုံစံမျိုး နေနေခိုင် မကြိုက်ပါ။ တစ်ယောက်သားအား ...

www.burmeseclassic.com



အရ ငဲ့ညှာထောက်ထားနေခြင်းကို နားလည်ဖို့ကောင်းသည်။

"ရှင် လူမှုရေးကို နားမလည်ဘူးလား . . ကိုမင်းစိုးအောင်၊ ကျွန်မတို့က ရှင့်ကို မခေါ်မပြော မဆက်ဆံချင်ဘူးဆိုတာ ရှင် မသိဘူးလား။ ကျွန်မတို့ မိသားစုတွေ အေးအေးဆေးဆေး ဘုရားလာဖူးကြတာ . . . ဘာသဘောနဲ့ နှောင့်ယှက်ချင်ရတာလဲ၊ လူတစ်ဖက်သား စိတ်မချမ်းသာအောင် လုပ်လိုက်ရမှာ ရှင်က စားဝင်အိပ်ပျော်တယ် ထင်တယ်"

"တို့ ဘာမှ မနှောင့်ယှက်ပါဘူး၊ ဒီမြို့ကို ရောက်ရင် ညနေတိုင်း ဒီဘုရားကို တို့ အမြဲတက်နေကျပဲ၊ ဒီနေ့လည်း ဒီလိုပဲ တက်လာတာ . . . ညနေ၊ နေဝင်တဲ့အထိ တို့ နေတတ်တယ်၊ တို့တွေ ကျောင်းတက်တုန်းကလည်း အားရင် ညနေတိုင်း တက်ခဲ့ကြတာပဲ မဟုတ်လား"

"ကျောင်းတုန်းကကိစ္စတွေ ဘာမှ လာမပြောနဲ့၊ ဘာမှမပတ်သက်ဘူး၊ ကျွန်မ မေးနေတာက ရှင်းရှင်းလေးရယ်၊ ရှင် ဘာကြောင့် ကျွန်မတို့နောက်ကို လိုက်နေရတာလဲ၊ အဲဒါ ကျွန်မ သိချင်တယ်"

သူ ရုတ်တရက် မဖြေဘဲ ပြုံးလိုက်သည်။

"ကျွန်မ မေးနေတယ် . . . ကိုမင်းစိုးအောင်"

ဟု သူမ စိတ်မရှည်နိုင်တော့ဘဲ ဒေါသနှင့် အော်လိုက်သည်။





"တစ်စုံတစ်ခု ဖြစ်သွားမှာ စိုးရိမ်လို့ပါ"

"ရှင်က စိုးရိမ်လို့ . . . ဘယ်သူ့ကိုလဲ"

ဟု အံ့ဩသလို မေးလိုက်သည်။

"ဘာကိုစိုးရိမ်တယ်ဆိုတာ တို့ ရှင်းမပြတတ်ဘူး၊ တို့ကိုယ်တို့လည်း နားမလည်ဘူး၊ ဒါပေမဲ့ တို့ရင်ထဲမှာ တစ်စုံတစ်ရာကို စိုးရိမ်ပူပန်နေတယ် . . . နေခိုင်"

"အော် . . . ရှင့်အတွက် ရှင်က စိုးရိမ်နေတာကိုး"

"တို့အတွက် မဟုတ်ဘူး"

"ဘယ်သူ့အတွက်လဲ"

"မင်းအတွက် . . . "

သူမ မယုံကြည်နိုင်စွာဖြင့် . . .

"ကျွန်မအတွက် ဟုတ်လား" ဟု ထပ်မေးလိုက်သည်။

"ဟုတ်တယ်"

မည်သို့မှ နားမလည်နိုင်တော့။

"နားရှိလို့သာ ကြားရတယ်၊ ယုံတောင် မယုံနိုင်ဘူး၊ ကြည့်ပါဦး လည်း ပြောပါဦးရှင် . . . ၊ ကျားက သနားတယ်လို့ ပြောတာ [illegible] တော်ပါသေးတယ်၊ ရှင်က ကျွန်မအတွက် စိုးရိမ်တယ်ဆိုတာ [illegible] ဦး အံ့ဩဖို့ ကောင်းပါတယ်"

သူ မြစ်ပြင်ဘက်သို့ မျက်နှာမူထားရင်း . . .

"တကယ်ပြောတာ . . . နေခိုင်၊ အချစ်ဆိုတဲ့ [illegible]

www.burmeseclassic.com



ခံစားဖူးတယ်၊ အမှန်တကယ် ဆုံးရှုံးရပြီဆိုရင် ခံစားချက် ဘယ်လောက်ပြင်းထန်တယ်ဆိုတာလည်း တို့ သိပါတယ်၊ အဲဒီအချိန်မျိုးမှာ ဘာကိုမှ ဂရုမစိုက်ချင်တော့ဘူး၊ စိတ်ထင်ရာ လျှောက်လုပ်ချင်တယ်၊ စိတ်နဲ့ ကိုယ်နဲ့ လွတ်နေတဲ့အချိန်မှာ ဘာမဆို ဖြစ်သွားနိုင်တယ်"

"လက်စသတ်တော့ ရှင်က တရားပြသလိုလိုနဲ့ အတိတ်ကခံစားချက်တွေ ပြောပြနေတာကိုး၊ ရှင်လည်တာ ဒီလောက်ပဲလား . . . ကိုမင်းစိုးအောင်"

ဟု ပြောပြီး မခိုးမခန့် ရယ်လိုက်သည်။

"အဲဒါတွေ အတိတ်မဟုတ်ဘူး . . . နေခိုင်၊ ခုချိန်ထိ ခံစားနေရတဲ့ ခံစားချက်တွေပါ၊ မင်းလည်း ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တဲ့သူပါ၊ တို့ သိပါတယ်၊ ဒါပေမဲ့ ပညာရှိ သတိဖြစ်ခဲ . . . ဖြစ်မှာစိုးလို့ တို့ ပြောနေတာ၊ ကိုယ်က အမှုမဲ့ အမှတ်မဲ့ သွားလာလိုက်ပေမဲ့ မတော်တဆ ကားတွေ မြင်းလှည်းတွေ မမြင်ဘဲ တိုက်မိချင် တိုက်မိတတ်တယ်၊ အန္တရာယ် သိပ်ကြီးပါတယ်၊ တကယ်တမ်း လေ့လာဆန်းစစ်ကြည့်ရင်း ကားတိုက်မှုတို့ ရထားတိုက်မှုတို့မှာ တစ်စုံတစ်ခုကို ပူပင်သောကရောက်နေတဲ့လူတွေ များလိမ့်မယ် ထင်တယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်မ အဲဒီလို ဖြစ်သွားရင် ရှင့်အတွက် မုန်းရမယ့်လူတစ်ယောက် လျော့သွားတာပေါ့၊ မုန်းရ သက်သာတာပေါ့"





သူ လက်မခံနိုင်သည့်အသွင်ဖြင့် . . .

"တို့ နေခိုင့်ကို မသေစေချင်ပါဘူး၊ တို့မုန်းတာက အချစ်ကို နားမလည်တတ်တဲ့ မင်းရဲ့နှလုံးသားကိုပါ၊ အခုတော့ မင်းလည်း တို့နဲ့ထပ်တူ ခံစားရပြီလို့ ထင်တယ်၊ မင်း တို့အချစ်ကို စာနာ နားလည်မယ်၊ မင်းရဲ့အမှားကို ဝန်ခံမယ်ဆိုရင် ဒီဇာတ်လမ်းကို အပြီးအပိုင် ရုပ်သိမ်းလိုက်ပါ့မယ်၊ နောက်နောင် မင်းစိုးအောင်ဆိုတဲ့လူကို မမြင်ချင်ဘူးဆိုလျှင် အဝေးမှာ နေပေးပါ့မယ် စိတ်ချ ဘယ်လိုလဲ . . . တို့စကားကို နေခိုင် သဘောတူရဲ့လား"

သရင့်ကိစ္စနှင့် ပတ်သက်၍ မိမိကိုယ်ကို လုံးဝသံသယ ကင်းပါသည်။ နှလုံးသားကို ကစားစရာတစ်ခုသဖွယ် သဘောထားခဲ့သူမှာ မင်းစိုးအောင်ပဲ ဖြစ်သည်။ ထို့အပြင် မိမိနှင့်မိမိဝန်းကျင်ကို စိတ်အနှောင့်အယှက် ပေးခဲ့သည်။ ခြိမ်းခြောက်ခဲ့သည်။

"တကယ်တမ်း မှားခဲ့တဲ့လူက ကျွန်မ မဟုတ်ဘူး၊ ရှင်ပါပဲ . . . ကိုမင်းစိုးအောင်၊ တကယ် . . . အချစ်မရှိတဲ့ နှလုံးသားက ရှင့်နှလုံးသားပါပဲ၊ ဒီတော့ မှားတဲ့လူက တောင်းပန်သင့်တယ် ထင်တယ်၊ ကျွန်မမှာ ဘာမှတောင်းပန်စရာ မရှိဘူး"

သူ နာကြည်းသည့်အကြည့်ဖြင့် စူးစိုက်စွာ ကြည့်လိုက်သည်။ ထို့နောက် "မင်းတော်တော် မာနကြီးတဲ့ မိန်းမပဲ" ဟု ခံပြင်းစွာ စွပ်စွဲလိုက်သည်။ ပြီးနောက် အံကို တစ်ချက်တင်းတင်းကြိတ်လိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ တို့အမှားတွေအတွက် တို့ တောင်းပန်ပါတယ်၊ နောက်နောင် မင်းနဲ့ပတ်သက်ပြီး အနှောင့်အယှက် မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်၊ ဒီဇာတ်လမ်းကို ဒီအချိန်ကစပြီး အပြီးအပိုင် ရုပ်သိမ်းလိုက်ပါပြီ . . .၊ မင်း ကျေနပ်ပြီလား"

သူမ လက်ပိုက်ထားရင်း . . .

"ဒီအချိန်မှာ ကျေနပ်ပြီလို့ ကျွန်မ မဆုံးဖြတ်နိုင်ဘူး၊ ရှင့်စကားအတိုင်း ဟုတ်၊ မဟုတ် စောင့်ကြည့်ရဦးမယ်"

ဟု လေသံခပ်မာမာနှင့်ပင် ပြန်ပြောလိုက်သည်။

"မင်းသဘောပါပဲ"

"ရှင့်စကားထဲမှာ ပါသွားတယ်၊ နောက်နောင် ရှင့်ကို မမြင်ချင်တော့ဘူးဆိုရင် အဝေးမှာပဲ နေပေးမယ်ဆိုတာလေ"

"ဟုတ်တယ် . . . နေခိုင်၊ တို့ နေပေးနိုင်ပါတယ်"

"ဒါဖြင့် ကျွန်မ ရှင့်မျက်နှာကို ဒီတစ်သက် မမြင်ချင်ဘူးလို့ ပြောလိုက်ပါရစေ . . . ကိုမင်းစိုးအောင်"

သူ သဘောကျစွာ ခပ်မဲ့မဲ့ပြုံးလိုက်သည်။

သူ၏ရှည်သောဆံပင်ကို မြစ်ပြင်လေတွင် လူးလွန့်ဝဲပျံနေသည်။

နေဝင်ဆည်းဆာ၏ နီစွေးစွေးအရောင်က သူ့မျက်နှာတွင် ကျရောက်နေသည်။

"အိုကေ . . . တို့ သွားတော့မယ်"





ဟု ပြောကာ အဆင်းစောင်းတန်းဘက်ဆီသို့ ကျောခိုင်း၍ ထွက်သွားတော့သည်။

အနည်းငယ်မျှ တုံ့ဆိုင်းခြင်း မရှိ။

ခပ်လှမ်းလှမ်းတွင် ရပ်စောင့်နေကြသည့် မမနှင့် ကလေး နှစ်ယောက်ကိုပင် လှည့်၍မကြည့်ခဲ့။ သူမက နှုတ်ဆက်လိမ့်မည်ဟု ထင်မှတ်ထားသည်မှာ မှားယွင်းသွားသည်။

○

"ဘယ်လိုဖြစ်ကြတာလဲ . . . ညီမလေးရယ်၊ မောင်မင်းစိုးအောင် ချက်ချင်းထွက်သွားတာ မမ မြင်တယ်၊ မမတို့ကိုတောင် သူ နှုတ် ဆက်မသွားဘူး"

မမက ဘာကို စိုးရိမ်ပူပန်နေသည် မသိ။ တွေ့လျှင်တွေ့ ချင်း သူမ၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီး မေးတော့သည်

"သူသာ စကားတည်မယ်ဆိုရင် ဒီတစ်သက် ညီမလေးဝ ဆီ မလာရဲတော့ပါဘူး"

"ဘာဖြစ်လို့လဲ . . . ပြောစမ်းပါဦး"

"ညီမလေး ပြောပြထားလို့ မမ[illegible] အကြောင်း[illegible] ပြီပဲ . . . ခုဟာက သူ ဘယ်လိုမှ မနိုင်တော့ဘူးဆိုတာ [illegible] ပေါက်သွားပြီး၊ အဲဒါကြောင့် အရှုံးပေးပြီး ထွက်သွား[illegible]



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဒီတစ်သက် မမြင်ချင်ဘူးလို့ ပြောလိုက်တယ်၊ သူ့ ဘာ တတ်နိုင်မှာလဲ၊ ကတိပေးပါတယ်တဲ့ကွဲ . . . ဒီဘုရားပေါ်မှာ မမတို့ စိတ်ချမ်းသာသလောက် နေနိုင်တယ်၊ ဘာမှ မစိုးရိမ်ရတော့ဘူး၊ အိမ်ပြန်ချင်တဲ့အချိန်မှ ပြန်လို့ ဖြစ်တယ်"

မမက ယခုမှ သက်ပြင်းချနိုင်သည်ထင်၏။

"ညီမလေးလည်း အရမ်းစိတ်ချမ်းသာသွားပြီ ထင်တယ်"

"အင်း . . . ညီမလေးတစ်သက်မှာ ဒီနေ့ အပျော်ဆုံးပဲ"

ဟု ရယ်ပြုံးပြုံးနှင့် ပြန်ပြောမိသည်။

မြစ်ပြင်နှင့် တစ်ဖက်ကမ်းကို အမှတ်မထင် လှမ်းကြည့်မိသည်။ မိုးအဝေးမှ ရိုးမတောင်တန်း ညို့မှိုင်းရီဝေနေ၏။

နေဝင်ဆည်းဆာသည် ယခုမှ လွမ်းမောဖွယ်ကောင်းသည်ဟု ခံစားနိုင်တော့သည်။

၀ ၀ ၀



(၄)

"အော် . . . မခိုင်လား" ဟု ဦးဝင်းနိုင်က ဖုန်းထဲမှ လှမ်းမေးသည်။

"ဟုတ်ပါတယ် . . . ဆရာ၊ ကျွန်မ ဆရာ့ဆီ ဖုန်းဆက်မယ်လို့ သတိရနေတာ ကြာပါပြီ၊ မမရဲ့ကလေးနှစ်ယောက်ကို ထိန်းပေးမယ့်လူ မရှိလို့၊ ဒီနေ့တော့ အိမ်ဖော်ရပါပြီ၊ အဲဒါကြောင့် ဆက်သွယ်ရေးရုံးကို လာပြီး ဖုန်းဆက်ရတာပါ။ အရင်နေ့တွေကတော့ မမကပဲ သူတို့ရွာနဖုန်းကနေ ဖေဖေတို့ဆီ နေ့တိုင်း လှမ်းဆက်ပြီး မေးပါတယ်၊ ကိုရဲနိုင်ရဲ့အခြေအနေကို သိချင်လို့ပါ။ ကျွန်မက မမတို့ရွာနက ဖုန်းကို မသုံးချင်ဘူးလေ၊ နောက်ပြီး သတင်းမေးရမှာလည်း စိတ်ထဲမှာ အားငယ်သလိုလို ကြောက်သလိုလို . . . ပြီးတော့ ဝမ်းနည်းချင်တယ်"

"အင်း . . . ကိုကြီး နားလည်ပါတယ် . . . မခိုင်၊ ကိုကြီးကလည်း သတင်းကောင်းပဲ ပြောချင်တာပါ . . . အပေါင်းအသင်း မိတ်ဆွေတွေဆီက ဖုန်းဝင်လာရင် ဘယ်လို ဖြေရကောင်းမလဲလို့ အမြဲတွေးရတယ်၊ သူတို့ကိုလည်း ဒီအပူကို မျှဝေမပေးချင်ဘူးလေ၊ အခုတော့ ကိုကြီး စိတ်မဆင်းရဲပါဘူး၊ မခိုင်ကို သတင်းကောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပြီ"

"ဝမ်းသာလိုက်တာ . . . ဆရာရယ်၊ ကိုရဲနိုင် နေကောင်းသွားပြီလား၊ သတိရပြီလား"

"ညီလေး . . . မနေ့က သတိရလာတယ်၊ အံ့ဩဖို့ကောင်းအောင် စကားတွေ ဘာတွေပြောလာတယ်၊ ဒါပေမဲ့ သိပ်မကြာပါဘူး၊ နာရီဝက်လောက်ပဲ ရှိမယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ခုတော့ မျှော်လင့်ချက် ရှိလာပြီပေါ့"

"ဟုတ်တဲ့၊ ဒီသတင်းကြားရတာ ဘယ်လိုဝမ်းသာမှန်း မသိဘူး၊ ခုကော အခြေအနေက ဘယ်လိုရှိလဲ ဆရာ . . ."

"အခုတော့ ပြန်ပြီး သတိလစ်နေတုန်းပါပဲ၊ ဒါပေမဲ့ နာတာကျင်တာတွေတော့ သိနေတယ်"

"အင်း . . သေချာမမြင်ရတော့ အားမရပါဘူး . . . ဆရာ၊ ကျွန်မ သူ့ကို ကြည့်ချင်တယ်၊ ဒီ လေး ငါးရက်ဆိုရင်တော့ ပြန်လာနိုင်တော့မယ် ထင်တယ်၊ အိမ်ဖော်နဲ့ ကလေးတွေနဲ့ မြန်မြန်အဆင်ပြေရင် ဒီထက် မြန်ပါလိမ့်မယ်"

"သိပ်မလောပါနဲ့ . . . မခိုင်၊ အဲဒီမှာ အဆင်ပြေဖို့လည်း အရေးကြီးပါတယ်"

"ဟုတ်ကဲ့ . . ."

"ညီလေး သတိရတုန်း ပြောတဲ့စကားတွေရှိတယ်၊ အဲဒါ မခိုင် သိမလား နည်းနည်းစဉ်းစားကြည့်ပါဦး မခိုင်နဲ့ ပတ်သက်နေ





သလားလို့"

"ပြောပါ ဆရာ"

"သူ သတိရတော့ ဝိုင်းမေးကြတယ်၊ အဲဒီနေ့က ဖုန်းလာတာက မင်းစိုးအောင်ဆီကဆိုလား၊ ဝင်းစိုးအောင်ဆီကဆိုလား မသဲကွဲဘူး၊ ဗလုံးဗထွေး ပြောတယ်၊ မခိုင်အကြောင်း ပြောပြဖို့ ခေါ်တာလို့ ပြောတယ်၊ ဘာလဲဆိုတော့ သူ ခေါင်းခါပြတယ် . . . မပြောချင်တာလား၊ မသိဘူးလို့ ငြင်းတာလား မသိဘူး"

"ဟုတ်ကဲ့ . . ." ဟု အနည်းငယ်နောက်ကျစွာ ပြောမိသည်။ ရင်ထဲတွင် နာကျင်မှုတစ်ခုကြောင့် စူးခနဲ ခံစားလိုက်ရသည်။

ဝင်းစိုးအောင် မဖြစ်နိုင်ချေ။ သူမ၏အကြောင်းကို ပြောဖို့ ချိန်းဆိုသည်သာ မှန်လျှင် မင်းစိုးအောင်ပဲ ဖြစ်ရမည်။

"နောက်ပြီး ညီလေးရဲ့ကားက အတိုက်ခံလိုက်ရတာ သေချာတယ်၊ အစကတည်းက သက်ဆိုင်ရာကလည်း ကားကိုကြည့်ပြီး သံသယ ဝင်ခဲ့တယ်၊ ကားရဲ့ ညာဘက်ခြမ်းမှာ ပြင်းပြင်းထန်ထန် ပွတ်တိုက်ထားတဲ့အရာတွေ ရှိတယ်၊ အုတ်နံရံနဲ့ ဝင်တိုက်မိလို့ ဖြစ်နေတဲ့ ပျက်စီးမှုနဲ့ သိပ်မဆက်စပ်ဘူး၊ အဲဒါတွေက ဘယ်ဘက်ခြမ်းနဲ့ ရှေ့ပိုင်းမှာပဲ ရှိနေကြတယ်၊ ဒါပေမဲ့ ညီလေးကို မေးလို့ မရသေးတော့ ဒီအတိုင်းပဲ ထားခဲ့ကြတာ၊ အခုတော့ ကားတစ်စီးက ဝင်တိုက်သွားတယ်ဆိုတာ သိရပြီ၊ ညီလေးက ဟုတ်တယ်၊ ဝင်တိုက်တာပါတဲ့၊ ဝင်တိုက်တဲ့ ကားအမျိုးအစားကိုတော့ သူ မသိလိုက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကားက အဖြူရောင် ဆလွန်ကားဆိုတာ သိလိုက်ရတယ်"

အဖြူရောင် ဆလွန်းကားအမျိုးအစား . . .

ရှင် . . . ဟု ယောင်ယမ်း၍ မအော်မိစေရန် ပါးစပ်ကို ပိတ်လိုက်ရသည်။

မင်းစိုးအောင် အမြဲစီးသည့်ကားက အဖြူရောင်ဆလွန်းကား။ သူမတို့ နောက်သို့ နောက်ယောင်ခံလိုက်သည့်အခါတိုင်း မြင်တွေ့ခဲ့ရပါသည်။

ရုတ်တရက် ခေါင်းထဲမူးနောက်ကာ ယိုင်သွားသည်။ လဲပြိုမကျအောင် စားပွဲစွန်းကို ကိုင်ထားလိုက်ရသည်။

o o o



(၁)

ပြန်လာခဲ့သည့် လမ်းတစ်လျှောက် မည်သည့်အရာကိုမှ မမှတ်မိတော့ချေ။

ဈေးဘက်မှ လာခဲ့သည်လား၊ ရုပ်ရှင်ရုံများဘက်မှ လာခဲ့သည်လား မသေချာ။ ပလက်ဖောင်းပေါ်၌ ကျနေသည့် အဆောက်အအုံ၏ အရိပ်များကို ငုံ့ကြည့်ရင်း လာခဲ့သည် ထင်၏။

သူမ၏စိတ်အစဉ်က ရန်ကုန်မြို့သို့ ရောက်လိုက်၊ တုမ္ဗဏီရုံးဘက် လှည့်လိုက်၊ ဤနေရာသို့ ပြန်လာလိုက်နှင့် မရပ်မနား ပြေးလွှားလျှက် ရှိသည်။

မင်းစိုးအောင်က သူမ၏အကြောင်း ပြောပြမည်ဟုဆိုပြီး ဖုန်းဆက်သည်။ ကိုရဲနိုင်က မင်းစိုးအောင်နှင့် တွေ့ရန် ထွက်သွားသည်။ ထို့နောက် ကားတိုက်မှု ဖြစ်သည်။ ဖြစ်သည်မှာလည်း ကားတစ်စီးက ကိုရဲနိုင်၏ကားကို ဝင်တိုက်ခြင်း ဖြစ်သည်။

ကိုရဲနိုင်က မင်းစိုးအောင်နှင့်သွားတွေ့မည်။ မင်းစိုးအောင်က သူမနှင့် ဖြစ်ပျက်ခဲ့သည့်အကြောင်းများကို မပြောဘဲ နေလိမ့်မည်မဟုတ်ပါ။ သူမ ရေးပေးခဲ့သည့်စာများကို မပြဘဲနေမည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ထို့အပြင် တမင် လုပ်ကြံဇာတ်လမ်းများကိုလည်း ထည့်ပြောလိမ့်မည်မှာ သေချာပါသည်။ သူမအပေါ် အထင်မှားစေရန် ရည်ရွယ်သည် မဟုတ်လား။ မည်မျှအထိ ရက်ရက်စက်စက် ပြောခဲ့သနည်း။

ပြန်ပြော၍ မသင့်တော်သည်အထိ ပြောခဲ့မည် ထင်သည်။ ထို့ကြောင့် ကိုရဲနိုင်က ဦးဝင်းနိုင်၏အမေးကို မဖြေဘဲ ခေါင်းခါခြင်း ဖြစ်ပေလိမ့်မည်။ တွေးကြည့်ရင်းက ရှက်ရွံ့ခြင်းကြောင့် သူမ၏ မျက်နှာ ထူပူပူ ဖြစ်လာသည်။

ကိုရဲနိုင်နှင့် ပြန်တွေ့လျှင် မည်သို့ မျက်နှာထားရမည် မသိ။

ရှက်စရာ ကောင်းလိုက်တာ။ မိမိကလည်း ဒီလူနဲ့မှ ပတ်သက်မိတာကိုး။ အစကတည်းက ဒီလောက် အောက်တန်းကျမှန်း သိခဲ့ရင် ပြင်းဆိုလိုက်မိမယ်၊ သဇင် ဦးယိုတောင်းဆိုပေမယ့် လုံးဝလုပ်ဖြစ်ခဲ့မယ် မဟုတ်ဘူး။

ကိုရဲနိုင်က တိုက်သွားသည့်ကားအရောင်ကိုပဲ မှတ်မိလိုက်သည်။ အချိန်က ညဖက်ဖြစ်နေသည်ကတစ်ကြောင်း၊ ဤမျှထိ မိုက်မဲမည်ဟု မသိသည်ကတစ်ကြောင်းကြောင့် အမှတ်မထင် ခံလိုက်ရခြင်း ဖြစ်မည်ထင်၏။

ဖြစ်နိုင်သည်မှာ . . .

ကိုရဲနိုင်က မင်းစိုးအောင် ပြောသမျှကို ချက်ချင်း လက်ခံချင်ဟန်မတူ။ တစ်ဖက်သတ်စကားနှင့် ဆုံးဖြတ်ချက် မချဘဲ





နောက် တစ်ဖက်ဖြစ်သော သူမကို မေးမြန်းဦးမည်ဟု ပြောဆိုခဲ့ဟန်တူ သည်။ ဤသို့ဆိုလျှင် မင်းစိုးအောင် မည်သို့မျှ ကျေနပ်မည် မဟုတ် ပါ။

သူမကို လာရောက် မေးမြန်းလျှင် ဖြစ်သမျှအကြောင်းများကို အမှန်တိုင်း သူမ ပြောရသည်။ မပြောဘဲနေမည်မဟုတ်ဆိုသည်ကို မင်းစိုးအောင် ယုံကြည်ဟန် တူ၏။ အချိန်မရွေး မျက်နှာချင်းဆိုင်ရှင်းရသည့် သူမအကြောင်းကို မင်းစိုးအောင် ကောင်းကောင်းသိပါသည်။

သူမသည် ပြုသမျှ နုမည့် ဖယောင်းရုပ် မဟုတ်ပါ။

ဤသို့နှင့် သူတို့နှစ်ယောက် စကားများကြပေလိမ့်မည်။ ကိုရဲနိုင်က သူမအား ချက်ချင်း မေးကြည့်မည်ဟု ဆိုမည်။ သူက အထောက်အထား ခိုင်လုံနေပြီဖြစ်သဖြင့် မေးစရာ မလိုအပ်ဟု ပြောမည်။ သူမသည် မာယာပရိယာယ်များသူဟု စွပ်စွဲပေလိမ့်မည်။

နောက်ဆုံး ကိုရဲနိုင် လက်မခံဘဲ ထွက်သွားသည့်အခါ မင်း စိုးအောင်က ကိုရဲနိုင်အပေါ် မကျေနပ်သည်က တစ်ကြောင်း၊ မိမိ အပေါ်တွင် ပြန်လည်ဒုက္ခပေးချင်သည်က တစ်ကြောင်း၊ ဤအကြောင်းများကြောင့် ကိုရဲနိုင်၏ကားကို နောက်မှလိုက်ပြီး ဝင်တိုက်ပစ်ခြင်း ဖြစ်ပေလိမ့်မည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

(၉)

နောက်ထပ် စဉ်းစား၍ ရသည့် အချက်အလက်များကိုမူ စာအုပ်ထဲတွင် နေနေခိုင် ရေးမှတ်လိုက်၏။

(၁) ခရီးမထွက်မီညတွင် ကားတိုက်မှု ဖြစ်ပွားသည်။
(ဤသည်မှာ မိမိနှင့်ကိုရဲနိုင်တို့ အတူသွားမည့် ခရီးစဉ်ကို ဖျက်လို၍ . . . မိမိနှင့်ကိုရဲနိုင်တို့ နားလည်မှု ပို၍ရရှိသွားမည်ကို စိုးရိမ်၍ . . . ထိုသို့ ပွင့်ပွင့်လင်းလင်း ပြောဆိုဖြေရှင်းပြီး နားလည်မှု ရသွားလျှင် သူ့အတွက် လုံးဝ အခြေအနေကောင်းတော့မည် မဟုတ်။)

(၂) ဤမြို့သို့ မိမိတို့ ရောက်ရှိပြီး၊ နောက်တစ်နေ့တွင် သူ့ကို တွေ့ရသည်။
(လက်ဖက်ရည်ဆိုင်မှာ . . .)
(ဤသည်မှာ ကိုယ်ပြုခဲ့သည့်အပြစ်ကို စိုးရိမ်ထိတ်လန့်သောကြောင့် ထွက်ပြေးလာခြင်း ဖြစ်မည် . .





မိမိတို့နှင့် တစ်နေ့တည်း (သို့မဟုတ်) နောက်နေ့တွင် ရန်ကုန်မှ ထွက်လာခြင်း ဖြစ်မည် . . .)

(၃) မိမိအား ကိုရဲနိုင်နှင့်ပတ်သက်သည့်သတင်းကို မသိမသာ မေးမြန်းတတ်သည်။
(ကိုရဲနိုင် အခြေအနေ မကောင်းသေးကြောင်း . . . ကံအပေါ်တွင် မူတည်သည့်အကြောင်း ပြောဖြစ်သည့်အခါ စိတ်မကောင်းကြောင်း ပြန်ပြောသည်။ အမှန်တကယ် သူနှင့်မသက်ဆိုင် . . . မေးစရာမလိုအပ် . . . တစ်နည်းအားဖြင့် ရန်ကုန်နှင့် မိမိအဆက်အသွယ်ရှိသည်ကို ဆိုလိုခြင်း ဖြစ်မည်)

(၄) မယုံကြည်နိုင်လောက်အောင် တောင်းပန်ကျေအေးသွားခြင်း။
(သူ့လိုလူတစ်ယောက်အတွက် အလွန်တရာ မဖြစ်နိုင်သည့်ကိစ္စ . . . အငြိုးတကြီး မုန်းပြီးကာမှ ချက်ချင်း ပြောင်းလဲသွားသည်။ မိမိဘက်က မကျေအေးပါဘဲနှင့် တစ်ဖက်သတ်ဇာတ်လမ်း အပြီးအပိုင် ရုပ်သိမ်းသွားသည် . . . နောင် . . . မနှောင့်ယှက်ပါဘူးဟု ကတိပေးသွားသည်)

(၅) သူ့မျက်နှာကို မမြင်ချင်ဘူးဆိုလျှင် တစ်သက်လုံး အဝေးမှာပဲ နေသွားတော့မယ် . .



www.burmeseclassic.com

www.burmeseclassic.com



(ကိုယ့်အပြစ်ပေါ်သွားမည်ဟု ထင်သောကြောင့် ထွက်ပြေးခြင်း ဖြစ်မည်။ နောက်ဆုံး ကျွဲကူးရေပါ . . လုပ်သွားခြင်း သူ့အပေါ် ကြင်နာသနားစေရန် ရည်ရွယ်သည် ထင်၏။ မိမိရင်ထဲမှာ လုံးဝ မထိခိုက်၊ မခံစားရ။)

○ ○ ○



(၇)

"ညီမလေး . . . ရန်ကုန်ကို ပြန်ချင်ပြီနဲ့တူတယ်" ဟု မမက သတိတမူနှင့် မေးလိုက်သည်။

နေနေခိုင် ပြတင်းပေါက်တွင် ထိုင်ငေးနေရာမှ . . .

"ဘာဖြစ် လို့လဲ . . . မမ" ဟု ပြန်လှည့်မေးမိသည်။ မမက သူမ ထိုင်နေသည့် ဆက်တီခုံတွင် ပြောင်းရွှေ့ထိုင်လိုက်သည်။ ထို့နောက် . . .

"အော် . . . ခုတစ်လော ညီမလေး တစ်ယောက်တည်း ထိုင်စဉ်းစားနေတာ မမ မြင်ပါတယ်ကွယ်၊ ဒီမှာ ညီမလေး မပျော်ဘူး၊ ရန်ကုန်ကိုပဲ စိတ်ရောက်နေတယ် မဟုတ်လား၊ ညီမလေး ပြန်ချင်ရင် ပြန်လို့ ရပါပြီ၊ မမ မတားပါဘူး၊ ဒီမှာလည်း မမိုးအာ ကလေးတွေနဲ့ အဆင်ပြေနေပြီပဲ"

မမိုးက အိမ်ဖော် ဖြစ်သည်။ ရောက်လာသည်မှာ ခုံး လေး ရက်ခန့်သာ ရှိပေမယ့် ကလေးတွေနှင့် ခင်မင်နေသည်။ မမိုးက သွက်သွက်လက်လက်နှင့် နေတတ်ထိုင်တတ်သည်။

"မမိုးကို ညီမလေး သဘောကျတယ်၊ နောက် နှစ်ရက်

www.burmeseclassic.com



သုံးရက် နေပြီးရင်တော့ ပြန်လို့ဖြစ်ပြီ ထင်တယ်”

“ဒီနေ့ပဲ ပြန်ချင်ရင်ပြန်ပါ . . . ညီမလေးရယ်၊ မောင်ရဲနိုင်က ညီမလေး ရောက်လာတော့မှ လုံးဝ နေကောင်းသွားလိမ့်မယ်”

မမက သူမကို နောက်နေသည်။

သူမ ခေါင်းငုံ့ရင်း ပြုံးလိုက်မိသည်။

ဘာကြောင့်မှန်း မသိ၊ စိတ်က ရန်ကုန်ကို ပြန်ချင်ပေမယ့် တကယ်တမ်း ပြန်ရမည်ဆိုသောအခါ စိတ်ထဲတွင် လေးလံနေ၏။

ဝ ဝ ဝ



(၈)

ရင်တထိတ်ထိတ်နှင့် လက်ဖက်ရည်ဆိုင်ထဲသို့ လှမ်းကြည့်လိုက်၏။

နံနက်ခင်း စားသောက်ချိန် ဖြစ်သဖြင့် စားပွဲတိုင်းတွင် လူပြည့်သလောက် ရှိနေသည်။

ဤမြို့ရောက်တိုင်း အမြဲထိုင်နေကျဟု ပြောခဲ့သည့်သူ့ကို မတွေ့ရ။

ဤမြို့တွင် ရှိမနေတော့ဟု ထင်သည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com



နေဝင်ဆည်းဆာချိန် ဘုရားပေါ်သို့ တက်ကြည့်ခဲ့သည်။

သူ၏အရိပ်အယောင်ကိုပင် မမြင်ရ။

မမက ပြန်ကြမည်ဟု ပြောတော့မှ ထပြန်ဖြစ်သည်။

ဝ ဝ ဝ



မှောင်မည်းနေသည့် မိုးညတွင် တစ်ခဏ လျှပ်လက်လိုက်သည်နှင့် တူ၏။

ကိုရဲနိုင်အတွက် မျှော်လင့်ချက်သည် ထိုလျှပ်လက်သကဲ့သို့ပင်။

ထိုနောက်တွင် ပကတိ အမှောင်ကျသွားလေပြီ။

ထိုနေ့က ကျောင်းဆင်းရမည့်အချိန်ထက် စောပြီး မမ တတိုက်ကရိုက် ဆင်းလာသည်။

ထိုအချိန်တွင် နေနေခိုင်သည် မမိုးနှင့်အတူ ကလေးနှစ်ယောက်ကို ထမင်းခွံ့ကျွေးနေသည်။ မမ မျက်စိမျက်နှာ ပျက်ယွင်းနေသည်ကို သတိပြုမိသည်။

မမက အမူအရာပြပြီး အိပ်ခန်းထဲ ဝင်သွားသည်။

သူမလည်း ဘာအရေးကြီးလာသည်မသိဟု ချက်ချင်းထပြီး လိုက်သွားသည်။

အိပ်ခန်းထဲတွင် နှစ်ယောက်ချင်း တွေ့တော့မှ . . .

"ညီမလေး . . . စိတ်တင်းပြီး မမ ပြောမယ့်စကားကို နား ထောင်နော် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်ကတည်းက သတင်းဆိုး ကြားရတော့မည်ဟု သိလိုက်၏။ ကိုရဲနိုင်နှင့်ပတ်သက်သည့်သတင်း ဖြစ်မည်ဟုလည်း ရိပ်မှားမိသည်။

"ပြောမယ့်သာပြောပါ မမရယ်၊ ဘာသတင်းပဲဖြစ်ဖြစ် ညီမလေး နားထောင်ရဲပါတယ်၊ ဘာမှမဖြစ်ပါဘူး" ဟု သိချင်ဇောနှင့် မေးလိုက်သည်။

"ခုနလေးတင် ဖေဖေ့ဆီက ဖုန်းလာတယ်၊ မောင်ရဲနိုင် ဆုံးပြီတဲ့"

ရင်ထဲတွင် ဆို့နင့်သွားသဖြင့် ဘာမှ ပြန်မပြောနိုင်။

ခေါင်းကိုသာ တွင်တွင်ညိတ်လိုက်မိသည်။

"ဖေဖေ့ဆီကို ဦးဝင်းနိုင်က အကြောင်းကြားတယ်၊ ဖေဖေကတစ်ဆင့် ညီမလေးကို ကြည့်ပြောလိုက်ပါလို့ ပြောတယ်၊ အဲဒါ ချက်ချင်းပဲ ဖေဖေ လှမ်းပြီး ဖုန်းဆက်လိုက်တာပဲ၊ ညနေ သုံးနာရီလောက်မှာ ဆုံးသွားတာတဲ့"

နားထောင်ရင်းက မင်းစိုးအောင်၏ မျက်နှာကို ဖျတ်ခနဲ မြင်ယောင်မိသည်။

ထိုသို့ မြင်ယောင်မိသည်နှင့် အမုန်းတရားက မီးကူးသွား လိုက်သကဲ့သို့ ဟုန်းခနဲ ထတောက်တော့သည်။

သူမ မည်သို့မှ ငိုရှိုက်မရတော့။

"ညီမလေး . . . ငိုချလိုက်လေ၊ အဲဒီလို စိတ်တင်းထားမနေ ပါနဲ့ ငိုပြီး ခံစားရတယ်"





မျက်ရည်တို့သည် ရင်မှာ လောင်မြိုက်သည့် အမုန်းမီးကြောင့် အငွေ့ပျံသွားကြပြီ ထင်သည်။

၀

မမကတော့ သူမကို ရူးသွားပြီဟု ထင်ပေလိမ့်မည်။

သူမကလည်း ကိုရဲနိုင်အတွက် ငိုရမည်ကို မေ့နေသည်။ ဝမ်းနည်းမှုအစား နာကြည်းခါးသီးခြင်းတို့သာ ပြည့်ကျပ်နေသည်။

ငိုလည်း မငို။

ဝမ်းနည်းသည့် မျက်နှာထားလည်း မဟုတ်။

ဒေါသကြောင့် မျက်လုံးများစူးရဲနေ၏။ နှုတ်ခမ်းကို ဖိကိုက်ထားရင်း နက်ရှိုင်းစွာ စဉ်းစားခန်းဝင်နေ၏။ မျက်ခုံးနှစ်ဖက်တအောက်သို့ ကုပ်ကျ၏။ ထိုင်ခုံတွင် ကျောက်ရုပ်သဖွယ် ငြိမ်သက်စွာ ထိုင်နေပြီး ကြမ်းခင်းကိုသာ စိုက်ကြည့်နေသည်။

မမသည် သူမကို ကြည့်ပြီး စိုးရိမ်ကြောက်ရွံ့လာဟန် တူ၏။

"ညီမလေးကို ဒီကို ခေါ်လာမိတာ မမရဲ့အပြစ်တွေပါ ကွယ်၊ မမက ကိုယ့်တစ်ကိုယ်ကောင်းကြည့်သလို ဖြစ်နေပါတယ်။ အခု . . . မောင်ရဲနိုင်ဆုံးတာ ညီမလေး မတွေ့လိုက်ရတော့ဘူး။ မမ တောင်းပန်ပါတယ်ကွယ်၊ ညီမလေး ဒီနေ့ပဲ ရန်ကုန်ကို ပြန်ပေးပါ့မယ်၊ ကဲ . . . ညီမလေးရဲ့ပစ္စည်းတွေ သိမ်းတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



မမ ပြောနေသည့်စကားကို သူမ မကြားမိသည့်အသွင်ဖြင့် . . .

"မမ . . . ညီမလေး ဖုန်းဆက်ချင်တယ်"

ဟု မဆီမဆိုင် ပြောလိုက်သည်။ မမက ချက်ချင်းပင် လက်ခံသဘောတူလိုက်သည်။

"မမတို့ဌာနက ဖုန်းနဲ့ ပြောလို့ ရပါတယ်၊ ဒါက နာရေးကိစ္စပဲ"

သူမ ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်ပြီး . . .

"သွားကြရအောင် . . . မမ"

o

ဖုန်းဆက်ရန်အတွက် ပိုက်ဆံအိတ်ထဲမှ လိပ်စာကတ်ကို ထုတ်ကြည့်လိုက်သည်။

မင်းစိုးအောင် ပေးထားသည့်ကတ်။ ရန်ကုန်ဖုန်းနံပါတ်သာမက မန္တလေးဖုန်းနှင့် ဤမြို့ဖုန်းတို့ပါ ပါရှိသည်။ မင်းစိုးအောင်သည် လုပ်ငန်းတွင် စေ့စပ်သေချာမှု ရှိဟန်တူသည်။ ပထမဆုံး ဤမြို့ ကားဂိတ်ဖုန်းနံပါတ်ကို ဆက်ဖို့ ရွေးချယ်လိုက်သည်။

"ဟဲလို . . . အမိန့်ရှိပါခင်ဗျာ၊ ကျွန်တော်တို့ . . . အဆောင် ပြေးကားနဲ့ ကုန်စည်ပို့ဆောင်ရေးဂိတ်ကပါ"

ဤအသံသည် မင်းစိုးအောင်၏အသံ မဟုတ်ပါ။





"ကိုမင်းစိုးအောင်နဲ့ စကားပြောချင်လို့ပါ"

"ဟုတ်ကဲ့၊ ဆရာ ခုနလေးကတင် အပြင်ထွက်သွားပါတယ်။ မှာစရာရှိရင် မှာခဲ့ပါခင်ဗျာ၊ ဆရာ ပြန်ရောက်လာရင် ကျွန်တော် ပြောလိုက်ပါ့မယ်"

ကံကောင်းသည်ဟု ပြောရမည်လား မသိ။ ဤမြို့တွင် မင်းစိုးအောင် ရှိနေသေးသည်။ အကယ်၍ မရှိခဲ့လျှင် ရန်ကုန်နှင့် မန္တလေးကို ဖုန်းဆက်ကြည့်နေရဦးမည်။

"ဒီမယ် . . . ကိုမင်းစိုးအောင် ခုချက်ချင်း ခေါ်ပေးလို့ မရဘူးလား၊ ကျွန်မ သူနဲ့ အရေးတကြီး ပြောစရာစကားတွေ ရှိတယ်"

သူမ၏လေသံက မာကျောနေ၍ ဖြစ်မည် ထင်သည်။ တစ်ဘက်မှ . . .

"ခုချက်ချင်း ခေါ်ပေးဖို့ဆိုတာ မလွယ်ပါဘူး ခင်ဗျာ၊ သူ အဲဒီနေရာမှာ ရှိမရှိ ကြည့်ရဦးမယ်၊ ဒါနဲ့ ဘယ်သူဖုန်းဆက်တယ်လို့ ပြောပေးရမှာလဲ ခင်ဗျာ"

ဟု ရိုသေလေးစားစွာဖြင့် အတတ်နိုင်ဆုံး ရှင်းပြနေရှာသည်။

"နေနေခိုင်က ဖုန်းဆက်တယ်လို့ ပြောလိုက်ပါ"

"မနေနေခိုင်"

"ဟုတ်တယ်၊ ကျွန်မ မနေနေခိုင်ပဲ၊ ရှင့်ဆရာကို ခုချက်ချင်း လွှတ်လိုက်ပါ၊ ကျွန်မ စောင့်နေမယ်၊ အချိန်တော့ သိပ်မကြာစေနဲ့ ဘူး၊ အချိန်ထပ်ကြာဦးမယ်ဆိုရင် ကျွန်မ ဖုန်းထပ်ဆက်မှာ ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



. . . သေချာပါစေနော်”

“စိတ်ချပါ ခင်ဗျာ၊ ကျွန်တော် ချက်ချင်းလိုက်ရှာပြီး ပြောပေးပါ့မယ်”

“ကောင်းပြီ”

ထို့နောက် သူမ မျက်နှာထားတင်းတင်းနှင့် ဖုန်းချလိုက်သည်။ ဤပုံစံအတိုင်းဆိုလျှင် ဖုန်းကိုင်သူက အလျှင်အမြန် ရှာဖွေပြီး ပြောလိမ့်မည်ဟု ထင်ပါသည်။

မမက သူမ ဘာတွေလုပ်နေသည်ကို နားမလည်နိုင်ဟန်တူသည်။

“ညီမလေးပဲ . . . မောင်မင်းစိုးအောင်နဲ့ မတွေ့ချင်ဘူးဆို . . . သူဟာ အန္တရာယ်ရှိတဲ့လူဆို . . . ခု ဘာကြောင့် သူ့ဆီကို ဖုန်းဆက်ရတာလဲ၊ မမကို ရှင်းပြစမ်းပါဦး”

ဤအချိန်တွင် ရှင်းမပြချင်တော့။ မိမိကိုယ်ကို ယုံကြည်မှုနှင့် ဆောင်ရွက်ရပေလိမ့်မည်။

မမသာ မင်းစိုးအောင်၏ အကြောင်းစုံသိလျှင် သူမ၏ အကြံအစည်ကို မည်သည့်နည်းနဲ့မှ ခွင့်ပြုမည် မဟုတ်ပါ။

“မမကို ညီမလေး နောက်တော့မှရှင်းပြမယ်၊ ခုလောလောဆယ် ညီမလေး ဘာတွေလုပ်ကိုင်ရမယ်ဆိုတာ ညီမလေးပဲ သိတယ်”

၀





ဖုန်းဆက်ပြီး နာရီဝက်ခန့်အကြာတွင် မင်းစိုးအောင် ရောက်လာသည်။

နှစ်ခန်းတွဲမိသားစုတိုက်များ ရှိနေသည့်ကြားမှ မမ၏ အခန်းတွဲရှေ့တွင် အမှားအယွင်းမရှိ ကားရပ်တန့်လိုက်သည်။ မည်သည့်သူကိုမှ မေးမြန်းစုံစမ်းသည်ကို မမြင်ရ။ တိုက်ရိုက်မောင်းဝင်လာခြင်း ဖြစ်သည်။

ကားကို နေနေခိုင် သတိထားကြည့်လိုက်သည်။

အညိုရောင် ပါပလေကာကား။

သူ စီးနေကျ အဖြူရောင်ဆလွန်းကား မဟုတ်ပါ။

မင်းစိုးအောင်သည် အကြမ်းခံသည့် ဂျင်းဘောင်းဘီအပြာရောင် ဝတ်ထားသည်။ ဆံပင်များက သေသေသပ်သပ်မရှိဘဲ ဖရိုဖရဲနှင့်။ မျက်နှာက အပြုံးအရယ် ကင်းမဲ့နေ၏။ အသိမိတ်ဆွေတစ်ယောက်၏အိမ်သို့ လာသည့်ပုံစံမျိုး နှုတ်ဆက်မည့်အရိပ်အသွင်မရှိ။

နေနေခိုင်သည် အိမ်အပြင်ဘက်သို့ ထွက်ကြိုလိုက်သည်။

“နေခိုင် . . . တို့ဆီ ဖုန်းဆက်တယ်ဆို”

ဟု သူမ၏မျက်နှာကို အကဲခတ်သလိုကြည့်ပြီး မေးသည်။ ဤသည်မှာ သေချာအောင်မေးခြင်း ဖြစ်နိုင်သလို သူ့သဘောနှင့်သူ လာရောက်ခြင်း မဟုတ်ကြောင်း နားလည်စေလိုခြင်းလည်း ဖြစ်နိုင်ပါသည်။

“ဟုတ်တယ်” ဟု အသံပြတ်နှင့် ဖြေလိုက်သည့်အခါ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ဘာဖြစ်လို့လဲ၊ ကလေးတွေရော နေကောင်းရဲ့လား၊ မမရော . . ."

ဤမိသားစုမှ ကျန်းမာရေးအခြေအနေကို အရင်ဦးဆုံး မေးသည်။

"ဒီအိမ်က ဘယ်သူမှ ဘာမှမဖြစ်ဘူး"

"ဒါဖြင့် ဘာကိစ္စအရေးကြီးတယ်လို့ ပြောရတာလဲ နေခိုင်"

"ဟုတ်တယ်၊ ရှင့်ကို အရေးတကြီး ပြောစရာစကား ရှိတယ်၊ ဒီမှာတော့ မပြောချင်ဘူး"

သူမက အိမ်ထဲ အဝင်မခံလိုခြင်းကို ရိပ်စားမိဟန်တူသည်။ သူ ရှေ့သို့ မတိုးဘဲ တံခါးဝတွင်ပင် ရပ်နေသည်။

"ရပါတယ် . . . နေခိုင်၊ ဘယ်မှာပြောချင်လဲ . . ."

"ဒီကား သုံးလို့ရပါတယ်နော်"

"အင်း . . ." ဟု ဆိုကာ ခေါင်းညိတ်သည်။

"ကားပေါ်ရောက်မှ သွားရမယ့်နေရာကို ကျွန်မ ပြောမယ်"

၀

ယခင် သူမတို့ နောက်ဆုံးတွေ့ဆုံခဲ့သည့်နေရာနှင့် သိပ်မဝေး သစ်ပင်နှစ်ပင်သာ ခြားသည်။ မြစ်ကမ်းနားလမ်းတွင် အစီအ ရံပေါက်နေသည့်သစ်ပင်များ ဖြစ်သည်။

သစ်ပင်ခြေရင်းမှစ၍ ကမ်းပါးပြတ်ကနိမ့်ဆင်းသွားသည်





မြစ်ရေကျစပြုသည့်အချိန်မို့ သဲသောင်ပြင်သည် အတော်များများ ကျယ်ပြန့်နေ၏။ သို့ရာတွင် မြစ်လယ်တွင် သဲသောင်ထွန်းလောက် အောင်ထိ ရေမခန်းသေး။

ကျနေသည် မြစ်ပြင်ကို ထိခိုက်ကာ အလင်းစက်များ တဖိတ်ဖိတ် တလက်လက် ပြေးနေသည်။ ကမ်းစပ်ထက် မြစ်လယ် က ရေစီးအား ပို၍သန်နေသည် ထင်၏။ ရှေ့လျားစီးဆင်းနေသည့် ပုံစံက မြားဦးသဖွယ် ဖြစ်နေ၏။

ကားပေါ်မှ ဆင်းလာကတည်းက သူ စကားတစ်ခွန်းမှ မမေး။ သူမ၏အပြောကို စောင့်နေသည်။ နေနေခိုင်ကလည်း အကြောင်းမဲ့ မြစ်ပြင်ဘက် ငေးတွေကြည့်နေမိသည်။ ထို့နောက် အတန်ငယ်ကြာမှ သူ့ဘက်သို့ မျက်နှာမူလိုက်ပြီး . . .

"ကိုရဲနိုင် ဆုံးသွားပြီ . . . ကိုမင်းစိုးအောင်"

သူ့မျက်နှာမှ အပြောင်းအလဲကို ဂရုတစိုက် ကြည့်လိုက်သည်။ ကိုရဲနိုင် သေဆုံးရခြင်းမှာ သူ၏လက်ချက်ကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤသတင်းကြားရသည့်အခါ တုန်လှုပ်ခြောက်ခြားပြီး မူ ပျက်သွားရမည်ဟု ထင်ထားခဲ့သည်။

သို့ရာတွင် သူက စိတ်မကောင်းဖြစ်သည့်အသွင်ဖြင့် "အော်" ဟုသာ ရေရွတ်သည်။ ဟုတ်လား၊ ဘယ်နေ့က ဆုံးတာလဲ၊ နေခိုင် ဘယ်လိုလုပ်မလဲ . . . စသည်ဖြင့် အသည်းအသန် မေးသင့် သည်။ ယခုတော့ သာမန်ဝမ်းနည်းမှုကိုသာ ဖော်ပြသည်။ အင်မ တန် ဟန်ဆောင်ကောင်းသည့် လူတစ်ယောက်နှင့် သူမ ရင်ဆိုင်နေ



www.burmeseclassic.com

www.burmeseclassic.com



ရှိ၍ ဖမ်းသည်။

"ရှင် ဘယ်လိုခံစားရလဲ . . . ကိုမင်းစိုးအောင်၊ တော်တော်လေး ဝမ်းမသာမိဘူးလား"

သူ သဘောပေါက်သည့်အသွင် လှစ်ခနဲ ပြုံးလိုက်ပြီး . . .

"နေခိုင်က ကိုရဲနိုင်ဆုံးတဲ့အကြောင်းနဲ့ ပတ်သက်ပြီး တို့ကို ရန်လုပ်ချင်လို့ ခေါ်လိုက်တာ ထင်တယ်၊ တို့ ဘာဖြစ်လို့ ဝမ်းသာရမှာလဲ၊ လူတစ်ယောက် ဒီလောက, က ပျောက်ကွယ်သွားပြီဆိုတာ ဝမ်းသာစရာလား၊ ကိုရဲနိုင်ဟာ တို့ရန်သူ မဟုတ်ပါဘူး၊ တို့ မနာလိုလည်း မဖြစ်ခဲ့ဘူး၊ တို့မုန်းတဲ့အထဲမှာ သူ မပါ, ပါဘူး၊ ဒီလောကမှာ တို့ လူတစ်ယောက်ကိုပဲ မုန်းဖူးပါတယ်"

မိမိကို ရည်ရွယ်ခြင်းဖြစ်ကြောင်း နေနေခိုင် သိပါသည်။

"မဖြစ်နိုင်ဘူး ထင်တယ်၊ ရှင်က ကျွန်မနဲ့ပတ်သက်သမျှ လူတိုင်းကို မုန်းတာပါ"

"တို့ အမှန်အတိုင်း ပြောတာပါ . . . နေခိုင်၊ ကိုရဲနိုင်တို့ မုန်းလောက်အောင် ဘာအကြောင်းအချက်မှ မရှိဘူး၊ သူက တို့ အပေါ်မှာ ဘာမှ မလုပ်ခဲ့ဘူး၊ တို့အပေါ်မှာ မကောင်းခဲ့တဲ့ သဇင်တို့ တောင် မုန်းလို့ မရခဲ့ပါဘူး၊ ကိုရဲနိုင်က သဇင်နဲ့စာရင် အဝေးကြီးပါ"

"ရှင် ကိုရဲနိုင်နဲ့ တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးဘူးလား"

"ဟင့်အင်း . . . မတွေ့ဖူးဘူး" ဟု လုံးဝ ငြင်းလိုက်သည်။ ဤသည်မှာ အကြွင်းမဲ့ ဖုံးကွယ်ခြင်း ဖြစ်သည်။

"ကိုရဲနိုင်နဲ့ စကားတောင် တစ်ခါမှ မပြောဖူးဘူးလို့ ဆိုသို့





ချင်တာလား"

သူ သက်ပြင်းချပြီး မျက်နှာလွှဲသွားသည်။ ချက်ချင်း မဖြေ။ မည်သို့ဖြေဆိုရမည်ကို စဉ်းစားနေဟန်တူသည်။

"ဒီအချိန်မှာ ဘာဖြစ်လို့ ဒီမေးခွန်းတွေ မေးနေရတာလဲ . . . နေခိုင်၊ တို့ နားမလည်နိုင်ဘူး၊ ဒီဇာတ်လမ်းကို တို့ အပြီးအပိုင် ရုပ်သိမ်းလိုက်ပြီလို့ ပြောခဲ့တယ်၊ ဒီအကြောင်းတွေ တို့ ပြန်မပြောချင်တော့ဘူး၊ ပြန်ပြောလို့လည်း အကျိုးမရှိနိုင်ပါဘူး၊ ဘာကြောင့်ဆိုတော့ တို့နှစ်ယောက်ကြားမှာ ရှင်းပြရမယ့်လူ ကိုရဲနိုင်က ရှိမှ မရှိတော့တာပဲ . . ."

သူမ၏အမေးကို မဖြေဆိုဘဲ ဝေ့လည်ကြောင်ပတ်လုပ်နေသဖြင့် စိတ်မရှည်တော့။ မျိုသိပ်ထားရသည့် နာကြည်း မုန်းတီးခြင်းတို့က ပွင့်ထွက်လာသည်။

"ရှင် သိထားဖို့က ကိုရဲနိုင် မရှိပေမယ့် ကျွန်မတစ်ယောက်လုံး ရှိပါသေးတယ် . . . ကိုမင်းစိုးအောင်၊ ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ကျွန်မမှာ မေးပိုင်ခွင့် ရှိပါတယ်၊ ဒီဇာတ်လမ်းမှာ ကိုရဲနိုင်က အရံလောက်ပဲ ရှိပါတယ်၊ အဓိကကျတာက ကျွန်မပဲဆိုတာ ရှင် မမေ့သင့်ဘူး"

"တို့ နားမလည်တော့ဘူး . . , နေခိုင်၊ မင်း ဒီနေရာကို ဒီစကားတွေ ပြောဖို့ ခေါ်လာတာလား"

"ကိုမင်းစိုးအောင် ဒီစကားတွေ မကြားချင်ဘူးလား"

သူ စိတ်ပျက်လက်ပျက်နှင့် ရပ်ကြည့်ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"တို့ မကြားချင်တာ နေခိုင်၊ တို့ ဘာကိုမှ ပြန်မစဉ်းစားချင်တော့ဘူး၊ ဒီအချိန်မှာ တို့လုပ်ခဲ့တာတွေ တို့ ပြန်ပြီး မုန်းနေမိတယ်၊ တို့ကိုယ်တို့ မုန်းနေတယ်၊ တခြား ဘယ်သူ့ကိုမှ မမုန်းတော့ဘူး၊ ဒီမယ် . . . နေခိုင် . . . ကိုယ့်ကိုယ်ကိုယ် ပြန်မုန်းမိတဲ့အဖြစ်လောက် ခါးသီးလွန်းတာ ဒီလောကမှာ မရှိနိုင်တော့ဘူး ထင်တယ်"

ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိနေပြီပဲ။ ဒါပေမဲ့ နောင်တရရုံနဲ့ ရာဇဝတ်ဘေးက ပြေးလွတ်မတဲ့လား။ သူမကိုယ်၌က ခွင့်လွှတ်၍ မရ။ ကိုရဲနိုင်အတွက် ထိုက်သင့်သည့်အပြစ်ဒဏ်ကို သူ ခံစားရပါလိမ့်မည်။

ကိုရဲနိုင်ကို ရှင် သတ်ခဲ့တာ မဟုတ်လားဟု ပါးစပ်က မေးမိ တော့မတတ် ဖြစ်သွားသည်။ ပြီးမှ သတိနှင့် ပြန်၍ထိန်းချုပ်လိုက်ရ၏။

"ကောင်းပြီလေ . . . မင်း သိပ်သိချင်မှတော့ တို့ ပြောရမှာပေါ့၊ ဟုတ်ပါတယ် . . . တို့ ကိုရဲနိုင်နဲ့ စကားပြောခဲ့ဖူးတယ်၊ ဒါပေမဲ့ လူချင်းတော့ မတွေ့ဖူးပါဘူး"

ဤသည်မှာ တစ်ဝက်တစ်ပျက် ဝန်ခံခြင်း ဖြစ်သည်။

"ကျွန်မအကြောင်းတွေတော့ မပြောခဲ့ဘူး ထင်ပါတယ်"

ဟု ခနဲ့တဲ့တဲ့နှင့် ပြောလိုက်သည့်အခါ "အသေအချာပဲ" ဟု ဆိုကာ ခေါင်းငုံ့သွားသည်။

"ဒီမေးခွန်းကို သေသေချာချာ စဉ်းစားပြီးမှ ဖြေပါ . . . ကိုမင်းစိုးအောင်၊ ကိုရဲနိုင် ဆုံးသွားတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ရှင်ဘာ





ပြောချင်သလဲ၊ ရှင့်မှာ နောက်ထပ်ဝန်ခံစရာ အပြစ်တွေ ရှိသေးလား၊ ကျွန်မ သိချင်တယ်"

သူမ အတိကျဆုံး မေးလိုက်ခြင်း ဖြစ်သည်။

"ဒီမေးခွန်းက ဘာအဓိပ္ပာယ်လဲ၊ တို့ကြောင့် ကိုရဲနိုင် သေရတယ်လို့ မင်း ထင်နေလို့လား"

ဟု သူ ခံပြင်းဒေါသနှင့် ပြန်လှန်မေးခွန်းထုတ်လာသည်။

"အဲဒါ မဟုတ်လို့လား" ဟု သူမ သွေးတိုးစမ်း၍ ပြောလိုက်သည်။ ထိုအခါတွင် သည်းခံနိုင်မှု အတိုင်းအတာ ကျော်လွန်သွားဟန်တူ၏။ ဒေါသတကြီးနှင့် သူမ၏လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ပြီး . . .

"လုံးဝ မဟုတ်ဘူး၊ ဒီသံသယတွေက မင်းခေါင်းထဲ ဘယ်လို ဝင်လာတာလဲ၊ ငါ သိချင်တယ် . . . နေခိုင်၊ ပြောစမ်းပါဦး"

ဟု နာကျင်စွာ အော်ပြောသည်။

"ရှင် မဟုတ်ရင်လည်း ပြီးတာပဲ၊ ကျွန်မ လက်ကို လွှတ်စမ်းပါ၊ ကျွန်မ မကြိုက်ဘူး"

သူမက ဒေါသနှင့် တုံ့ပြန်လိုက်သည်။ သူမ၏ စူးစူးဝါးဝါး အော်သံကြောင့် သတိဝင်လာဟန်တူပြီး ဆုပ်ကိုင်ထားခြင်းမှအသာအယာ လွှတ်ပေးသည်။ ထို့နောက် သူမအား ဆို့နင့်ရီဝေသည့် မျက်လုံးအစုံဖြင့် ငေးစိုက်ကြည့်သည်။ မျက်ရည်များဝဲ၍လာသည် ထင်၏။

ဤသည်မှာ ကြေကွဲဝမ်းနည်းမှုပဲ ဖြစ်လိမ့်မည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့အမုန်းတွေကို တို့ ကြောက်သွားပါပြီ . . . နေခိုင်၊ မင်းရဲ့နှလုံးသားကိုလည်း တို့နားလည်ပါပြီ၊ မင်းနဲ့တို့ ဆက်ပြီး စကား ပြောနေလို့ မဖြစ်တော့ဘူး၊ တို့တွေ ပြန်ကြတာပဲ ကောင်းပါတယ်"

ပြောပြောဆိုဆိုနှင့် ပြန်ဖို့ ခြေလှမ်းပြင်သည်။

ဤတစ်ခါတွင်မူ သူ သေချာပေါက် အဝေးဆုံးသို့ ထွက် ပြေးသွားလိမ့်မည် ထင်သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ သံသယထဲမှ အန္တရာယ်အရိပ်အယောင်ကို မြင်လိုက်ရ၍ ဖြစ်မည်။ သူမကလည်း ဤမျှထိ ပြောပြဖို့ မရည်ရွယ်ပါ။

အကြောင်းတစ်စုံတစ်ခု ပြုပြီး ရန်ကုန်အထိ ခေါ်ယူသွားဖို့ စိတ်ကူးထားသည်။

"ကိုမင်းစိုးအောင် . . . ခဏ နေစမ်းပါဦး၊ ရှင့်ကို ဒီနေရာ ကို ခေါ်လာရတာက ဒီအကြောင်းတွေ ပြောချင်လို့ မဟုတ်ပါဘူး ကျွန်မ ရန်ကုန်ပြန်ဖို့ ပြောမလို့ပါ၊ အခုတော့ ပြောရင်းက စကားတွေ လွန်ကုန်သလို ဖြစ်သွားတယ်၊ ဒီအတွက် တောင်းပန်ပါတယ်ရှင်၊ ဘယ်လိုမှ သဘောမထားပါနဲ့"

သူက ခြေလှမ်းကို ရပ်တန့်ပြီး ငဲ့ကြည့်သည်။

"တို့ ဘယ်လိုကူညီရမှာလဲ . . . နေခိုင်၊ ကားလက်မှတ် ဝယ်ချင်လို့လား"

"မဟုတ်ပါဘူး၊ အဲဒီကားကြီးတွေနဲ့ဆိုရင် အချိန်သိပ်ကြာ လိမ့်မယ်၊ ကျွန်မကို ရှင့်ကားနဲ့ လိုက်ပို့ပေးနိုင်မလား၊ ဒီဟာ နာရေး ကိစ္စမို့ ကူညီသင့်ပါတယ်၊ ရှင့်အနေနဲ့ ကျွန်မအပေါ် ဘယ်လိုမှ





သဘောမထားဘူးဆိုရင် ကူညီပါရှင်၊ ကျွန်မ အနူးအညွတ် တောင်း ပန်ပါတယ်"

သူမ၏မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်ပြီး . . .

"ဘာမှ တောင်းပန်စရာ မလိုပါဘူး . . . နေခိုင်၊ မင်း သွား ချင်တဲ့အချိန်ကို ပြောပါ၊ တို့ အရောက်လာခဲ့ပါ့မယ်၊ ဘယ်အချိန် ဒီက ထွက်ချင်သလဲ"

သူမ ချက်ချင်း အဖြေမပေးဘဲ အချိန်ဆွဲထားလိုက်သည်။ စဉ်းစားနေသလို . . . ။ တကယ်တော့ အရာရာကို ကြိုတင်၍ စဉ်း စားထားပြီး ဖြစ်သည်။

မင်းစိုးအောင်အား မျက်စိအောက်မှ အပျောက်မခံရပါ။ ရန်ကုန်အထိ လှည့်ပတ်ခေါ်ယူသွားရမည် ဖြစ်၏။ ရန်ကုန်ရောက် တော့မှ သက်ဆိုင်ရာ၏လက်ထဲသို့ ထည့်ပေးလိုက်မည်။

ဤသို့ဆိုလျှင် ကိုရဲနိုင်အတွက် မိမိ တာဝန်ကျေလိမ့်မည်။

"ကျွန်မ ခုချက်ချင်း သွားချင်တယ် . . . ကိုမင်းစိုးအောင်"

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

(၁၁)

"ကျွန်မ စကားများနေတာနဲ့ အချိန်တောင် တော်တော်ကုန်သွားတယ် ထင်တယ်"

အားနာသည့်ဟန်ပန်ဖြင့် ရယ်ရယ်ပြုံးပြုံး ပြောလိုက်သည်။ မင်းစိုးအောင်က ကားကို ကျင်လည်စွာ မောင်းရင်း . . .

"အင်း . . . တစ်နာရီလောက် အချိန်ပုပ်သွားတယ် . . . နေခိုင်၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ နေခိုင်က ကိုယ့်ချစ်သူအတွက် ကြေကွဲနေရတဲ့လူပဲ၊ ဒီအချိန်မှာ စိတ်ကူးတည့်ရာ စဉ်းစားပြောဆိုကြတာ ဓမ္မတာပါ၊ ဒီလိုမသွားရင် ဒီလိုမဖြစ်ဘူး၊ ဒီလူမခေါ်ရင် ငါ့ယောကျ်ား သေမှာ မဟုတ်ဘူးနဲ့ ရန်တွေ့ကြတဲ့ မိန်းမတွေ တို့ တွေ့ဖူးပါတယ်"

"ဟာ . . . ကိုမင်းစိုးအောင်ကလည်း" ဟု ရေရွတ်ရင်း သူမ ရှက်သွားသည်။

"သေခြင်းတရားလောက် ဖြေရှင်းရခက်တဲ့ပြဿနာ ဒီလောကမှာ မရှိပါဘူး . . နေခိုင်၊ အနက်နဲဆုံးနဲ့ အကျယ်ပြန့်ဆုံး စကြာဝဠာကိုတောင် ရူပဗေဒပညာရှင်တွေက ဖြေရှင်းဖို့ကြိုးစားကြ





တယ်၊ အခုဆိုရင် သီဝရီတွေ တော်တော်ရနေကြပြီ၊ စကြာဝဠာက မျက်မြင်လက်တွေ့ မြင်တွေ့နေရတယ်၊ အဝေးဆုံးက ကြယ်တွေက ဝေးလွန်းလို့ မမြင်ရပေမယ့် ကြည့်ရှုတဲ့ပညာရပ် တိုးတက်လာရင် တစ်နေ့တော့ တွေ့ရမှာပဲ၊ သူက ရှိကို ရှိနေတာကိုး၊ ဒါပေမဲ့ သေခြင်း တရားကတော့ ရှိကို ရှိမနေလို့ ခက်နေတာ"

"ဘယ်လို . . . ကိုမင်းစိုးအောင် သေခြင်းတရားဆိုတာ မရှိဘူးတဲ့လား"

သူက သူမ စိတ်ပြေလက်ပျောက်ဖြစ်စေရန် ရည်ရွယ်ပြီး ပြောနေခြင်းဖြစ်သည် ထင်၏။ ကားကို ကျောင်းလမ်းဘက် ချိုးကွေ့လိုက်ပြီးနောက် . . . .

"သေခြင်းတရားဆိုမှတော့ တရားရှိပါတယ်"

ရယ်စရာ ပြောသည်အထင်နှင့် သူမ ရယ်မိသည်။ သူလည်း ရောယောင်ရယ်ရင်း . . .

"တကယ်ပါ . . . ဟိုရှေးကာလက အခုထိ သေခြင်းရဲ့ သဘောကို နားမလည်နိုင်ကြတာကြောင့် ပုဂ္ဂိုလ်တစ်ဦးလို ယူဆပြီး နာမည်ပေးခဲ့ကြတယ်၊ ဥပမာ . . . သေမင်း၊ သေခြင်းတရားတို့ကို ပိုင်စိုးတဲ့ အရှင်သခင် . . . မင်းတစ်ပါးအနေနဲ့ပေါ့"

"ဟုတ်တယ် . . . ကျွန်မတို့ ငယ်ငယ်က ဘိုးဘိုးဘွားဘွားတွေ ပြောကြဆိုကြတယ်လေ၊ သေမင်းက ခေါ်သွားတယ်၊ သေမင်း ကြားသွားဦးမယ် စတဲ့ စကားတွေလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် တို့တွေလည်း ဒီစကားတွေကြားထဲက ကြီးပြင်းခဲ့ရတာပဲ၊ သေခြင်းဆိုတာ တကယ်တော့ တရားတစ်ခုပါ။ ပုံမှန်ဖြစ်ပေါ်လေ့ဖြစ်ထ ရှိတာကို တရားလို့ ခေါ်တယ်၊ ဘိဝရိုလို့ ယူဆမယ်ဆိုရင်လည်း မမှားပါဘူး၊ သေခြင်းဟာ ပျက်စီးခြင်းသဘောတစ်ခုပါ။ ဖွဲ့စည်းမှုတစ်ခု ပျက်သွားတဲ့သဘောပါ၊ လူတစ်ယောက်ရယ်လို့မမြင်ဘဲ လူအဖြစ် ဖွဲ့စည်းထားတဲ့သဘောဆိုရင် နေခိုင် ရေးရေးတော့ နားလည်ပြီ ထင်တယ်"

"အင်း . . . နားလည်ပြီ၊ ဒါပေမဲ့ အချိန်ယူပြီး ဆက်စဉ်းစားရဦးမယ်" ဟု သူမက စဉ်းစားရင်း ပြောလိုက်သည်။

"နောက်မှ စဉ်းစားတော့ . . . မနေခိုင်၊ အခု အိမ်ရှေ့ရောက် နေပြီ"

မင်းစိုးအောင်က ပြောတော့မှ သူမ သတိထားမိသည်။ ဟုတ်သည်။ ကားက သူမတို့အိမ်ရှေ့တွင် ရပ်တန့်နေပြီ။ ကား ရုတ်တရက် ရပ်သွားခြင်းကိုပင် သတိမထားမိ။ မင်းစိုးအောင်၏စကားထဲတွင် မျောပါနေမိသည်။

"ကဲ . . . ဒီကပဲ စောင့်နေ၊ ကျွန်မ အထုပ်အပိုးတွေ ယူပြီး ချက်ချင်း ဆင်းလာမှာ တော်ကြာ ကလေးတွေနဲ့ တွေ့ပြီး အချိန်ကြာ မှာ စိုးရတယ်"

တကယ်စိုးရိမ်သည်က မင်းစိုးအောင် မမနှင့်စကားပြောဆိုမိမှာ ဖြစ်ပါသည်။ မမ၏ စကားများထဲမှ သံသယ ရရှိသွားမှာ





မလို ချင်။ ပြီးတော့ သူမကလည်း မမကို ကျိတ်ပြီး မှာကြားစရာ ရှိသေးသည်။

ဤတစ်ညလုံး မင်းစိုးအောင်နှင့်အတူ ခရီးသွားဖို့ မိုက်မိုက်မဲမဲ ဆုံးဖြတ်ခဲ့သည်။ မိမိကိုယ်ကို ယုံကြည်မှုကြောင့် ဤသို့ ဆုံးဖြတ်ခဲ့သည်ဟု ထင်၏။

၀ ၀ ၀



www.burmeseclassic.com

www.burmeseclassic.com

(၁၂)

သူမ၏အိမ်ကို ဝင်ခဲ့ပြီးသည့်နောက် သူ့ကားဂိတ်ကို မောင်းခဲ့ကြသည်။ ဂိတ်တွင် ဝင်ပြီး၊ အဝတ်အစားအိတ်ကို ယူရမည် ဖြစ်၏။ မှာစရာရှိတာလည်း မှာရဦးမည် ဖြစ်၏။

ဂိတ်ကိုရောက်တော့ မှောင်ရိပ်သန်းစ ပြုနေပြီ။

ဂိတ်ဝင်းရှိ စားသောက်ဆိုင်များနှင့် စတိုးဆိုင်များက လျှပ်စစ်မီး ထွန်းညှိထားကြပြီ။

ကားပေါ်မှဆင်းပြီး ဂိတ်ထဲ ဝင်သွားသည်ကို သူမ သတိထားကြည့်မိသည်။ သူ့ဂိတ်မှ ဝန်ထမ်းများက ကားရှေ့ခန်းတွင် ပါလာသည့် မိမိကို စူးစမ်းချင်စိတ်နှင့် သေသေချာချာ ကြည့်နေကြသဖြင့် အနေခက်လှသည်။ မျက်နှာ မည်သို့ထားရမည် မသိ။

ဒီလူတွေ သူ့ဆရာဆီက သူမ၏အကြောင်းကို သိထားကြသည်လား။ သို့မဟုတ် သူ့ဆရာ၏ ချစ်သူဟု ထင်နေကြသည်လား။ လမ်းကြုံလိုက်လာသည့် မိန်းမပျက်တစ်ယောက်ဟု ထင်မြင်ကြလျှင် ရှက်စရာပင်။ စဉ်းစားတုန်းက ဤမျှထိ အသေးစိတ်မှ မပါခဲ့သော ကိုယ့်အပြစ်နှင့်ကိုယ်မို့ တစ်ယောက်တည်း ဒေါသထွက်နေမိသည်။





အိတ်တစ်လုံး ဆွဲယူပြီး သူ ထွက်လာသည်နှင့် ထက်ချက်ချင်းတော့ . . .

"ရှင်ကလည်း ကြာလိုက်တာ၊ ခုထိ မပြီးသေးဘူးလား"

ဟု အသားလွတ် ရှက်ရမ်း၊ ရမ်းမိသည်။ သူက အံ့အားသင့်နှင့် အိတ်ကို ကားနောက်ကို ပစ်တင်လိုက်ပြီး . . .

"အခု သွားပြီး . . . အခု ဆင်းလာတာပါ . . . နေခိုင်ရယ်၊ ငါးမိနစ်တောင် မကြာပါဘူး"

ဟု အလျှင်အမြန် ဖြေရှင်းပါသည်။

"သိပ်စကားများမနေနဲ့ မြန်မြန်တက် . . . သွားမယ်"

သူ အူကြောင်ကြောင်နှင့် ကားပေါ်တက်လိုက်သည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

(၁၃)

မြို့၏နယ်နိမိတ်မှလွန်သည်နှင့် အမှောင်ထုကဆီးကြိုနေတော့သည်[illegible]

လမ်းမီးတိုင်များသည် ဆင်ခြေဖုံးရပ်ကွက်များနှင့်အ[illegible] နောက်မှာ ကျန်ရစ်ခဲ့ကြလေပြီ။ ကားအသွားအလာကလည်း [illegible] ခြည်း ကျဲပါးသွားသည်။ ကုန်တင်ကားများကိုသာ တွေ့နေရသည်[illegible] ခရီးသည်တင်ကားက တစ်စီး နှစ်စီးသာ ဖြတ်သွားသည်။

တိုက်နေသည့်လေကလည်းအေးစိမ့်လာ၏။ အညာဒေသ[illegible] ၏သဘောသဘာဝပင် ဖြစ်သည်။ နွေခင်းတွင် လေပူတိုက်တတ်[illegible] မယ့် ညရောက်လေ အအေးဓာတ်ပိုလေ ဖြစ်သည်။ ညလေ[illegible] တစ်ခါတစ်ရံ မနေနိုင်အောင် အေးစက်လွန်းပါသည်။

လေအတိုက်သက်သာစေရန် ကားမှန်တင်ဖို့ကြိုးစားကြ[illegible] သည့်အခါ မှန်က တစ်ဝက်ပဲ တင်၍ရသည်။ ကျပ်နေ၏။ အော[illegible] လာသဖြင့် ကိုယ်ကို အနည်းငယ် ကျုံ့လိုက်သည်နှင့် . . .

"နေခိုင် . . . အနွေးထည် ယူလေ"

ဟု ဆိုကာ ကားကို ရပ်တန့်ဖို့ အရှိန်လျှော့လိုက်သ[illegible] သူမ လန့်သွားသည်။





ကားအသွားအလာ ပြတ်သည့်နေရာ။ အချိန်ကလည်း [illegible] လယ်နေ့ခင်း မြင်မြင်သာသာ မဟုတ်ပါ။ မှောင်မည်းနေသည်။ [illegible]၍နေရာတွင် ကားရပ်တန့်ပြီး ကားပေါ်မှ ဆင်းရမှာတော့ ကြောက် [illegible]သည်။ မမြင်ရသည့်တစ္ဆေသရဲကို ကြောက်ခြင်း မဟုတ်ပါ။

"ဟင့်အင်း . . . ကျွန်မ မချမ်းသေးပါဘူး၊ ဆက်မောင်းပါ"

"မဟုတ်ဘူး နည်းနည်းအေးလာပြီ၊ အနွေးထည် ဝတ်ထား [illegible]ထိုက်ရင် ကောင်းမယ်"

"နေပါစေ မဝတ်ချင်သေးဘူး"

မလုံမလဲစိတ်ကြောင့် မင်းစိုးအောင်ကိုပင် မကြည့်ရဲတော့ [illegible] ကားရှေ့သို့ ကြည့်သယောင် မျက်နှာလွှဲထားမိသည်။

သူ သဘောပေါက်သွားသည်။

"တို့ တကယ် သဘောရိုးနဲ့ ပြောတာပါ၊ ဒီကားက ခရီးဝေး [illegible]အတွက် အကြမ်းသုံးဖို့ ထားတာ၊ လူတိုင်းနီးပါး တက်မောင်းနေကြ [illegible]တော့ ဟိုဟာပျက် ဒီဟာပျက်နဲ့ . . အခု ကားထံခါးတွေ နှစ်ခုစလုံး [illegible]ကောင်းဘူး၊ သူ့အထာသိမှ တင်လို့ ရတယ် . . . အခု မင်းကို [illegible]ကျော်ပြီး ကားမှန် တင်ပေးချင်ပါတယ်"

"အို . . . မလုပ်နဲ့၊ ရပါတယ်"

ကိုယ်ပေါ်မှကျော်ပြီး ကားမှန်တင်လျှင် ထိမိတိုက်မိ[illegible] [illegible]ည်မှာ သေချာပါသည်။

"တို့ မလုပ်ပါဘူး၊ ရှေ့က မြို့ကို ရောက်တော့မှ လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်"

သူက ကားမောင်းရင်း ဂျင်းဂျာကင်အင်္ကျီကို ချွတ်လိုက်[illegible] သည်။ ထို့နောက် "ရော့ . . . ဒီအင်္ကျီ ဝတ်ထား" ဟု ပြော[illegible] လှမ်းပေးသည်။ သူမက မယူဘဲ တွန်းထုတ်မိသည်။

"မဝတ်ချင်သေးရင် ခုံမှာ ချထားလိုက် . . . နေခိုင်"

○

မြို့၏မီးရောင်ကို မြင်တွေ့သည်နှင့် သူမ ကြောက်စိတ် အနည်[illegible] ပြေသွားသည်။ မြို့အစွန်ကို ဖြတ်ကျော်လာ၏။ တိုက်တာအိမ်[illegible] အချို့ကို စတင်တွေ့ရသည်။ လက်ဖက်ရည်ဆိုင်တွေ စားသော[illegible] ဆိုင်တွေ မီးရောင်မှိန်မှိန်နှင့်။

မြို့လယ်ဟု သိနိုင်သည်မှာ တိုက်တာအဆောက်အအုံ[illegible] ကြီးမားမားတို့က ခြံဝင်းမရှိဘဲ တစ်ဆက်တည်းနီးပါး ကပ်လျ[illegible] ရှိကြသည်။ ထိုအဆောက်အအုံများ၏ အောက်ထပ်တိုင်းတွင် [illegible] မှန်စုံကို ဖွင့်လှစ်ထားပြီး ရောင်းသူဝယ်သူတို့နှင့် စည်ကားနေသ[illegible] အထူးသဖြင့် လမ်းဘေးဈေးဆိုင်များ ထစုတဝေးတည်း ရှိ[illegible] သည်။

လျှပ်စစ်မီးရောင် ကောင်းသည့်နေရာဖြစ်သဖြင့် ထိန်[illegible] လင်းနေ၏။





"တစ်ခုခု စားကြရအောင် . . . နေခိုင်၊ တို့တွေ [illegible] တကြီး ထွက်လာကြလို့ ဘာမှ မစားရသေးဘူး။ နေခိုင်ကော ဗိုက်မ ဆာဘူးလား"

ထိုအခါမှ ညနေစာ ထမင်းမစားခဲ့ရခြင်းကို သတိရသည်။

စားသောက်ဆိုင်ကြီးကြီးတစ်ခုရှေ့တွင် ကားကို ရပ်တန့် လိုက်၏။

သူမလည်း အေးစက်စက်ဖြစ်နေသည့် ပါးနှစ်ဖက်ကို အုပ် ကိုင်ရင်း ဆင်းလိုက်သည်။ သူက သတိထားမိဟန် ခပ်ပြုံးပြုံးကြည့် ပြီး . . . "တော်တော်အေးသွားတယ်ထင်တယ်၊ တို့ဂျာကင် ခြုံထား ပါဆို . . . ခြုံမှ မခြုံထားဘဲ"

သူမ ဘာမှမပြောဘဲ ရပ်နေသည်။

"ကဲ . . အနွေးထည် ယူလေ" ဟု သတိပေးတော့မှ ကပျာ ကယာ အိတ်ထဲမှ အနွေးထည်ကို ထုတ်လိုက်မိသည်။

သူကတော့ ကားတံခါးကို တစ်ချက်နှစ်ချက် ပုတ်ပြီး မှန်ကို ဆွဲတင်နေသည်။ ချက်ချင်းပင် မှန်က အပြည့်တက်သွားလေ၏။

လေစိမ်းတို့အတွက် အဆင်ပြေသွားပေမယ့် မိမိ၏ လုံခြုံမှု အတွက်တော့ သိပ်မကောင်းပါ။ ကားတံခါးမှန် အပြည့်ပိတ်ထား လျှင် အသံက လုံသည်။ အပြင်သို့ မထွက်။ ထို့ကြောင့် ကားထဲတွင် မင်းထိုးအောင်က အန္တရာယ်ပေးလာသည့်အခါ အကူအညီတောင်းခံ ရန် အော်ဟစ်ရပေလိမ့်မည်။ အခြေအနေဆိုတာက ခန့်မှန်းရ



www.burmeseclassic.com

www.burmeseclassic.com



ခက် ပါသည်။

အထူးသဖြင့် ရန်သူတစ်ယောက်ကို ရန်သူမှန်းသိလျက်နှင့် အတူခရီးသွားရသည်မှာ မလွယ်ကူပါ။ အမြဲတမ်း အရိပ်တကြည့်ကြည့်နှင့် နေရသည်။ သူ ဘာစဉ်းစားနေသလဲ၊ သူ ဘာလုပ်နိုင်သလဲ စသည်ဖြင့် ကြိုတင်စဉ်းစားကာ စိတ်တထင့်ထင့်နှင့် စောင့်နေရ၏။

ယခုလည်း မှန်အပြည့်တင်လိုက်ခြင်းကို သဘောမကျပါ။

"ကိုမင်းစိုးအောင် . . . မှန်ကို နည်းနည်းလောက် ချပေးဦးလေ"

"လေမဝင်မှာ စိုးလို့လား"

"ဟုတ်တယ်၊ လုံးဝ လေမဝင်ရင်လည်း မကောင်းဘူးလေ၊ မွန်းကျပ်သလိုပဲ"

"မဖြစ်ပါဘူး၊ တို့ဘက်က တံခါးကို ဖွင့်ထားမှာပဲ"

ဒုက္ခပါပဲ . . . ဟု စိတ်ထဲက ရေရွတ်မိသည်။ တိုက်ရိုက် မပြောချင်သဖြင့် ဆင်ခြေပေးလိုက်ကာမှ ပိုဆိုးသွားသည်။ မှန်အပြည့်ပိတ်ထားတော့ မည်သို့ လက်နှင့် အချက်ပြနိုင်တော့မည်နည်း။

"ဘာပဲဖြစ်ဖြစ် မှန်ကို တစ်ဝက်လောက်တော့ ချပေးပါ . . . ကိုမင်းစိုးအောင်၊ အမှိုက်လေး ဘာလေး ပစ်စရာရှိရင် ပစ်လို့ရအောင်လေ . . ."

သူ ဘာမှထပ်မပြောတော့ဘဲ မှန်ကို တစ်ဝက်ပြန်ချပေး





လိုက်သည်။

ထို့နောက် သူမဘက် ငဲ့ကြည့်ပြီး . . .

"ကဲ . . . ကျေနပ်ပြီလား"

ဝ

ဗိုက်ဆာပါသော်လည်း ခရီးသွားသည့်အချိန်များတွင် ပြည့်တင်းအောင် စားလေ့မရှိသဖြင့် အဆင်ပြေမည့် ဆီချက်ခေါက်ဆွဲတစ်ခွဲနှင့် ကော်ဖီတစ်ခွက် မှာလိုက်သည်။ ထို့နောက် ဘာမှ ဝင်မမှာဘဲ ထိုင်ကြည့်နေသော မင်းစိုးအောင်ဘက်သို့ လှည့်ကာ . . .

"ကိုမင်းစိုးအောင် ကြိုက်တာမှာပါ၊ ဘာမှ အားမနာပါနဲ့နော်၊ ကျွန်မကို အကူအညီပေးတဲ့အတွက် တုံ့ပြန်တဲ့အနေနဲ့ ဒီစားပွဲကို ကျွန်မ ရှင်းပါ့မယ်"

ဟု ပြောလိုက်သည့်အခါ သူက ခပ်ပြုံးပြုံးနှင့် . . .

"လောလောဆယ် မြန်မာဘီယာတစ်ခွက် မှာမယ်၊ နောက်တော့မှ စားသောက်စရာ မှာမယ်"

ရုတ်တရက် သူမ အနည်းငယ် တွန့်သွားပြီး မျက်နှာပျက်သွားသည်။

"ကျွန်မတို့က တစ်ညလုံး သွားရဦးမှာလေ၊ ပေါ်ကြော မတော်တဆဖြစ်ပြီး ရန်ကုန်မရောက်ဘဲ နတ်ပြည်ရောက်နေမှဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဘယ်လိုမှသဘောမထားပါနဲ့၊ ရှင်ခရီးသွားတဲ့အချိန် ရှင်ကြိုက်သလို လုပ်နိုင်ပေမယ့် ဒီမှာတော့ မသောက်ပါနဲ့၊ ကျွန်မ တောင်းပန်ပါတယ် . . . ကိုမင်းစိုးအောင်"

"အထင်မလွဲပါနဲ့ . . . နေခိုင်၊ တို့ ဘာမှ မသောက်တတ်ပါဘူး၊ ဘယ်တုန်းကမှ ဘီယာပဲဖြစ်ဖြစ် အရက်ပဲဖြစ်ဖြစ် မူးယစ်ဆေးတစ်ခုဖြစ်ဖြစ် မသောက်ခဲ့ပါဘူး၊ တို့ကိုယ်တို့ လူကောင်းတစ်ယောက်လို ပြောနေတာ မဟုတ်ဘူးနော်၊ တို့ တကယ်သောက်ဖြစ်နိုင်တဲ့အချိန်တွေ ရှိခဲ့ပါတယ်၊ ရင်ထဲမှာ လွမ်းတဲ့အခါပေါ့"

သူမ ဖျတ်ခနဲ မျက်လွှာချပစ်လိုက်သည်။

"ဒါပေမဲ့ . . . နေခိုင်ရယ်၊ တို့ဆိုတဲ့ အကောင်ကလည်း အလွမ်းကို ဒီအတိုင်း အစိမ်းကြီး ခံစားချင်တာပါ၊ ချစ်ခဲ့တုန်းကလည်း ဘာနဲ့မှ မရောခဲ့သလို မုန်းတော့လည်း အစိမ်းသက်သက် မုန်းနိုင်ခဲ့ပါတယ်၊ ဒါဟာ ကံကြမ္မာက ပေးအပ်လာတဲ့ဆုလာဘ်တွေလို့ ယုံကြည်တယ်၊ အစကတည်းက တို့ ကံမကောင်းခဲ့ပါဘူး"

သူမက စကားဖြတ်သည့်အနေနှင့် . . .

"ကဲ . . . ဒါဆိုရင် ကိုမင်းစိုးအောင် ဘာစားမလဲ"

ဟု မေးလိုက်သည်။ မင်းစိုးအောင်က ရိပ်စားမိသည့်ဟန်ဖြင့် . . . "ဒီအချိန်မှာ ဒီစကားပြောတာ အခွင့်အရေးယူချင်လို့ . . . နေခိုင် ထင်ချင်ထင်မယ်၊ နေခိုင့်အနေနဲ့ ချစ်သူဆုံးရှုံးနေတဲ့အချိန်မှာ နေရာဝင်ယူချင်လို့ ပြောတာလို့ ထင်ရင် ထင်လိုက်ပါ၊ ဒါပေမဲ့





တို့ ပြောတဲ့စကားထဲမှာ ပါ, ပါတယ်၊ ဘဝခရီးမှာ တွေ့ကြုံလာရတဲ့ ဘယ်လိုနာကျင်ခံစားမှုကိုဖြစ်စေ ဘာနဲ့မှ မရောဘဲ ဒီအတိုင်းကြီး ခံစားတယ်ဆိုတာလေ . . . နေခိုင်လည်း အခုချိန်မှာ ဘာနဲ့မှ မရော ဘဲ ခံစားလိုက်ပါ"

"နေစမ်းပါဦး . . . ကိုမင်းစိုးအောင်၊ ကျွန်မ ဘာတွေရော နေလို့လဲ"

"အမုန်းတွေ"

"ရှင် . . . "

"ဟုတ်တယ်၊ ကိုရဲနိုင်အတွက် ခံစားရသမျှကို တို့ဆီ မ လိုက်ပါနဲ့၊ တို့ကို မုန်းတဲ့အမုန်းနဲ့ မရောလိုက်ပါနဲ့၊ အဲဒါ ပြောချင် တာ၊ ရောရင် မူးကုန်လိမ့်မယ်"

မိမိ၏အကြံအစည်ကို မင်းစိုးအောင် ရိပ်မိသွားပြီလား သံသယ ဖြစ်မိသည်။

ကိုရဲနိုင်အတွက် ခံစားရမှုကြောင့် ဤလုပ်ရပ်ကို ဆောင်ရွက်နေခြင်း မဟုတ်ပါ။ အပြစ်တစ်ခုကို မိုက်မဲစွာ ကျူးလွန်ခဲ့ပြီး ဖုံးကွယ်လိမ်ညာထားသူတစ်ယောက်ကို ဖွင့်ချပြမည် ကြိုးစားနေခြင်း ဖြစ်ပါသည်။

○



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ရှ်ဘုတ်ထဲမှာ သီချင်းခွေတွေပါတယ် . . နေခိုင်၊ ဘယ်သီချင်း နားထောင်မလဲ" ဟု ကားမောင်းနေရင်းက လှည့်မေးသည်။

"ကျွန်မ ဘာမှနားမထောင်ချင်ဘူး"

"အော် . . . ဟုတ်သားပဲ၊ တို့ မေ့သွားတယ်၊ ဒီအချိန်မှာ နေခိုင် ဘယ်နားထောင်ချင်ပါ့မလဲ၊ နေခိုင့်ဘာသာ နေပါ၊ တို့ မနှောင့်ယှက်တော့ဘူး"

ထိုသို့ ပြောပြီး ကားကိုသာ အာရုံစိုက်၍ မောင်းနေသည်။

နေနေခိုင့်စိတ်ထဲက ရန်ကုန်ကို မြန်မြန်ရောက်ပါစေဟု ဆုတောင်းမိသည်။

ခရီးတာသည် သတိထားလေ ပို၍ရှည်လျားလေဟု ထင်မှတ်ရသည်။ စိတ်ဆန္ဒက ရောက်ချင်ဇောသန်လေ ပို၍ဝေးလေပင် ဖြစ်၏။ တကယ် စိတ်ပင်ပန်းသည့် ခရီး။

ကောင်းကင်ယံမှ ကြယ်ပွင့်များကို ငေးကြည့်နေမိသည်။

၀

အေးခနဲ ခံစားလိုက်ရသဖြင့် အိပ်နေရာမှ ဖျတ်ခနဲ နိုးသွားသည်။

မည်သည့်အချိန်က အိပ်ပျော်သွားသည် မသိ။ ဘာမှမသိအောင် ဤမျှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရပါ့မလားဟု ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်မိသည်။ လူးလဲထရင်း ကြည့်လိုက်သည်။





အေးခနဲ ဖြစ်သွားသည်မှာ ကားတံခါး ဖွင့်လိုက်ခြင်းကြောင့် ဖြစ်သည်။

သူ လမ်းပေါ်သို့ အသာအယာဆင်းကာ ခါးဆန့်နေသည်။

မည်သည့်နေရာ ရောက်နေသလဲဟု တွေးကာ ပြူးပြူးပျာပျာနှင့် ဘေးဘီဝဲယာကို လှည့်ကြည့်လိုက်သည်။ လက်ဖက်ရည်ဆိုင်၏ရှေ့တွင် ရောက်နေခြင်းဖြစ်သည်။ ဤဆိုင်က မိုးအလင်း ဖွင့်သည်ထင်၏။ ထိုဆိုင်၏အနီးဝန်းကျင်ရှိ အိမ်များ၊ ဆိုင်ခန်းများက မှောင်မည်းမည်းနှင့် ငြိမ်သက်စွာ အိပ်စက်နေကြသည်။

တကယ်တော့ ကားရပ်လိုက်ခြင်းကိုပင် နေနေခိုင် မသိပါ။ မင်းစိုးအောင် ကားတံခါး ဖွင့်လိုက်တော့မှ အပြင်လေက အလုံး အရင်းနှင့် ဝင်လာသဖြင့် အေးခနဲ ခံစားလိုက်ရခြင်း ဖြစ်သည်။ နို့ မဟုတ်လျှင် ဘယ်အချိန်ထိ အိပ်ပျော်နေမည်မသိ။

သူက ဖျတ်ခနဲ နောက်ပြန်လှည့်ကြည့်ပြီး . . .

"နိုးပြီလား . . . နေခိုင်၊ လက်ဖက်ရည် သောက်ရအောင် ဆင်းလေ . . ."

သူမ စိုးရိမ်မှုကြောင့် ရင်ခုန်မပြယ်သေးဘဲ . . .

"ဒီနေရာက ဘယ်နေရာလဲ . . . ကိုမင်းစိုးအောင်၊ ဘယ် ရောက်နေတာလဲ"

ဟု အလောတကြီး မေးမြန်းမိသည်။

"တို့ ------ မြို့ကို ရောက်နေပြီ နေခိုင်"



www.burmeseclassic.com

www.burmeseclassic.com



သူပြောလိုက်သည့်မြို့ကို သိပေမယ့် ရန်ကုန်နှင့် မည်မျှဝေးသည်ကို မခန့်မှန်းတတ်။ အချိန်ကလည်း သန်းခေါင်ကျော်ကျော် ရှိမည် ထင်၏။

"အဲဒီမြို့ တကယ်ဟုတ်ပါတယ်နော် . . ."

မယုံသင်္ကာနှင့် ထပ်၍မေးမိသည့်အခါ . . .

"တို့ပြောတာ မယုံဘူးဆိုရင် နေခိုင် ဆင်းမေးကြည့်လေ"

သူက လက်ဖက်ရည်ဆိုင်ဘက်သို့ ညွှန်ပြရင်း ပြောလိုက်သည်။ ဆိုင်ထဲတွင် တစ်ဝိုင်း၊ နှစ်ဝိုင်းတော့ လူတွေ ရှိနေကြသည်။ ထို့ကြောင့် ကြောက်စိတ် အနည်းငယ် ပြယ်သွားသလို ရှိ၏။

"ရှင် လက်ဖက်ရည် သောက်ဦးမလို့လား"

"နေခိုင်ရယ် . . . တို့ဘက်လည်း နည်းနည်းပါးပါး ထည့်စဉ်းစားပေးပါဦး၊ ဒီလမ်းခရီးမှာ အနည်းဆုံး ငါးနေရာလောက် ရပ်ကြပါတယ်၊ ဘယ်သူမှ ဒီလောက်တစ်ဆက်တည်းမမောင်းကြပါဘူး၊ တို့ ခဏ နားတယ်ဆိုတာက တို့နှစ်ယောက်လုံးအတွက်ပါ၊ ဒီအတိုင်း ဆက်မောင်းသွားရင် အာရုံညောင်းပြီး အမြင်မှားကုန်လိမ့်မယ်၊ သိပ် အန္တရာယ်ကြီးပါတယ်"

ထိုအခါမှ နေနေခိုင် နားလည်သွားပြီး . . .

"ဆောရီးပဲ . . . ကိုမင်းစိုးအောင်၊ ကျွန်မ မနားစေချင်လို့ ပြောတာ မဟုတ်ပါဘူး၊ ကိုမင်းစိုးအောင် ကြိုက်သလောက် အချိန်ယူပြီး နားနိုင်ပါတယ်"



"တို့ မိနစ်နှစ်ဆယ်လောက်ပဲ နားမှာပါ၊ ဒီကပြီးရင် ဘယ်မှာမှ မနားတော့ဘူး၊ ရန်ကုန်ကို တောက်လျှောက်မောင်းတော့မှာ၊ နေခိုင်လည်း မျက်လုံးတွေဘာတွေ ကျယ်သွားအောင် လက်ဖက်ရည် ဆင်းသောက်ပါဦးလား"

"နေပါစေ၊ ကျွန်မ ကားပေါ်ကပဲ စောင့်ပါ့မယ်"

"သဘောပဲလေ၊ နည်းနည်းညောင်းတယ်ဆိုရင် လမ်းလျှောက်ပေါ့"

သူမ ခေါင်းခါပြလိုက်သည်။

သူ လက်ဖက်ရည်ဆိုင်ထဲ ဝင်သွားသည်။ ထို့နောက် လက်ဖက်ရည်မှာပြီး ခုံတွင် ခြေဆန့်လက်ဆန့်ထိုင်ရင်း မျက်လုံးကို မှိတ်ထားသည်။ သူ မည်မျှ ပင်ပန်းနေမည် မသိ။ သူမအပေါ်တွင်ထား သည့်စေတနာဟုပဲ ပြောရမည်လား။

၀

ရန်ကုန်မြို့အဝင်ကို ကျော်လွန်သည်နှင့် စိတ်ထဲ အေးချမ်းသွားသလို ခံစားရသည်။ မိမိကျွမ်းဝင်သည့်အရပ်သည် မိမိ၏နယ်မြေပင် ဖြစ်သည်။

အမှောင်ပြယ်စ ဝေလီဝေလင်းအချိန်။

"တို့ ကားကို ခဏရပ်မယ်နော်၊ မျက်နှာသစ်ချင်လို့" ဟု

www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးအောင်က ခွင့်တောင်းသည်။ သူမအနေနှင့် ခွင့်မပြုနိုင်စရာ မရှိပါ။ ဤနေရာ ဤအချိန်တွင် မည်သည့်ဘေးအန္တရာယ်မှ မဖြစ်နိုင်ကြောင်း ခိုင်မာစွာ ယုံကြည်ပါသည်။

ထို့ကြောင့် ကားရပ်နားခွင့်ပြုလိုက်သည်။

လမ်းနံဘေး မြေသားပခုံးပေါ်တွင် ရပ်နားပြီး မင်းစိုးအောင် ဆင်းလိုက်သည်။ သောက်ရေသန့်ပုလင်းကိုယူ၍ မျက်နှာသစ်သည်။ သူမကို ဆင်းပါဟု မပြော။ သူမကိုယ်၌ကလည်း မျက်နှာအနည်းအကျဉ်း သန့်စင်ချင်နေသည်။ သောက်ရေသန့်ပုလင်းကို လှမ်းတောင်းယူပြီး မျက်နှာသစ်လိုက်သည်။

မင်းစိုးအောင် တစေ့တစောင်း လှမ်းကြည့်နေခြင်းကို သတိ ပြုမိပါသည်။ ထိုအကြည့်တွင် ကြင်နာမှုအရိပ်အငွေ့တချို့ ယှက် သန်းနေသည်ဟု ထင်၏။

“ဒီအချိန်မှာ တို့ နေခိုင့်ကို စကားနည်းနည်းပြောချင်တယ်၊ ဘာကြောင့်လဲဆိုတော့ ဒီနေရာဟာ နေခိုင့်အတွက်ဘာအန္တရာယ်မှ ကျရောက်နိုင်စရာ မရှိလို့ပါ၊ လမ်းမှာ တို့ပြောရင် နေခိုင်က ခြိမ်း ခြောက်တာလား၊ အကျပ်ကိုင်တာလားလို့ ထင်နေဦးမယ်၊ အခုတော့ တို့ရင်ထဲရှိတာတွေ လွတ်လွတ်လပ်လပ် ပြောနိုင်ပြီလို့ ထင်တယ်”

မင်းစိုးအောင်က ကားကို မှီရပ်ရင်း ကွင်းပြင်ကျယ်ကို လှမ်း ကြည့်လိုက်သည်။

သူမ ငြိမ်သက်စွာဖြင့် နားထောင်နေ၏။



“ဒီခရီးဟာ နေခိုင့် တို့ကို ညာပြီးခေါ်လာခဲ့တာပါ၊ ဘယ်လို ရည်ရွယ်ချက်နဲ့ ခေါ်လာတယ်ဆိုတာ အသေအချာ မသိပါဘူး၊ ဒါပေမဲ့ တော်တော့်ကို အရေးကြီးတယ်ဆိုတာ တို့ သိပါတယ်၊ ဒီအပြင် တို့အတွက် ကောင်းသောအကျိုး မဟုတ်ဘူးဆိုတာလည်း တို့ နားလည်ပါတယ်”

“ကျွန်မ တကယ်အရေးကြီးလို့ အကူအညီတောင်းတာပါ”

သူ လက်ကာ၍ တားလိုက်သည်။ လတ်မခံနိုင်သည့် သဘော။

“တို့ဘာသာ ဆက်ပြောပါရစေ၊ တို့ ဒီလိုသိလျက်နဲ့ ဘာကြောင့်လိုက်ပို့ရတာလဲ၊ တို့ ဖြေပါ့မယ်၊ မင်းကို ချစ်လို့၊ မုန်းလို့ မရနိုင်အောင် တို့ ချစ်မိတယ်လေ၊ ပိုးဖလံမျိုး မီးကိုတိုးတယ်လို့ စကား ရှိပါတယ်၊ မီးကို ဝင်တိုးတဲ့ ပိုးဖလံမှာ အသိဉာဏ် မရှိပါဘူး၊ မီးမှန်း သူတို့ မသိကြဘူး၊ တို့က အဲဒီပိုးဖလံထက် မိုက်တဲ့လူပါ”

ထိုသို့ ပြောဆိုပြီးနောက် ကားတံခါးဖွင့်ကာ ဝင်ထိုင်လိုက် သည်။

သူ့မျက်နှာက တစ်စုံတစ်ခုကို ရင်ဆိုင်ရန် ပြင်ဆင်ထားသည့်အသွင် တည်ငြိမ်လွန်းသည်။

“ကဲ . . . ကားပေါ်တက်တော့လေ . . . နေခိုင်၊ သွားကြမယ်”

ကားခဏရပ်တန့်သည့် ခဏတာအတွင်း အမှောင်မိုက်ဟူ

www.burmeseclassic.com

www.burmeseclassic.com



၌ မရှိတော့။ လုံးဝ ပျောက်ကွယ်သွားခဲ့ပါပြီ။

ဝ

"ကျွန်မ အိမ်ကို မဝင်သေးဘူး ကိုမင်းစိုးအောင်၊ ဦးဝင်းနိုင်ရဲ့အိမ်မဲ တန်းပြီး သွားရအောင်၊ ကျွန်မ ဆရာ့ကို သတင်းပို့စရာ ရှိလို့ပါ"

ဟု ပြောရင်း မင်းစိုးအောင် တစေ့တစောင်း အကဲခတ်လိုက်သည်။ ဤစကားကို သူ ကြားလိုက်လျှင် ဘာဆက်လုပ်ရမည်ကို အသင့်စဉ်းစားထားပြီး ဖြစ်သည်။

"တို့ အဲဒီအိမ်ကို မသိဘူး၊ နေခိုင်ပဲ လမ်းညွှန်ပါ" ဟု ပြောလိုက်သည်။ မည်သည့်သံသယမှ ရှိသည့်ပုံ မပေါ်။ သူမ စောင့်နေခဲ့ရသည့်အချိန်သည် တဖြည်းဖြည်း နီးကပ်လာပြီ ဖြစ်သောကြောင့် ရင်ခုန်နေမိသည်။

ဦးဝင်းနိုင်၏အိမ်က သေသပ်စွာ အကွက်ချထားသည့် အဆင့်မြင့် ရပ်ကွက်တစ်ခုတွင် ရှိပါသည်။ ရပ်ကွက်တစ်ခုလုံးကို တံတိုင်းတစ်ခုတည်းနှင့် ခတ်ထားသည်။ ထိုအထဲတွင် ကိုယ့်ခြံကိုယ့်ဝင်းနှင့် လုံခြုံရေးများ ချထားသည်။

သူမတို့၏ကားသည် ပထမဂိတ်ကြီးကို ဖြတ်ကျော်ပြီးသည့်နောက် နောက်ထပ်ဂိတ်ငယ်တစ်ခုရှေ့တွင် ရပ်တန့်လိုက်သည်။ ဦးဝင်းနိုင်၏ ခြံဂိတ်။





"ကိုမင်းစိုးအောင် ဆင်းချင်ဆင်းလေ၊ ကျွန်မ သိပ်မကြာပါဘူး"

"တို့ မဆင်းချင်ပါဘူး၊ တို့ အရမ်းပင်ပန်းနေလို့ မစောင့်တော့ဘူးနော်၊ နေခိုင် ပြန်လို့ဖြစ်တယ် မဟုတ်လား"

သူမ တံခါးဖွင့်ဆင်းကာ "လုံခြုံရေးတွေ ထွက်လာတဲ့အထိတော့ စောင့်ပေးဦးနော်၊ ပြီးရင် ပြန်နိုင်ပါတယ်"

ဟု အချိန်ဆွဲထားလိုက်သည်။ သူက "ရပါတယ်" ဟု သာမန်ပင် ပြောဆိုကာ စောင့်နေသည်။ ခြံဝင်းတံခါးမှ ဘဲလ်ကို နှိပ်လိုက်သည်။ လုံခြုံရေးအထူးကောင်းမွန်သည့်နေရာ ဖြစ်သဖြင့် စက္ကန့်ပိုင်းတွင် တံခါးဝသို့ လုံခြုံရေးတစ်ယောက် ရောက်လာသည်။

"ကျွန်မ နေနေခိုင်ပါ၊ ဦးဝင်းနိုင်ရဲ့တပည့်ကျော်က ဝန်ထမ်းပါ၊ အရမ်းအရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် အမြန်ဆုံး တွေ့ချင်ပါတယ်"

ဟု ပြောကာ ဝန်ထမ်းကတ်ကို ထုတ်ပြလိုက်သည်။ ထိုလူက သူမ၏ကတ်ကို စစ်ဆေးကြည့်ရှုပြီး . . .

"ခဏစောင့်ပါ၊ ဆရာ့ နီး မနီး ကြည့်ပေးပါ့မယ်၊ မနီးသေးရင်တော့ အပြင်မှာပဲ စောင့်နေရလိမ့်မယ်"

"ကိစ္စမရှိပါဘူး" ဟု ပြောလိုက်သည်။ ထို့နောက် ပိုက်ဆံအိတ်ထဲမှ တစ်စုံတစ်ခုပျောက်သွားသဖြင့် ရှာဖွေသလို ဟန်ဆောင်လိုက်သည်။ ထိုတစ်စုံတစ်ခုက ကားထဲတွင် ကျကျန်ရစ်ခဲ့သလိုပုံစံဖြင့် ကပျာကယာ ကားထဲသို့ ငုံ့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းစိုးအောင်ကလည်း ပျာယာခတ်နေသည့် သူမ၏အမူအရာကြောင့် စိုးရိမ်သွားပြီး "ဘာပျောက်သွားလို့လဲ" ဟု ပြောကာ ကားအောက်ထဲသို့ ငုံ့ကြည့်လိုက်သည်။ ကူညီရှာဖွေပေးမည့်ဟန်နှင့်။

သူမ ဆင်ထားသည့် လှည့်ကွက်ထဲသို့ မင်းစိုးအောင် ဝင်သွားသည်။ အခိုက်အတန့်။ စက္ကန့်ပိုင်းမျှသာ။

သူ၏ကားသော့ကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး . .

"ကျွန်မ ရှာနေတာ ဒါပဲ . . . ကိုမင်းစိုးအောင်"

ဟု ကျေနပ်စွာ ပြောလိုက်သည်။

ဝ

"ဒါက ဘာသဘောလဲ နေခိုင်" ဟု မင်းစိုးအောင်က သူမ၏လက်ထဲမှ ကားသော့ကို တစ်ချက်ကြည့်ပြီး လှမ်းမေးသည်။

"ရှင်းပါတယ် . . . ကိုမင်းစိုးအောင်၊ ရှင် ဘယ်မှ ထွက်ပြေးလို့ မရအောင် လုပ်လိုက်တာပဲ"

ဤမျက်ဝန်းများသည် ခရီးစဉ်တစ်လျှောက်လုံး သူ မြင်တွေ့ခဲ့ရသည့် မျက်ဝန်းများ မဟုတ်။ ယခုတော့ နာကြည်းမုန်းတီးခြင်းများနှင့် ဝင်းလက်နေကြသည်။

"တို့က ဘာကြောင့် ထွက်ပြေးရမှာလဲ၊ တို့ နားမလည်ဘူး"

"ရှင် အဲဒီလို မသိချင်ဟန်ဆောင်မနေပါနဲ့၊ ရှင် လုပ်ခဲ့တဲ့





အပြစ်တွေ ဘယ်သူမှ မသိနိုင်ဘူးလို့လည်း ယုံကြည်မနေပါနဲ့၊ ဘယ်သူမှ မသိပေမယ့် ကျွန်မ သိပါတယ်၊ ရှင် ဘယ်နည်းနဲ့မှ ဖုံးကွယ်ထားလို့ မရတော့ဘူး . . . ကိုမင်းစိုးအောင်"

"မင်း ဘာတွေပြောနေတာလဲ . . . နေခိုင်၊ မင်း စိတ်မှ ကောင်းသေးရဲ့လား"

ဤစကားက သူမကို မခံမရပ်နိုင်အောင် နာကျင်စေသည် ထင်၏။

"ကျွန်မ စိတ်ကောင်းလို့ ရှင့်ကို ဒီနေရာထိ ရောက်အောင် ခေါ်လာနိုင်တာပေါ့ . . . ကိုမင်းစိုးအောင်ရယ်၊ ပြီးတော့ ရှင် လုပ်ခဲ့တဲ့ အပြစ်တွေအတွက် အပြစ်ဒဏ်ကျခံရအောင် လုပ်ဦးမှာပါ။ အမှန်တကယ် စိတ်ထားမကောင်းတာ ရှင်ပါပဲ ကိုမင်းစိုးအောင်၊ လူတစ်ယောက်ရဲ့အသက်ကို ဖက်ရွက်လေးတစ်ရွက်လောက်တောင် ရှင် တန်ဖိုးမထားဘူး၊ လွယ်လွယ်ကူကူနဲ့ သတ်ပစ်ရက်တယ်"

"တို့ ဒီလောက်ထိ ဆင်ခြင်တုံတရား မကင်းမဲ့ပါဘူး၊ လူတစ်ယောက်ကို သတ်ပစ်တဲ့အထိ မမိုက်မဲဘူး၊ တို့ ဘယ်သူ့ကို သတ်ပစ်တယ်လို့ မင်း စွပ်စွဲနေတာလဲ၊ ပြောစမ်းပါဦး"

"ရှင် ဟန်ဆောင်ပြီး ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့၊ ရှင် လုပ်ခဲ့တာတွေ ဘယ်သူမှ မသိပေမယ့် ကျွန်မ သိပါတယ်၊ ကိုရဲနိုင်ဟာ ရှင့်လက်ချက်ကြောင့် သေရတာ၊ ရှင် အာငြင်းချင်သေးလဲ"

သူ သဘောကျစွာ ရယ်မောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေခိုင် . . . မင်းဟာ ဟိုတစ်ချိန်တုန်းကလိုပဲ တစ်ဖက်သတ် စွဲချက်တင်နေတာကိုး၊ မင်းရဲ့ ထင်မြင်ယူဆချက်တွေဟာ အရမ်းကို မှားနေပြီ ထင်တယ်၊ ကိုရဲနိုင်ကို ဖုန်းတစ်ခါတည်း ဆက်ဖူးပါတယ်၊ လူချင်းတောင် မတွေ့လိုက်ရပါဘူး၊ အဲဒါ ဘယ်လိုကြောင့် တို့လက်ချက်နဲ့ ကိုရဲနိုင် သေရမှာလဲ . . . နေခိုင်ရယ်"

"ကိုရဲနိုင် မတွေ့ခဲ့ပါဘူးလို့ မငြင်းနဲ့၊ ကိုရဲနိုင် အိမ်က ထွက်သွားတာက ရှင့်ကိုတွေ့ဖို့ ထွက်သွားတာ၊ ရှင်က ဖုန်းထဲက လှမ်းခေါ်ခဲ့တယ် မဟုတ်လား၊ ရှင်က ကျွန်မအကြောင်းတွေ လိမ်ညာပြီး ပြောခဲ့တယ်၊ ပိုပြီး ယုံကြည်အောင် စာနဲ့ ဓာတ်ပုံလည်း ထုတ်ပြဦးမှာ နော်၊ ဒါမှ အထောက်အထားနဲ့ ပြောနေတယ်လို့ ယုံမှာ မဟုတ်လား၊ ရှင့်အကြံအစည်က အောက်တန်းကျလွန်းပါတယ်၊ ကိုရဲနိုင် ရှင်ဆင်ထားတဲ့ အကွက်ထဲကို မဝင်ဘူး၊ ဒီတော့ ရှင် ဒေါသဖြစ်မယ် . . . ကိုရဲနိုင်နဲ့ စကားများရန်ဖြစ်ကြမယ်၊ နောက်ဆုံး ကိုရဲနိုင်ကို ဘယ်လို သိမ်းသွင်းလို့မှ မရဘူးဆိုတာ သဘောပေါက်ပြီး ကိုရဲနိုင်အပြန်မှာ နောက်က အလစ်ချောင်းပြီး ကားချင်းဝင်တိုက်ခဲ့တယ်၊ ကဲ . . . ရှင် ဘာပြောချင်သေးလဲ . . . ကိုမင်းစိုးအောင်"

မင်းစိုးအောင်သည် ထူးဆန်းသောပုံပြင်တစ်ပုဒ် နားထောင်နေရသကဲ့သို့ တအံ့တဩ ဖြစ်မိသည်။

"အံ့ဩတယ်၊ မင်းရဲ့ ထင်မြင်ယူဆချက်တွေကို အရမ်း အံ့ဩတယ်၊ နေစမ်းပါဦး၊ ဒီအကြောင်းတွေ မင်း ဘယ်လို သိနေရ





တာလဲ၊ ကိုရဲနိုင်က မင်းကို ဘာမှ မပြောသွားနိုင်ဘူး ထင်တယ်"

"ကိုရဲနိုင် သတိပြန်လည်ခဲ့သေးတယ်ဆိုတာ ရှင်မှ မသိဘဲ . . . ကိုမင်းစိုးအောင်ရယ်၊ သူ့ကို တိုက်တဲ့ကားက အဖြူရောင် ဆလွန်းကားလို့ သူ မှတ်မိလိုက်တယ်၊ သူ့ကားကို တမင်တကာ ဝင်တိုက်ခဲ့တာပါလို့ ပြောသွားတယ်"

"အဲဒီကားဟာ တို့ရဲ့ကားပါလို့ အသေအချာ ပြောသွားတယ်ပေါ့၊ ဟုတ်လား နေခိုင်"

"ရုတ်တရက်ကြီး အတိုက်ခံရတာဆိုတော့ ကားအမျိုးအစားနဲ့ အရောင်ကိုပဲ သူ သတိထားမိလိုက်တယ်၊ ဘယ်သူ့ကားလို့ သူ မသိဘူး၊ တခြား ဘယ်သူမှ မသိကြဘူး၊ ကျွန်မနဲ့ ပတ်သက်လိမ့်မယ်လို့လည်းမယူဆကြပါဘူး၊ ဒီကိစ္စကို ကျွန်မတစ်ယောက်တည်းပဲ အသေအချာ သိတယ်၊ အခု . . . ရှင် ဘယ်မှပြေးလို့ မလွတ်တော့ပါဘူး၊ အကြောင်းစုံကို ဖွင့်ပြောပြီး ရှင့်ကို သက်ဆိုင်ရာလက်ထဲ အပ်လိုက်မယ်၊ ဒီအတွက် စိတ်တော့ မကောင်းပါဘူး . . . ကိုမင်းစိုးအောင်"

သူ သဘောကျစွာ ခပ်သဲ့သဲ့ ပြုံးလိုက်သည်။

"မင်းအတွက်လည်း တို့ စိတ်မကောင်းဖြစ်မိတယ် . . . နေခိုင်၊ မင်းပြောတဲ့အတိုင်းသာ တကယ်လုပ်မယ်ဆိုရင် နောက်ဆုံးမှာ မင်းပဲ အရှက်ကွဲလိမ့်မယ်၊ မင်း လျှောက်ပြီး စိတ်ထင်ရာ သွေးတာတွေက ဘာတစ်ခုမှ မဟုတ်ဘူး၊ မင်းရဲ့ ပူးသွင်းနေတဲ့ အယ်



www.burmeseclassic.com

www.burmeseclassic.com



သမ်းကို တို့ အမှန်အတိုင်း ပြောပြပါ့မယ်"

○

. . . အဲဒီနေ့က ကိုရဲနိုင်ကို ဖုန်းဆက်ပြီး မင်းတို့ထိုင်နေကျ စားသောက်ဆိုင်ကိုပဲ တို့ ချိန်းလိုက်တာပါ၊ အဲဒီဆိုင်ကို ချိန်းထားတဲ့ အချိန်ထက် စောပြီး တို့ ရောက်သွားခဲ့ပါတယ်။

မင်းထင်သလိုပဲ တို့လက်ထဲမှာ စာနဲ့ ဓာတ်ပုံ ပါတယ်၊ မင်းအကြောင်းတွေ အမှန်အတိုင်း ပြောပြဖို့လည်း အသင့်ပါပဲ။

ဒါပေမဲ့ ဆိုင်ထဲလည်း ဝင်လိုက်ရော မိုးလွင်တို့သူငယ်ချင်းတွေ တစ်ပြုံကြီး မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်၊ ဇော်လေးရဲ့ လူပျို ညအတွက် လာပြီး ကျွေးမွေးနေကြတာလေ၊ ဇော်လေးတို နေခိုင် သိပါတယ်၊ တို့တွေနဲ့ ကျောင်းနေဖက်သူငယ်ချင်းပဲ၊ အဲဒါနဲ့ မကောင်းတတ်ဘူးလို့ ခဏဝင်ထိုင်နေတုန်း မျက်နှာစိမ်းကောင်လေး တစ်ယောက် ရောက်လာတယ်၊ ဘာဖြစ်တယ် မသိဘူး၊ သတို့သမီးက ပြူးပြူးပျာပျာနဲ့ စကားပြောဆိုကြတယ်၊ "ဒါနဲ့ . . . မင်းကို မုန်းတယ်" ဆိုတဲ့ အသံကြားရပြီး လှစ်ခနဲ တစ်ခုခုနဲ့ ထိုးလိုက်တာ မြင်လိုက်ရတယ်။ ဗိုက်မှာ သွေးတွေနဲ့ . . . စကားတောင် မပြောနိုင်တော့ဘူး၊ သေသလား . . . ရှင်သလား မသိဘူး။

နောက်တော့မှ မိုးလွင်ပြောပြလို့ သိရတယ်၊ အဲဒီ





ကောင်လေးဟာ အဲဒီမိန်းကလေးရဲ့ချစ်သူ ဖြစ်ခဲ့ဖူးတယ်တဲ့။

ဒီမှာ တို့ အဲဒီကောင်မလေးအတွက် စိတ်မကောင်းဖြစ်မိတယ်၊ အထိုးခံလိုက်ရတဲ့ ကောင်မလေးရဲ့နေရာမှာ မင်းဆိုရင် တို့ ဝမ်းသာကျေနပ်နိုင်ပါ့မလား . . .၊ အမှန်ပဲ အဲဒီလောက်ထိ မုန်းနေပြီလား။ တို့ကိုယ်တို့ ပြန်မေးကြည့်မိတယ်။

မင်း အဲဒီလိုဖြစ်မှာထားဦး . . . မင်း မျက်ရည်ကျပြီး ငိုရင်တောင် တို့ မပျော်နိုင်ပါဘူး . . . နေခိုင်၊ တို့ ဘယ်လိုမှ ဝမ်းသာလို့ ရမယ် မထင်ဘူး၊ တကယ်တော့ မင်းရဲ့ ခါးသီးတဲ့အကြည့်တွေ၊ မာကျောတဲ့အကြည့်တွေကြောင့်သာ တို့ မခံချင်နေတာ၊ မခံချင်တာ တို မုန်းတယ်လို့ ယူဆနေတာ၊ တို့ သေသေချာချာ သဘောပေါက်သွားတယ်။

တကယ်လို့ မင်းရဲ့ စေ့စပ်လက်ထပ်ပွဲတွေ ပျက်စီးသွားပြီး မင်း ဝမ်းနည်းပူဆွေးပြီး ငိုနေရင် . . . တို့လည်း ကြေကွဲခံစားရမှာပဲ၊ မလွဲပါဘူး၊ နောက်ဆုံး အချစ်ဆိုတာ အမုန်းနဲ့ ဘယ်လိုမှ မပတ်သက်ဘူး၊ မုန်းတယ်လို့ ပြောပြောနေတာတွေက ပုံမှန်ဖြစ်လေ့ဖြစ်ထရှိတဲ့ ဒေါသပဲလို့ တို့ နားလည်လိုက်တယ် . . .၊ တကယ့်အမုန်းစစ် မဟုတ်ပါဘူး။

နေခိုင်ရယ် . . .

တကယ်ချစ်ရင် မုန်းလို့ကို မရပါဘူး။

အဲဒါနဲ့ တို့ ကိုရဲနိုင်နဲ့ မတွေ့ချင်တော့ဘဲ ပြန်ဖို့ စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်၊ ဒါပေမဲ့ တို့က ဖုန်းဆက်ခေါ်ထားပြီးပြီ နာမည်ကိုလည်း ပြောပြီးပြီ၊ ဒီအချိန်မှာ တို့ကို မတွေ့ရင်လည်း ကိုရဲနိုင်မှာ သံသယ တစ်စွန်းတစ်စတော့ ဝင်နေပါပြီ၊ အဲဒီသံသယကြောင့် နေခိုင်နဲ့ ပြဿနာတစ်ခုခု ထပ်ဖြစ်မှာလည်း တို့ စိုးရိမ်မိတယ်၊ အဲဒါကြောင့် ကိုရဲနိုင် တွေ့အောင် စောင့်လိုက်မယ်၊ ပြီးတော့ သံသယကင်းသွား အောင် တို့ရဲ့အမှားတွေကို ပြောပြပြီး တောင်းပန်မယ်၊ နေခိုင့်ကို တော့ နောက်မှပဲ ရှင်းပြတော့မယ် စိတ်ကူးခဲ့တယ်။

တို့ ညကိုးနာရီခွဲအထိ တစ်ယောက်တည်း ထိုင်စောင့်ခဲ့ပါ တယ် . . . နေခိုင်ရယ်။

ကိုရဲနိုင် ဆိုင်ကို ရောက်မလာခဲ့ပါဘူး။

ဝ

"နေခိုင် တို့စကားကို ဘယ်တော့မှ မယုံကြည်ခဲ့ဘူးဆိုတာ သိပါ တယ်၊ ဒါပေမဲ့ ဒီတစ်ခါ တို့ပြောတာကို ယုံကြည်ပါ၊ မင်း မယုံကြည် ဘဲ မင်းထင်တဲ့အတိုင်း ဇွတ်တိုးလုပ်ရင် မင်း မှားသွားလိမ့်မယ်၊ မင်းကို တခြားလူတွေ တစ်မျိုး ထင်ကုန်ကြလိမ့်မယ်၊ မင်းဟာ မာယာ များတဲ့သူ . . . အချစ်ကို အသုံးချခဲ့တဲ့လူလို့ အမြင်တွေ စောင်းကုန် ကြရင် မင်း ရှက်စရာဖြစ်လိမ့်မယ်"

နေနေခိုင်သည် ထုံးစံအတိုင်းပင် မယုံကြည်ပါ။ သနော်





လှောင်ပြောင်သည့်အနေနှင့် မခိုးမခန့်ပင် ရယ်လိုက်သေးသည်။

"ကိုယ့်အပြစ်နဲ့ကိုယ် ခံရတော့မယ်ဆိုတော့ ရှင်ကြောက် နေပြီလား၊ အဓိပ္ပာယ်မရှိတဲ့ လုပ်ကြံဇာတ်လမ်းတွေ ပြောပြပြီး ရှောင် ထွက်ဖို့ မကြိုးစားပါနဲ့ . . . ကိုမင်းစိုးအောင်၊ ဘွန်မ ရှင့်ကို တစ် သက်လုံး မယုံဘူး၊ ဟိုတစ်ချိန်တုန်းကလည်း ရှင်ဒီလိုပဲ ပိပိရိရိ လိမ် ညာဖို့ ကြိုးစားခဲ့တာပဲ မဟုတ်လား"

"တကယ် လိမ်ညာခဲ့တဲ့လူက တို့ မဟုတ်ပါဘူး . . . နေခိုင်၊ မင်းဟာ ဒီနေ့ ဒီအချိန်ထိ တို့ကို လှည့်စားလို့ ရမယ်လို့ ယုံကြည်ခဲ့ တယ်၊ မြို့အဝင်မှာတုန်းက မင်းကို တို့ ပြောခဲ့ပါတယ်၊ ဒီခရီးကို မင်း ဒီလိုရည်ရွယ်ချက်နဲ့ ခေါ်လာတယ်ဆိုတာ စကတည်းက တို့ ရိပ်မိပါတယ်၊ မင်း သိထားသလိုမျိုး တို့ဟာ လူကောင်းတစ်ယောက် မဟုတ်ဘူး၊ လူဆိုးတစ်ယောက်သာဆိုရင် မင်း ဒီနားမှာရပ်ပြီး ဒီ စကား ပြောနေနိုင်မှာ မဟုတ်ဘူး၊ လမ်းမှာကတည်းက မင်း အိပ် ပျော်သွားတုန်း တစ်နေရာကို ခေါ်သွားလို့ရတယ် . . . နေခိုင်၊ ဒါမှမဟုတ် ကြိုက်တဲ့နေရာမှာ အနိုင်ကျင့်လို့ရတယ်၊ ဒီလမ်း ဒီခရီးကို မင်းက တို့လောက် မကျွမ်းကျင်ပါဘူး၊ ဘယ်မြို့ ဘယ်ဒေသရောက် နေတယ်ဆိုတာတောင် မင်း မသိခဲ့ပါဘူး"

နေနေခိုင်သည် ကိုယ့်ကိုယ်ယုံကြည်မှုအပြည့်ဖြင့် . . .

"ဖြစ်ပြီးတာတွေ ခုမှ လာပြောမနေပါနဲ့၊ ရှင် လုပ်လို့ရ တယ်ဆိုရင် အဲဒီတုန်းကတည်းက ရှင် ဘာဖြစ်လို့ မလုပ်ခဲ့တာလဲ

www.burmeseclassic.com

www.burmeseclassic.com



ပြောစမ်းပါဦး"

"မင်းကို ချစ်လို့ပေါ့ . . . နေခိုင်"

သူမ နားခါးသွားသည့်အသွင် တွန့်ခနဲ ဖြစ်သွားပြီး . . .

"ကျွန်မကတော့ ရှင့်ကို မုန်းတယ် ကိုမင်းစိုးအောင်၊ အခုမှ မဟုတ်ဘူး၊ ရှင်နဲ့ စတွေ့ကတည်းက မုန်းတယ်၊ နောက်လည်း တဘ်သက်လုံး မုန်းသွားမယ်ဆိုတာ ရှင် သေသေချာချာ မှတ်ထားလိုက်ပါ။ နောက်ထပ် ချစ်တယ်ဆိုတဲ့ စကား မပြောပါနဲ့၊ ကျွန်မ မကြားချင်ဘူး"

ထိုစဉ် လုံခြုံရေးဝန်ထမ်း ဂိတ်တံခါးဆီ ပြန်ရောက်လာပြီး "မနေနေခိုင် တွေ့ခွင့်ရပါပြီ၊ ဆရာ ဧည့်ခန်းက စောင့်နေပါတယ်" ဟု လှမ်းပြောသည်။ တစ်ဆက်တည်းပင် လူဝင်ပေါက်ကို ဖွင့်ပေးသည်။

သူမက သူ့ကို မယုံသင်္ကာနှင့် ငဲ့စောင်းကြည့်ရင်း . . .

"ဒီမယ် . . . ဦးလေးကြီး၊ ကျွန်မကို တစ်ခုလောက် ကူညီစမ်းပါ၊ ဒီလူ့ကို ဖမ်းပြီး အထဲကို ခေါ်ပေးပါ"

ဟု လုံခြုံရေးဝန်ထမ်းကို လှမ်းပြောလိုက်သည်။ လုံခြုံရေးဝန်ထမ်းက သူ့ကို အကဲခတ်သလို ခပ်စူးစူး ကြည့်လိုက်ပြီး နေနေခိုင် ကို ပြန်မေးသည်။

"ဘာဖြစ်လို့လဲ . . . ကလေးမ၊ ဒီလူက ဘယ်သူမို့လို့လဲ"

"ဦးဝင်းနိုင်က အရေးတကြီး လိုချင်နေတဲ့ တရားခံပြေးပါ"





"ဟုတ်လား"

လုံခြုံရေးဝန်ထမ်းက မျက်နှာထား ရုတ်ခြည်း တင်းမာခက်ထန်သွားသည်။

သူ မထိတထိ ပြုံးကြည့်လိုက်ပြီး . . .

"ခင်ဗျား သူများပြောတိုင်း မယုံပါနဲ့၊ ကျွန်တော့်ဘာသာ ဝင်ခဲ့မယ်"

ဟု ပြောကာ လူဝင်ပေါက်ထဲ လှမ်းဝင်လိုက်သည်။

နေနေခိုင်က ရှေ့မှ လျှောက်သည်။ သူက အလယ်မှာ။ သူ့နောက်တွင် ဘာမသိဘာမသိနှင့် လုံခြုံရေးဝန်ထမ်းက စောင့်ကြပ်၍ လိုက်လာသည်။

အလှမွေးမြက်ခင်းပြင်ကျယ်ကို ပတ်၍ ဖောက်ထားသည့် တားဝင်လမ်း။

လမ်း၏အဆုံးတွင် ဧည့်ခန်းတံခါးမ ရှိနေသည်။

"ရှင် ဒီမှာ ထိုင်စောင့်နေခဲ့"

ဟု နေနေခိုင်က အမိန့်ပေးသည်။

သူ ဘာမှ ခွန်းတုံ့ပြန်ပြောမနေတော့ဘဲ အုတ်လှေကားတွင် ထိုင်ချလိုက်၏။

○

www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းနိုင်က ခေါင်းကို အသာအယာ ခါယမ်းလိုက်ပြီး . . .

“အဖြစ်မှန်က မနိုင် ထင်မြင်ယူဆသလို မဟုတ်ပါဘူး၊ ညီလေးရဲ့ကားကို ဝင်တိုက်ပြီး ထွက်ပြေးသွားတဲ့ကားကို ဖမ်းမိထားပါပြီ”

ဟု အေးဆေးစွာ ရှင်းပြသည်။ ဦးဝင်းနိုင်က အပြစ်တင်သည့်သဘော မရှိ။ ဤသို့ ဝိုင်းဝန်းကူညီစဉ်းစားပေးသည့်အတွက် ကျေးဇူးတင်ပါသည်ဟုပင် ပြောသေးသည်။

သို့ရာတွင် နေနေနိုင်အဖို့တော့ ရှက်ရွံ့စိတ်နှင့် မျက်နှာထားရခက်နေသည်။ တစ်ကိုယ်လုံး ထူထူပူပူ ဖြစ်နေ၏။ အမှားအယွင်းတစ်ခု ကျူးလွန်မိသူကဲ့သို့ လိပ်ပြာမလုံချင်တော့။

ဖြစ်နိုင်မည်ဆိုပါလျှင် ထိုင်နေသည့်နေရာမှ ရုတ်ခြည်းပျောက်ကွယ်သွားချင်ပါသည်။

○ ○ ○



# အခန်း (၇)

www.burmeseclassic.com

www.burmeseclassic.com

(၁)

တစ်သက်လုံး မိမိကိုယ်ကို အမှားအယွင်းမရှိဟု အခိုင်အမာ ယုံကြည်ခဲ့သမျှ ယခုတော့ အားလုံးသဲထဲရေသွန်သကဲ့သို့ ဖြစ်သွားခဲ့ပါပြီ။

ဖြစ်သည့်ကိစ္စကလည်း သေးသေးမွှားမွှား မဟုတ်။ လူတစ်ယောက်လုံး သေသည့်ကိစ္စရပ်တွင် ဖြစ်ပါသည်။ မတော်တဆပါဟု တောင်းရမည့်ကိစ္စမျိုး မဟုတ်ပါ။ ကံမကောင်း အကြောင်းမလှလျှင် ကြိုးဒဏ်၊ တစ်သက်တစ်ကျွန်း စသည့် ကြီးလေးသောအပြစ်ဒဏ်ကို ကျခံသွားနိုင်ပါသည်။

မည်သည့်အကြောင်းကြောင့် ဤမျှ မှားယွင်းခဲ့သည်လဲဟု ပြန်မေးကြည့်မိသည်။ တကယ်တော့ ကျောင်းတော်က ရန်စကြောင့်ပင် ဖြစ်ပါသည်။ ခွင့်မတောင်းဘဲ မိမိ၏စားပွဲတွင် ဝင်ထိုင်ခြင်းကို မနှစ်သက်သည့် အမှားမှ စတင်ခဲ့သည် ထင်၏။

အကယ်၍ မင်းစိုးအောင်သာ ထိုသို့ မထိုင်ဘဲ သာမန်ရင်းနှီးမှုဖြင့် ချဉ်းကပ်လာမည်ဆိုလျှင် မိမိ မုန်းဖြစ်မည်လား။

အနည်းဆုံး မိတ်ဆွေသူငယ်ချင်းအဖြစ် လက်ခံခဲ့လိမ့်မည်





ထင်သည်။

အကယ်၍ သဇင့်ကိစ္စကသာ ကြားမဝင်လာလျှင် မည်သို့ဖြစ်မည်နည်း။

နေနေခိုင် ဆက်၍ မစဉ်းစားချင်ပါ။

ပြီးခဲ့သော အတိတ်ဟူသည် ပြန်ပြင်၍ရသည်မှ မဟုတ်ဘဲ။ လူတိုင်းသည် အတိတ်တစ်ချိန်က ဤသို့ လွဲချော်မှုလေးများကြောင့် အကြီးအကျယ် ဝေးကွာသွားကြသည်ပဲ။ အမှတ်တစ်ခုမှ နှုတ်ကြောင်းနှစ်ကြောင်းကို လမ်းကြောင်းမတူဘဲ ရေးဆွဲလျှင် အစတွင် အနည်းငယ်ဝေးပေမယ့် ဆက်ဆွဲလျှင် ပို၍ ပို၍ ဝေးသွားတတ်ပါသည်။

ယခု သူမ၏နောက်ဆုံးရေးဆွဲမှုကြောင့် မျဉ်းနှစ်ကြောင်းက ထပ်မံဝေးကွာသွားကြပါပြီ။

အနန္တအကွာအဝေး ဖြစ်သွားပြီ ထင်မိသည်။

ဝ ဝ ဝ



www.burmeseclassic.com

www.burmeseclassic.com

(၂)

ပြန်လည်စဉ်းစားကြည့်လေ သူ၏အပြောင်းအလဲကို ပို၍မြင်လေ ဖြစ်၏။

ဦးဝင်းနိုင်က တံခါးထိ လိုက်ပို့ရန် ပြင်ဆင်သည်။ သူမက လည်း မင်းစိုးအောင်နှင့် တွေ့မည်စိုးရိမ်သောကြောင့် နေပါစေဟု အတင်းတားမိသည်။ ထိုသို့ တားမိကာမှ ဦးဝင်းနိုင်က ပို၍အားနာ ဟန်တူပြီး ပို့ဖြစ်အောင် လိုက်ပို့တော့သည်။

သူ့ကို မြင်သည်နှင့် "ဟာ . . . ကိုမင်းစိုးအောင်" ဟု နာမည်ခေါ်ကာ ချက်ချင်း လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် . . .

"ကျွန်တော်က မခိုင်တစ်ယောက်တည်း လာတယ်ထင်တာ . . . ကိုမင်းစိုးအောင် လိုက်လာတာ ကျွန်တော် တကယ်မသိဘူး။ ကျွန်တော် ရှိနေတာပဲ ဧည့်ခန်းထဲ ဝင်လာရောပေါ့"

"ကိစ္စ မရှိပါဘူး ဦးဝင်းနိုင်၊ ကျွန်တော်က ဦးဝင်းနိုင်မှာ နာရေးကိစ္စရှိနေလို့ အားနာတာပါ၊ လိုအပ်တဲ့ အကူအညီရှိရင် ပြော ပါ၊ ကျွန်တော် အတတ်နိုင်ဆုံး ကူညီချင်ပါတယ်"

"ကျေးဇူးပါပဲ၊ အားလုံး အဆင်ပြေပါတယ်"

သူ ခဏ တုံ့ဆိုင်းပြီးမှ . . .





"ဒါနဲ့ ကျွန်တော် ပြန်လို့ရပြီလား . . . ဦးဝင်းနိုင်"

ဟု သူမ၏ကိစ္စကို သွယ်ဝိုက်၍ မေးလိုက်သည်။

"ဟာ . . . ဘာမှ ပြဿနာ မရှိပါဘူး၊ ပြန်လို့ ရပါတယ်"

သူမက သူနှင့်အတူ မပြန်ချင်တော့။ ထိုအချိန်တွင် မည်သူ့ ကိုမှ မျက်နှာချင်းမဆိုင်ချင်ဘဲ အိမ်တွင် ပြေးပုန်းချင်နေသည်။

သူက သူမဘက်သို့ မျက်နှာမူလိုက်ပြီး . . .

"နေခိုင် ပြန်ကြရအောင်" ဟု ပြောလိုက်သည်။

"ဟင့်အင်း . . . ကျွန်မ မလိုက်တော့ဘူး ကိုမင်းစိုးအောင်"

"လမ်းကြုံနေတာပဲ . . . နေခိုင်ရယ်၊ တို့ လိုက်ပို့ပေးပါ့မယ်"

သူမ လုံးဝ ငြင်းဆန်မိသည်။ ဤအချိန်၌ သူပြောသမျှ ငုံ့ခံရမည့်အခြေအနေ ဖြစ်သည်။ သို့ပေမဲ့ ထိုအကြောင်းနှင့် ပတ်သက် ၍ အနိုင်ယူ ခနဲ့သည့်စကား တစ်ခွန်းမှပင် သူ မပြောပါ။

သူက ခဏစောင့်ကြည့်နေပြီးမှ . . . "သော့" ဟု လှမ်း တောင်းသည်။ ထိုအခါမှ သူ၏ကားသော့ ပိုက်ဆံအိတ်ထဲ ထည့် သိမ်းထားမိခြင်းကို သတိရတော့သည်။ အလျှင်အမြန်ပင် ထုတ်ယူ ပြီး လှမ်းပေးလိုက်၏။ ကားသော့သည် ရှုံးနိမ့်ခြင်းသင်္ကေတ ဖြစ် သွားသည်။ ထိုနေ့မှစ၍ သူ ပျောက်ဆုံးသွားသည်။

မည်သည့်အပြစ်တင်ခြင်းကိုမှလည်း သူ မလုပ်ခဲ့။

သူမနှင့် နောက်ထပ် မတွေ့ရလောက်အောင် ကြောက်ရွံ့ သွားသည်ထင်၏။

o o o



www.burmeseclassic.com

www.burmeseclassic.com

(၃)

မေမေက "ဖုန်း" ဟု လှမ်းခေါ်သဖြင့် အပြေးအလွှား ဆင်းခဲ့မိသည်။ အောက်ရောက်တော့မှ "ညည်း . . . မမဆီက" ဟု သိလိုက်သည့်အခါ ရင်မောသွားသည်။

"ညီမလေးကို ပြောစရာတစ်ခုရှိလို့ ဖုန်းဆက်လိုက်တာ"

"ဟုတ်ကဲ့ . . ."

"ညီမလေး ကျောင်းတုန်းက သဇင်နဲ့ တွဲ, တွဲနေတဲ့ နီလာဦး ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို သိလား"

"နီလာဦးကို ညီမလေး သိပါတယ်၊ သူက သဇင်တို့နဲ့ ဘာသာရပ် တူတယ်လေ"

"အေး . . . အခု နည်းပြအဖြစ်နဲ့ မမတို့ဌာနမှာ ရောက်နေတယ်၊ သူနဲ့ စကားစပ်လို့ ပြောမိကြရင်း သဇင့်အကြောင်းကို မမသိလိုက်ရတယ်၊ သဇင်နဲ့ မင်းစိုးအောင်က ညီမလေး ထင်သလို ချစ်သူ မဖြစ်ခဲ့ကြပါဘူး၊ သဇင်က တစ်ဖက်သတ် ချစ်တာ . . . အဲဒါ သူငယ်ချင်းတွေအကုန်လုံး သိကြပါတယ်တဲ့၊ ညီမလေးက ဘယ်သူ့ကိုမှ မစုံစမ်း မမေးမြန်းဘဲ သဇင်ပြောသမျှ ယုံခဲ့တာတဲ့၊ အဲဒီနှစ်က





ကျောင်းတက်တဲ့ ဘယ်သူငယ်ချင်းမဆို မေးကြည့်စမ်းပါတဲ့၊ ညီမလေး ဘယ်သူ့ကို မေးကြည့်ခဲ့ဖူးသလဲ"

သူမ ဘာမှမဖြေဘဲ နှုတ်ဆိတ်နေမိသည်။

"မမပြောတာက ညီမလေးရဲ့ ချို့ယွင်းချက်ကလေး ပြင်ဆင်ဖို့ပါ၊ မောင်ရဲနိုင်ကိစ္စနဲ့ ပတ်သက်ပြီး ညီမလေး လုပ်လိုက်တာ တော်တော့်ကို မကောင်းဘူးကွယ်၊ မောင်မင်းစိုးအောင်ကို မမ ဘယ်လိုပြောရမှန်း မသိဘူး၊ အားနာလိုက်တာ"

"သူနဲ့ တွေ့သေးလို့လား"

"မမဆီ လာတယ်လေ၊ လွန်ခဲ့တဲ့ သုံး လေးရက်က . . . င်းစိုးအောင် ဒီကို ရောက်လာသေးတယ်"

အလုပ်ကိစ္စနှင့် လွှန်းပြန်သွားနေတတ်သည့်သူမို့ မမတို့ဆီ ကြောခဏ ရောက်မှာ သေချာပါသည်။

ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာ သူသွားထိုင်လိမ့်မည် ထင်သည်။

"သူကတော့ ဘာမှမပြောပါဘူး . . . ခင်ခင်မင်မင်ပါပဲ၊ င်းစိုးအောင်က ပေါင်းလို့ သင်းလို့ ကောင်းတဲ့လူတစ်ယောက်ပါ။ ညီမလေး ထင်သလို မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ညီမလေးကလည်း သူ့ကို လူဆိုးလို့ မထင် တော့ပါဘူး"

"ညီမလေး သူ့ကို မတောင်းပန်ရသေးဘူးလား၊ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သင့်တယ်နော်၊ လူဆိုတာ ကိုယ့်အမှားကိုယ် ဝန်ခံရဲမှ သတ္တိရှိတယ်လို့ ခေါ်တယ်"

သူမ ခေါင်းလည်း မညိတ်၊ ခေါ်ရာလည်း မခါမိ။

၀ ၀ ၀



(၅)

နံနက်ငါးနာရီခွဲလျှင် သူ အိပ်ရာမှ နိုးထပြီး ဖြစ်သည်။

မနက်တိုင်း လက်ဖက်ရည်ဆိုင်ထိုင်သည့် ဝတ္တရားကို မပျက်မကွက် ကျင့်သုံးခဲ့သည်။ တခြားအကြောင်းကိစ္စမရှိလျှင် ပုံမှန် အချိန်က ခြောက်နာရီ ဖြစ်သည်။ ယခုလည်း မျက်နှာသစ်၊ အဝတ် အစားလဲပြီး အသင့် ဖြစ်နေပြီ။

သတိရသည်ဆိုသည့်စကားမှာ ချစ်သူများအတွက် အမြဲ မှန်ကန်ပါသည်။ ချစ်သူနှင့် ပတ်သက်သည့် အသေးအဖွဲ့ကိစ္စတို့သည်ပင် အမှတ်တရ ဖြစ်ပါသည်။ နံနက်ခင်းတိုင်းသည် သတိရခြင်း အောက်မေ့ခြင်းတို့နှင့်အတူ ရောက်လာသည်ချည်း ဖြစ်ပါသည်။

ယခုလည်း ဆောင်းဦးနှင်းမြူများနှင့်အတူ သူမကို သတိရသည်။

အောက်ထပ် အလုပ်ခန်းတွင် ကိုဘလှနှင့်အလုပ်သမား တချို့ ရောက်ရှိနေကြပြီ၊ နံနက်စာ စားသောက်ရင်း အလုပ်စတင်နေကြပြီ ဖြစ်၏။ သူက ကားများ ဝင်လာမည့် အခြေအနေကို မေး မြန်းပြီး အပြင်သို့ ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြင်သို့ ရောက်သည်နှင့် သဘာဝအသိစိတ်ကြောင့် ညာဘက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

မြင်ကွင်းအကွယ်၌ ရပ်နေသည့် သူမှာ နေနေခိုင်။

ဆောင်းဝတ်အနွေးထည် ဝတ်ထားသည်။

အကြည့်ချင်း ဆုံမိသည်နှင့် အပြုံးသဲ့သဲ့နှင့် နှုတ်ဆက်သည်။

ဤမျှစောစောစီးစီး တစ်ယောက်တည်း ရောက်လာလိမ့်မည်ဟု မမျှော်လင့်ပါ။ ဂိတ်ရှေ့တွင် စောစောကြိုရောက်တတ်သည့် ဈေးသည်တချို့နှင့် ခရီးသည် တစ်ယောက်စ၊ နှစ်ယောက်စပဲ ရှိပါသေးသည်။ အနီးတွင် ရပ်ထားသည့်ကားက သူမ၏ကားပဲ ဖြစ်ပါသည်။

"နေခိုင် တစ်ယောက်တည်းလား" ဟု သူ စိုးရိမ်စိတ်နှင့် မေးသည်။

"အင်း" ဟု ခေါင်းတစ်ချက်ညိတ်ပြီး ဖြေသည်။

"ဟာ . . . ဘာဖြစ်လို့ တစ်ယောက်တည်း ထွက်လာရတာလဲ၊ တစ်ယောက်ယောက် အဖော်ခေါ်လာတာ မဟုတ်ဘူး၊ ဒါမှမဟုတ်လည်း တို့ဆီကို ဖုန်းကြိုဆက်ပေါ့၊ နောက်ပြီး ဒီရောက်နေလျက်သားနဲ့ ဘာဖြစ်လို့ ဂိတ်ထဲ ဝင်မထိုင်ရတာလဲ"

"အိုး . . . မေးခွန်းတွေက များလိုက်တာ၊ ဘယ်လိုဖြေရမှာလဲ"





ထိုအခါ မိမိစိုးရိမ်ပူပန်စိတ်နှင့် အပြစ်တင်နေမိခြင်းကို သတိရသည်။ သူ နည်းနည်းရှက်သွားပြီး ပြုံးမိသည်။

"တို့ စိုးရိမ်သွားလို့ ပြောမိတာနော် . . . စိတ်မရှိနဲ့ ဟားဟား ခုနစ်နာရီအတိမှ ရောက်မှာ၊ နေခိုင် လာမကြိုရင်လည်း ရပါတယ်၊ တို့ ရှိနေတာပဲ၊ ဆရာမတို့ကို တို့လိုက်ပို့မှာပေါ့"

ယခု ဝင်လာမည့်ကားနှင့် ဆရာမတို့မိသားစု လိုက်လာကြသည်ကို သူ သတင်းရရှိပြီး ဖြစ်ပါသည်။ ------ မြို့မှ မိမိ၏ဝန်ထမ်းများကို ပြောထားသည့်အတွက်ကြောင့် ဆရာမတို့ လက်မှတ်ဝယ်သည့်နေ့မှ စတင်ပြီး သူ သိရပါသည်။

"နေစမ်းပါဦး၊ ကိုမင်းစိုးအောင် စောစောစီးစီး ဘယ်သွားမလို့လဲ၊ လမ်းလျှောက်မလို့လား"

"တို့ လက်ဖက်ရည်ဆိုင်သွားမလို့"

ထိုအခါတွင် နေနေခိုင်က "လက်ဖက်ရည်ဆိုင်" ဟု အံ့အားသင့်လိုက်ပြီး ရယ်ရွှတ်ပါသည်။ မထူးဆန်းသော လက်ဖက်ရည်ဆိုင်မှာ နေနေခိုင်၏အာမေဍိတ်သံကြောင့် အဓိပ္ပာယ်ပို၍ လေးနက်သွားသည်။

စတွေ့ခဲ့သည့်နေရာ၊ အမှတ်တရ နေရာ။

နှင်းမြူများ အေးစက်နေသည့်ကြားမှ ရင်ထဲတွင် နွေးခနဲ ဖြစ်သွားသည်။

"နေခိုင် လိုက်ခဲ့လေ၊ ကားရောက်ခါနီးမှ ပြန်လာသည်



www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ”

သူမ ဘာကြောင့် အကြည့်ကို လွှဲဖယ်သွားသည် [illegible] နံနက်ခင်း အိပ်ရာနိုးထစ ပြည့်တင်းနေသည့်မျက်နှာကို တစ်ချက်ကြည့်ရင်း နှင့်ခနဲ ခံစားလိုက်ရသည်။ ဤသို့သော ဝေဒနာခံစားချက်တွေ ရှိနေသရွေ့ အချစ်က ရှိနေသေးသည်ပဲ။

“လိုက်ခဲ့မယ်လေ၊ စကားပြောရအောင်ပေါ့”

ဘာမှမဟုတ်သည့်ကိစ္စလေးကိုပင် မိမိ အရမ်းပျော်ရွှင်မိသည် မသိပါ။

၀

“တို့တွေ မတွေ့ရတာကြာပြီနော် . . . နေခိုင်” ဟု လက်ဖက်ရည်ခွက် ပြန်ချရင်း တွေးတွေးဆဆနှင့်သူ ပြောလိုက်သည်။

“ကိုမင်းစိုးအောင်က ကျွန်မကို မတွေ့ချင်လို့ တမင်ရှောင်နေတာ မဟုတ်လား”

“အဲဒီလို မဟုတ်ပါဘူး နေခိုင်”

“မညာပါနဲ့ . . . ကိုမင်းစိုးအောင်ရယ်၊ မမ ထည့်ပေးလိုက်တဲ့ သနပ်ခါးတုံးတွေ လာပို့တုန်းကလည်း အိမ်ထဲတောင် မဝင်ခဲ့ဘူးလို့ မေမေ ပြောပါတယ်”

ထိုသို့ပြောရင်းက သူ့မမျက်နှာ ညှိုးနွမ်းသွားသည် ထင်[illegible]





“နေခိုင် တို့ရဲ့နိုင်အတွက် ခံစားနေရတဲ့[illegible] မလာချင်ပါဘူး၊ တို့ကြောင့် အနှောင့်အယှက်ဖြစ်မှာ [illegible]တကယ်ပါ”

“ဘာဖြစ်လို့ အနှောင့်အယှက် ဖြစ်ရမှာလဲ၊ [illegible] ကိုမင်းစိုးအောင် မလာချင်လို့ တမင် အကြောင်းပြနေတာ [illegible] လား၊ ကိုမင်းစိုးအောင်အပေါ်မှာ ဟိုအရင် ပြောဆိုမိတာ[illegible] တောင်းပန်ချင်တယ်၊ ဒါပေမဲ့ မလာရဲဘူး၊ တမင်ရှောင်နေတဲ့[illegible] ဖမ်းရခက်ပါတယ်”

ရေနွေးကြမ်းခွက်များတွင် ရေနွေးဖြည့်ထည့်[illegible]

“တို့ နေခိုင်နဲ့ ပတ်သက်ပြီး ဘယ်လိုမှ သဘော[illegible] တို့ အမြဲတမ်း ခွင့်လွှတ်ပါတယ်၊ တို့ မလာတာက တကယ် [illegible]အယှက်ဖြစ်မှာ စိုးရိမ်လို့ပါ”

“မဖြစ်ချင်ဘူးလို့ ပြောနေတယ်လေ”

သူ သဘောကျစွာ ပြုံးလိုက်သည်။

“တို့ ပွင့်ပွင့်လင်းလင်း ပြောမယ် . . . နေခိုင်၊ တို့ [illegible] တွေ့ရင် ချစ်တယ်ဆိုတဲ့စကား ပြောမိမှာ သေချာတယ်၊ ဘာ[illegible] လဲဆိုတော့ ဒီဟာ တို့ဘဝမှာ ဒုတိယအကြိမ် အခွင့်အ[illegible] တကယ် မမျှော်လင့်ခဲ့တဲ့ အခွင့်အရေးပါ”

မျက်ဝန်းအကြည့်များကို သူမ ရှုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



သူက ဆက်လက်ပြီး . . .

"တို့ နေခိုင့်ကို ပြောဖူးပါတယ်၊ နေခိုင် မှတ်မိချင်မှ မှတ်မိလိမ့်မယ် ထင်တယ်၊ တို့ဟာ ပိုးဖလံထက် ပိုမိုက်တဲ့ လူပါ၊ ပိုးဖလံက အသိဉာဏ်မရှိလို့ မီးရောင်ကို ဝင်တိုးကြတယ်၊ တို့ကတော့ ပူမယ် မှန်းသိလျက်နဲ့ အချစ်ကို ဝင်တိုးခဲ့တာပါ၊ အခုလည်း ဒုတိယအကြိမ် မိုက်မဲပါရစေ . . . နေခိုင်"

"ဒီစကားက ကိုမင်းစိုးအောင် ကျွန်မအပေါ်မှာ နားမလည် သေးဘူးဆိုတာ ပြသနေပါတယ်၊ ကျွန်မဟာ မီးမဟုတ်ပါဘူး၊ ကျွန်မ အမုန်းတွေကို ရုပ်သိမ်းလိုက်ပါပြီ"

"ဒါဆိုရင် နေခိုင်က တို့ကို မုန်းလို့ မရတော့ဘူးပေါ့"

နေနေခိုင်က သူ့စကား၏အဓိပ္ပာယ်ကို နားလည်သည့် အသွင်ဖြင့် ရယ်ကာ . . .

"မုန်းလို့ မရရင် ချစ်လို့ပေါ့ဆိုပြီး ဆက်မေးဦးမလို့ မဟုတ်လား"

"ဟုတ်တယ်" ဟု သူ ရှက်ရှက်နှင့် ဝန်ခံလိုက်သည်။

"ကျွန်မက ချစ်တယ်လို့ အဖြေပေးရင် ကိုမင်းစိုးအောင် ယုံမှာလား"

"တို့ တကယ်ယုံပါတယ် နေခိုင်၊ တို့နှစ်ယောက်က ဆန့် ကျင်ဖက်ခြင်း ပြောင်းလဲခဲ့ကြတာပဲ မဟုတ်လား၊ အမုန်းကနေ အချစ်၊ အချစ်ကနေ အမုန်း ဒင်္ဂါးပြားတစ်ပြားကို လှည့်လိုက်သလိုပဲ၊





ခေါင်းနဲ့ပန်းက သူတစ်လှည့် ကိုယ်တစ်လှည့် ချာချာလည်နေကြ တယ်၊ ဒါပေမဲ့ စားပွဲပေါ် လဲကျသွားရင်တော့ ခေါင်းဆိုရင် ခေါင်းပဲ၊ ပန်းဆိုရင်လည်း ပန်းပဲ၊ တစ်ဖက်ပဲ ပေါ်ရမယ်၊ ဒီလိုပါပဲ . . . ချစ်လို့ မရသေးရင် မုန်းလို့၊ မုန်းလို့ ဘယ်လိုမှ မရဘူးဆိုရင် ချစ်လို့ ပါပဲ . . . နေခိုင်ရယ်၊ သေချာပါတယ်"

သူမ ပြုံးရယ်ကာ တစ်ဖက်သို့ လှည့်သွားသည်။

o o o



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

(၇)

အသက်ကိုပင် ပြင်းပြင်းမရှူရဲဘဲ ဖုန်းခွက်၌ နားကပ်ကာ နားထောင်နေသည်။

"ကိုမင်းစိုးအောင် . . ."

"ပြောလေ နေခိုင်၊ တို့ အသက်တောင်မရှူဘဲ နားထောင်နေပါတယ်"

". . . . ."

"နေခိုင် . . . ဒီမှာ ရင်တွေခုန်၊ အသက်ရှူတွေ ရပ်, ရပ်နေလို့ တို့ ဘာမှ မသိလိုက်ရဘဲ သေသွားနိုင်တယ်နော်"

"ဟင်း . . . ဟင်း"

"နေခိုင် ဘာဖြစ်လို့ ရယ်ရတာလဲ"

"ကိုယ့်ကိုယ်ကိုယ် ရှက်လို့"

"တို့ နားမလည်ဘူး . . . နေခိုင်"

"နားလည်ချင်ရင် ပြောမယ်၊ မောင့်ကို . . . တို့ . . . သိပ်ချစ်တယ်"





တောင်ပေါ်ဒေသမှ ဆောင်းနှင်းပွင့်များက လွင့်ဝင်ပြီး ရင်ထဲသို့ ဝင်လာသည် ထင်၏။

အညာနွေသည် ဟိုး . . . အဝေးတွင် ကျန်ရစ်ခဲ့ပါပြီ . . . ။

ဝ ဝ ဝ

ခင်မင်စွာဖြင့်

(ကိုစေ)

20-7-2002

၄၆ ( F ) ၊ အင်းစိန်လမ်း

အမှတ် (၂) ရပ်ကွက်၊

ကမာရွတ်မြို့နယ်

ရန်ကုန်။

www.burmeseclassic.com